
ဝဝင်
ဒုဝင်းခ
ဓး မြင်း မြင်း မြစ



## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်၊

## ပြည်သူ့သဘောထား

- ❖ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ❖ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- ❖ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး။
- ❖ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ❖ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ❖ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- ❖ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ❖ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ❖ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ❖ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- ❖ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- ❖ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။
- ❖ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ❖ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

ရွှေသမင်

စာပေမှ စီစဉ်တင်ဆက်သည်

# ဝဝင် ဒိုင်းခ

## မီးပြင်းပြင်းမြစ်

ရွှေသမင်စာပေ
အမှတ် (၃၇/၃၉)၊ ၄၄ လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၉၆၁၁၀

## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက် | – | ၅၀၁၈၅၂၁၁၀၈ |
| မျက်နှာဖုံးခွင့်ပြုချက် | – | ၅၀၁၆၇၅၁၂၀၈ |
| အကြိမ် | – | ပထမအကြိမ် |
| | | ၂၀၀၉–ခုနှစ်၊ စက်တင်ဘာလ |
| အုပ်ရေ | – | ၅၀၀ |
| တန်ဖိုး | – | ၁၅၀၀/– |
| ထုတ်ဝေသူ | – | ဒေါ်ကေခိုင်ဦး (မြဲ–၀၃၇၆၉) |
| | | ရွှေသမင်စာပေ |
| | | ၃၇/၄၄လမ်း၊ |
| | | ဗိုလ်တထောင်မြို့နယ်၊ |
| | | ရန်ကုန်တိုင်း။ |
| အတွင်း/အဖုံးပုံနှိပ်သူ– | | ဦးဝင်းဖေ (မြဲ–၀၇၆၅၀) |
| | | စိုးထက်ကျော်ပုံနှိပ်တိုက် |
| | | တိုက် (၂၀၆)၊ အခန်း (အေ) |
| | | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။ |


ဘဝတစ်ခုပေါ်မှာ လောင်းကြေးကြီးကြီးနဲ့
ပုံအောပြီး စီးဆင်းလိုက်ရတဲ့ . . .

# မိုး ပြင်း ပြင်း မြစ်

ကြည့်ခဲ့ဖူးသော ရုပ်ရှင်ကား လေးတစ်ခုရဲ့ ဇာတ်ကွက်တစ်ခုနှင့် ကြားခဲ့ရဖူးသော လူတစ်ယောက် အကြောင်းကို ရည်ညွှန်းပါသည်။

အတူးသဖြင့် ကိုဝင်းမြင့်ဦး (ကော့မှူး)အား ကျေးဇူး အထူး တင်ရှိပါသည်။

ဒီနှင်းခ

ကျွန်မတော့်ဘဝသက်တမ်းတစ်ခုအတွက်
ပထမဦးဆုံးနဲ့ နောက်ဆုံးကစားပွဲကို
မိုက်မိုက်ကန်းကန်းပုံအောပြီး .....
လောင်းကြေးထပ်ခဲ့ပါတယ် ...။
ကျွန်မတော့်ဘက်က လောင်းကြေးကတော့ ...
အရင်းအနှီး သိပ်ကြီးလွန်းခဲ့တယ် ...။
တကယ်လို့ ရှုံးသွားခဲ့မယ်ဆိုရင် ..........

## ပိုက်ဆံ

(နှစ်ရှစ်) နေ့တာရှ၀ လောကထဲက
လောဘရဲ့စက်ရုံက ပုံသွင်းလိုက်တဲ့အခါ
ငါ ဗယောင်းရုပ်တု ဖြစ်ချင်ဖြစ်မယ် ...။
ယုံကြည်ချက်နဲ့
မျှော်လင့်ချက် သုံ့ပန်းတွေ ရှုံးလောက်ဖို့
အခု ဒူးထောက်စမ်းလို့ ပြောနေသူက
အရောင်ဆိုး လိမ်းခြယ်ထားတဲ့ စက္ကူစ တဲ့ ....။
အဆုံးစွန်ထိ ပြောရရင်
မှားနေတာကို သိပေမယ့် ....
ဦးနှောက်နဲ့ အိတ်ကပ်ထဲ ....
အဆိပ်တွေ ထပ်ထည့်ဖို့ ကြံစည်ဆဲ ...........။

***DNK***



ထာဝရ သတိရနေခြင်းဆိုတာ ရင်ဘတ်နဲ့ သိမ်းထုပ်ထားတဲ့ အလွမ်းလို့ ကိုယ် အမြဲတမ်း ယုံကြည်နေမိတယ် ဂေါင်လေး ...။

ဘယ်သူတွေ ဘာပဲပြောကြ ပြောကြ ကိုယ်ကတော့ တစ်နေ့ မင်းနဲ့တွေ့ကိုတွေ့ရမယ်လို့စိတ်ထဲမှာ စွဲမြဲနေမိတာ အံ့သြစရာပဲနော်...။

ကိုယ်နဲ့မင်းက ရှက်ဖျင်စနဲ့ လှေကိုယ်ထည်လို တစ်ယောက်ရှိမှ နှစ်ယောက်ခရီးဆက်ခွင့်ရတဲ့ တစ်လှေတည်းစီး တစ်ခရီးတည်း သွားခဲ့တဲ့ အတိတ်တွေ ရှိခဲ့တယ်လေ။

မင်းပြောခဲ့ဖူးတဲ့ "ကံကြမ္မာကို အကျောပေးပြီး ကျွန်တော်တို့ စိန်ခေါ်ကြစို့" ဆိုတဲ့ စကားဟာ ကိုယ့်အတွက် အမြဲတမ်းအင်အား တွေဖြစ်ခဲ့တယ်ဆိုတာ မင်းသိပေးပါ့မလား။

ရုပ်ဒြပ်ထုထည်ရဲ့ လွှမ်းမိုးမှုတွေကို မကျေနပ်တတ်တဲ့ ကောင် လေးတစ်ယောက် ...။ ရင်ထဲက ဒဏ်ရာ ...၊ စိတ်ထဲက သောက၊

ဘယ်သူမှ ဖတ်ရှုခွင့်မရအောင် အဓိပ္ပာယ်ဖော်ဆောင်ခွင့်မပေးတဲ့ စူးရှ နက်ရှိုင်းတဲ့ မျက်ဝန်းတစ်စုံပိုင်ရှင် မင်းကို ကိုယ် အားလည်းကိုးတယ်၊ ချစ်လည်း ချစ်တယ်၊ ဒါဟာ ယုံကြည်ချက်နဲ့ ပေါင်းစပ်ထားတဲ့ ကာစ်ခု တည်းသော ဆုတောင်းပါကွာ ....။

လောကရဲ့အချိုးအကွေ့ကို မင်းအတွေးအခေါ် နဲ့မင်း ဖြေရှင်းတတ်ပုံက ကိုယ့်အတွက် မယုံကြည်နိုင်အောင်ပါပဲ ကောင်လေးရေ ...။

ကိုယ့်သူငယ်ချင်းက မင်းကို မှတ်ချက်ချဖူးတယ် ...။

(အတားအဆီး ကျောက်စိုင်ကျောက်ခဲတွေကို တစ်ဖြောင့်တည်း အင်အားသုံး ဖယ်ရှားတတ်တဲ့ တရိပ်ရိပ်စီးဆင်းနေတဲ့ မိုးပြင်းပြင်းမြစ်တဲ့ ......။)





*တိုးတိတ်စွာ ဂုဏ်ပြုနှုတ်ဆက်ခဲ့ထားလဲ*
*သူသတ္တဂါးသာ တစ်စက်စက်ကျလာခဲ့တာပါ .....။*
*ပစ်ညှတ်လိုက်တဲ့ မြားချက်တွေက*
*ပြန်လမ်းမရှိတဲ့ လမ်းပေါ်မှာ .....။*

(ငြိမ်းစစ်မင်း၏ခြေသံမဲ့..ည..ကဗျာမှ)

ဒီဇာတ်လမ်းလေးထဲမှာ အဓိကအခန်းမှာပါဝင်မယ့် မြို့ငယ်လေးဟာ ဧရာဝတီမြစ်ကြီးကို မျက်နှာမူထားတဲ့ သင်္ကေတတစ်ခုနဲ့အတူ ရပ်တည်နေခဲ့ပါတယ်။

ရောင့်ရဲတင်းတိမ်နိုင်တဲ့ အဲဒီမြို့ငယ်လေးကိုယ်ပေါ်မှာ ဆေးရုံလေးတစ်ခုရယ်၊ မူလတန်းကျောင်းငယ်လေးတွေရယ်၊ တစ်ခုတည်းသော မြို့လယ်ဈေးနဲ့ အထက်တန်းကျောင်းတစ်ခု .. နောက်ပြီး မြို့ဦးစေတီနဲ့ ဘုရားဝတ်ပြုကျောင်းလေးနဲ့အတူ သူ့ကိုယ်ပေါ်မှာ အလိုက်သင့် စီစီရီရီ နေရာချထားခဲ့ပါတယ်။

အေးဆေးသိမ်မွေ့နူးညံ့တဲ့ မြို့ငယ်လေးကို အလှဆင်ဖို့အတွက် အကျော်ကြားဆုံးနဲ့ ဂုဏ်သိက္ခာရှိတဲ့ မြစ်မင်းဧရာဝတီရဲ့ အနားသတ်ကမ်းနှစ်ဖက်ကို အောင်သွယ်လုပ်ဖို့အတွက် မြစ်ကူးတံတားကြီးတစ်ခုကို စတင်တည်ဆောက်ပါတော့တယ်။

ကမ်းတစ်ဖက်ရဲ့ ကွင်းပြင်ကျယ်ကြီးမှာ ဝန်ထမ်းယာယီ အဆောက်အအုံတွေ၊ နောက်ပြီး အောက်ခြေအလုပ်သမားတွေရဲ့ တဲငယ်တွေ





အလျှိုလျှိုရောက်လာကြပါတယ်။ ဝန်ချီစက်တွေ၊ မြေသယ်ကားတွေ၊ ဆောက်လုပ်ရေးနဲ့သက်ဆိုင်တဲ့ ပစ္စည်းကိရိယာ ယန္တရားတွေနဲ့ စည်ကားလာပါတယ်။ ဒီ့ထက်ပြည့်ပြည့်စုံစုံပြောရရင် အလုပ်သမားတဲငယ်တန်းတွေရဲ့ အဝင်ဝမှာ ပုံကျဈေးသည်တွေ၊ လက်ဖက်ရည်ဆိုင်တွေ၊ ဈေးဆိုင်သေး သေးလေးတွေနဲ့ နေ့ချင်းညချင်း တန်ခိုးရှင်တစ်ယောက် ဖန်တီးလိုက်သလို မြင်တွေ့ခွင့်ရခဲ့ပါတယ်။

ဒီ့ထက်ထူးခြားတာက တိတ်ဆိတ်အေးချမ်းတဲ့ မြို့ငယ်လေးမှာ နေ့ရောညပါ အမြဲကြားနေရတာက တံတားကြီးဖြစ်ပေါ်ဖို့အတွက် ကံတားတိုင် (ပိုင်ရိုက်သံ) တွေပါပဲ။

အရင်က မမြင်မတွေ့ဖူးတဲ့ ကွင်းပြင်ကျယ်ကြီးထဲက ယာယီလျှပ်စစ်မီးရောင်တွေအောက်က လှုပ်ရှားမှုဘဝကို မြက်ခင်းစိမ်းစိမ်းတောင်ကုန်းလေးပေါ်က ကောင်လေးတစ်ယောက်က ခြေပစ်လက်ပစ်ထိုင်ရင်း ငေးကြည့်နေပါတယ်။ မှောင်ရီပျိုးစ ညနေနှောင်းပိုင်းရဲ့ အလင်းရောင်အောက်က ဒီကောင်လေးကို မြင်တွေ့ရမယ်ဆိုရင် အညိုရောင်ဆံပင်တွေရယ်၊ စူးရှရှနက်ရှိုင်းရှိုင်းမျက်ဝန်းတွေနဲ့အတူ အရောင်အဆင်းမရှိတော့တဲ့ ဂျင်းပဲင်တစ်ထည်ကို ပေရေညစ်ပတ်နေတဲ့ ဘာအရောင်မှန်းမသိရတော့တဲ့ စွပ်ကျယ်တစ်ထည်ကို ဝတ်ဆင်လို့ပေါ့။ သူ့အသက်အရွယ်က ဆယ့်သုံးနှစ်ကျော်ကျော်လောက်ရှိမယ်ထင်ပါတယ်။ သူ့နာမည်က ထူးထူးဆန်းဆန်း 'အာခီယာ' တဲ့။

ငှန်လရဲ့ မိုးရေစက်တွေကို အားသွန်ခွန်စိုက် ရင်ဖွင့်ကြဲဖြန့်ထားတဲ့ ညတစ်ညမှာ ဧရာဝတီမြစ်ဘေးက မြို့တစ်မြို့ရဲ့ ကမ်းနားလမ်းပေါ်မှာ လူရိပ်လူယောင်မပြောနဲ့ ခွေးလေခွေးလွင့်တစ်ကောင်တောင် ချမ်းအေးလွန်းလို့ မမြင်ရဘူး။

နီကျင်ကျင် လမ်းမီးတိုင်တွေရဲ့အလင်းက လမ်းမကြီးကျောပြင်တစ်ခုလုံးကို ထင်ရှားမြင်ခွင့်ရဖို့လည်း ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်ပါ။

သို့ပေမယ့် အဝေးကလှမ်းကြည့်ရင် အရိပ်တစ်ခုက ရွှေ့လျားယိမ်းထိုးလျှောက်လှမ်းနေတာ တွေ့ရပါမယ်။ အဲဒီအရိပ်ဟာ ရဲတပ်သားတွေသုံးလေ့သုံးထရှိတဲ့ အဖာအထေးဗရပွနဲ့ မိုးကာရှည်ကြီးကို ဝတ်ဆင်ထားပြီး လမ်းမကြီးတစ်ခုလုံးကို သူ အပိုင်စားရထားဟန် တစ်ဖက်ယိမ်းထိုးသွားလိုက်၊ ဒီတစ်ဖက်ကို ယိမ်းထိုးသွားလိုက်နဲ့ ရေချိန်လွန်နေသူတို့ရဲ့ ထုံးစံအတိုင်းပေါ့။

လမ်းမီးတိုင်အလင်းမရောက်နိုင်တဲ့ အကွာအဝေးရောက်ရင် ဒီလူဟာ တော်တော်ကြာအောင် ပျောက်ကွယ်သွားပါတယ်။ နောက်ထပ် လမ်းမီးတိုင်အလင်းရောင် မှိန်မှိန်အောက်မှာ ထိုလူဟာ စမ်းတဝါးဝါးနဲ့ ဖြည်းပေါ်လာပါတယ်။





အသက်အရွယ်က လေးဆယ်နီးပါး ထိုလူကြီးကို မိုးကာအင်္ကျီကြီးဖယ်ကြည့်မယ်ဆိုရင် ရှိရင်းအသက်ထက် ပိုပြီး ကြီးရင့်တယ်လို့ ယူဆရမှာပါ။ မုတ်ဆိတ်မွေး ထူလပျစ်၊ တွန့်လိမ်ကောက်ကွေးနေတဲ့ ဆံပင်ရှည်ရှည်တွေ၊ မှိုင်းညို့နေတဲ့ မျက်ဝန်းရီဝေဝေနဲ့ ထိုလူကြီးကို မြို့သူမြို့သား ကလေးပါမကျန် သိကြပါတယ်။ သဘောကောင်း ပျော်ပျော်နေတတ်တဲ့ ယစ်ထုပ်ကြီးဟာ မည်သည့်ဖဲဝိုင်းမှာမဆို တွေ့မြင်နိုင်ပါတယ်။ သူ့ကို လူတချို့က ဖဲဝိဇ္ဇာ လို့ခေါ်ပြီး တချို့က ဦးဂျိုကာလို့ ခေါ်ကြပါတယ်။ ကလေးတွေကတော့ ဦးဒန်မီ တဲ့။ အမှန်က သူ့နာမည် ဒယ်လ်နီရယ် ဆိုတဲ့နာမည်ကို ကလေးတွေ မခေါ်တတ်လို့ ဖြစ်မယ် ထင်ပါတယ်။

ဒီမိုးလောက် မပြောနဲ့ ဖေဖော်ဝါရီမှာ မိုးအေးပြင်းပြင်းတွေ ရွာမယ်ဆိုရင်တောင် ဒယ်လ်နီရယ်တို့က အသောက်မပျက် လမ်းလျှောက်နိုင်ပါတယ်။ ဒီနေ့က သူ့ပညာအရည်အချင်းတချို့တစ်ဝက်နဲ့ အနိုင်သိမ်းလာခဲ့တဲ့ အောင်မြင်မှုငွေကြေးရဲ့အရှိန်ကြောင့် များများသောက်မိခဲ့တာတော့ အမှန်ပင်။

စမ်းတဝါးဝါးနဲ့ ဟိုယိမ်းဒီယိမ်း လျှောက်နေရင်းက အဝေးဆီက နာရီသံချောင်း နှစ်ချက်တီးသံကို ကြားမိသည်။ လေတစ်ချက် ပျို့အန်ရင်း မြစ်ကမ်းနဖူးအုတ်ပေါင်မှာ ခြေပစ်လက်ပစ် ထိုင်လိုက်သည်။ ပြီးတော့ ဘာမှမမြင်ရတဲ့ ကောင်းကင်ကြီးထဲက အားသွန်ခွန်စိုက် ကျလာတဲ့မိုးစက်တွေကို မော့ကြည့်ရင်း လက်ထဲက ပုလင်းကို မော့သောက်မိသည်။

"သဲသဲမဲမဲရွာတယ်ဆိုတာ ဒါကိုပြောတာ ထင်တယ်"

ဘစ်ယောက်တည်း မပီမသ ငြီးတွားရင်း ခရီးထပ်ဆက်ဖို့ အားယူထနေစဉ်မှာ ....

"ဟင် ..."





အုတ်ပေါင်ကို လက်ထောက်ထနေရင်းက အသံစူးစူးရဲရဲလေးကြောင့် မူးချင်စိတ်တွေ နည်းနည်းပြေသွားမိသည်။ အာရုံစိုက်ပြီး ထပ်နားစွင့်မိတော့ ...

"ဟော ..."

ဟုတ်ပါသည်။ သူ မူးမူးရူးရူးနဲ့ ကယောင်ကတမ်း ကြားမိတာ မဟုတ်နိုင်ပါ။ ဒါဟာ ကလေးငိုသံ အစစ်ပါ။ ဒီအချိန် ဒီနေရာမျိုးမှာ ကလေးငိုသံက ဘာလို့ကြားရတာလဲ၊ သူ စဉ်းစားမရနိုင်ပါ။

ဒါကြောင့် အသံရှိရာကိုသွားဖို့ ပထမဦးဆုံး သူလုပ်မိတာက ကန်ပေါင်အုတ်ရိုးကနေ ခက်ခက်ခဲခဲဆင်းပြီး မြစ်ရဲ့အစပ်ဆီကို လျှောက်သွားမိပါတယ်။ မပီဝိုးတဝါးနဲ့ ဆင်းလျှောက်လာရင်း မိုးခြိမ်းသံနဲ့ လျှပ်စီးလျှပ်ကြောင်းများကြား ကမ်းစပ်မှာ ဦးတိုက်လှုပ်ခါနေတဲ့ ပျဉ်ပေါင်တစ်ခုကို တွေ့လိုက်မိပါသည်။ သူ ဘေးဘီကို လှမ်းအကဲခတ်ရင်း မြစ်အစပ်က လှုပ်လှုပ် လှုပ်လှုပ်ဖြစ်နေတဲ့ ပျဉ်ပေါင်ဆီကို အသာတိုး လျှောက်လာကာ အနီးရောက်တော့ ငုံ့ကြည့်မိသည်။

"အိုးမိုင်ဂေါ့ ..."

မျက်လုံးတွေကျယ်၊ ဆံပင်တွေ ထောင်သွားမတတ်ပါ။ ပျဉ်ပေါင်ပေါ်က ပလပ်စတစ်ခြင်းထဲမှာ မိုးကာစတွေ၊ အနီးစအဖြူတစ်ထည်နဲ့ လုံးထွေးနေတဲ့ လသားအရွယ်ကလေးတစ်ယောက်။

သူ ခြင်းကို ကောက်ကိုင်လိုက်တော့ အထဲက ကလေးက အာခေါင်ခြစ်ငိုသလား အောင့်မေ့ရအောင် ငိုပါတော့သည်။ ကလေးငယ်ကို သူ ငုံ့ကြည့်လိုက်တော့ ကလေးရဲ့လည်ပင်းမှာ ရဲဒင်းပုံစံ ရွှေဖြင့် ပြုလုပ်ထားသော ဆွဲကြိုးနဲ့ လော့ကကက်တစ်ခု။

ဆံပင်တွေကို ခါထုတ်ရင်း မူးနေသည့်ခေါင်းကို အယောင်ယောင်

အမှားမှား ရှင်းထုတ်ပစ်မိသည်။ ဘယ်လိုကဘယ်လို ဒီကလေးက ဒီနေရာကို ရောက်နေရတာလဲ သူ မသိ။ မိုးတွေ လေတွေထဲမှာ အသက်ပြင်းတဲ့ ဒီကလေးရဲ့ ကံဇာတာက ဆန်းကြယ်စရာ။

သူ ဘာကိုမှ မစဉ်းစားတော့ဘဲ ကလေးထည့်ထားတဲ့ ဆွဲခြင်းလေးကို ကောက်ကိုင်ပြီး တာရိုးကမ်းနားလမ်းပေါ် ပြန်တက်လာခဲ့သည်။ မီးရောင်ရှိရာဆီသွားပြီး ခြင်းကိုချကာ ကလေးကို ကောက်ချီ ပွေ့တော့ ကလေးတစ်ကိုယ်လုံး အေးစက်နေပါသည်။

လမ်းမီးတိုင်မီးရောင်အောက်မှာ အရက်သမားကြီးတစ်ယောက်က နီနီရဲရဲ လသားအရွယ်ကလေးကို အုံ့ဩတကြီးနဲ့ ပွေ့ချီနေတာကို ဒီမြို့ကလူတွေ သိကြမည်မထင်။

ကလေးကို သူ့မိုးကာအင်္ကျီကြီးအောက်မှာ သိုဝှက်ပွေ့ချီပြီး သူက ပုလင်းထဲက အရက်ကို လက်ညှိုးနဲ့တို့ဆွတ်ပြီး ကလေးနှုတ်ခမ်းပေါ် တင်ပေးမိသည်။ အမြုတေရှိရာ အမြုတေလာတယ်လို့ ဆိုရမှာပါ။ ကလေးက ဒီလောက်ခါးတဲ့ အရက်ကို တပြွတ်ပြွတ်နဲ့စုပ်ပြီး ငိုပြန်ပါတယ်။ ဦးဒယ်လ်နီရယ်က ပြုံးလိုက်မိရင်း လက်ဆန့်တန်းကာ မိုးရေကို လက်ဝါးနဲ့ခံပြီး ကလေးကို ငုံ့တိုက်ပါတယ်။ ကလေးက အငိုနည်းနည်းတိတ်သွားပါတယ်။

ပြီးတော့မှ ကလေးကို မိုးဒဏ်လေဒဏ်က သက်သာအောင် သူ့မိုးကာအင်္ကျီ ရင်ဘတ်ကြားထဲ ဝှက်သိမ်းထွေးပွေ့ကာ ဆက်လျှောက်လာခဲ့ပါတယ်။

လူ့ဘဝရဲ့ ဒုက္ခခွဲတမ်းတွေကို သူနဲ့ မျှဝေယူဖို့ အဖော်အဖြစ် ဒီကလေးကို လောက,က လက်ဆောင်အဖြစ် ပေးသနားခဲ့တာလား။ သူ့ရဲ့အနာဂတ်က ဟိုးကောင်းကင်က နက်မှောင်မှောင်ကောင်းကင်။





သူ့မျှော်လင့်ချက်က လမ်းတစ်ဆုံးမြင်နေရပြီး ပျောက်ကွယ်မှောင်ကျသွားတဲ့ လမ်းကလေးလို ...။

အကြမ်းထည်ဆန်ပြီး ချောမွေ့မှုမရှိတဲ့ အရာကို 'ဘဝ' လို့ သူ လက်ခံထားတာ နောင်တော့ သူ့ရင်ခွင်ကြားက 'သက်ပြင်း' လေး သိလာမှာပါ ....။

ဦးဟင်နရီဇော် စောင်ပုံတွေကြားက လသားအရွယ် သေကံမရောက်သက်မပျောက်တဲ့ ချာတိတ်လေးကို အံ့သြတကြီး ငေးကြည့်နေမိသည်။

ဦးဟင်နရီဇော် ဆိုတာ ဒီမြို့လေးမှာ တစ်ခုတည်းသော ဘာသာရေးဝတ်ပြုကျောင်းက သင်းအုပ်ဆရာပါ။ ထပ်ပြီးညွှန်းဆိုရရင် ဦးဒယ်လ်နီရယ်ရဲ့ အစ်ကိုရင်းလည်းဖြစ်သည်။

တချို့မြို့သူမြို့သားတွေက ဒီညီအစ်ကိုနှစ်ဦးကို 'အဖြူနဲ့အနက်' လို့ တွဲမြင်ခေါ် ဝေါ်ကြပါတယ်။

"ဟော .. ရောက်လာပြီ"

ဦးဟင်နရီဇော်က ဦးဒယ်လ်နီရယ်ရဲ့ ယိုင်တိယိုင်တိုင် တဲလေးအတွင်းဝင်လာတဲ့ ဦးပြည်းစိမ်းစိမ်းနဲ့ ရဟန်းတစ်ပါးကို ရည်ညွှန်း၍ ပြောခြင်းဖြစ်သည်။

ရဟန်းတော်က သူတို့နှစ်ယောက်ကြားမှာ သုံးပွင့်ဆိုင်မျက်နှာချင်းဆိုင် ထိုင်လိုက်ရင်း သုံးယောက်အလယ်က ကလေးကို ကြည့်မိသည်။

"ပြောစမ်းပါဦး ဒန်းနီ"





မတူညီတဲ့ပုံစံနဲ့ ဖွဲ့စည်းထားတဲ့ လူသုံးယောက်က အံ့သြစရာပါ။ တကယ်တော့ ငယ်ပေါင်းကြီးဖော် အရွယ်အစားကနေ တက္ကသိုလ်တက်၊ ယုံကြည်ရာဘဝတွေနဲ့ ရပ်တည်နေကြတဲ့ ဒီသုံးယောက်မှာ ကိစ္စတစ်ခုရှိရင် ဦးဒန်းနီ ခေါ် ဦးဒယ်လ်နီရယ်က သူတို့နှစ်ဦးကို လှမ်းအကြောင်းကြားစမြဲပါပဲ။

လူ့ဝတ်ဘဝက သခ်လို့ခေါ်တဲ့ ဦးဇင်းသောမနဲ့ ဖာသာ ဦးဟင်နရီဇော် တို့က ဦးဒန်းနီဒုက္ခကို အမြဲခံရစမြဲ ...။ ဦးဒန်းနီက ဖြစ်ကြောင်းကုန်စင် ပြောပြပါသည်။ မနေ့ညက လူ့ဘဝထဲ ဒုက္ခတွေထမ်းပိုးပြီး တွေ့ဆုံရတဲ့ ကလေးတစ်ယောက်အကြောင်းကိုပေါ့လေ။

စကားတွေဆုံးတော့ သက်ပြင်းတွေ အပြိုင်အဆိုင် ...။ ဦးဇင်းနဲ့ သင်းအုပ်ဆရာက တစ်ယောက်ကိုတစ်ယောက် ကြည့်ကြတယ်။

"ကဲ ... ရှေ့ဆက်ဘယ်လိုလုပ်မယ် စိတ်ကူးထားလဲ ဒန်းနီ"

သင်းအုပ်ဆရာကလည်း ညီဖြစ်သူကို ကြည့်ရင်း ...

"ဘာဆက်လုပ်ရမှာလဲ ဦးဇင်းရယ်၊ ကျုပ်ပဲ မွေးစားရတော့မှာပေါ့၊ အလွယ်လေးပါ"

"အဲဒီလို လွယ်လွယ်နဲ့ဖြစ်ပါ့မလား"

ဦးဟင်နရီဇော်က ဆက်မေးပြန်ပါသည်။ ဦးဒန်းနီက အိမ်တစ်အိမ်လုံး လှုပ်ခါသွားအောင် လျှောက်ပြီး ထရံထောင့်က ပုလင်းကို တစ်ကျိုက်မော့သောက်ကာ လေတစ်ချက် ပျို့လိုက်သည်။

"မင်း အဲဒီပုံနဲ့ ဒီကလေးရဲ့အနာဂတ်ကို စောင့်ရှောက်နိုင်ပါ့မလား"

ဦးဇင်းသောမရဲ့ အသံက တည်တည်ငြိမ်ငြိမ်ပါ။

"ဒီကလေးက မင်းကစားနေတဲ့ ကစားပွဲမဟုတ်ဘူး ဒန်းနီ"

ဦးဇင်းနဲ့ သင်းအုပ်ဆရာရဲ့ စကားတွေအဆုံးမှာ ဦးဒန်းနီက

ပုလင်းကို ထရံမှာ ပြန်ကပ်ကာ ထရံကြွက်လျှောက်တန်းပေါ်က ဖဲထုပ်ကိုယူကာ ကလဖန်ထိုးရင်း ကလေးဘေးမှာ ပြန်ထိုင်ပါသည်။

ကလေးက တခစ်ခစ်နဲ့ ဦးဒန်းနီကို ရယ်ပြပါတယ်။ ဖဲချပ်တစ်ချပ်ကို ကျင်လည်စွာ ထုတ်ယူပြီး ကလေးဗိုက်ပေါ် ပစ်ချသည်။ ဖဲချပ်ပေါ်က ဂျိုကာရုပ်လေးက အားလုံးကို ရယ်ပြနေပါသည်။

"ဘဝဆိုတဲ့ အကွာရာနှစ်လုံးတည်းနဲ့ လူတွေကို ပွမ်းထိုးမှောက်ခုံဖြစ်အောင် လုပ်နိုင်စွမ်းရှိတဲ့ ဒီစကားနှစ်လုံးထဲမှာ ပြိုင်ပွဲတွေ အများကြီးရှိတယ်၊ ဘဝ ဆိုတဲ့ကောင်ကြီးက သန်မာတယ်၊ ရဲရင့်တယ်၊ ပါဝါတွေ အများကြီးရှိတယ်၊ ဒါပေမယ့် ဒီလိုအရာတွေနဲ့ နှစ်ပေါင်းများစွာကြာအောင် ကစားလာတော့ သူ့အားနည်းချက်ကို ကျုပ်သိတာပေါ့"

ဦးဇင်းနဲ့ ဖာသာက တစ်ယောက်ကိုတစ်ယောက် ကြည့်ကြသည်။ ခေါင်းကြောမာလှတဲ့ ဦးဒန်းနီက ဖရိုဖရဲနဲ့ တောအုပ်ကြီးတစ်ခုလိုဖြစ်နေတဲ့ မုတ်ဆိတ်ကျင်စွယ်တွေကို သပ်လိုက်ရင်း ကလေးကို တစိမ့်စိမ့်ကြည့်ကာ ...

"ဒီကလေး ဘယ်လောက်အသက်ပြင်းလဲဆိုတာ သဘောပေါက်လောက်ကြပါပြီ၊ ရှေ့ဆက်ရမယ့် ဒီကလေးရဲ့အနာဂတ် အခက်အခဲတွေကို ဘယ်လိုဖြေရှင်းရမလဲဆိုတာ ဒီကလေးသိဖို့ ကျုပ် သင်ပေးမှာပါ"

ဦးဒန်းနီ စကားဆုံးတော့ တဲအိမ်လေးက ငြိမ်သက်နေပါတယ်။ ဦးဇင်းတစ်ပါးရယ်၊ လောင်းကစားယစ်ထုပ်ကြီးတစ်ယောက်ရယ်၊ သင်းအုပ်ဆရာတစ်ယောက်နဲ့ ကလေးတစ်ယောက် ထိုအိမ်ထဲမှာ မှရှိမဖြစ် ရှိနေကြတယ်။

မတူညီတဲ့အတွေးတွေ ကလေးကိုဗဟိုပြုပြီး တွေးနေကြတယ်။





သူ့ထက် အသက်နှစ်နှစ်ကျော်လောက် ပိုမယ်ထင်ရတဲ့ ထိုအစ်မကြီးကို ကျွန်တော် ကြည့်မိသည်။ မျက်ခုံးတန်းနက်နက်တွေ၊ နှုတ်ခမ်းပါး တင်းတင်းလေးကို ပိုင်ဆိုင်ထားတဲ့ ထိုအစ်မကြီးကလည်း သူ့ကို ပြန်ကြည့်သည်။

ဝတ်ဆင်ထားတဲ့ ကျောင်းစိမ်းထဘီက အစိမ်းတော့ အစိမ်းပဲ၊ ဒါပေမယ့် အဲဒီအစိမ်းက ပုံမကျပန်းမကျတဲ့ အစိမ်းပါ။ ကျောင်းအင်္ကျီအဖြူကလည်း သူတို့ကျောင်းမှာ ကောင်မလေးတွေဝတ်တဲ့ မိန်းမဝတ်လှလှပပအင်္ကျီမဟုတ်ပါ။ ဟို..ဘယ်လိုပြောရမလဲ၊ လုံခြုံရေးဝန်ထမ်းတွေဝတ်တဲ့ ပခုံးမှာ ရာထူးအဆင့်အတန်းတပ်လို့ရတဲ့ ပခုံးဒေါက်ပါတဲ့ အင်္ကျီမျိုး၊ ဒါပေမယ့် ဘယ်လိုပဲဝတ်ဝတ် လှတာက လှတာပါပဲ။

ဆရာကြီးက သူတို့နှစ်ယောက်ရှေ့ စားပွဲနောက်ဆုံးခုံမှာ ဝင်ထိုင်ပါတယ်။ ပါးစပ်ကို လက်ဝါးနဲ့ကာပြီး ချောင်းတစ်ချက် ဟန့်တယ်။

"မင်းနာမည်က အာခီယာ ဆို"

ကျွန်တော့်ရဲ့ ဟူးထူးဆန်းဆန်းနာမည်ကြောင့် မမလှလှက လှည့်ကြည့်သည်။ ကျွန်တော်က ဆရာကြီးကို ခေါင်းညိတ်ပြပါသည်။

"အဓိပ္ပာယ်က ဘာလဲကွ၊ ဘာအဓိပ္ပာယ်နဲ့ ပေးရတာလဲ"

နာမည်က နာမည်ပဲပေါ့ ဆရာရယ် လို့ အတွန့်လေးဖြစ်ဖြစ် အကွန့်လေးဖြစ်ဖြစ် တက်ချင်ပေမယ့် တကယ်တမ်း ...

"ကျွန်တော့်ကို ကောက်ယူမွေးစားတဲ့ ဦးဒန်းနီက ပေးထားတာပါ"

"ဩော် .. မင်းက ဒန်းနီရဲ့ မွေးစားသားကိုး"

ဆရာကြီးက ကျွန်တော့်ကို ခြေဆုံးခေါင်းဆုံး ကြည့်ရင်း မှတ်ချက်ပြုပါတယ်။

"ဟုတ်ပါတယ် ဆရာကြီး၊ ကျွန်တော့်ကို စတွေ့ချိန်က မိုးတွေက အရမ်းရွာပြီး ပျဉ်တစ်ချပ်ပေါ်မှာ ဒီဧရာဝတီမြစ်ကြီးအတိုင်း မျောလာတာလို့ ဦးလေးဒန်းနီက ပြောပါတယ်"

မမလှလှရော၊ နှံ့ခံ့ထည်ထည်ဆရာကြီးရော ကျွန်တော့်ကို တအံ့တသြ ငေးကြည့်နေပါတယ်။ ကျွန်တော် အဲဒီမျက်ဝန်းထဲက သနားသလိုအကြည့်မျိုးကို မနှစ်မြို့ပါ။ လေးလေးဒန်းနီ ပြောပြောနေတဲ့ အသက်ငင်နေတဲ့ သတ္တဝါကို ဝိုင်းကြည့်နေတဲ့ အကြည့်မျိုးဆိုတာလေ။

"ကျွန်တော်က မွေးကတည်းက သိပ်အသက်ပြင်းတဲ့ကောင် တဲ့၊ မလိုချင်လို့ စွန့်ပစ်လိုက်တဲ့ ကလေးတစ်ယောက်က တစ်ချိန်မှာ အကျိုးရှိရမယ်လို့ လေးလေးက ပြောပါတယ်"

"အဲဒါနဲ့ အာခီယာနဲ့ ဘာဆိုင်လို့လဲကွ"

ဆရာကြီးက ကြားဖြတ်မေးပါတယ်။ ကြားဖြတ်တယ်ဆိုတဲ့ အဓိပ္ပာယ်မှန်သမျှကို ကျွန်တော် တော်တော်မုန်းပါတယ်။ ကားပေါ်မှာပဲဖြစ်ဖြစ် တန်းစီတိုးရတဲ့ အရာတွေပဲဖြစ်ဖြစ်ပေါ့လေ၊ ဒါပေမယ့်





ဆရာကြီးက ဆရာကြီးဖြစ်နေတော့လည်း ...

"အာခီယာ ဆိုတာ ပိုးမွှားတစ်မျိုးပေါ့။ သူတို့ရဲ့ ဆဲလ်ဖွဲ့စည်းတည်ဆောက်ပုံတွေက လူတွေနဲ့ တော်တော်တူတယ်လို့ ဆေးပညာရှင်တွေက တွေ့ရှိခဲ့ကြတယ်၊ သူတို့ဟာ ပူနေတဲ့ ဆာလဖျူရစ်အက်ဆစ်ကန်ထဲမှာ အသက်ရှင်နိုင်သလို အေးခဲနေတဲ့ ဝင်ရိုးစွန်းဒေသမှာလဲ နေနိုင်ပါတယ်။ နောက်ပြီး မီးတောင်ထိပ်ဝမှာလဲ သူတို့ရှိတယ်၊ မစင်နဲ့ အညစ်အကြေးမှာလဲ သူတို့နေနိုင်တယ်၊ အဓိကကတော့ အာခီယာ ဟာ ကင်ဆာနဲ့ အခြားရောဂါတွေအတွက် တန်ဖိုးမဖြတ်နိုင်တဲ့ တွေ့ရှိချက်တဲ့"

ဆရာကြီးက ခေါင်းတဆတ်ဆတ်ညိတ်ရင်း ...

"နေပါဦး ..၊ အဲဒီ အာခီယာနဲ့ ငါတို့ကျောင်းက အာခီယာက တခြားစီပါလားကွ၊ ထစ်ခနဲ ရန်ဖြစ်ရင် မင်းပဲဆို"

ကျွန်တော် ဘာမှမပြောဘဲ ငြိမ်နေပါတယ်။ ဘေးက မမက ကျွန်တော့်ကို ငေးကြည့်နေတာ ကျွန်တော်သိပါတယ်။ ဆရာကြီးကတော့ ဆက်ပြောနေပါတယ်။

"မင်းက မြန်မာစာနဲ့ အင်္ဂလိပ်စာမှာ ပြိုင်ဘက်ကင်းပဲလို့ ငါကြားတယ်၊ ဒါပေမယ့် အခြားဘာသာတွေကျတော့ တဖုန်းဖုန်းနဲ့ ကျတယ်ဆို"

တဖုန်းဖုန်းလို့ ဆရာကြီးကို စောဒကတက်ရင် ကောင်းမလား၊ ထားပါတော့ ...၊ တဘုန်းဘုန်းနဲ့ပဲ ထားလိုက်ပါမယ်။

"မနက်တိုင်း ဘုရားကျောင်း သွားရပါတယ်၊ ဖာသာ ဦးဟင်နရီဇော်က ကျွန်တော်နဲ့စကားပြောတိုင်း အင်္ဂလိပ်လိုပဲ ပြောရတယ်ခင်ဗျ၊ အင်္ဂလိပ်စာနဲ့ပတ်သက်လို့ ဖာသာ ဂိုက်လုပ်ပေးတယ်"

အခုမှသဘောပေါက်ဟန် ခေါင်းညိတ်၍ ...

"မြန်မာစာကျတော့ ..."

"မြို့ဦးကျောင်းက ဆရာတော် ဦးသောမက မြန်မာစာသင်ပေးပါတယ်"

ဆရာကြီး မျက်ခုံးတွေ မြင့်တက်သွားပါတယ်။

"ကဲ ... အဲဒါတွေ ထားပါတော့၊ မင်းကိုခေါ်ရတဲ့ကိစ္စက မင်းဆရာမဆီက မင်းရေးတဲ့စာစီစာကုံးတစ်ခုကြောင့်ပဲ၊ လပတ်စာမေးပွဲမှာ မင်းတို့ကို 'ကျွန်တော်တို့ရဲ့ ငယ်စဉ်ကလေးဘဝ' လို့ ရေးခိုင်းတယ်ဆို"

အခုမှ ကျွန်တော့်ကိုခေါ်ရတဲ့အကြောင်းရင်းကို ရိပ်စားမိပါတယ်။

"ကျန်တဲ့ ကျောင်းသားကျောင်းသူတွေက လွတ်လပ်တဲ့ ကလေးဘဝကို ပြန်တမ်းတပြီး ရေးတဲ့အချိန်မှာ မင်းရေးထားတာတွေက တစ်မျိုးဖြစ်နေတယ်"

ဆရာကြီးက သူ့အဖြေလွှာကို အံဆွဲထဲက ထုတ်ယူကာ ဖြန့်ဖတ်ကြည့်သည်။

"ဘယ်လိုဖြစ်တာလဲ အာခီယာ"

ကျွန်တော် သက်ပြင်းရှိုက်မိရင်း ...

"သူတို့ဖြတ်သန်းတဲ့အမြင်နဲ့ ကျွန်တော်ဖြတ်သန်းရတဲ့အမြင်က မတူဘူး"

ဆရာကြီးလည်း သဘောပေါက်ဟန်ရှိသည်။

"ဒါပေမယ့် ဘယ်သူမဆို တကယ်တမ်းတွေးကြည့်ရင် ကလေးတစ်ယောက်ရဲ့ ကလေးဘဝနဲ့ဒုက္ခကို မမြင်မိကြဘူး၊ စာတွေ၊ သီချင်းတွေထဲမှာ ဖြူစင်လွတ်လပ်တဲ့ ကလေးဘဝကို တမ်းတကြတာ ကျွန်တော်တွေ့တွေ့နေရတယ်၊ ဒါပေမယ့် ကလေးတစ်ယောက်ရဲ့ ချောင်ပိတ်မိနေတဲ့ ဒုက္ခကို ဘယ်သူမှ မတွေးကြဘူး၊ သူ့မှာ ပိုက်ဆံ မရှိဘူး၊ သွားချင်တိုင်း





သွားခွင့်မရတဲ့ ဒုက္ခ၊ မုန့်တစ်ခုရရင် နှစ်ခုလိုချင်တဲ့ ဆန္ဒ၊ သူများအရုပ်တွေမြင်တိုင်း ကိုယ်လိုချင်တဲ့ ဒုက္ခ၊ ဒါ မစားနဲ့ ချောင်းဆိုးမယ်၊ အမိအဖတွေ ရန်ဖြစ်ရင် ကိုယ့်ကိုမဲပြီး အရိုက်ခံရတာတွေ၊ ဒါတွေဟာ ဒုက္ခတွေ မဟုတ်ဘူးလား၊ ကလေးတစ်ယောက်ရဲ့ ဘဝမှာ သောကဒုက္ခ မရှိပါဘူး ငြင်းလို့ရမလား ဆရာ"

နာနာကျင်ကျင်နဲ့ ကျွန်တော် ဒီစကားလုံးတွေကို ပြောမိသည်။ တုန်ခါသွားတဲ့ နောက်ဆုံးအသံ၊ ရစ်ဝဲချင်နေတဲ့ မျက်ဝန်းကို အတင်းကြိုးစားပြီး အံတုထားမှုကို ဘေးက မမက တွေ့မိဟန်တူသည်။

ဆရာကြီး သက်ပြင်းမှုတ်ထုတ်ရင်း ...

"မင်းတွေးပုံအရဆိုတော့လဲ ကလေးဘဝမှာလဲ ကလေးတစ်ယောက်ရဲ့ ဒုက္ခသောကတွေက ရှိသားပဲ၊ ကဲ .. ဟုတ်ပါပြီ၊ ဒီဘက်က ကျောင်းသူက ဘယ်သူ .."

"နေရီလတ် ပါဆရာကြီး"

စောင်းကြိုးတင်းတင်းတွေရဲ့ ဂီတလို့ သူ သတ်မှတ်ရမှာပဲ။ နူးညံ့ပေမယ့် မာကျောတဲ့အသံပေါ့။

"သမီး ကျောင်းနောက်ကျမှုတွေ များများနေတယ်ဆို"

မမလှလှက သူ့ကို လှည့်ကြည့်ပြီး ဆရာကြီးကိုကြည့်ကာ ...

"သမီး ကျောင်းမတက်ခင်မှာ ထမင်းဟင်းချက်ပြီး အဘိုးကို သွားပို့ရပါတယ်၊ အဘိုးက အခုဆောက်နေတဲ့ တံတားစီမံကိန်းက အလုပ်သမားပါ၊ ပြီးရင် သမီး ဂျာနယ်နဲ့ သတင်းစာ လိုက်ပို့ရပါတယ်၊ ပြီးရင် ကျောင်းကို တန်းလာရတာပါ ဆရာကြီး၊ အဲဒီအတွက် သမီး ပထမအချိန်ကို မမီတာများလာပါတယ် ဆရာကြီး"

ဆရာကြီး မပြောနဲ့ ကျွန်တော်တောင် အံ့အားသင့်ယူရပါသည်။

ဆရာကြီးက သူ့ရှေ့က ဒုက္ခသည်နှစ်ယောက်ကြောင့် ဘာပြောရမှန်း မသိအောင် ဖြစ်နေပုံရပါတယ်။

"အေးလေ ..မင်းတို့အပူတွေက ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမယ့် ကျောင်းစည်းကမ်းကို မချိုးဖောက်စေချင်ဘူး၊ သမီးဘက်ကလဲ အတတ်နိုင်ဆုံး ဂျာနယ်သတင်းစာတွေကို စောစောစီးစီး ပို့နိုင်အောင် ကြိုးစားပေါ့ ဟုတ်လား"

မမလှလှက ခေါင်းညိတ်ပြပါသည်။

"ကဲ .. ကဲ၊ ကိုယ့်အတန်းကိုယ် ပြန်ကြတော့"

ကျွန်တော်တို့ ရိုရိုသေသေ ခေါင်းညိတ်လက်အုပ်ချီ ဂါရဝပြုကာ ဆရာကြီးရုံးခန်းထဲက ထွက်လာခဲ့ကြပါသည်။

"မင်းက ဘယ်နှစ်တန်းလဲ"

မမက ပြုံးပြီး ကျွန်တော့်ကိုမေးတော့ ကျွန်တော်က ...

"ခုနစ်တန်း"

"ဗုဒ္ဓေါ ...၊ မင်းအသက် ဘယ်လောက်ရှိပြီလဲ"

"ဆယ့်လေးနှစ်၊ ခြောက်တန်းကို နှစ်ခါကျတယ်၊ ခုနစ်တန်းမှာ နှစ်နှစ်ရှိပြီ၊ ဒါနဲ့ မမကရော ..."

"တို့ မနှစ်က အိမ်အခြေအနေကြောင့် ကျောင်းမတက်လိုက်ရဘူး၊ ဆယ်တန်းတက်နေတာ၊ မင်း တို့ထက် နှစ်နှစ်ငယ်တာပဲ၊ ကဲ သွားမယ်"

ကော်ရစ်တာအကွေ့မှာ မမက လမ်းခွဲစကားဆိုပြီး သူ့ကို ထားခဲ့တော့ ခြေတစ်လှမ်းနှစ်လှမ်းကျွံစ မမကို ..

"မမ .."

မမက လည်ပြန်ကြည့်သည်။ ပြော ဆိုတဲ့အဓိပ္ပာယ်နဲ့ မေးဆတ်ပြပါတယ်။





"မမနဲ့ကျွန်တော် သူငယ်ချင်းဖြစ်သွားပြီနော်"

မမက ရယ်ပြီး ခေါင်းညိတ်ပြပါသည်။

အသန့်ရှင်းဆုံးလေထုတွေရဲ့ နွေးထွေးမှုကို အဲဒီနေ့မှာ ကျွန်တော် စတွေ့ခဲ့ပါတယ်။ ကိုယ်တိုင်သွေးယူထားတဲ့ ဆန္ဒတွေက လင်းလက်ထက်မြနေပါပြီ။

မူးစုမတ်စု စုမိခဲ့ရတဲ့ အိပ်မက်ပျိုကို ကျွန်တော် စတင်ပိုင်ဆိုင်ခဲ့ရတာ အဲဒီနေ့ပေါ့ မမနေရီလတ် ...။

  

မြစ်ကလေး နံဘေးက
လိုက်ပါ ရွှေ့လျား ....
ငါဟာ ကမ်းပါးတစ်ခုပါ ....။

*ငြိမ်းစစ်မင်း*

*(ကိုယ်တစ်ကြိမ်မှ မသောက်သုံးခဲ့တဲ့ ... မှ)*





**သစ်**ပင်ကိုကျောမှီပြီး စာအုပ်တွေကို ဘေးမှာချကာ စာကျက်နေရာ မှ သူမ နောက်ကျောခပ်လှမ်းလှမ်းကမ်းစပ်က ကောင်လေးတချို့ရဲ့ အသံကြောင့် သစ်ပင်ကိုကွယ်ကာ လှည့်ကြည့်မိပါသည်။ ရှယ်တူကောင် လေး ငါးယောက်က အကျီမပါ ဘောင်းဘီတိုလေးတွေနဲ့ တန်းစီပြီး ရပ်ကာ ရှေ့က ခေါက်တုံ့ခေါက် ပြန်လျှောက်နေတဲ့ ကောင်လေးတစ်ယောက်ကို ညာဘက်လက် ဝါးဖြန့်ပေးကာ စီစီရီရီ ရပ်နေကြပါတယ်။

ကောင်လေးက တစ်ခုခုကို အလေးအနက်စဥ်းစားနေဟန်နဲ့ တုတ်တစ်ချောင်းကိုင်ကာ ကောင်လေးငါးယောက်ရှေ့မှာ ခေါက်တုံ့ ခေါက်ပြန် လျှောက်နေပါတယ်။

ခေါက်တုံ့ခေါက်ပြန် တုတ်တစ်ချောင်းနဲ့ လျှောက်နေတဲ့ ကောင်လေးကို သူမ မှိုတ်မသုန်ကြည့်ရင်း ပါးစပ်က လွှတ်ခနဲ ထွက်သွားမိပါသည်။

"အာခိယာ ..."

သူမ အသံကြောင့် ကောင်လေးတွေနဲ့ အာခိယာက လှည့်ကြည့်

ပါသည်။ အရယ်အပြုံးနည်းပုံရပြီး ရှုတည်တည် ဆံပင်ညိုညိုနဲ့ ကောင်လေးက သူမကိုမြင်တော့ သွားတန်းဖြူလေးတွေပေါ်အောင် ရယ်ပြပါသည်။

သူမက စာအုပ်တွေကိုချပြီး သူတို့ဆီလျှောက်လာတော့ အခြားကောင်လေးငါးယောက်က သူမကို စူးစမ်းပါတယ်။ ကောင်လေးငါးယောက်ထဲမှာ အာခီယာက ခေါင်းဆောင်တစ်ယောက်လို အထင်းသားရှိဟန် သိသာနေပါသည်။ အခြားကောင်လေးတွေက အာခီယာ ကို အားကိုးနေပုံ ပေါ်လွင်နေပါတယ်။

"ခဏနော် မမ .."

သူမက သူ့ဘေးမှာ လက်ပိုက်ရပ်ကာ ခေါင်းညိတ်ပြရင်း သူတို့လုပ်ပုံတွေကို ငေးကြည့်နေပါတယ်။ လက်ဝါးဖြန့်ထားတဲ့ ရှေ့ဆုံးက ကောင်လေးက သူ့လက်ဝါးပေါ်ကို အာခီယာက တုတ်နဲ့ခပ်နာနာလေး တဆတ်ဆတ်လုပ်တော့ မျက်လုံးကို အတင်းမှိတ်ထားသည်။ အာခီယာ က ...

"လက်ဝါးကို ခပ်တင်းတင်းဖြန့်ထားစမ်းပါ"

အာခီယာက အသံမာမာနဲ့ပြောတော့ အဲဒီကောင်လေးက လက်ဝါးကို ခပ်တင်းတင်းဖြန့်ပါတယ်။ အာခီယာက လက်ဝါးကို တုတ်နဲ့ ဆန့်ကြည့်ပြီး ....

"မင်းက အသက်လမ်းကြောင်းတိုတယ်၊ ကမ်းစပ်အနီးနားမှာပဲ ရေကူး"

သူမ အာခီယာပြောပုံကြောင့် မျက်လုံးပြူးသွားပါတယ်။ အာခီယာက နောက်တစ်ယောက်လက်ဝါးကို တုတ်နဲ့ချိန်ရင်း ..

"မင်းက အသက်လမ်းကြောင်းရှည်တယ်၊ ခပ်ဝေးဝေးကူးလို့





ရတယ်"

"ဟုတ် .."

တစ်ယောက်ပြီးတစ်ယောက် အမိန့်ပေးနေပြီး တစ်ယောက်ပြီး တစ်ယောက် အမိန့်နာခံကာ ရေထဲဆင်းသွားကြတဲ့ ကောင်လေးတွေ လုပ်ပုံကြောင့် သူမက သဘောကျပြီးရယ်မိတော့ နောက်ဆုံး ကောင်လေးကို အမိန့်ပေးပြီး သူမဖက် လှည့်ကြည့်ကာ နားမလည်နိုင်ပုံရတဲ့ အာခီယာက ...

"ဘာတွေ သဘောကျနေတာလဲ မမနေရီ"

ကမ်းစပ်သဲပြင်မှာ နှစ်ဦးသားထိုင်ချရင်း ရေကူးနေတဲ့ အာခီယာ သူငယ်ချင်းတွေကို ကြည့်နေမိကြပါတယ်။

"မင်း ပေါက်ပေါက်ရှာရှာတွေးမိတာ အံ့ဩလို့ပဲ၊ မင်းနဲ့တွေ့လိုက်ရင် အထူးအဆန်းချည်းပဲ"

အာခီယာက ဘာမှမပြော ပြုံးရုံသာ ပြုံးနေပါသည်။

"မင်းက ဒီအဖွဲ့ရဲ့ခေါင်းဆောင်လား"

အာခီယာက ခေါင်းခါပြပြီး ....

"ကျွန်တော်တို့အုပ်စုမှာ ခေါင်းဆောင်ရယ်လို့ မရှိဘူး၊ လူတိုင်း ခေါင်းဆောင်ပဲလေ"

စကားကို ခဏရပ်ရင်း မြစ်ထဲမှာ ရေကူးနေကြတဲ့ သူ့အပေါင်းအသင်းတွေကို ငေးကြည့်ကာ မျက်နှာပေါ် လက်ဝါးနှစ်ဖက်နှင့် သပ်သည်။ ပြီးတော့ ...

"ရင်ဆိုင်ရမယ့် ကိစ္စတစ်ခုခုရှိရင် ဒီကောင်တွေက ကျွန်တော့်ကို အားကိုးတယ်၊ အဖြေထုတ်ခိုင်းတယ်၊ ဒီလောက်ပါပဲ"

"ဆရာကြီးပေါ့"

မမနေရီက ပြုံးစစနဲ့ မေးတော့ အာခီယာက ဟက်ဟက်ပက်ပက် ရယ်သည်။ မမနေရီက ဒူးဆစ်ပေါ် မေးထောက်ကာ အာခီယာကို ငေးကြည့်ပြီး ...

"ကိုယ် ဆရာကြီးရှေ့မှာ ရှိနေတုန်းက ပြောရမယ့်စကားတွေ အားလုံးကို မပြောရဲတာ အမှန်ပဲ၊ ကိုယ့်ရှေ့က မင်းလဲ ဖြေပြီးရော ကိုယ် အင်အားတစ်ခုခုဝင်လာသလို ခံစားရတယ် အာခီယာ"

မမနေရီနဲ့ကျွန်တော် တစ်ယောက်ကိုတစ်ယောက် ငေးကြည့် မိပါသည်။





"ဖြောင်း ....."

အရှိန်နဲ့ပြေးလာတဲ့ကောင်ရဲ့ မျက်နှာကို ဆီးပြီး လက်ဝါးနဲ့ ရိုက်ချလိုက်တော့ ငိုက်စိုက်ငိုက်စိုက် ဖြစ်သွားချိန် သူ့ အားထည့်ပြီး ဆောင့်ကန်လိုက်တော့ ခွေကျသွားပါသည်။ နောက်တစ်ယောက်က တုတ်နဲ့လွှဲအရိုက် ကိုယ်ချင်းဝင်ပူးကာ ခေါင်းခေါင်းချင်း ဆောင့်တိုက်လိုက်ပါသည်။

သူလည်း အတော်မူးသွားပါသည်။ အဲဒီအခါကျမှာ လူအုပ်က ညာသံပေးဝိုင်းလာတော့ ဟိုနှစ်ကောင်က ကုန်းရုန်းထကာ ထွက်ပြေးသွားပါတော့တယ်။ ကျွန်တော်က မြေပေါ်ပြုတ်ကျနေတဲ့ ပိုက်ဆံအိတ်လေးကို ကောက်ယူပြီး အနားရောက်လာတဲ့ မမကို လှမ်းပေးလိုက်တယ်။

"ဘာဖြစ်သွားသေးလဲ ညီလေး"

"ဒီကောင်တွေက ခါး တွေကွ"

တစ်ယောက်တစ်ပေါက် ဝေဖန်နေကြတဲ့ စကားသံတွေကို ကျွန်တော်

ဂရုမထားမိပါ။ မမနေရီက ကျွန်တော့်ခေါင်းကို ကိုင်တွယ်ရင်း ...

"မင်း ဘာဖြစ်သွားသေးလဲ"

"နည်းနည်းပါးပါး မူးရုံလောက်ပါ။ ဘာမှမဖြစ်ဘူး စိတ်ချ"

"ကိုယ် ဂျာနယ်တွေပို့ပြီး ကျောင်းမမီမှာစိုးလို့ အမြန်လျှောက်လာရင်း ပိုက်ဆံထုတ်ရေကြည့်နေတုန်း ဒီကောင်တွေ အဝိုက်ဖမ်းပြီး ပိုက်ဆံဝင်လုကြတာ"

"နောက်ဆို သတိထားပေါ့ မမနေရီ"

မမနေရီက ကျွန်တော့်ကို ခေါင်းညိတ်ပြပါသည်။ နှစ်ယောက်သား ကျောင်းကို အတူလျှောက်လာရင်း ...

"ဟော့အော် ..."

မမက မျက်လုံးလေးဝိုင်းသွားရင်း သူမခြေထောက်ကိုငုံ့ကြည့်ပါသည်။

"အရေးထဲ ဖိနပ်က ပျက်ပြန်ပြီ၊ ဒီနေ့တော့ ဘာတွေလွဲချော်လို့ လွဲချော်နေမှန်း မသိပါဘူး"

"ကဲ ... စိတ်ခတ်မကျနဲ့ ကျွန်တော့်နောက်သာ လိုက်ခဲ့"

"ဟဲ့ ... ဘယ်လဲ"

ကျွန်တော် ဦးဆောင်ရာနောက်ကို မမနေရီက လိုက်ခဲ့ပါတယ်။ လမ်းကြိုလမ်းကြား တဲကြိုတဲကြား သူမနဲ့အတူ ကျွန်တော် လျှောက်လာခဲ့ပါသည်။ လမ်းချိုးလေးထဲက ထွက်တော့ မြစ်နဲ့ မျက်နှာချင်းဆိုင် ယှဉ်တွဲထားတဲ့ လမ်းပေါ်ကို ရောက်ရှိလာခဲ့ပါတယ်။

"ဟဲ့ ... ဘယ်အထိ ဆက်သွားဦးမှာလဲ အာခီယာ"

ကျွန်တော်က မမကို ပြုံးပြလိုက်ရင်း ..

"ရောက်ပြီလေ .. ခဏ ..."

တဲရှေ့မှာ ပလပ်စတစ်အိတ်တွေ၊ ဒန်အိုးအစုတ်ပလုပ်တွေ အမှိုက်ပုံ





လို ပုံထားတဲ့ အိမ်လေးထဲ အာခီယာ ဝင်သွားပါတယ်။ သူမကတော့ မြစ်ပြင်ကြီးကို လက်ပိုက်ပြီး ငေးကြည့်နေမိပါတယ်။ တဲအိမ်လေးထဲက စကားပြောသံတွေကို သူမ ကြားနေရသည်။

"မင်း ဘာလာရှုပ်ပြန်ပြီ အာခီယာ"

"ဦးဘုန်းကလဲ၊ အပြင်ထွက်ခဲ့ပါဦး၊ လာပါဗျာ"

ခြေသံတွေကြောင့် ကျွန်မ လှည့်ကြည့်မိတော့ ခေါင်းတစ်ခေါင်းလုံး ဆံပင်တွေ ဖွေးဖွေးဖြူနေတဲ့ လူကြီးတစ်ဦးကို သူမ တွေ့ပါတယ်။ စွပ်ကျယ်အကြီအဖြူက ညစ်နွမ်းနွမ်းနဲ့ ထိုလူကြီးက ဆေးပြင်းလိပ်ကို ခဲထားလျက် သူမကို အကဲခတ်တော့ အာခီယာက ...

"မမ .. ဒါ ကျွန်တော့်ဦးလေးလိုခင်တဲ့ ဦးဘုန်းမောင်တဲ့၊ ဦးဘုန်း ဒါ ကျွန်တော် အစ်မလိုခင်တဲ့ နေရီလတ်တဲ့ ဦးဘုန်း"

ဦးဘုန်းဆိုတဲ့ လူကြီးက ရယ်ပြရင်း ...

"ဆို .. ကျုပ်က လူကြီးလူကောင်းလေးတွေကို ဘာများ အကူအညီပေးရမလဲ"

"ဖိနပ် .."

အာခီယာကလည်း သူလိုချင်တာကို အရေးဆိုပါတယ်။ ဦးဘုန်းက တဲထောင့်မှာ ကြိုးနဲ့ ဆွဲချိတ်ထားတဲ့ ဖိနပ်တွေကို မေးဆတ်ပြရင်း ...

"ကြိုက်တဲ့ဖိနပ်သာ ရှာယူတော့"

"လာ ..မမ .."

အာခီယာက သူမလက်ကိုဆွဲပြီး ဖိနပ်တွေချိတ်ထားရာ တဲထောင့်ကို ခေါ်သွားပါတယ်။

"ကဲ .. ကြိုက်တာသာ ယူကြပေတော့၊ ကျုပ်က ထမင်းအိုးတည်လက်စကြီးဗျ"

ဦးဘုန်းက တဲထဲပြန်ဝင်သွားပါတယ်။ ဖိနပ်တွေကို ဖြုတ်ယူရင်း အာခီယာက မြေကြီးပေါ် ထိုင်ချလိုက်ပြီး ...

"ဦးဘုန်းက အလဲသည်လေ မမ၊ တစ်လမ်းဝင် တစ်လမ်းထွက် ဈေးရောင်းရင်း အမှိုက်ပုံတို့ လမ်းဘေးမှာတွေ့တဲ့ ဖိနပ်တို့ဆိုရင် တစ်ဖက်တည်းတွေ့လဲ ကောက်ယူလာခဲ့တာပဲ၊ ကျွန်တော်တို့အုပ်စုကတော့ ဦးဘုန်းရဲ့ အခမဲ့ဖောက်သည်တွေလေ"

"တော်တော်များတာပဲကွ"

ဘယ်ညာအရောင်တူ၊ ဆိုဒ်နံပါတ်တူတွေကို အရင်ရွေးချယ်ပြီး သိပ်မစုတ်ပြတ်သေးတဲ့ ဖိနပ်တစ်ရံကို သူမ ရလိုက်ပါသည်။

"ဦးဘုန်းကို ပိုက်ဆံပေးရမှာလား"

"မလိုဘူး မမ .. ရတယ်၊ ဦးဘုန်းရေ ...ရပြီ၊ သွားတော့မယ်နော်၊ ကျောင်းနောက်ကျမှာစိုးလို့"

"သွားပြီလား၊ ထမင်းစားသွားဦးလေ"

"နောက်မှ စားတော့မယ် ဦးဘုန်း"

မမနဲ့ကျွန်တော် ကျောင်းနောက်ကျမှာစိုးတာကြောင့် အမြန်သုတ်ခြေတင်ပြေးရပါသည်။





"ဘယ် လိုလဲ အာခီယာ၊ ထုံးစံအတိုင်း အလယ်မှာပဲလား"

မင်းထက်က မုန့်စားဆင်းချိန် သူ့ရှေ့ကခုံမှာ နောက်ပြန်ထိုင်ရင်း ရိသဲ့သဲ့အပြုံးနဲ့ ပြောလာပါသည်။ ကျွန်တော်က ဘာမှပြန်မပြောဘဲ ဒီလ ကျွန်တော့်ရဲ့ ရီပို့ကဒ်ကိုပဲ ကြည့်နေမိပါတယ်။ မင်းထက်က သူတို့အခန်း တစ်ခုတည်းတင် မဟုတ်ဘဲ တခြားအခန်းတွေပါ ယှဉ်လို့မရတဲ့ ဒီကျောင်းရဲ့ အတော်ဆုံးကျောင်းသား။

"မင်းက မြန်မာစာနဲ့ အင်္ဂလိပ်စာမှာ တော်ပါတယ်၊ ကျန်တဲ့ ဘာသာကျတော့ အောင်မှတ်မီရုံလောက်ပဲ၊ အဲဒါ ဘာဖြစ်လို့ ..."

မျက်စမျက်နနဲ့ ခပ်ထေ့ထေ့အပြုံးနဲ့ ကျွန်တော့်ကို မင်းထက်က ခုံနောက်မှီပေါ် လက်နှစ်ဖက် မှေးတင်ပြီး မေးသည်။

"ငါ မတော်ချင်လို့"

ကျွန်တော့်ရဲ့ အေးစက်စက်စကားကြောင့် မင်းထက်က ပခုံးတွန့်သည်။ လှသောင်းက မင်းထက်ကို နှာခေါင်းရှုံ့ရင်း ကျွန်တော့်ဘေးမှာဝင်ထိုင်ကာ ....

"ဟေ့ကောင် မင်းထက်၊ မင်းတော်တိုင်း သူများကို အထင်သေးအမြင်သေးစကားမပြောနဲ့ကွာ"

လှသောင်း စကားကြောင့် မင်းထက်ကလည်း ...

"ဩော် .. မတော်လို့ မတော်ဘူးပြောတာ စိတ်ဆိုးစရာလား၊ မကျေနပ်ရင် မင်းတို့ ငါနဲ့ပြိုင်လေ၊ သချ်ာပြိုင်ကြမယ် အာခီယာ"

ကျွန်တော်က အေးစက်စက်မျက်ဝန်းနဲ့ မင်းထက်ကို ကြည့်မိသည်။ မင်းထက်ကလည်း ကျွန်တော့်ကိုကြည့်သည်။

"အာခီယာ .. မင်းကို သချ်ာမှာ အမှတ်နှစ်ဆယ် အကျောပေးတယ်၊ ဘယ်လိုလဲ"

လှသောင်းက ကျွန်တော့်ကို စိုးရိမ်တကြီး ကြည့်ပါသည်။ ကျွန်တော်နှုတ်ခမ်းတစ်ချက်တွန့်သွားသလို ...

"ကောင်းပြီလေ၊ ငါ သဘောတူတယ်၊ ငါကလဲ ဒီလိုအလောင်းအစားမျိုးကိုကြိုက်တယ် မင်းထက်၊ တစ်ခုတော့ ရှိတယ်၊ ပြိုင်ပွဲတစ်ခုမှာ လောင်းကြေးကတော့ ရှိရမယ်"

"ပြော ... မင်းကြိုက်တဲ့လောင်းကြေး ပြော"

"ရှုံးတဲ့သူက ..."

ကျွန်တော် မင်းထက်ကို သေချာစိုက်ကြည့်ပြီး စကားကို ပြန်ဆက်သည်။

"တစ်ခန်းဝင်တစ်ခန်းထွက် အတန်းရှေ့ဆုံးမှာ ရပ်ပြီး နိုင်တဲ့သူ





ဟာ ကျွန်တော့်ရဲ့ဆရာပါ၊ နောက်ဆို ကျွန်တော့်ဆရာကို ကျွန်တော် အာမခံတော့ပါဘူး ပြောရမယ်၊ ဘယ်လိုလဲ"

ကျွန်တော့်စကားကြောင့် မင်းထက်က ဟက်ဟက်ပက်ပက် ရယ်ပြီး ...

"စိတ်ချ၊ အဲဒီစကားက မင်းပဲပြောရမှာ အာခီယာ၊ အင်း .. ဆိုင်းဘုတ်ကို လည်ပင်းမှာ ဆွဲရမယ်၊ အဲဒီဆိုင်းဘုတ်မှာ ကျွန်တော် အရှုံးပါလို့ ရေးပြီးဆွဲရမယ်"

"မင်းသဘောပဲ မင်းထက်"

မင်းထက်က ပြိုင်ပွဲစတင်သည့် အထိမ်းအမှတ်အနေနဲ့ ကျွန်တော်နဲ့ လက်ဝါးချင်းရိုက်ပြီး မုန့်စားတန်းထဲ ထွက်သွားပါတယ်။ မင်းထက်ထွက်သွားပြီးတော့ လှသောင်းက စိုးရိမ်နေပုံရပါတယ်။

"ဟာ ... ဘာလို့သွားပြိုင်တာလဲ အာခီယာ"

ဘေးက အတန်းဖော်တွေကလည်း ခုနစကားတွေကို ကြားပုံရကာ ကျွန်တော့်အတွက် စိုးရိမ်နေပုံရပါသည်။

"အာခီယာ .."

ခေါ်သံကြောင့် အပေါက်ဝကိုကြည့်တော့ သမိုင်းဆရာမ ဒေါ်နှင်းလှရီ ..။

"ဆရာကြီး ခေါ်နေတယ်"

"ဟာ .. ကျိုင်ပဲ"

လှသောင်းက ဆရာကြီး ဆိုသောအသံကြားကတည်းက မျက်စိမျက်နှာ ပျက်ချင်နေပြီ။ ကျွန်တော်က ခပ်အေးအေးပင် အခန်းထဲက ထွက်လာခဲ့ပါသည်။

ဆရာကြီးရုံးခန်းရောက်တော့ ဆရာကြီးနဲ့ သချ်ာဆရာ ဦးကျော် လေး စကားပြောနေကြပါတယ်၊ ကျွန်တော့်ကိုမြင်တော့ ဆရာကြီးက ...

"မင်း အသစ်ပြောင်းလာတဲ့ ဆရာမ ဒေါ်အေးခိုင်ကို ဘာပြဿနာ သွားရှာတာလဲ"

"ဘာဖြစ်လို့လဲ ဆရာကြီး"

ဆရာကြီးက ကျွန်တော့်ကို စိတ်အတော်ပျက်နေပုံရပါတယ်။ ဘေးက သချ်ာဆရာကို လှည့်ပြောပါတယ်။

"ခင်ဗျားသိတယ်မဟုတ်လား၊ တစ်နေ့ကပြောင်းလာတဲ့ ဆရာမ ဒေါ်အေးခိုင်လေ"

"ဟုတ်ကဲ့ သိပါတယ် ဆရာကြီး"

"ဆရာမက ကျွန်တော့်ကို မေးတယ်ဗျာ၊ ဘယ်အတန်းဆိုးလဲ ဆိုတော့ သိတဲ့အတိုင်း ..."

ဆရာကြီးက ကျွန်တော့်ကို မေးဆတ်ပြရင်း ...

"ကျွန်တော်က အာခီယာတို့အတန်းက တန်းလုံးကျွတ်နီးပါး ဆိုးပါတယ်လို့ ပြောမိတယ် ဆရာ"

ဆရာက စိတ်ဝင်တစား နားထောင်နေပါသည်။

"ဆရာမက တစ်မျိုးတော့ တစ်မျိုးဗျ၊ တစ်နေ့က ဝင်ဝင်ချင်း ဒီကောင်တွေကို အိမ်စာကျက်ခိုင်းလိုက်တယ်လို့ ကြားတယ်၊ မကျက်လာခဲ့ရင် ထူးခြားတဲ့အပြစ်ရမယ်လို့ ပြောတယ်၊ ဒီကောင်တွေအခန်းကလဲ တန်းလုံးကျွတ် မကျက်လာဘူး၊ ဟိုကျောင်းသား ... ဘယ်သူအဲ ... သူကတော့ ကျက်တာပေါ့"

"မောင်မင်းထက်လား ဆရာ"

သချ်ာဆရာက အတော်ဆုံးကျောင်းသားမို့ မင်းထက်နာမည်ကို မှတ်မိလွယ်ဟန်ရှိသည်။

"အင်း ... ဟုတ်တယ်ဗျ၊ အဲဒီမှာတင် ဆရာမက ကျောင်းသား





တွေကို ကျောင်းအောက်ဆင်းပြီး ဆားငံသီးအစေ့တွေ ကောက်ခိုင်းတယ်၊ ကောက်ပြီးတာနဲ့ အခန်းထဲမှာ ဒူးထောက်ခိုင်းတယ်၊ အဲဒီဒူးအောက်မှာ ဆားငံစေ့တွေကို ခံပြီး ဒူးထောက်ခိုင်းတာ ဆရာ"

"ဟာ ... ဒီဆရာမ အတော်ဆိုးတာပဲ"

"ပိုဆိုးတဲ့သူ ရှိသေးတယ် ဆရာ"

"ဘယ်သူလဲ၊ အာခီယာလား"

ဆရာကြီးက ကျွန်တော့်ကို မျက်မှောင်ကုပ်ကြည့်ရင်း ..

"မင်း မညာတတ်ဘူးဆိုတာ ငါ သိတယ် အာခီယာ၊ မင်းအပြစ်မင်းဝန်ခံမလား"

ကျွန်တော်က ချက်ချင်းပင် ခေါင်းညိတ်ပြပြီး ...

"ဆရာမ အခုလိုဖြစ်တာ ကျွန်တော် တရားခံပါ ဆရာကြီး"

ဆရာကြီးက ပြုံးသည်။

"မင်း ဘာလုပ်ခဲ့လဲ အာခီယာ"

အာခီယာက တည်တည်ငြိမ်ငြိမ်ပင် စကားဆိုသည်။

"ဒီလောက်ပြင်းထန်တဲ့ ပြစ်ဒဏ်အတွက် ကျွန်တော် အရင်ဆုံး ဆရာမကို မကျေနပ်ဘူး"

"အဲဒီတော့ ..."

ဆရာကြီးက စကားလမ်းကြောင်း ခင်းပေးသည်။ အာခီယာက ခေါင်းငုံ့ရင်း ...

"ဆရာမအလစ်မှာ ဆရာမခြင်းထဲက ရေဘူးထဲကို ဝမ်းနုတ်ဆေး ထည့်ခတ်ထားလိုက်တယ် ဆရာကြီး"

ဆရာကြီးက စိတ်ပျက်လက်ပျက်မျက်နှာနှင့် ညည်းတွားမိသည်က ...

"အင်း ... ဒါ့ကြောင့် ဆရာမ အတော်နာလန်မထူနိုင်တာကိုး၊

အခုတော့ မင်းတို့ဆရာမ ကျောင်းတောင်မတက်နိုင်ရှာဘူး အာခီယာ"

အာခီယာက ခံစားချက်မဲ့သည့်မျက်နှာနှင့် ကြမ်းပြင်ကို စိုက်ကြည့်နေပါသည်။ ဆရာကြီးက သက်ပြင်းကျိတ်ရှိုက်လိုက်သည်။ အာခီယာက ဆရာကြီးကို ကြည့်သည်။

"ကျွန်တော် မှားပါတယ် ဆရာကြီး၊ အဲဒီအတွက် ဆရာကြီး ကျွန်တော့်ကို အပြစ်ပေးပါ"

"အပြစ်ပေးရမယ် .. အင်း .."

ဆရာကြီးက လေးလေးနက်နက် စဉ်းစားဟန်ရှိကာ ...

"မင်းကို ဆရာကြီး အပြစ်ပေးလို့မရဘူး တပည့်၊ တကယ် မင်းကို အပြစ်ဒဏ်ပေးရမယ့်သူက မင်းတို့ ဆရာမ"

ဆရာကြီးနဲ့အာခီယာ တစ်ယောက်ကိုတစ်ယောက် လေးလေးနက်နက် စိုက်ကြည့်နေကြပါတယ်။

"မင်း အတန်းပြန်လို့ရပြီ အာခီယာ"

အာခီယာက လေးပင်တဲ့ခြေလှမ်းတွေနဲ့ ဆရာကြီးရုံးခန်းကနေ ထွက်ခွာသွားပါတယ်။

"ဘာဖြစ်လို့ သူ့ကို အပြစ်မပေးတာလဲ ဆရာကြီး"

သင်္ချာဆရာ စကားကြောင့် ဆရာကြီးက အာခီယာ ထွက်သွားရာကို ကြည့်ရင်း သိမ်မွေ့နက်နဲတဲ့ အပြုံးတစ်ခုကို ပြုံးလိုက်တာကြောင့် သင်္ချာဆရာ မျက်ခုံးတွန့်မိသည်။

"အာခီယာကို ဒီတစ်သက် ရိုက်နှက်ဆုံးမနေလို့ကတော့ ဒီကလေး တစ်သက်လုံး ပြင်မှာမဟုတ်ဘူး ဆရာ၊ ခုန ကျွန်တော်ပြောတာ ဆရာ သတိထားမိလား"

"ဘာကိုလဲ ဆရာကြီး"





ဆရာကြီးက ကျေနပ်မှုရှိတဲ့ အပြုံးနဲ့ ..

"အသစ်ပြောင်းလာတဲ့ ဆရာမဒေါ်အေးခိုင်ရဲ့အကြောင်းလေ"

"ဒေါ်အေးခိုင် ..."

ဆရာက ဘာမှနားမလည်ဟန်နဲ့ ပြန်လည်မေးပါသည်။

"ဒီဆရာမအသစ်က တစ်မျိုးတော့ တစ်မျိုးဗျ ဆိုတာလေ"

"ဩော် ..."

သင်္ချာဆရာသည် အတွေးတစ်ခုခုကို သတိထားမိပုံရကာ ငြိမ်သက်စဉ်းစားနေပါသည်။

ငါ့ကိုယ်ငါ ခြေကျင်းခတ်ထားရင်း ....
ငါ့ကိုယ်ငါ ပြန်လှတ်ပေးမိတယ် ....။
ငါ့စိတ်က သော့တစ်ချောင်းဖြစ်သလို ...
ငါ့စိတ်က အကျဉ်းစခန်း ဖြစ်ပြန်ရော ....။
မေးခွန်းကို အဆုံးအစ နားမလည်သူက ...
ပြင်းပြတဲ့စိတ်ဆန္ဒအသစ်နဲ့ ...
အဖြေကို တောင်ပံတပ် ...
ကမ္ဘာသစ်အတွက် ...
ယုံကြည်စွာ လှတ်တင်၏ ....................။





"**အေး** ခိုင် ... သမီး၊ ဒီကလေးကို အမေ သတိထားမိတာ အတော်ကြာပြီ၊ လွန်ခဲ့တဲ့တစ်နာရီလောက်ကတည်းက အဲဒီနေရာမှာပဲ ရပ်နေတာ သမီး"

ဒေါ်အေးခိုင်က အမေ့စကားကြောင့် ပြတင်းတံခါးလိုက်ကာကို ဖယ်ပြီး အပြင်ကို ကြည့်မိသည်။

"အာခီယာ"

အမေက သူမစကားကြောင့် နားမလည်ပုံနှင့် ...

"ဘယ်သူ ...."

"သမီး တပည့်တစ်ယောက်ပါ အမေ"

"တိုင်းရင်းသားလား သမီး"

အမေက ဆံ့ခြင်းကို ဘေးမှာချရင်း မေးတော့ သူမက ရယ်ရင်း ...

"မဟုတ်ပါဘူး အမေ"

"အေးကွယ် ... အခုခေတ်နာမည်တွေကလဲ အဆန်းသား၊ ကဲ ကဲ .. အမေ ဈေးသွားမယ်"

"ဟုတ်ကဲ့ အမေ"

အမေက ဆွဲခြင်းကိုကိုင်ရင်း ဖိနပ်စင်က ဖိနပ်ကိုစီးနေစဉ် ...

"အမေ .. အဲဒီကလေးကို သမီးဆီ လွှတ်လိုက်ပါနော် ..."

"အေးလေ ..."

အမေ ဈေးခြင်းဆွဲထွက်သွားတော့ သူမက ထိုးလက်စ ဆွယ်တာ အင်္ကျီတစ်ထည်ကို ဆက်ထိုးနေမိပါသည်။ ခဏနေတော့ အာခီယာ က ရှုံ့တွန့်တွန့်နဲ့ လှေကားကနေ တက်လာပါတယ်။ ဝင်ပေါက်ဝမှာ သူမ ကိုမကြည့်ဘဲ လက်ပိုက်ခေါင်းငုံ့ရပ်နေတဲ့ ကလေးကိုကြည့်ရင်း ထိုးလက် စဆွယ်တာကို ဘေးမှာအသာချကာ ...

"သား ... လာလေ"

အာခီယာ၏ တုတ်တုတ်မျှ မလှုပ်။

"လာပါကွ .. အာခီယာ၊ လာပါကွာ သားရဲ့"

သူမက အာခီယာဆီသွားကာ အာခီယာရှေ့မှာရပ်ရင်း အာခီယာ ခေါင်းကို ပွတ်မိတော့ အာခီယာက သူမကို မော့ကြည့်သည်။

"ဟင် ... မင်း ငိုနေတယ်"

အာခီယာက မျက်ရည်တွေနဲ့ သူမကို အားကိုးတကြီး မော့ကြည့် သည်။ အာခီယာဆီမှာ မျက်ရည်တွေရှိတတ်သည်ဆိုတာ သူမ မကြား ခဲ့ဖူးပါ။ ဒီကလေးရဲ့အကြောင်းကို ဆရာကြီးဆီကတဆင့် သူမ ကြားခဲ့ရ တာတွေက တစ်မျိုးပါ။ သူမရင်ထဲ တင်းကြပ်ဆို့နင့်သွားကာ ကလေးကို ရင်ခွင်ထဲ ဆွဲသွင်းမိရင်း ...

"သားရယ်"

အာခီယာ ကိုယ်လုံးလေး သိမ့်သိမ့်တုန်ခါသွားသည်အထိ ရှိုက် ငိုလို့ကောင်းဆဲ။





"ဘာလို့ ငိုရတာလဲကွာ၊ တိတ် ... တိတ်"

သူမ အာခီယာရှေ့ ဒူးထောက်ထိုင်ရင်း နှစ်သိမ့်တော့ ...

"ဆရာမ ... ကျွန်တော့်ကို အပြစ်ပေးပါ"

သူမ ပြုံးမိသွားရင်း အာခီယာ ဆံပင်တွေကို သပ်တင်ပေးမိသည်။

"အပြစ်ပေးရမယ်၊ အင်း ... ပေးရမှာပေါ့"

အာခီယာ လက်ကိုဆွဲခေါ်ရင်း ထိုင်ခုံတစ်ခုံမှာ ထိုင်ခိုင်းလိုက်ပြီး သူမ နောက်ဖေးဆောင်ထဲ ဝင်သွားပါသည်။ ကော်ဖီနဲ့မုန့်ကို ယူလာကာ အာခီယာရှေ့ စားပွဲပေါ်မှာ တင်ပေးရင်း ...

"အရင်စားလိုက်ပါဦး"

အာခီယာက မျက်လုံးအဝိုင်းသားနဲ့ သူမကို ကြည့်သည်။

"စားပါကွ၊ ဆရာမက ဆရာမစကားကို နားထောင်တဲ့ကလေးမှ သဘောကျတာ"

အာခီယာက ကော်ဖီခွက်ကို ယူသောက်သည်။

"မင်း ဘာလို့ ဆိုးနေရတာလဲ အာခီယာ"

အာခီယာက သောက်လက်စနဲ့ မျက်ဝန်းပင့်ကြည့်သည်။

"သားရဲ့သတင်းတွေ ဆရာမ သိပါတယ်၊ ဘာလို့ လူကြီး စကား၊ ဆရာ ဆရာမတွေရဲ့စကားကို နားမထောင်ရတာလဲ အာခီယာ"

အာခီယာက ကော်ဖီခွက်ကို စားပွဲပေါ် ပြန်ချသည်။ အာခီယာ က သူမကို ကြည့်သည်။

"အမိန့်သံဆန်တဲ့ စကားကို ဆရာမ သဘောကျလားဟင်"

အာခီယာစကားကြောင့် သူမ သဘောကျသွားမိပါသည်။ နောက် တော့ သူမ ပြုံးမိရင်း ခေါင်းညိတ်မိကာ ...

"သားရဲ့စကားက သဘောကျစရာပဲ၊ အင်း .. ကောင်းပြီလေ၊

နောက်တစ်ခါ သား အမှားမလုပ်သေးခင်၊ သား စိတ်လိုက်မာန်ပါ မဆုံးဖြတ်ခင် ဆရာမကို ပြောပြရမယ်"

"ဘာဆိုင်လို့လဲ ဆရာမ"

"ဆိုင်တာပေါ့ကွ၊ ဆရာမက သားရဲ့ဆရာမလေ၊ ဆရာဆိုတာ တပည့် လိမ္မာကောင်းမွန်တာပဲ အလိုရှိတယ်လေ"

"ဘာလို့ အလိုရှိတာလဲဟင် ဆရာမ"

သူမက သိမ်မွေ့နူးညံ့စွာ ပြုံးမိရင်း ...

"ဒါဟာ ချစ်လို့ပေါ့ကွယ်"

ဒီစကားတစ်ခွန်းက အာခီယာအတွက် ရှားပါးနေတဲ့ စကား တစ်ခွန်းပါ။ အာခီယာ ငြိမ်သက်သွားပါသည်။

"ဘယ်လိုလဲ၊ သား ကတိပေးမှာလား၊ အာခီယာ ဆိုတာ ကတိ ပေးပြီးရင် လွယ်လွယ်နဲ့ မဖျက်တတ်ဘူးလို့ သားသူငယ်ချင်းတွေဆီက ကြားထားတယ်နော်၊ ဘယ်လိုလဲ အာခီယာ"

အာခီယာက ရဲဝံ့စွာ ဆရာမကို မော့ကြည့်ပြီး ရှားရှားပါးပါး အပြုံးလေးတစ်ချက် လှစ်ခနဲ ..။

"စိတ်ချ ဆရာမ၊ ကဲ .. သားကို အပြစ်ပေးတော့"

အာခီယာ စကားကြောင့် ဆရာမက သဘောကျစွာ ရယ်သည်။

"မင်းက သတိရသားပဲကွ၊ ကဲ .. ဆရာမ အပြစ်ပေးမယ်၊ အဲဒါ ကတော့ မင်း ဒီလပတ်မှာ အဆင့်တစ်ရမှ မင်းရဲ့အပြစ်ဒဏ်က လွတ်မှာ၊ ဘယ်လိုလဲ အာခီယာ"

ဒီကလေး ဘယ်လောက်အစွမ်းထက်တယ်ဆိုတာ ဒေါ်အေးခိုင် သိပါသည်။ မြန်မာစာနဲ့ အင်္ဂလိပ်စာမှာ အမှတ်အများဆုံးရသည့် ကလေးက ကျန်တဲ့ဘာသာမှာ အောင်ရုံပဲအောင်သည်ဆိုတော့ ဒါဟာ





ထူးခြားမှုတစ်ခု၊ အာခီယာမှာ ဘယ်လိုအစွမ်းသတ္တိတွေရှိသည် ဆိုတာ ဘယ်သူမှ မမြင်ပေမယ့် ဒေါ်အေးခိုင် မြင်သည်။ ဒါကြောင့်မို့လည်း ဒီအကွက် ဒီဇာတ်လမ်းကို သိသိကြီးနဲ့ ဆင်ခဲ့တာ၊ ဒီကလေး သူ့လုပ်ရပ် ကြောင့် ရေဘူးထဲကို ဆေးခတ်ထည့်တာ ဒေါ်အေးခိုင် တံခါးအကွယ် ကနေ ချောင်းကြည့်ခဲ့တာ ဒီကလေး မသိ၊ သူတို့ရှေ့မှာ နှုတ်ခမ်းဆွတ်ရုံ ဟန်ပြသောက်ခဲ့တာ အာခီယာ မသိ၊ ဒီနေ့ အာခီယာ လာမယ်ဆိုတာ သူမ သိကိုသိနေခဲ့ပါသည်။

"ဘယ်လိုလဲ အာခီယာ"

အာခီယာက နှုတ်ခမ်းကို ခပ်ရေးရေးလေးတွန့်ကာ ..

"ဆရာမ ကျွန်တော့်ကို ယုံလား"

"အို ... ယုံတာပေါ့ သားရယ်၊ မင်းမှာ အစွမ်းသတ္တိတွေရှိတာ ဆရာမ ယုံတာပေါ့"

သူမ စကားကြောင့် အာခီယာက လွတ်လွတ်လပ်လပ် ရယ်ပါ တော့သည်။

**နောက်** ပိုင်းနေ့ရက်တွေမှာ အာခီယာက ထူးခြားတဲ့ကျောင်းသား အဖြစ် ပြောဆိုနေကြတဲ့သံတွေကို ဆရာမ ဆရာမတွေပြောကြတော့ ဒေါ်အေးခိုင် ရယ်နေမိပါတယ်။

သူမနဲ့အတူ ကျောင်းကိုလာတဲ့ အာခီယာကြောင့် ဆရာ ဆရာ မတွေ၊ ကျောင်းသားတွေက အံ့သြကြတယ်။ သူမဘေးမှာ စက်ရုပ် မျက်နှာနဲ့ ကောင်လေးဟာ သူမ ဆွဲခြင်းကိုယူပြီး သူမ အတန်းမှာ သွားထားပေးပါတယ်။

သူမကို ဘာမှမမေးပေမယ့် ဆရာကြီးကတော့ သိနေပုံရပါသည်။

တစ်နေ့လည် မုန့်စားဆင်းချိန် ကျောင်းလှေကားအဆင်းအတက် မှာ အာခီယာနဲ့ကောင်လေးနှစ်ယောက် စကားများရန်စောင်နေကြ ပါတယ်။ အာခီယာက ကျောင်းသားလေးတစ်ယောက်ရဲ့ အင်္ကျီကော် လံစကို ဆွဲကိုင်ပြီး လက်သီးနဲ့ရွယ်ကာ ထိုးမည်ပြုစဉ် သူမ အပေါ်





ထပ်ကနေ ...

"အာခီယာ ..."

ဆင်ကို ချွန်းနဲ့သပ်ခံလိုက်ရသလို အာခီယာ တုံ့ခနဲ ဖြစ်သွား ပါတယ်။ ဘေးပတ်ဝန်းကျင်က ကျောင်းသားကျောင်းသူတွေကလည်း သူမနဲ့ အာခီယာထံ တစ်လှည့်စီ ကြည့်နေကြပါတယ်။ ကိုးတန်းပထဝီ သင်တဲ့ ဆရာမ လှလှမြင့်က သူမဘေးမှာ လာရပ်ရင်း အာခီယာတို့ ရန်ပွဲကို ငုံ့ကြည့်နေပါတယ်။

"မင်း လာဦး အာခီယာ"

အာခီယာက ကောင်လေးရဲ့အင်္ကျီစကို ပြန်လွှတ်ကာ အပေါ်ထပ် ကို တက်လာပါတယ်။ သူမ ရှေ့ရောက်တော့ လက်ပိုက်ကာ ခေါင်းငုံ့ ရပ်နေပါသည်။

"ဘယ်သူမှားမှာ မှန်မှန် ထပ်ရန်ဖြစ်ကြတဲ့အသံကို ဆရာမ မကြားချင်ဘူး"

အာခီယာ ခေါင်းညိတ်ပြပြီး လှည့်ထွက်သွားပါတယ်။ အာခီယာ ထွက်သွားရာကို လှလှမြင့်က ငေးကြည့်ရင်း ...

"အာခီယာက တော်တော်ပြောင်းလဲသွားတာပဲနော် အေးခိုင်"

ကျွန်မက ဘာမှပြန်မဖြေဖြစ်။

"အစက အဲဒီလိုမဟုတ်ပါဘူး၊ ထစ်ခနဲဆို အာခီယာ တကယ့် လူဆိုးလူပေလေးကွ"

"ဒါကတော့ သူ့အကြောင်းမသိသေးလို့ပါ လှလှရယ်၊ ဒီကလေး ရဲ့အကြောင်းက စိတ်ဝင်စားဖို့ကောင်းသလို သနားဖို့လဲ ကောင်းတယ်၊ နောက်ပြီး ..."

လှလှမြင့်နဲ့အတူ အပေါ်ထပ် ဆရာ ဆရာမများနားနေခန်းသို့

လျှောက်လာမိသည်။

"ပြောပါဦး အေးခိုင်"

လှလှမြင့်လည်း ဒီနောက်ပိုင်း အာခီယာအကြောင်းကို စိတ်ဝင်စားလာပုံရသည်။

"ကြောက်ဖို့ကောင်းတဲ့ သူ့ရဲ့ဘဝရှိတယ်"

"ကိုယ်လဲ ကြားမိပါတယ်"

"အေးခိုင် စိုးရိမ်နေတာ တစ်ခုရှိတယ် လှလှ"

"ဘာကိုလဲဟယ် .. ပြောပါဦး၊ တို့လဲ ဝိုင်းကူညီရင် ကူညီရမှာပေါ့"

သူမက နှုတ်ခမ်းကိုကိုက်ရင်း ...

"အကြောင်းတိုက်ဆိုင်လာလို့ အခြေအနေပေးလာရင် ဒီ့ထက်ဆိုးတဲ့ အဖြစ်အပျက် အခြေအနေကို ဒီကလေး ရွေးချယ်သွားမှာကိုပဲ လှလှ"

လှလှ အံ့သြသွားကာ ပါးစပ်အဟောင်းသား ...။

"အေးခိုင် စိတ်ပူနေတာ ဖြစ်မှာပါဟယ်"

သူမက ဆရာ ဆရာမများနားနေခန်း အပေါက်ဝမှာ ရပ်မိတော့ လှလှ ပါလိုက်ရပ်နေပါသည်။

"အဲဒီလိုဖြစ်ပါစေလို့ ဆုတောင်းနေမိပါတယ် လှလှရယ်"

ကျောင်းတက်ချိန် ခေါင်းလောင်းမြည်သံကို ကြားရသည်။ သူမစိတ်ထဲမှာတော့ အချက်ပေးသံတစ်ခုခုလို့ ထင်နေမိပါသည်။





"အာခီယာ ....."

ခပ်တိုးတိုး အုပ်ခေါ်လိုက်တဲ့အသံကြောင့် စာအုပ်တစ်အုပ်ကို ရှေ့မှာထားပြီး ငုံ့ဖတ်နေတဲ့ အာခီယာက လှမ်းကြည့်သည်။ လှသောင်းက တဲရှေ့မှာ ကျွန်တော့်ကို အံ့သြဟန်နဲ့ ပါးစပ်အဟောင်းသား။

ကျွန်တော်က စာအုပ်ကိုပိတ်လိုက်ပြီး စားပွဲခုံပေါ်မှာ သေသေသပ်သပ် စီတင်လိုက်ပါသည်။ ဆရာတော်လာခဲ့ရင်ဖြစ်ဖြစ်၊ ဒါမှမဟုတ် ဖာသာလာရင်ဖြစ်ဖြစ် ရှုပ်ပွပြန့်ကျဲနေရင် သူ့အတွက် အခြေအနေမကောင်း၊ အပြစ်ဒဏ်လို့ အမည်သတ်မှတ်လို့မရပေမယ့် ဖာသာနဲ့ ဆရာတော်တို့၏ အကူရာစကားလုံးက ရိုက်နှက်ခြင်းထက် ထိရောက်၏။

"မင်း .. အာခီယာအစစ်ပါနော်"

တဲအပြင်ကိုထွက်ထွက်ချင်း လှသောင်းက မျက်နှာတည်တည်နဲ့ မေးတာကြောင့် အာခီယာ ပြုံးမိရင်း ဒီကောင့်လက်မောင်းကို ထိုးမိသည်။

"မဟုတ်ပါဘူးကွာ၊ ထူးထူးဆန်းဆန်း စာတွေဘာတွေလုပ်လို့"

လှသောင်း စကားကြောင့် အာခီယာက ...

"အခု ဘယ်သွားမှာလဲ"

မေးတာ တခြား၊ ဖြေတာ တခြားဖြစ်နေတာကြောင့် လှသောင်းက မျက်မှောင်ကြုတ်ကြည့်သည်။ အာခီယာက ရယ်နေသည်။

"ဘယ်လိုကောင်မှန်း မသိဘူး၊ ဟိုကောင်တွေနဲ့ တံတားထိပ်က ကိုညွန့်မောင်တို့ဆိုင်မှာ ချိန်းထားတယ်လေ၊ ကဲ ...ခုန ငါမေးတာကို ဖြေ ... အာခီယာ"

"အေးပါကွာ၊ ဖြေပါ့မယ်"

အာခီယာက မင်းထက်နဲ့ အလောင်းအစားလုပ်ထားပုံ၊ ဆရာမကို ကတိပေးထားတဲ့အကြောင်းအရာတွေကို ရှင်းပြပါသည်။

"ဟ..ဖြစ်ပုံမှလား အာခီယာ၊ မင်းထက် က စာသိပ်တော်တာနော်"

လှသောင်းက စိုးရိမ်နေသလောက် အာခီယာက မတုန်မလှုပ်။ လှသောင်းက အာခီယာကို ငေးကြည့်လျှောက်လာနေရင်းက တဖြည်းဖြည်းပြုံးမိလာကာ ...

"အေးလေ ... အာခီယာ ဆိုတာ ဖဲ့ကဲ့ဖဲ့တွေနဲ့ ကစားပွဲတစ်ခုကို ချဉ်းကပ်တတ်မှန်း ငါက မေ့နေတာပဲ"

အေးဆေးတည်ငြိမ်ခြင်းနဲ့ စိတ်လှုပ်ရှားမှု ကင်းမဲ့တတ်တဲ့ အာခီယာ စရိုက်ကို သူတို့တစ်အုပ်စုလုံး သိသည်။

"တစ်ပွဲလောက် သွားဆော့ရအောင် အာခီယာ၊ ကန်ကြီးဘက်မှာ ပွဲကောင်းတစ်ပွဲရှိတယ်လို့ နေထွန်း ပြောဖူးတယ်ကွ"

အာခီယာက ခေါင်းခါပြတော့ လှသောင်းက နှာခေါင်းရှုံ့သည်။

"မင်းကလဲ ဈေးကိုင်လိုက်တာ အာခီယာရာ ...."

"ငါ ဈေးကိုင်တာမဟုတ်ဘူး။ ဦးလေးသိရင် လွယ်မှာမဟုတ်လို့ ငါ





ငြင်းနေရတာ"

"ဒါဆို မင်းဦးလေးက ဘာလို့ ဖဲကစားနည်းတွေကို မင်းကို ဘာ့ကြောင့် သင်ပေးရတာလဲ"

"သူများလိမ်မှာစိုးလို့ တဲ့"

"ကောင်းကွာ .."

နှစ်ယောက်သား သဘောကျပြီး ရယ်နေမိပါသည်။ နှစ်ဦးသား တံတားထိပ်ရောက်တော့ ညနေခြောက်နာရီ ကျော်စပြုနေပါပြီ။ ဆောက်လုပ်ဆဲ တံတားကြီးဆီက မီးရောင်တွေက ဈေးတန်းလိုဖြစ်နေတဲ့ အလုပ်သမားတဲတန်းရပ်ကွက်သစ်အတွက် အထောက်အကူ ဖြစ်စေသည်။ အစကတော့ ဒီနေရာဟာ တံတားသစ်စီမံကိန်းမရှိခင်က သောင်ထွန်းနေတဲ့ လတာပြင်ကြီးတစ်ခုပါ။

"ဟိုကောင်တွေတောင် ရောက်နေပြီ"

တံတားဆောက်လုပ်ရေးဝန်ထမ်းတွေနဲ့ အလုပ်ကြမ်းသမားတွေကို ရည်ရွယ်ပြီး ဈေးတန်းလာဖွင့်ထားတဲ့ ဆိုင်တော်တော်များများဟာ မြို့ထဲကလူတွေ များပါတယ်။ ဝန်ထမ်းတချို့ရဲ့ဇနီးသည်တွေကလည်း အပိုဝင်ငွေလေးရအောင် ကုန်ခြောက်တို့ အသီးအရွက်တို့ ရောင်းကြတာ လည်း ရှိပါတယ်။ ဒီမှာက ခေါက်ပြန်ကြေးစနစ်နဲ့ အရောင်းအဝယ်ဖြစ်ကြ တာ များပါတယ်။ အလုပ်သမားအချင်းချင်းကလည်း ရင်းနှီးနေကြတာမို့ လည်း ဖြစ်နိုင်ပါတယ်။

ဆိုင်ထဲရောက်တော့ ကိုညွန့်မောင်က အခုလို လှမ်းအော်ပါတယ်။

"အာခီယာအတွက် ကပတ်ချိန်ိုတစ်ခွက် လုပ်ဟေ့"

အာခီယာက နေထွန်း ဘေးမှာဝင်ထိုင်ရင်း ...

"လုပ်မနေပါနဲ့ဗျာ၊ ခင်ဗျားရဲ့ မဒန်းမသေးရေလက်ဖက်ရည်တစ်

ခွက်ကို ဟိုတစ်ဝက်ဒီတစ်ဝက် ဖိတ်ကျပြီးမှပဲ ယူခဲ့"

အာခီယာစကားကြောင့် ကိုညွန့်မောင်က ကောင်တာကနေ တဟားဟားအော်ရယ်နေပါသည်။ မြစ်ပြင်ကို ကျောပေးဆောက်ထား ပေမယ့် မြစ်ပြင်ကို မျက်နှာမူပြီး စားပွဲကုလားထိုင်တွေကို ဦးစားပေး ဆောက်ထားတာကြောင့် ဒီဆိုင်လေး ထိုင်ရတာကို သူ နှစ်သက်တယ်။

"အာခီယာ .. တစ်ပွဲလောက် လုပ်စမ်းပါကွာ"

အာခီယာက ခေါင်းခါပြသည်။

"လုပ်ပါကွာ၊ ဒီတစ်ပွဲဖြစ်ရင် အောင်မိုး အသက်ရှူချောင်လိမ့်မယ်"

"အောင်မိုး ဘာဖြစ်လို့လဲ"

သူတို့အုပ်စုထဲမှာ အောင်မိုးကိုမတွေ့တာကြောင့် သူ မေးမိပါသည်။ လင်းဇော်က လာချပေးတဲ့ လက်ဖက်ရည်ခွက်တွေကို အာခီယာနဲ့ လှသောင်းတို့ရှေ့ ရွှေ့ပေးရင်း ...

"အောင်မိုး ညီအငယ်ကောင်လေးက တော်တော်ဖျားနေတယ် အာခီယာ"

"ဆေးခန်းမသွားဘူးလား"

အာခီယာ စကားကို တစ်ယောက်မှ ပြန်မဖြေ၊ ငိုင်တွေတွေမျက်နှာ အမူအရာတွေကြောင့် အာခီယာ သက်ပြင်းချမိပါသည်။ မေးမိတဲ့ သူ့ မေးခွန်းအတွက် သူကိုယ်တိုင် ပြန်အားနာမိသည်။ မီးရောင်လဲ့လဲ့ စွန်းပေ နေတဲ့ မြစ်ပြင်ပေါ်က လှိုင်းကြက်ခွပ်လေးတွေကို သူ ငေးကြည့်မိရင်း...

"ကန်ကြီးဘက်က ဘယ်သူ့အိမ်လဲ"

သူ့စကားကြောင့် ဟိုကောင်တွေ လှုပ်လှုပ်ရှားရှား ဖြစ်သွားပါ တယ်။ နေထွန်းက သူ့စကားကြောင့် ...

"ရန်ကုန်က ပြောင်းလာတာ မကြာသေးဘူးတဲ့၊ ညီအစ်ကို နှစ်





ယောက်ရှိတယ်၊ ကိုကိုကြီးလို့ ပြောတယ် အာခီယာ၊ ပြီးတော့ မင်းရဲ့ ဦးလေးလဲ ဒီအိမ်မှာ မဆော့ဖူးသေးဘူး သတင်းရတယ်"

ဦးလေး မဆော့ဖူးသေးတဲ့အိမ်မို့ သူ စိတ်ဝင်စားမိသည်။ ဘာ့ ကြောင့် ဦးလေး မဆော့ရတာလဲ သူ စဉ်းစားမိပါတယ်။

"ပိုက်ဆံထုတ်ပေးမယ့်သူက ..."

"ဒါ ငါတို့အပိုင်းထား ..."

နေထွန်းက အားတက်သရော ပြောပါသည်။

"ကောင်းပြီလေ၊ မနက်ဖြန် မင်းတို့ စီစဉ်ထားလိုက်"

သူ့စကားကြောင့် ဟိုကောင်တွေမျက်နှာ အစုမှ ကြည်ကြည် လင်လင် ရှိလာပါတော့သည်။

ဟိုကောင်တွေက တခြားအကြောင်းအရာတွေကို ပြောဆိုရယ် မောနေစဉ်မှာ ဆိုင်ထဲဝင်လာတဲ့အရိပ်လေးတစ်ခုကို သူ မြင်မိပါတယ်။

"မမ ..."

ကျွန်တော့်ခေါ်သံကြောင့် မမနေရီလတ်က ဖျတ်ခနဲ လှည့်ကြည့် ရင်း အံ့သြဝမ်းသာဟန်နဲ့ ....

"ဟယ် .. အာခီယာ"

မမက ကောင်တာမှာ တစ်ခုခုသွားမှာပြီး သူတို့ဝိုင်းဆီ လျှောက် လာပါတယ်။ ကျွန်တော်က ခုံအလွတ်တစ်ခုကို ဆွဲယူပေးတော့ မမ က ဝင်ထိုင်ပါတယ်။

"မင်းကို မတွေ့မိတာ အတော်ကြာပြီနော်"

"ဟုတ်တယ် မမ၊ ဒါနဲ့ မမက လက်ဖက်ရည်လာဝယ်တာလား"

မမက ခေါင်းညိတ်ပြပြီး ...

"အဘိုး နေမကောင်းလို့ အဘိုးအတွက် ဆေးနဲ့ကော်ဖီတို့ မုန့်တို့

လာဝယ်တာလေ”

“မနေရီ တစ်ခုခုစားလေ”

လှသောင်း စကားကြောင့် မမနေရီက ...

“အင်း ... စားမှာပေါ့၊ ဒီမှာ ဘာတွေရလဲ”

“ရတယ် မမနေရီ ဘာစားမလဲ၊ ဂေါ်ဇီလာသုပ်၊ ဝေလငါးစွပ်ပြုတ်”

လှသောင်းစကားကြောင့် မမနေရီက ပြုံးမိရင်း ...

“ရှိသေးတယ် အစ်မ၊ ယင်တအုံအုံဟင်းချို၊ ဒီဆိုင်မှာ နာမည်ကြီးပဲ”

နေထွန်း စကားကြောင့် အောင်မိုးက ပျို့အန်ချင်ဟန် လုပ်ပြ သည်။ ကျွန်တော်က မမနေရီကိုကြည့်ပြီး ...

“ခေါက်ဆွဲသုပ် ဒီဆိုင်က ကောင်းတယ် မမ၊ စားမလား”

“အင်း .. စားမယ်လေ၊ မမလဲ ဘာမှမစားရသေးဘူး”

“ဟင် .. ဒီအချိန်ကြီးကျမှ ...”

မမက မီးရောင်ထိန်ထိန်သာနေတဲ့ ဆောက်လက်စတံတားကြီး ကို ငေးကြည့်ရင်း ...

“အဘိုးကလဲ နေမကောင်း၊ မမက စာစောင်ပိုးတွေ လိုက်ကောက် နေတော့ မိုးချုပ်တယ်လေ”

လှသောင်းက စားပွဲထိုးလေးကို ခေါက်ဆွဲသုပ် လှမ်းမှာပါတယ်။

“ဒီမှာ ထမင်းဖြူရလား အာခီပက”

“ရတယ် မမ”

ကျွန်တော်က ထမင်းဖြူတစ်ပွဲ လှမ်းမှာပေးသည်။ မမနေရီက လာချပေးတဲ့ အသုပ်နဲ့ထမင်းဖြူကို အားရပါးရ စားပါသည်။ လှသောင်း က စားပွဲထိုးလေးကို လှမ်းခေါ်ပြီး ...

“ဟော့ .. မင်းတို့ဆိုင်က အထူးအဆန်းပါလား”





“ဘာဖြစ်လို့လဲ အစ်ကို”

ကျွန်တော်တို့ကလည်း လှသောင်း ဘာပြောမလဲ ကြည့်မိပါသည်။

“မင်းတို့ဆိုင်က ဟင်းချိုကို တူနဲ့သောက်ခိုင်းတာ ဘယ်နိုင်ငံ ဓလေ့လဲ”

လှသောင်း ပြောမှ မမရှေ့က ဟင်းချိုခွက်ကို ကြည့်မိကာ ရယ်မိကြပါသည်။ မမက အသုပ်ကို တူနဲ့ကျင်လည်စွာ စားရင်း ...

“မင်းတို့အုပ်စုက တကယ်လူပျော်တွေပဲကွ”

မမက စားသောက်ပြီးစီးတော့ ..

“ကဲ .. မမ သွားဦးမယ်”

“နေပါဦး မမရယ်၊ တွေ့လိုက်ရင် အလောတကြီးပဲ”

မမ ပိုက်ဆံထုတ်တော့ ကျွန်တော်က မရှင်းဖို့ပြောပေမယ့် မမက ခေါင်းခါရင်း ပိုက်ဆံနွမ်းနွမ်းတွေကို အိတ်ရှုံ့လေးထဲကနေ အတင်းထုတ် ပေးသည်။

“သွားပြီ အဘိုးက သိပ်နေကောင်းတာမဟုတ်ဘူး၊ နောက်ပြီး မမကို မျှော်နေမှာ”

မျက်နှာနွမ်းနွမ်းလေးကို ကြည့်ရင်း ကျွန်တော် သက်ပြင်းချမိ သည်။ မမထွက်သွားတော့ နေထွန်းက ..

“မမနေရီဘဝက ငါတို့ထက်တောင် ဆိုးတယ်နော် အာခီယာ”

ကျွန်တော် ခေါင်းမညိတ်ပြမိ ....။

ဖယောင်းနဲ့တူတဲ့ ဘဝထဲမှာ ...
ငါ့ကို လိုသလိုပုံသွင်းခြင်းက ဘာလဲ ...။
ကောင်းရောင်းကောင်းဝယ် ကစားပွဲမှာ ..
အရှုံးအနိုင်ရဲ့ ဗဟိုချက်က ဘာလဲ ..။
မျက်ရည်တွေ စေးပြစ်ပြစ်ရောထားတဲ့ ပိုင်တစ်ခွက် ...
အိပ်ဆေးနဲ့ရောစပ် ..
အဲဒီအရသာရဲ့ ထူးခြားချက်က ဘာလဲ ...။
မသိခြင်းအတွက် ...
မသိမသာ မေးခွန်းက ဘာလဲ ...။
ဘာတွေလဲ .. ငါမသိခဲ့ရ .......။





ကျွန် တော့်ဘဝအတွက် ရပိုင်ခွင့်တွေကို ဖန်ဆင်းရှင် ဆိုသူက အနီရောင်ကြမ်းတမ်းခြင်း လက်မှတ်ပြေစာတွေနဲ့ ဆိုးဝါးခါးသီးခြင်း ဖြတ်ပိုင်းတွေကို ဘဝလို့ အမည်သတ်မှတ်ပြီး အဲဒီရက်စွဲတွေ ပေးထားခဲ့တယ်။

လူ့ဘဝဆိုတာ မလိုချင်လည်း ယူရမယ်၊ လိုချင်လည်း ပေးမှ ရမယ် ဆိုတဲ့အသိ အဲဒီအသက်အရွယ်ကတည်းက ကျွန်တော် သိ လာခဲ့ပါတယ်။

ဦးလေးက ကျွန်တော့်ကို စကားဆိုခဲ့ဖူးတယ်။

“လူဆိုတာ အခက်အခဲ ဖိအားရှိလေ၊ ပိုပြီး စွမ်းအားနဲ့ ရုန်းထွက်မှုကောင်းလေပဲ”

ကျွန်တော့်မှာတော့ သိတတ်စကတည်းက ဓားနဲ့ ခဏခဏ အမွှမ်းခံထားရတဲ့ ကိုယ့်သမိုင်းကြောင်းကိုကြည့်ပြီး နာကျင်ချင်လာ ပါတယ်။

နေထွက်း ချိန်းဆိုပြီးစီးတဲ့ တစ်နေ့ ကျွန်တော်နဲ့အတူ နေထွက်းနဲ့

လှသောင်းတို့ ကန်ကြီးဘက်က အိမ်တစ်အိမ်ကို သွားကြပါတယ်။ ကန်ကြီးဘက်ဆိုတာ ကျွန်တော်တို့မြို့ရဲ့ လူကုံထံအသိုင်းအဝိုင်း။

အေးစက်စက်ဆန်တဲ့ အိမ်မည်းကြီးရယ်၊ ခြံဝန်းတံခါးဝက လူ မိုက်ဆန်တဲ့ အစောင့်သုံးလေးယောက်ရယ်ကို ကြည့်ပြီး နေထွန်းက ..

"ဖြစ်ပါ့မလား အာခီယာ"

သူ့ပဲ ချိန်းပေးပြီး သူကိုယ်တိုင် စိုးရိမ်စိတ်ဝင်နေတဲ့ နေထွန်း ကြောင့် ကျွန်တော်က ...

"မင်းမလိုက်ချင်ရင် နေခဲ့လေ"

"ဟ .. ငါမလိုက်လို့ ဖြစ်မလားကွ"

"အဲဒါဆို .. မင်းပါးစပ် တိတ်တိတ်နေလေ"

နေထွန်း အသံတိတ်သွားပါသည်။ အစောင့်တစ်ယောက် ဦး ဆောင်ခေါ်သွားရာနောက်ကို ကျွန်တော်တို့ လိုက်ခဲ့ပါတယ်။ ကျယ်ဝန်း ကွေ့ကောက်တဲ့ လှေကားအတိုင်း တက်သွားပြီး အပေါ်ထပ်ရောက် တော့ အပေါ်မှာ မျက်နှာစိမ်း သုံးလေးဦးက အေးအေးလူလူ အရက် သုံးဆောင်နေတာကို တွေ့ရပါတယ်။

"ဒီမှာ ခဏစောင့်၊ ပြီးရင် ဆရာလေး လာလိမ့်မယ်"

အစောင့်ညွှန်ပြပေးတဲ့ ထိုင်ခုံမှာဝင်ထိုင်ရင်း လှသောင်းက ကျွန်တော့်ကို တိုးတိုးပြောသည်။

"ဆရာလေး ဆိုတော့ မယ်သီလရှင်များလား မသိဘူး"

ကျွန်တော် ပြုံးရုံသာ ပြုံးမိသည်။ ကျွန်တော် ပတ်ဝန်းကျင်ကို လေ့လာနေရင်း ကျွန်တော့်ရှေ့တည့်တည့်က လူက ကျွန်တော့်ကို ကြည့်နေတာကို သတိပြုမိပါသည်။ ထိုလူက အသက်သုံးဆယ်နီးပါးရှိပြီး အနောက်တိုင်းဝတ်စုံကို သေသေသပ်သပ် ဝတ်ဆင်ထားသည်။





"မင်း အသက်ဘယ်လောက်ရှိပြီလဲ"

"ဆယ့်ငါးနှစ် ပြည့်တော့မယ်"

ထိုလူက နှုတ်ခမ်းတွန့်သွားပါသည်။

"မင်းနာမည် ဘယ်လိုခေါ်လဲ"

"အာခီယာ ..."

"နာမည်က အပျံစားပါလား၊ အခု ဒီကိုလာတာက ..."

လျှာအလွန်ရှည်တဲ့ ထိုလူကို ကျွန်တော်က အေးစက်စက် စိုက် ကြည့်ရင်း ...

"ဖဲကစားဖို့ လာတာ"

ထိုလူက ပခုံးတွန့်သည်။ ပြုံးမှုပုံက အထင်သေးဟန်ရှိပါသည်။

"ပိုက်ဆံရော ပါရဲ့လားကွ"

ကျွန်တော်က လွယ်အိတ်ကို ဟပြပါသည်။ အမှန်က ဒီပိုက်ဆံ ငွေငါးသောင်းဟာ လင်းဇော်ရဲ့အမေ ပဲဖိုးတွေ ပေးချေရမယ့်ပိုက်ဆံ ဖြစ်ပါတယ်။ ထိုပိုက်ဆံကို လင်းဇော်အမေက လင်းဇော်ကို ပွဲရုံကို သွားပို့ခိုင်းတာဖြစ်သည်။ ကျွန်တော်တို့အုပ်စုထဲမှာ လင်းဇော်က ငွေ ရေးကြေးရေး ပြေလည်သည်။

"ကဲ .. ဆရာလေးလာတော့မယ်၊ စကြရအောင် ..၊ မကစား တဲ့သူတွေက ဒီမှာပဲ ထိုင်နေကြပါ၊ ကစားမယ့်လူတွေက ဝိုင်းကို လာခဲ့ကြပါ"

ခပ်လှမ်းလှမ်းက စားပွဲဝိုင်းကြီးဆီ လက်ညှိုးညွှန်ပြရင်း ခုန ကျွန်တော်တို့ကို ခေါ်လာတဲ့ အစောင့်က ပြောပါတယ်။ လှသောင်းက ကျွန်တော့်ပခုံးကို လှမ်းပုတ်ပြီး ဆွဲညှစ်သည်။ ကျွန်တော်က ခေါင်းညိတ် ပြပါသည်။

ကျွန်တော် ဝိုင်းရှိရာကို ဦးတည်သွားသည်။ ကစားမယ့်လူသုံးယောက်က အသက်နှစ်ဆယ်ကျော် သုံးဆယ်နီးပါးတွေ။ သုံးယောက်မှာ တစ်ယောက် အမျိုးသမီးတစ်ဦး။ လိုင်နာ၊ ရှဲဒိုးတွေနဲ့ မိန်းမပျက်ပုံစံ ဆင်ယင်ထားတဲ့ ဖွဲ့စည်းပုံနဲ့ ထိုအမျိုးသမီးက ကျွန်တော့်ကို ပြုံးစစနဲ့ကြည့်ပြီး ..

"လူကြီးလူကောင်းလေးတစ်ယောက် ပါလာပါလား"

ကျွန်တော်က ဘာမှပြန်မပြော၊ ထိုအမျိုးသမီးကိုသာ အေးစက်စက် ပြန်ကြည့်မိပါသည်။ ကျွန်တော့်ရဲ့အကြည့်ကြောင့် အမျိုးသမီးက မျက်လုံးလွှဲ၊ ပခုံးတွန့်သည်။

"ဟော ... ဆရာလေး လာပြီ"

အခန်းတံခါးဖွင့်သံနှင့်အတူ ခြေသံတွေကိုကြားတော့ ကျွန်တော် လှည့်ကြည့်လိုက်သည်။ ဆရာလေး ဆိုသူက ကျွန်တော့်ထက် အများဆုံးကြီးလှ နှစ်နှစ်၊ သုံးနှစ်ပေါ့။ နှုတ်ခမ်းမွှေးရေးရေးနဲ့ ဆံပင်ကို လှန်ဖီးထားပြီး လူကြီးနှစ်ယောက် ခြံရံကာ ဝိုင်းရှိရာကို လျှောက်လာပါသည်။ ရှေ့ဆုံးခုံကို တပည့်တစ်ယောက်က အသင့်ဖြစ်အောင် ဆွဲပေးတော့ ဝင်ထိုင်ပြီး တစ်ယောက်ချင်းစီကြည့်ကာ ကျွန်တော့်ဆီရောက်တော့ မျက်ခုံးတွန့် စိုက်ကြည့်သည်။ သူနဲ့ကျွန်တော် မျက်လုံးလွှဲ မဖယ်ကြဘဲ စိုက်ကြည့်နေတာ အချိန်တော်တော်ကြာပါသည်။ နောက်တော့ သူကပဲ တဖြည်းဖြည်းပြုံးလာကာ လက်ကမ်းပေးပြီး ...

"မင်းက လူသစ်ထင်တယ်"

ကျွန်တော်ကလည်း သူ့ကို လက်ကမ်းကာ ခေါင်းညိတ်ပြရင်း လက်ဆွဲနှုတ်ဆက်ပါသည်။

"ကဲ .. ဘယ်လိုဆော့ကြမလဲ"





တစ်ယောက်က ကြေးကို ပြောသည်။ အားလုံးက သဘောတူလက်ခံကြောင်း ခေါင်းညိတ်ကြပါသည်။

ပွဲစဖို့ သဘောတူပြီဆိုသည်နှင့် လှပချောမောသော မိန်းမပျိုလေးတစ်ယောက် ဝိုင်းရှိရာကို လျှောက်လာပါသည်။ ဘယာစီရေသာသာအင်္ကျီလေးကို ဝတ်ဆင်ထားပြီး ဘောင်းဘီတိုအကျပ်ကို ဝတ်ဆင်ထားတာကြောင့် သူမရဲ့ ဖြူဝင်းလှပတဲ့ အသားအရေက တော်ရုံတန်ရုံတံတွေးမျိုချချင်စရာ။

မိန်းကလေးက အားလုံးကို အားလုံးကို တစ်ပတ်လှည့်ပြကာ အစစ်ဆေးခံသည်။ ထို့နောက် စားပွဲထောင့်က အသစ်ကျပ်ချွတ် ဖဲထုပ်ကို ဖောက်ကာ ကျင်လည်စွာ ကလန်ဖန်ထိုးပြီး ဝေပါသည်။

ပထမပွဲမှာ ကျွန်တော် ကြေးနည်းနည်းသာ သုံးပါသည်။ ကျွန်တော်က ဖဲချပ်တွေပေါ် သာ ကြည့်ပြီး အာရုံကို တည်ငြိမ်အောင်ထားသည်။

ပထမပွဲနှင့် ဒုတိယပွဲကို ဆရာလေး ဆိုသူက အပိုင်သိမ်းအနိုင်ယူသည်။ ခပ်လှမ်းလှမ်းက လှသောင်းနဲ့ နေထွန်းက မျက်နှာပျက်နေပါသည်။ ဆရာလေးက ပြုံးထေ့ထေ့နှင့် ကျွန်တော့်ကို ကြည့်သည်။

"ကိုကိုလတ်တို့တော့ ဖဲမှာ မှော်အောင်နေပြီထင်တယ်"

ဝိုင်းထဲက အမျိုးသမီးစကားကြောင့် ကိုကိုလတ်လို့ ခေါ်တဲ့ ဆရာလေးက ပြုံးထေ့ထေ့နှင့် ကျေနပ်နေဟန်မျက်နှာ ရှိပါသည်။

မိန်းမပျိုလေးက ဖဲကို စဝေသည်။ ကျွန်တော့်လှန်ဖဲကို ကြည့်ပြီး ကိုကိုလတ်က ကြေးခေါ်သည်။ ဝိုင်းထဲက အမျိုးသမီးနှင့် ကျွန်တော်ကလွဲရင် ကျန်တဲ့သုံ့တွေက ပြေးကြသည်။ နောက်တစ်ချက် လှန်ဖဲကိုကြည့်ပြီး ကျွန်တော် ကြေးခေါ်အလှည့်၊ အမျိုးသမီးက လက်လျှော့ပြီး ဖဲကို မှောက်သည်။

ကျွန်တော်နဲ့ကိုကိုလတ် နှစ်ယောက်သား ဝိုင်းထဲကလူတွေ လှန်ဖဲကိုကြည့်ပြီး ကိုကိုလတ် အသာရနေမှန်းသိတော့ ကျွန်တော့်ကို သနားစရာသတ္တဝါတစ်ကောင်လို ကြည့်နေကြပါသည်။ နောက်ဆုံး ဖဲချပ်လှန်ပြီးတဲ့အထိ ပွဲက ကြည့်ကောင်းသည်။

"ရှူး ...."

ကိုကိုလတ်ရဲ့ ခေါ်သံကြောင့် ကျွန်တော် ကုလားထိုင်နောက်မှီကို လျှော့ထိုင်ချလိုက်ရင်း ကိုယ့်ဖဲကိုသာ ကိုယ်ကြည့်နေလိုက်ပါတယ်။

ဒီပွဲက ကျွန်တော့်ဆီမှာရှိသမျှ ပုံအောလောင်းထည့်ထားသည့်ပွဲ၊ ကိုကိုလတ်က ခပ်ထေ့ထေ့အပြုံးနဲ့ ကျွန်တော့်ဆီက ပိုက်ဆံကို လှမ်းယူဖို့ပြင်ကာ ...

"မင်း အသက်ရှည်နေတာ ကံကောင်းနေလို့ပါ ချာတိတ်ရာ"

"ပွဲက မပြီးသေးဘူးလေ ကိုကိုလတ်"

လှမ်းယူမည်လုပ်ပြီးမှ အေးစက်စက်ကျွန်တော့်စကားကြောင့် ကိုကိုလတ် မော့ကြည့်သည်။ ကျွန်တော် နှုတ်ခမ်းတွန့်ရုံပြုံးလိုက်ပြီး ကျွန်တော့်လှန်ဖဲကို ဖွင့်ပြလိုက်သည်။

ကိုကိုလတ်မျက်နှာ အံ့အားသင့်ခြင်းနဲ့အတူ မျက်နှာပျက်သွားသည်။ ကျွန်တော်က ပိုက်ဆံတွေကို လှမ်းယူရင်း ..

"ဒါက ကံကြမ္မာ စီစဉ်တဲ့ ကစားကွက်မဟုတ်ဘူး၊ ကျွန်တော် ဆင်ထားတဲ့ ကစားကွက်ပဲ ကိုကိုလတ်"

ကျွန်တော့်စကားကြောင့် ကိုကိုလတ် အံကြိတ်သည်။ နောက်တစ်ပွဲမှာလည်း ကျွန်တော် အပြတ်အသတ်နိုင်ပါသည်။ ဝိုင်းထဲက လူတွေက ချွေးသုတ်သူ သုတ်ကြသည်။

နောက်တစ်ပွဲအစမှာ ပွဲက ပုံမှန်ပါပဲ။ ပုံမှန်မဟုတ်တာက ကျွန်တော်။





ကျွန်တော့်ဘေးက အနောက်တိုင်းဝတ်စုံနဲ့လူကို လက်ပြန်ရိုက်ချတော့ ထိုလူ ကုလားထိုင်ရော လူပါ ကြမ်းပြင်ပေါ်ကို ဝုန်းခနဲ ပစ်ကျသွားပါသည်။

အစောင့်တွေ ပြေးလာကြပါသည်။ ကျွန်တော်က လက်ကောက်ဝတ်နဲ့အင်္ကျီကြားက ဖဲချပ်ကို ထုတ်ယူလိုက်ပါသည်။ ဝိုင်းထဲကလူတွေက ပါးစပ်အဟောင်းသား။ ဒီအချိန်မှာ ပုံမှန်စည်းချက်ညီတဲ့ လက်ခုပ်တီးသံကို ကြားလိုက်ရသည်။

ကျွန်တော်အပါအဝင် အားလုံး အသံဖန်တီးသူဆီကို လှည့်ကြည့်မိကြသည်။ စမတ်ကျကျ ဝတ်ဆင်ထားပြီး ဆံပင်တွေအားလုံးကို ခေါင်းလိမ်းဆီတစ်မျိုးဖြင့် နောက်ပြန်လှန်ဖီးထားသည့် ဥပမိရုပ်ကောင်းကောင်းနဲ့ လူတစ်ဦး။ အသက်ကတော့ သုံးဆယ်စွန်းစပြုသည် ထင်ရသည်။

ထိုသူ့မျက်ဝန်းတွေရဲ့ စူးရှမှုက မနှစ်မြို့စရာ စူးရှမှု။ ကျားတစ်ကောင်ရဲ့ အသွင်အပြင်နှင့် ဝံပုလွေတစ်ကောင်ရဲ့ ကျွမ်းကျင်မှုတွေ ပေါင်းစပ်ထားတဲ့ လူတစ်ယောက်။

"သိပ်ကိုကောင်းတဲ့ ကစားကွက်လေးပဲ၊ ဒီအသက်အရွယ်နဲ့ ကောင်လေးရဲ့ ကျွမ်းကျင်မှုကတော့ လေးစားစရာပဲ"

ထိုလူ အောက်ကိုရောက်လာတော့ လူတွေက တလေးတစား နေရာဖယ်ပေးကြသည်။ ထိုလူက ကျွန်တော့်ရှေ့ရောက်တော့ လဲကျနေသူရဲ့မျက်နှာကို ဖြတ်ကန်လိုက်ပါသည်။

"မပီပြင်ရင် လိမ်လည်မှုဆိုတာ မလုပ်ရဘူးကွ"

လဲကျနေသူက နှုတ်ခမ်းထောင့်က သွေးတွေကိုသုတ်ရင်း ...

"နောက် ... အဲဒီလိုမဖြစ်စေရပါဘူး ကိုကိုကြီး"

ကိုကိုကြီးဆိုသူက ဆေးပြင်းလိပ်ကိုထုတ်ကာ ပါးစပ်မှာကိုက်တော့ ဘေးနားကတစ်ယောက်က တရိုတသေ မီးညှိပေးသည်။

"ကောင်လေး .. မင်း ငါ့ဆီမှာ အလုပ်လုပ်မလား"

ကျွန်တော်က ချက်ချင်း ခေါင်းခါပြပါသည်။ ကိုကိုကြီးက နှုတ်ခမ်းတွန့်သည်။

"မင်းဘဝမှာ မမြင်ဖူးတဲ့လုပ်ခငွေ ပေးမယ်ဆိုရင်ရော"

"ကျွန်တော့်ဘဝမှာ ငွေမလိုဘူး၊ ငွေကို ကိုးကွယ်တဲ့အထဲမှာ ကျွန်တော်မပါဘူး"

"မဖြစ်နိုင်ဘူး၊ မင်းဆုံးဖြတ်ချက် ပြင်လိုက်စမ်းပါ ကောင်လေးရာ"

"ကျွန်တော့်ဘဝမှာ ဆုံးဖြတ်ပြီးရင် ပြင်တတ်တဲ့အကျင့် မရှိဘူး"

"ကြည့်ရသေးတာပေါ့ကွာ၊ နောင် အကူအညီလိုရင် ကြိုက်တဲ့အချိန်ပြော"

ကျွန်တော် ခေါင်းလည်း မညိတ်၊ ခေါင်းလည်း မခါ။

"ကျွန်တော် သွားတော့မယ်"

ကိုကိုကြီးက ခေါင်းညိတ်ပြသည်။ ကျွန်တော်က စားပွဲပေါ်က ပိုက်ဆံတွေသိမ်းယူပြီး ဟိုကောင်တွေကို မျက်ရိပ်ပြကာ ထွက်လာခဲ့ပါသည်။ ခြံအပြင်ရောက်တော့ နေထွန်းက အနိုင်ရလာတဲ့ ပိုက်ဆံတွေကို ရေတွက်ရင်း ...

"မင်း ဘယ်လိုနည်းနဲ့ အနိုင်ရလာတာလဲ အာခီယာ"

ကျွန်တော်က ပြုံးရုံတင် ပြုံးနေလိုက်ပါသည်။ ကျွန်တော် ပြုံးနေပုံကို လှသောင်းက ရိပ်မိပုံရသည်။

"မင်း ဖဲလိမ်ရိုက်တာလား အာခီယာ"

ကျွန်တော်က အသံထွက်အောင် ရယ်မောမိတော့ ..





"ဘယ်လို လိမ်ရိုက်တာလဲ အာခီယာ"

"မသိချင်စမ်းပါနဲ့ကွာ၊ ပွဲက ပြီးနေပြီပဲ"

ကျွန်တော့်စကားကို နှစ်ယောက်သား မကျေနပ်ကြ။

"ဦးလေးက ငါ ဖဲရိုက်တာကို လုံးဝမကြိုက်တာ၊ ဒါပေမယ့် ငါ အလိမ်မခံရအောင် သူတတ်ထားတဲ့ပညာတွေကို အကုန်သင်ပေးထားတယ်လေ"

"မျောက်ကို သစ်ပင်တက်နည်း သင်ပေးထားသလိုပေါ့"

"ဘယ်ကလာ နေထွန်းရာ၊ မိကျောင်းကို အတောင်ပံတပ်ပေးထားတာ"

ဟိုနှစ်ကောင်ရဲ့ ဝေဖန်သံကို ကျွန်တော် ပြန်လည်မချေပမိ။

"မင်းတို့ အောင်မိုးကို ပိုက်ဆံသွားပေးလိုက်၊ ငါ မလိုက်တော့ဘူး"

"မင်းက ဘယ်သွားမလို့လဲ"

"ဆရာမ ဆီ"

"ဘာသွားလုပ်မလို့လဲ အာခီယာ"

"ဒီလိုပါပဲကွာ"

မသေချာ မရေရာတဲ့စကားကြောင့် ဒီကောင်တွေ ထပ်မပြောတော့ပါ။ ဒီကောင်တွေနဲ့ လမ်းခွဲတော့ အကျီနောက်ကျော ခါးကြားမှာထိုးထားတဲ့ စာအုပ်တွေကို ထုတ်ယူလိုက်ပါသည်။

စာအုပ်တွေကို ကိုင်ရင်း ဆရာမအိမ် လျှောက်လာခဲ့ပါတယ်။ ဆရာမအိမ်ပေါ် ရောက်တော့ ဆရာမက ကျွန်တော့်ကို အသင့်ကြိုဆိုနေခဲ့ပါသည်။

"မင်း ငါးမိနစ်နောက်ကျတယ်နော် အာခီယာ"

ကျွန်တော်က စာသင်မယ့်စားပွဲခုံတစ်ဖက် ဆရာမနဲ့ မျက်နှာ

ချင်းဆိုင် ထိုင်ရင်း ...

"ကျွန်တော် နောက်ကျသွားတာ ခွင့်လွှတ်ပါ ဆရာမ"

ဆရာမက ကျွန်တော့်စကားကြောင့် ပြုံးရင်း ...

"နောက် ဒီလိုမဖြစ်ရင် ပြီးတာပါပဲကွယ်၊ အဓိကကတော့ ဆရာမ မင်းကို ကတိတည်တဲ့သူ၊ အချိန်ကို လေးစားတဲ့သူ ဖြစ်စေချင်တာ အမှန်ပဲ"

"ဟုတ်ကဲ့"

"ကဲ ... သင်္ချာတွက်ဖို့ စကြစို့ အာခီယာ"

ကျွန်တော် ခေါင်းညိတ်ပြပြီး စာသင်ဖို့ အသင့်အနေအထား ပြင်ဆင်ပါသည်။ ဆရာမကလည်း ဂရုတစိုက် သင်ပေးပါတယ်။ ကျွန်တော်ကလည်း ကြိုးစားပါတယ်။ စာသင်ချိန်ပြီးဆုံးတော့ ဆရာမက စာအုပ်တွေကိုပိတ်ပြီး အစီအရီတင်နေရင်း ...

"မင်း ဘာ့ကြောင့် သင်္ချာဘာသာကို ပိုအာရုံစိုက်နေရတာလဲ အာခီယာ"

ကျွန်တော့်မျက်ဝန်းရဲ့ အေးစက်သွားတဲ့ပုံရိပ်ကို ဆရာမက သတိထားမိပုံရသည်။ ကျွန်တော့်ရဲ့ တုံ့ပြန်ခြင်းမပြုတဲ့ အခြေအနေကြောင့် ဆရာမက ထပ်မေးပါသည်။

"ဆရာမနဲ့ မင်းကြားမှာ ဆရာတပည့်ထက် အမေနဲ့သားလို ဆက်ဆံရေးဆိုတာ သား သဘောပေါက်သင့်တယ်နော်"

ကျွန်တော် သက်ပြင်းချမိပါသည်။

"ကျွန်တော် အမှန်အတိုင်း ပြောပြပါ့မယ် ဆရာမ"

ကျွန်တော် မင်းထက်နဲ့ စိန်ခေါ်ပွဲတစ်ခု ဖြစ်ခဲ့ပုံကို မခြွင်းမချန် ဆရာမကို ရှင်းပြခဲ့ပါသည်။ အဖြစ်မှန်ကို ရှင်းပြပြီးချိန်မှာ ...





"သူက စိန်ခေါ်သူ၊ ကျွန်တော်က စိန်ခေါ်ခြင်းကို လက်ခံတဲ့သူ၊ ဒါဟာ အမှားတစ်ခုလား ဆရာမ"

ဆရာမက ကျွန်တော့်ကိုဂရုဏာသက်ဟန် ငေးကြည့်ရင်း ခေါင်းခါပါသည်။

"မင်း မမှားပါဘူး။ ဒါပေမယ့် မှန်လားဆိုတော့လဲ မမှန်ဘူး အာခီယာ"

ဆရာမ စကားကြောင့် ကျွန်တော် ဆရာမကို မော့ကြည့်မိသည်။ ဆရာမက အေးမြငြိမ်းချမ်းတဲ့အပြုံးနဲ့ ပြုံးပြပါသည်

"မင်း နားရှုပ်သွားပြီထင်တယ်၊ ဆရာမ ပြောချင်တာ ဒီလိုကွ၊ အခု မင်းတို့ အဓိကပြိုင်ပွဲရဲ့ ရည်ရွယ်ချက်အကြောင်းရင်းက ပြိုင်သင့် ပြိုင်ထိုက်တဲ့ ပြိုင်ပွဲတစ်ခုပဲ၊ တစ်ခုရှိတာက အနိုင်အရှုံးနဲ့ပတ်သက်တဲ့ လောင်းကြေး ဆိုပါတော့၊ ဒီရည်ရွယ်ချက်က မကောင်းဘူး"

ဆရာမက ကျွန်တော့်ကို အကဲခတ်လေ့လာနေပါသည်။

"ဒီတစ်ခါတော့ ခွင့်လွှတ်ပါ ဆရာမ"

တစ်ကြိမ်တစ်ခါမှ မငြင်းဆန်ဖူးတဲ့ သူ့စကားကြောင့် ဆရာမက အံ့အားသင့်နေပါသည်။

"မင်းထက်ရဲ့ စိန်ခေါ်မှုက ကျွန်တော့်ရဲ့ မာနကို ထိခိုက်စေတယ် ဆရာမ၊ ဒီကိစ္စက ကျွန်တော့်ဘဝအတွက် ခွင့်လွှတ်နိုင်စရာ အကြောင်းမရှိဘူးလေ၊ အဲဒီအတွက် ဆရာမ စိတ်ဆိုးမယ်ဆိုရင်လဲ ကျွန်တော့်ကို ခွင့်လွှတ်ပေးပါ"

ဆရာမက 'မဟုတ်သေးပါဘူး' လို့ ခပ်တိုးတိုး ညည်းပါသည်။ ကျွန်တော်က ခေါင်းငုံ့ကာ စကားဆက်မဆိုဖြစ်။

"အင်းလေ ... နောက်ဆုံးအချိန်အထိ တားမရနိုင်ဘူးဆိုရင်လဲ ဆရာမ ခွင့်ပြုရတော့မှာပေါ့၊ ကဲ .. ထမင်းစားပြီးမှပြန် အာခီယာ"

"မစားတော့ဘူး ဆရာမ"

"ဟဲ့.. စားပြီးမှပြန်ရမယ်၊ ဒါပဲ၊ မေမေရေ.. မေမေ့မြေးကို ပြောပါဦး၊ ဒီမှာ ထမင်းမစားဘူးတဲ့ အမေ"

"ဟဲ့ ..ဘယ်သူလဲ၊ အာခီယာလား၊ မစားလို့ ဘယ်ရမလဲ၊ ငါက တော့ ငါ့မြေး စားစေချင်လို့ ချက်လိုက်ပြုတ်လိုက်ရတာ ဖတ်ဖတ်မောပဲ"

နောက်ဖေးခန်းကနေ လျှောက်လာရင်း တတွတ်တွတ်နဲ့ ကြီးမေ ကပြောတော့ ဆရာမက သဘောကျစွာ ရယ်သည်။ ကျွန်တော့်တဝရဲ့ ငြိမ်းချမ်းအေးမြ နားခိုရာအစစ်အမှန်ဟာ ဆရာမတို့ အိမ်လေးမှာ ရှိပါတယ်၊ နောက်ပြီး ......

မမ နေရီလတ် ......။





**အထွပ်အပြစ်ထည် လှည့်စားတတ်၏။**

*ဒီသော*

လေ ပြည်ရန့်က ရင်ရဲ့အမောအပန်းကို ပြေပျက်စေသည်။ ဆံပင်တွေ လေဟုန်စီးနေတဲ့ အလှတရားတစ်ခုက ညနေခင်းတစ်ခုရဲ့ ကဗျာ။

ခြေသံမပေးဘဲ ကျွန်တော် ရပ်နေမိတာ အချိန်တော်တော်ကြာပါပြီ၊ မမက တောင်ကုန်းမြက်ပင်တွေပေါ် မှာထိုင်ရင်း ဟိုး အောက်ခြေက ဧရာဝတီမြစ်ကြီးနဲ့ ဆောက်လက်စတံတားကြီးကို ငေးကြည့်နေပါတယ်။

"မမ နေရီ"

ကျွန်တော့်ရဲ့ ခေါ်သံကြောင့် မမက လှည့်ကြည့်သည်။ ဆံနွယ်စ တွေသည် လေပြေကြောင့် မမပါးပြင်ပေါ် မှာ တွယ်ကပ်နေကြပါသည်။

"အာခီယာ .."

မမက အပြုံးနဲ့ဆိုတော့ မမအပြုံးအောက်မှာ ကျွန်တော် ငေးမော

ကျူရှုံးခဲ့ရတယ်။ မမက သူ့အကြည့်ကြောင့် ...

"မင်း ဘာကြည့်တာလဲ"

"ဩော် ... မမက တော်တော်လှတာပဲနော်"

ကျွန်တော့်စကားကြောင့် မမက ပခုံးတွန့်ရင်း ..

"တို့မှာ မုန့်ဝယ်ကျွေးစရာ ပိုက်ဆံမရှိဘူးနော်"

ကျွန်တော်က မမဘေးမှာ ဝင်ထိုင်ပါသည်။ မမနဲ့အတူ ညနေဆည်းဆာကို အတူခံစားငေးနေမိရင်း ...

"ပိုက်ဆံဆိုတဲ့အရာက အတော်တန်ခိုးကြီးတာပဲနော် မမ"

ကျွန်တော့်ရဲ့နှုတ်ထွက်စကားကြောင့်မမက တအံ့တသြ လှည့်ကြည့်ရင်း

"အလို .. ထူးထူးဆန်းဆန်း၊ မင်းက အဘိဓမ္မာတရားတွေ ပြောနေပါလား အာခီယာ၊ ဘာလဲ ... မင်းက ချမ်းသာချင်လို့လား"

ကျွန်တော်က ခေါင်းခါပြမိသည်။

"ကျွန်တော် မချမ်းသာချင်ဘူး မမ"

"ဘာဖြစ်လို့ ..."

"ငွေဆိုတဲ့ အရာထက် အခုလို ခက်ခဲမှုနဲ့ ရှင်သန်နေရတဲ့ဘဝကို ပိုမက်မောတယ်"

"ဟုတ်ပ့ါမလား အာခီယာ၊ ငွေဆိုတာ လူတိုင်းမက်မောကြတဲ့ အရာပဲ"

ကျွန်တော်က မမကို မေးထောက်ပြုံးကြည့်ရင်း ...

"ဆင်းရဲတဲ့သူတွေဟာ ဆင်းရဲတဲ့ဒုက္ခကို ခံစားရတာ မှန်ပါတယ်၊ ချမ်းသာတဲ့သူတွေကရော၊ ချမ်းသာတဲ့ဒုက္ခကို မခံစားရဘူးလား၊ လိုအပ်သလောက်ပဲ စားဝတ်နေရေးအတွက် ပိုက်ဆံရရင် ကျွန်တော် ကျေနပ်တယ်၊ ဆင်းရဲခြင်းမှာ အတွေ့အကြုံတွေရှိတယ်၊ စွမ်းအား





တွေရှိတယ်ဆိုတာ ကျွန်တော်ယုံတယ်"

ကျွန်တော့်စကားကို မမက အာရုံစိုက်နားထောင်ပေးပါတယ်။

"ကျွန်တော် ပိုက်ဆံအများကြီး မလိုချင်ဘူး၊ ဒီတောင်ကုန်းပေါ်မှာ ချစ်စရာကောင်းတဲ့ အိမ်လေးတစ်လုံးပဲ လိုချင်တယ်"

"မင်းက စိတ်ကူးယဉ်တတ်မယ်လို့ မမ အစက မထင်ခဲ့ဘူး"

"ဒါ စိတ်ကူးယဉ်တာမဟုတ်ဘူး မမ"

"ဒါဆို ဘာလဲ၊ အိပ်မက်တစ်ခုလား"

ကျွန်တော်က တောင်ကုန်းအောက်ခြေ ကျောက်ခင်းလမ်းလေးကို ငေးကြည့်စဉ် အဲဒီလမ်းလေးရဲ့ လမ်းမီးတွေ မီးလင်းလာတာကို တွေ့ရတယ်။

"အိပ်မက်ဆိုရင်တောင် အဲဒီအိပ်မက်က မျှော်လင့်ချက်မဟုတ်ဘူး မမနေရဲ့၊ အဲဒါဟာ ..."

ကျွန်တော် မမကို တည်တည်ငြိမ်ငြိမ် လှည့်ကြည့်မိသည်။ မမက ကျွန်တော်ပြောမယ့်စကားတွေကို မျှော်လင့်နေပုံရသည်။

"ယုံကြည်ချက် အိပ်မက်"

"ယုံကြည်ချက်အိပ်မက် ... ဟုတ်လား အာခီယာ"

မမက တွေတွေဝေဝေ သံယောင်စကားဆိုသည်။

"အင်း .. ကျွန်တော့်အိပ်မက်တွေ ဖြစ်လာမှာပါ"

"အဲဒီအိပ်မက်တွေထဲမှာ ကိုယ်ပါလား"

မမက နောက်တောက်တောက်ပြောတော့ ကျွန်တော် မရယ် မပြုံးမိပါ။

"အဲဒီအိပ်မက်တွေထဲမှာ အရေးပါဆုံးလူသားတစ်ဦးဟာ မမက လွဲပြီး ဘယ်သူမှ မဖြစ်နိုင်ဘူးလေ"

မမက ကျေကျေနပ်နပ် ပြုံးနေပါသည်။ မမနဲ့ကျွန်တော် အတူ ထရပ်မိသည်။ မြက်ပင်ရှည်တွေကြားမှ အတူပြန်ဆင်းလာသည်။

"လာမယ့် တနင်္လာနေ့ဆို တို့မွေးနေ့ အာခီယာ၊ မင်း တို့ကို ဘာပေးမှာလဲ"

ကျွန်တော်က နားမလည်။

"မွေးနေ့ဆိုတာ ဘာကိုဆိုလိုတာလဲဟင်"

မမက ကျွန်တော့်အမေးကြောင့် ယောင်အအဖြစ်သွားရင်း ...

"ဘယ်လို... မွေးနေ့ဆိုတာ ဘာကိုဆိုလိုတာလဲ၊ မင်း တို့ကို နောက်နေတာလား အာခီယာ၊ ကိုယ် မေးမယ်ကွာ၊ မင်း ဘယ်နေ့ မွေးတာလဲ"

"မသိဘူး"

ကျွန်တော့်အဖြေကြောင့် မမက ပါးစပ်လေးအဟောင်းသား။

"ကျွန်တော့မွေးနေ့ဆိုတာ ဘယ်သူမှသိမှာမဟုတ်ဘူး၊ သိဖို့လဲ ကျွန်တော် မကြိုးစားဘူး။ အင်း ... ဒီလိုလုပ်မယ်လေ၊ မမမွေးနေ့က ကျွန်တော့်မွေးနေ့ပဲပေါ့၊ ဟုတ်တယ်နော် မမ"

မမက မျက်ရည်တွေဝေ့စ မျက်ဝန်းနှင့် ရယ်မောနေပါသည်။

ဒုက္ခသောကတွေ တံဆိပ်ရိုက်နှိပ်ခံထားရတဲ့ ကောင်လေးတစ်ယောက်ဟာ ကျွန်မဘဝအတွက် အားသစ်တွေ၊ ကြည်နူးမှုတွေ တပွေ့တပိုက်နဲ့ သယ်ဆောင်လာခဲ့မှန်း ကျွန်မ သတိမပြုခဲ့မိပါ။

နေရောင်က သူ့လက်တံတွေကို ပြန်ရုပ်သိမ်းနေပါပြီ။ ကောင်းကင်ရဲ့အမှောင်ထဲမှာ လမင်းက သူ့အလင်းဝှက်ဝှက်ကို သံစဉ်တစ်ပုဒ်အဖြစ် ဖွဲ့စည်းဖို့ စတင်ကြိုးစားနေ၏။





"ဘယ်လိုလဲ အာခီယာ၊ မင်း ရှုံးပြီနော်"

မင်းထက်က ကျောင်းမုန့်စားဆင်းချိန်မှာ ရောက်လာပါသည်။ ဒီကောင်က သူ့ရီပို့ကတ်ကို ကျွန်တော့်ရှေ့မှာ ချပြသည်။ လှသောင်း၊ နေထွန်းနဲ့ အောင်မိုး၊ လင်းဇော်တို့က ကျွန်တော်နဲ့အတူထိုင်နေရင်း မင်းထက်စကားကြောင့် မျက်နှာပျက်ကြသည်။ ကျွန်တော်တို့ခုံတန်းရှေ့က မိန်းကလေးတွေကလည်း လှည့်ကြည့်သည်။ တစ်ခန်းလုံးက အစ ကျွန်တော်နဲ့မင်းထက်ရဲ့ ပြိုင်ပွဲကို သိနေတာကြောင့် မုန့်စား မဆင်းခင်က ဆရာမ ပေးခဲ့တဲ့ လပတ်စာမေးပွဲရဲ့အဖြေ ရီပို့ကတ် ရမှတ်တွေကို တွက်ကြရင်း ကျွန်တော်တို့နှစ်ယောက်အကြောင်းကို ဝေဖန်နေကြပါတယ်။

"ကဲ .. မင်းရှုံးတဲ့အတွက် မင်း ဘာလုပ်ရမလဲဆိုတာကို မင်း သိတယ်နော်"

ကျွန်တော်က ပခုံးတွန့်ကာ နှုတ်ခမ်းတွန့်ရုံပြုံးသည်။ ဟိုကောင် လှသောင်းတို့က ကျွန်တော့်အတွက် စိတ်ပူနေကြဟန်ရှိသည်။

"မင်း ရှုံးနေလား မင်းထက်"

ကျွန်တော့်စကားကို ဒီကောင် သဘောမပေါက်။

"မင်း ဘာတွေ ကလိန်ကကျစ်ကျမလို့လဲ အာစီယာ"

ဒီကောင်က မယုံသင်္ကာဟန်နဲ့ ကျွန်တော့်ကိုမေးလာတော့ ရှေ့တစ်တန်းကျော်က အေးငြိမ်းစိုး ဆိုတဲ့ ကောင်မလေးက ...

"ဟဲ့ .. မင်းထက် နင့်သင်္ချာဘာသာအမှတ်က ဘယ်လောက်လဲ"

အေးငြိမ်းစိုး အမေးကြောင့် ဒီကောင်က အောင်နိုင်သူတစ်ယောက်ရဲ့ မျက်နှာနဲ့ ...

"ကိုးဆယ့်ခြောက်မှတ်လေ၊ အာစီယာအမှတ်က ကိုးဆယ့်သုံးမှတ်လေ၊ သုံးမှတ်တောင်ကွာတဲ့ဟာ"

အေးငြိမ်းစိုးက သဘောကျစွာ ရယ်ရင်း ...

"နင် အာစီယာ့ကို အမှတ်ဘယ်လောက် အကျော့ပေးထားလဲ မင်းထက်"

"ဟာ ..."

အေးငြိမ်းစိုး စကားကြောင့် မင်းထက်ကိုယ်တိုင်ရော တစ်ခန်းလုံးပါ သတိရကာ ပြောင်းပြန်ဖြစ်သွားတဲ့အဖြေကြောင့် အာမေဋိတ်တွေ ရှုတ်ဆိုကြကာ တီးတိုးစကားတွေ ဆိုကြပါတယ်။

"ဟုတ်တာပေါ့၊ ဒါဆို အာစီယာအမှတ်က တစ်ရာ့နဲ့ဆယ့်သုံးမှတ်ပဲ၊ ဒါဆို ..."

"မင်းထက် ရှုံးပြီလေ"

မင်းထက် မျက်နှာ သွေးဆုတ်သွားသလို ဖြူဖျော့သွားကာ ခေါင်းငိုက်စိုက်ကျသွားပါသည်။ ကျွန်တော် အဆင်သင့်ပြုလုပ်ထားတဲ့ အရှုံးလို့ရေးထားတဲ့ ကတ်ထူစက္ကူပြားကို အံဆွဲထဲမှထုတ်ရင်း ...





"မင်းရဲ့အရှုံးအတွက် ဂုဏ်ပြုလက်ဆောင်"

မင်းထက်က မျက်ရည်တွေဝိုင်းစပြုရင်း ငိုသံနဲ့ ပြောလာပါတယ်။

"ငါ တောင်းပန်ပါတယ် အာစီယာ၊ ငါ မလုပ်ပါရစေနဲ့"

"ယောက်ျားဆိုတာ ကတိတည်ရတယ် မင်းထက်"

"ငါ မလုပ်ပါရစေနဲ့ကွာ အာစီယာ၊ ဒူးထောက်တောင်းပန်ဆို တောင်းပန်ပါ့မယ်ကွာ"

မျက်ရည်တွေ တစက်စက်ကျလာရင်း မင်းထက် သူ့ရှေ့မှာ ဒူးထောက်ကာ သူ့ကို မော့ကြည့်သည်။

"ဒီပြင်ဟာ နိုင်းကွာ၊ ငါ အကုန်လုပ်ပေးပါ့မယ်၊ မင်း ပိုက်ဆံလိုချင်ရင် ငါ ပိုက်ဆံပေးပါ့မယ်ကွာ"

"ပိုက်ဆံ .. ဟုတ်လား .. မင်းထက်"

မာထန်သွားတဲ့ ကျွန်တော့်အသံကြောင့် အားလုံး တိတ်ဆိတ်သွားပါတယ်။

"ငါ ပိုက်ဆံနောက် တကောက်ကောက်လိုက်နေတဲ့ အရူးမဟုတ်ဘူး မင်းထက်၊ မင်း နောက် ဒီစကားမပြောနဲ့"

မင်းထက်ရဲ့ အင်္ကျီရင်ဘတ်ပေါ်မှာ မျက်ရည်စက်တွေက ရွဲစိုနေပါတယ်။

"ဘာတွေဖြစ်နေကြတာလဲဟေ့"

အပေါက်ဝက အသံကြောင့် အားလုံးအသံရှိရာဆီ လှည့်ကြည့်ကြရင်း ခေါင်းငုံ့တိတ်ဆိတ်သွားပါတယ်။ အပေါက်ဝမှာ ရပ်နေသူက သင်္ချာဆရာ ဦးကျော်လေး။ ဆရာက သူတို့နှစ်ယောက်ဆီ လျှောက်လာရင်း ကျွန်တော်နဲ့ မင်းထက်ရဲ့ အပြုအမူတွေကြောင့် ...

"မင်းတို့ ဘာတွေဖြစ်နေကြတာလဲ"

ကျွန်တော်နဲ့မင်းထက်က မဖြေပါ။ ဘေးနားက ကျောင်းသူတစ်ယောက်က ကျွန်တော်နဲ့မင်းထက်ရဲ့ အလောင်းအစားဖြစ်ခဲ့ပုံကို ပြောပြပါသည်။ ဆရာက အကြောင်းစုံကို သိရတော့ ...

"ဒီကိစ္စတွေ မေ့ပစ်လိုက်ပါ အာခီယာရယ်"

"ဆရာ .. ကျွန်တော့်ကို ကူညီပါ ဆရာရယ်"

မင်းထက်က ဆရာ့ကို ငိုရှိုက်ရင်း အားကိုးတကြီး အကူအညီတောင်းပါတယ်။

"ဟုတ်ပါတယ် အာခီယာရယ်၊ သူငယ်ချင်းအချင်းချင်း ..."

"မင်းထက်ဆိုတဲ့ကောင်က တစ်သက်လုံး ကျွန်တော့်အတွက် သူငယ်ချင်းဖြစ်လာမှာမဟုတ်ဘူး ဆရာ၊ သူ စိန်ခေါ်ခဲ့တုန်းက ဘယ်လိုမျက်နှာ၊ ဘယ်လိုရင့်သီးမှုတွေနဲ့ လာခဲ့လဲဆိုတာ ဆရာသိမှာမဟုတ်ဘူး။ ဒီအလောင်းအစားအတွက် ကျွန်တော် ပြင်ဆင်ခဲ့ရတာတွေ၊ ကျွန်တော်အချိန်ယူ ကြိုးစားခဲ့ရတာတွေ ကျွန်တော်တစ်ယောက်ပဲသိတယ် ဆရာ၊ ကဲ .. မင်းထက်"

ကျွန်တော် ကတ်ထူစက္ကူရဲ့ ကြိုးကွင်းစကို မင်းထက် လည်ပင်းမှာ ဆွဲပေးပြီး လက်မောင်းကို ဆွဲကိုင်မြှောက်ကာ ဆွဲခေါ်လာပါသည်။ ကျောင်းပြန်တက်ချိန်နီးပြီမို့ အခန်းတွေတိုင်းဟာ လူလည်းစုံနေကြပါပြီ။ ကျွန်တော့်နောက်မှာ ဆရာ ဦးကျော်လေး၊ လှသောင်းတို့အုပ်စုနဲ့ အေးငြိမ်းစိုးတို့အုပ်စုက တသီတတန်းကြီး လိုက်ပါလာပါတယ်။ ဘေးအခန်းကို ကျွန်တော်တို့ဝင်တော့ အဲဒီအခန်းရဲ့ အတန်းပိုင်ဆရာမ ဒေါ်ထွေးထွေးချိုက ကျွန်တော်နဲ့မင်းထက်ကို နားမလည်ဟန် ကြည့်ကာ ...

"ဘာကိစ္စလဲ အာခီယာ"





"ဆရာမ၊ ခဏခွင့်ပြုပါ"

ဆရာမက ယောင်နနနဲ့ ခေါင်းညိတ်သည်။ အဲဒီအတန်းက လူတွေကလည်း ဘာမှန်းမသိတာကြောင့် စိတ်ဝင်တစား ကြည့်နေကြပါတယ်။

"မင်းထက် .. မင်း စတော့"

မင်းထက်က မျက်ရည်တွေကျရင်း ငိုရှိုက်လို့ကောင်းဆဲ ...။

"မင်း .. ငါ့ရဲ့စိတ်ကို သိတယ်နော်၊ မင်း .. တက်"

ကျွန်တော့်ခေါ်သံကြောင့် ဒီကောင် စတိတ်စင်ဆီ ခြေလှမ်းရွှေ့ပါတယ်။ နှေးကွေးလေးလံတဲ့ ခြေလှမ်းတွေနဲ့အတူ စင်ပေါ် တက်လာရင်း မျက်ရည်တွေ မပီမသ ဗလုံးဗထွေးအသံနဲ့အတူ ခေါင်းငုံ့ရင်း ...

"ကျွန်တော် ... ကျွန်တော့် ဆ ... ရာ ..."

အသံတိုးတိမ်သွားရင်း တစ်ချက်နှစ်ချက် ရှိုက်ငင်သည်။ ပြီးမှ ...

"ကျွန်တော် ဆရာ .. အာခီယာကို .. ကျွန် ..တော် .. ဘယ်တော့မှ မပြိုင်ပါဘူးလို့ .. ဝန် ..ခံ .. အရှုံးပေးပါတယ်"

စကားတွေက မပီမသ၊ မညီမညာ ..။

"လာ ..မင်းထက်၊ နောက်တစ်ခန်း သွားမယ်"

"အာခီယာ .."

မင်းထက်က စတိတ်စင်ပေါ်ကနေ ငိုသံနဲ့ ကျွန်တော့်နာမည်ကို တောင်းပန်တဲ့မျက်နှာနဲ့ ခေါ်သည်။

"တော်လောက်သင့်ပါပြီ သားရယ်"

ကျွန်တော့်နောက်ကျောဘက်က နူးညံ့တဲ့အသံကြောင့် ကျွန်တော်ကျောက်ရုပ်လို ငြိမ်သက်သွားပါသည်။ ဒီအသံဟာ ကျွန်တော့်ဆရာမကလွဲလို့ ဘယ်သူမှ မဖြစ်နိုင်။

"ဒီလောက်ဆိုရင် လုံလောက်ပါပြီ အာခီယာ"

နောက်ထပ်မြားတစ်စင်း၊ ဒီအသံရှင်ဟာ ကျွန်တော့်မမ .. မမ နေရီလတ် ..။

စုနက ဒေါသတွေ၊ မာကျောမှုတွေ၊ ပြင်းထန်တဲ့ ပေါက်ကွဲခြင်းတွေ အစ ဘာ့ကြောင့် ငြိမ်ကျသွားရတာလဲ။ ကျွန်တော် ဆရာမနဲ့ မမ နေရီလတ်ရဲ့တားဆီးမှုအောက်မှာ မင်းထက်ကို လက်လွှတ်လိုက်ရပါသည်။

အဲဒီအချိန်ကစပြီး တစ်ကျောင်းလုံးမှာ မင်းထက်ရဲ့အရှုံးဟာ ပြောစမှတ်ဖြစ်လောက်အောင် ပျံ့နှံ့သွားသလို အာစီယာရဲ့ အပြုံးအတေးကို ပြောစမှတ်ဖြစ်လာပါတယ်။

ပြီးတော့ ဆရာမနဲ့ ကျွန်တော့်ရဲ့ အပြန်အလှန်မေတ္တာတရား၊ နောက်ထပ် မမနေရီလတ်နဲ့ ကျွန်တော့်ရဲ့ အခြေအနေ ....။





ပြောတတ်ဖို့ စကားတွေ ကြွယ်စရာမလိုပါဘူး အာစီယာ၊ သိနဲ့ဖို့ ရေးသားစရာရော လိုလို့လား။

မင်းနဲ့ကိုယ် မသိခဲ့အောင် တို့နှစ်ယောက်ရဲ့အကြြင်နာတွေက တို့နှစ်ဦးသားရဲ့ရင်ထဲကို စိမ့်ဝင်နေကြပြီးသားလေ ....။ ဟုတ်တယ်နော်။ ဒါဟာ မိုက်မဲမှုလို့ ကိုယ်မထင်ချင်ဘူး။ နောင်တရစရာလို့လဲ ကိုယ်မတွေးမိတာ အဆန်းသားနော်၊ ဒါဟာ ပုစ္ဆာတစ်ပုဒ်မှ မဟုတ်တာ၊ ကိုယ်သိပါတယ်၊ တကယ်လို့ ပုစ္ဆာတစ်ပုဒ်ဆိုရင်လဲ တစ်ချိန်မှာ သူ့အလိုလို အဖြေထွက်လာမှာ ကိုယ်သိနေပါတယ် အာစီယာ ...။

သံယောဇဉ် ဆိုတာ လူတိုင်းပိုင်ဆိုင်ခွင့်မရတဲ့ သရဖူတစ်ခုပါ ကောင်လေးရယ် ...၊ အဲဒီ သံယောဇဉ် ဆိုတာ ထိုက်တန်ခွင့်ရှိသူမှ ခံစားခွင့်ရတာပါ၊ ဒီစကားဟာ ကိုယ့်ရဲ့ မှန်သောစကားပါ အာစီယာ။

အဲဒီ သံယောဇဉ်ကြောင့် ကိုယ် မျှော်လင့်ခြင်းတွေ ဆုတောင်းခဲ့တယ်၊ ပျော်ရွှင်တဲ့ အနာဂတ်တွေဖြစ်လာဖို့ ပန်းတိုင်ဆိုတာကို မက်

မောတတ်လာခဲ့တယ်။

ကိုယ့်ဆန္ဒတွေ ပြည့်ဝမှာလား အာခီယာ ....။

ညက ရေးခဲ့တဲ့ ဒိုင်ယာရီစာအုပ်ကို ပြန်ပိတ်ရင်း ရင်ခွင်မှာအပ်ကာ တောင်ကုန်းအောက်ခြေလေးကို ငေးကြည့်နေမိပါသည်။

"မမနေရီ ..."

"ဩော် .. အာခီယာ .."

အာခီယာက သူမဘေးမှာဝင်ထိုင်ရင်း သူမလိုပဲ အဝေးကို ငေးကြည့်နေပါတယ်။

"မင်း အပြီးအတေး အတော်ကြီးတာပဲ"

"ဘာ့ကိုလဲ မမ"

သူမက မြက်ရိုင်းရှည်တစ်ခုကို လှမ်းချိုးပြီး ဆော့ကစားနေရင်းက ပြုံးမိသည်။ အာခီယာက သူမအပြုံးကို မြင်မှာပါ။

"မနေ့က ကျောင်းမှာဖြစ်တဲ့ကိစ္စကို ရည်ရွယ်တာလား မမ"

သူ ခေါင်းညိတ်ပြမိသည်။

"သူက စိန်ခေါ်ခဲ့တာလေ၊ အဲဒီစိန်ခေါ်မှုအတွက် ကျွန်တော် ပြန်တုံ့ပြန်မှုသက်သက်ပါ။ အဲဒါ အပြီးအတေးလို့ ခေါ်လား"

"ကိုယ့်အပေါ်မှာလဲ အခုလိုကြုံခဲ့ရင် မင်း အပြီးအတေးထားမှာလား အာခီယာ"

အာခီယာက သူမ စကားကြောင့် သွားဖြူဖြူတွေပေါ်အောင် ရယ်သည်။

"မင်း အရယ်အပြုံးနည်းတယ်နော်"

အာခီယာက ရယ်မောရင်း ခေါင်းညိတ်ပြမိပါသည်။

"ကျွန်တော့်ဘဝမှာ မမနဲ့ပတ်သက်ရင် အပြီးအတေးဂလို့စား





ဆိုတာ ရှိမယ်မထင်ဘူး"

"အဟုတ် ..."

အာခီယာက သူမကို လက်ပေါ်မေးတင်ရင်း ခေါင်းညိတ်ပြသည်။

"တစ်ခုတော့ ရှိတယ်"

"ဘာကိုလဲ"

"မမအပေါ် အန္တရာယ်ကျရောက်လာမယ်ဆိုရင်တော့ ကျွန်တော် အန္တရာယ်ကို ဖန်တီးသူကို လက်နဲ့ တုံ့ပြန်ရလိမ့်မယ်"

အာခီယာ စကားကြောင့် သူမရင်ထဲမှာ နွေးထွေးသွားပါသည်။

"ကျွန်တော် အခုလိုနေရတဲ့ဘဝအတွက် ကျေနပ်တယ်၊ မမနဲ့ တွေ့ခွင့်ပေးတဲ့ လောကကြီးကိုလဲ ကျွန်တော် သိပ်ကျေးဇူးတင်တယ်"

"မင်းစကားကြားရတာ မမ ပီတိဖြစ်မိတယ် အာခီယာ၊ ကိုယ့်အနားမှာ မင်းမရှိလဲ မင်းရှိနေတယ်လို့ပဲ ကိုယ်ခံစားရတာ အမှန်ပဲ အာခီယာ"

နှစ်ယောက်သား တစ်ဦးကိုတစ်ဦး ကြည့်မိကြပြီး လွှတ်လွှတ်လပ်လပ် ရယ်မိကြပါတယ်။ ပြီးတော့ အာခီယာက မတ်တတ်ရပ်ကာ မမကို လက်ကမ်းပေးတော့ မမက ကျွန်တော့်လက်ကို လှမ်းဆွဲအားယူထပါသည်။

မြက်ရိုင်းတောအုပ်လေးထဲက ပြန်လာတော့ လှမ်းမီးတွေ လင်းစပြုနေခဲ့ပြီလေ ...။

● ● ●

"အာစီယာ .. လှထွန်းနဲ့နေထွန်း ပြဿနာတက်နေတယ်"

"ဘာ ..ဘယ်သူနဲ့လဲ"

"ကိုကိုလတ်တို့အဖွဲ့နဲ့၊ အပိုင်း(၂)ထဲကအိမ်မည်းကြီးထဲမှာ အာစီယာ ..."

အောင်မိုး နားထင်မှာလည်း သွေးတွေ စီးကျနေတာ အာစီယာ တွေ့လိုက်တာကြောင့် ချက်ချင်းထကာ အိမ်ရှေ့အဝင်ဝ ထုပ်တန်းပေါ်က နှစ်တစ်လက်မတုတ်ကို လှမ်းယူလိုက်ရင်း ...

"မင်း ဘာနဲ့လာတာလဲ အောင်မိုး"

"ကိုစိုးကြီးဆိုက်ကားနဲ့ အာစီယာ"

သူ တဲအပြင်ကိုထွက်ဘော့ အောင်မိုးက ထပ်ချပ်မကွာပါ။ တဲအပြင်ရောက်တော့ ကိုစိုးကြီးက ...

"တက် အာစီယာ"

ကျွန်တော်နဲ့အောင်မိုး ဆိုက်ကားပေါ်ရောက်သည်နှင့် ကိုစိုးကြီး





ဆိုက်ကားကို အားကုန်နင်းပါတော့သည်။ ဆိုက်ကားစီးနေရင်း အောင်မိုးက အဖြစ်အပျက်တွေကို ပြောပြပါသည်။

"ဖြစ်ပုံက ဒီလိုကွ၊ နေထွန်းနဲ့လှသောင်းတို့ အပိုင်း (၂) ထဲက အိမ်မှာ ဖဲကစားကြတယ်လေ၊ ကိုကိုလတ်က သိတဲ့အတိုင်း လူညစ်တွေ"

"ဖဲလိမ်ရိုက်တယ် ဆိုပါတော့"

"အေး ..."

အောင်မိုးက ခေါင်းညိတ်သည်။

"ဒီကောင်နှစ်ကောင်လဲ အတော်ထိထားကြတယ်၊ ကိုကိုလတ်တို့အုပ်စုက ရှစ်ယောက်ဆိုတော့လဲ အင်အားက မမျှဘူးလေ"

"ဘယ်ခြံလဲ အောင်မိုး"

"အဲဒီအိမ်ပဲ အာစီယာ"

အောင်မိုး ညွှန်ပြတဲ့ ရေနံသုတ်ထားတဲ့ နှစ်ထပ်ပျဉ်ထောင်အိမ်ကိုကြည့်ပြီး ကိုစိုးကြီးကို ပြောလိုက်သည်။

"ခြံစည်းရိုးကို အရှိန်နဲ့ဝင်တိုက် ကိုစိုးကြီး၊ အောင်မိုး .. မင်း သတိထား"

"စိတ်ချ အာစီယာ"

ခြံတံခါးအတွင်းက လူနှစ်ယောက်က တုတ်ကိုယ်စီနဲ့ အသင့်စောင့်နေပါသည်။ ထိုလူနှစ်ယောက်က ဆိုက်ကားရပ်မည်ပဲ ထင်နေပုံရသည်။

အရှိန်နဲ့လာတဲ့ဆိုက်ကားဟာ ဝါးနဲ့ပြုလုပ်ထားတဲ့ တံခါးကို အရှိန်နဲ့ဝင်တိုက်လိုက်တာကြောင့် အတွင်းက လူနှစ်ယောက်ရော၊ သူတို့ပါ လွင့်ထွက်သွားကြပါတယ်။ ကျွန်တော်က ကုန်းရုန်းထပြီး တုတ်ကို ကောက်ကိုင်လိုက်ပါသည်။

"အာစီယာ ... မင်းနောက်မှာ .."

ကိုစိုးကြီး သတိပေးတဲ့အသံကြောင့် ရိပ်ခနဲမြင်လိုက်တဲ့ အနီးဆုံး ကကောင်ကို ဖြတ်ရိုက်လိုက်ပါတယ်။

"ခွပ် ..."

"အား ....."

အောင်မိုးနဲ့ ကိုစိုးကြီးကို ကျန်တစ်ယောက်ကို လက်လွှဲပေးပြီး သူ အိမ်ထဲကို ပြေးဝင်သွားသည်။

"သတိရှိပစေ အာခီယာ"

"စိတ်ချ ကိုစိုး၊ ခင်ဗျားတို့ ဒီကောင်တွေကို ထိန်းချုပ်လိုက်"

"အိုကေ ..."

အိမ်မကြီးရဲ့ တံခါးနောက်ကွယ်က အရိပ်ကို သူ မြင်လိုက်တာကြောင့် တံခါးကို ဆောင့်ကန်လိုက်တော့ တံခါးနောက်ကလူ လွင့်ထွက်သွားသည်။ ထိုလူ ကုန်းရုန်းအထမှာ မျက်နှာကို ဖြတ်ကန်လိုက်ပါသည်။ အပေါ်ကိုတက်တဲ့လှေကား တွေ့တာကြောင့် လှေကားအတိုင်း ပြေးတက်လာခဲ့သည်။ အပေါ် ရောက်တော့ ကိုကိုလတ်တို့အလယ်မှာ ဒူးထောက်ထိုင်နေရှာတဲ့ နေထွန်းနဲ့လှသောင်းကို တွေ့မိသည်။ လှသောင်း မျက်နှာက ဖူးယောင်နေပြီး နေထွန်းက ဒဏ်ရာဒဏ်ချက်မတွေ့၊ ဒါပေမယ့် နေထွန်းမျက်နှာပေါ်မှာ မျက်ရည်တွေက အစွဲသား။ သူ့ကို လည်းမြင်ရော နေထွန်းက အသံကျယ်ကြီးနဲ့ ငိုပါတယ်။

"အာခီယာ .. ဒီလူတွေ ငါတို့ကို နှိပ်စက်နေတယ်၊ လုပ်ပါဦး အီး ဟီး ......"

ပြောရင်းက အသံကျယ်ကြီးနဲ့ ငိုချလိုက်တဲ့ နေထွန်းကြောင့် မတ်တတ်ရပ်နေတဲ့တစ်ယောက်က နေထွန်းကို နားရင်းအုပ်ရင်း ...

"ဟိတ်ကောင် .. မင်းကို ငါတို့ ဘာမှမလုပ်ရသေးဘူး"





"လိမ်တယ်၊ အခု လုပ်တယ်လေ .. အီး ..."

"ကိုကိုလတ်၊ ခင်ဗျား ကျွန်တော့်သူငယ်ချင်းတွေကို လွှတ်လိုက်ပါ၊ ခင်ဗျားဖြစ်ချင်တာကို ပြော"

ကိုကိုလတ်က ဈေးနှုန်းအားရတဲ့အပြုံးတစ်ခုကို ဖန်တီးပြီး ခုံတစ်ခုမှာ ဝင်ထိုင်ပါတယ်။

"မင်းလူတွေဆီမှာ ငါ့ အကြွေးတွေ ရစရာရှိတယ် အာခီယာ၊ အဲဒီအကြွေးကို ငါ လိုချင်တယ်"

"ဘယ်လောက်လဲ ကိုကိုလတ်"

လှသောင်းနဲ့နေထွန်းကို ကျွန်တော်ကြည့်တော့ ဒီကောင်တွေ မျက်နှာငယ်လေးတွေနှင့် ခေါင်းငုံ့နေပါသည်။

"သိပ်မများပါဘူး၊ သုံးသိန်းတည်းပါ"

"ကျွန်တော့်ကို အချိန်တစ်ပတ်ပေး .. ကိုကိုလတ်"

"အာခီယာ .."

လှသောင်းက လှမ်းတားသည်။ ကျွန်တော်က လက်ကာပြပြီး တားလိုက်သည်။ ကိုစိုးကြီးနဲ့ အောင်မိုးတို့ သူ့နောက် ရောက်နေကြပါပြီ။

"တကယ်လို့ တစ်ပတ်အတွင်း မင်းမအပ်နိုင်ရင် မင်း ငါတို့အတွက် အလုပ်တစ်ခုလုပ်ပေးရမယ် အာခီယာ"

"ဘာအလုပ်လဲ ကိုကိုလတ်"

"မင်း ငါတို့အတွက် လူတစ်ယောက်နဲ့ ဖဲကစားရမယ်"

ကျွန်တော့်မေးကြောတွေ တင်းမာသွားပါသည်။

"စိတ်ချပါ၊ ခင်ဗျားကို ကျွန်တော် အကြွေးဆပ်မှာပါ"

ကိုကိုလတ်က မယုံကြည်ဟန် ခေါင်းရမ်းသည်။ ကျွန်တော် လှသောင်းတို့ဆီသွားကာ ဒီကောင်တွေကို တွဲခေါ်လိုက်သည်။ ဒါတောင်

ကိုကိုလတ် တပည့်တစ်ယောက်က ဆရာရှေ့မှာ ဟန်ရေးပြဟန် ရှေ့ တစ်လှမ်းတိုးတော့ ကျွန်တော် လှည့်ပြီး ဖြတ်ရိုက်ချလိုက်သည်။

"ဖြောင်း ...."

ကျွန်တော့်ရဲ့ ရိုက်အားကြောင့် ထိုလူမှာ ကြမ်းပြင်မှာ ခွေခွေလေး လဲကျသွားရှာသည်။ ကိုကိုလတ်တပည့်တွေ ရှေ့ဆက်တက် မလာရဲတော့။ လှသောင်းနဲ့ နေထွန်း ရှေ့က ထွက်သွားတော့မှ ကျွန်တော် ဖြေးဖြေး လှည့်ထွက်လာခဲ့ပါသည်။ ခြံဝင်းအပြင်ရောက်တော့ ကိုစိုးကြီး က ဆိုက်ကားတွန်းလာရင်း ...

"နေပါဦး၊ လှသောင်းတို့ အောင်မိုးတို့က ဖူးယောင်နေပြီး နေထွန်း မင်းက ဘာမှမဖြစ်ပါလား"

"အဲဒါ ပါရမီခံကောင်းတာကိုး"

နေထွန်းက မျက်နှာပိုးမသေစွာပြောလာတော့ လှသောင်းက နဖူးကအုကို လုံချည်စနဲ့ ကျပ်ပူထိုးရင်း ...

"ဒီ အဆိုတော်ရူးက သူ့ကို ဟိုက မထိုးရသေးဘူး။ အဘကျယ်ကြီး နဲ့အော်တော့ ရိုက်ရမယ့်သူက တွန့်တွန့်သွားတာကွ"

လှသောင်းစကားကြောင့် ရယ်မိကြပါသည်။

"နောက်ဆိုရင် ဒီလူတွေနဲ့ ကင်းကင်းနေပါကွာ"

အာစီယာစကားကြောင့် သူတို့တွေ ငြိမ်သက်သွားကြပါသည်။ ကိုစိုးကြီး...၊ အာစီယာပခုံးကိုပုတ်ရင်း ...

"မင်း တစ်ပတ်အတွင်း သူတို့ပြောတဲ့ ငွေသုံးသိန်းကို ရှာနိုင်မှာ မလား အာစီယာ"

အာစီယာ ပြန်မပြောဖြစ်ပါ။

"မင်းကွာ .. မပေးနိုင်ရင် မပေးနိုင်ဘူးလို့ ပြောလိုက်ပေါ့၊ မင်းက အသားလွတ်ကြီး ပြဿနာထဲ ဝင်လာသေးတယ်ကွာ"





လှသောင်းက မခံမရပ်နိုင်စွာ ပြောလာပါသည်။

"ဒီလူတွေက ယာကူဇာနီးပါးလောက် သူတို့ကိုသူတို့ ထင်နေကြတာ အာစီယာ"

ကိုစိုးကြီးက တွေးတွေးဆဆ ပြောသည်။

"ယုတ်မာတဲ့နေရာမှာရော၊ ကောက်ကျစ်မှုမှာပါ ဒီလူတွေ ထိပ်သီးတွေပဲ အာစီယာ၊ နောက် ရှိသေးတယ်"

"ဘာလဲ ... ကိုစိုးကြီး"

နေထွန်းက ကိုစိုးကြီး ဆိုက်ကားကို ကူတွန်းပေးရင်း မေးသည်။

"ဒီမြို့ရဲ့လုပ်ငန်းတော်တော်များများဟာ ကိုကိုကြီးနဲ့ မကင်းဘူး။ စီးပွားရေးချုပ်ကိုင်မှုပေါ့၊ မသမာတဲ့နည်းလမ်းနဲ့ရော၊ ငွေရေးကြေးရေး အရရော သူတို့ချုပ်ကိုင်ထားတယ်၊ တကယ်လို့ သူတို့အမိန့်ကို အဲဒီလူက မနာခံရင် မနာခံတဲ့ပုဂ္ဂိုလ်ကတော့ ဒုက္ခကို အကြီးမားဆုံး ရောက်ပြီမှတ်"

"ဒါဆို ... ငါတို့တော့ ပြဿနာတက်ပြီပေါ့"

နေထွန်းက မျက်နှာအပျက်ပျက်အယွင်းယွင်း ဖြစ်နေပါသည်။

"ဖြစ်လာမှတော့ ပြေလည်အောင် ရှင်းရမှာပေါ့"

အာစီယာထံမှ အေးစက်စက်စကားဆိုလာတော့ အကြောင်းသိနေချင်းမို့ အာစီယာ ဘယ်လိုစီစဉ်နေပြီဆိုတာ ရိပ်မိလိုက်သည်။

"အာစီယာ ... ဖွတ်မလုပ်နဲ့နော်"

"ဟောကောင် .. ငါတို့ကို တိုင်ပင်ဦး"

ညနက်နက်ဆန်တဲ့ အာစီယာ ရင်ဘတ်ထဲက အေးစက်မှုတွေ။ အာစီယာဆိုတာ ငြိမ်သက်နေတဲ့ ထက်မြတဲ့ ဓားအိမ်ထဲမှာ အိပ်ပျော်နေတဲ့ ဓားသွား...။ ကိုစိုးကြီး သက်ပြင်းချမိသည်။ အာစီယာ မျက်ဝန်းတွေကို ကြည့်တော့ အဓိပ္ပာယ်ဖော်ရခက်တဲ့ ဖြတ်သန်းမှုတွေ ...။

"**မင်း** ဘယ်ကပြန်လာတာလဲ အာခီယာ"

ဒေါသနဲ့ဆက်နွယ်နေတဲ့ လေသံမဟုတ်ပေမယ့် သာယာခြင်း မရှိတာတော့ သေချာပါသည်။

လေးလေး ဒီအချိန်အထိ အရက်သောက်ထားပုံမရ။ အဖြူရောင်သန်းစ မုတ်ဆိတ်မွေး ပါးသိုင်းမွေးတို့သည် ထိုးထိုးထောင်ထောင်။ လေးလေးရဲ့အကြည့်တွေကို သူသိနေတာကြောင့် သူ ညာပြီးတော့လည်း မပြောချင်။ ပြောလို့လည်း ထူးခြားလာမှာမဟုတ်။

"လူမိုက်လက်သစ်လေး၊ ဖဲဝိဇ္ဇာပေါက်စလေး၊ အစွမ်းထက်တဲ့ ကျားတစ်ကောင်ဆိုပြီး မင်းနာမည် ဟိုးဟိုးကျော်ပဲ၊ မင်း ငါ့ကို စိန်ခေါ်နေတာလား အာခီယာ၊ အခု မင်းနဲ့ပတ်သက်နေတဲ့လူတွေက ဘယ်လိုလူစားမျိုးတွေလဲ မင်းသိလား"

လေးလေးက ပြောရင်းဆိုရင်း ဒေါသထွက်နေပါသည်။

"ကျွန်တော် အားလုံးကိုသိနေပါတယ် လေးလေး"





ကျွန်တော့်ရဲ့အဖြေကြောင့် လေးလေး အံ့သြသွားပုံရသည်။

"အဲဒါတွေ မင်းသိရဲ့နဲ့ ဘာလို့ ဆက်လုပ်နေရတာလဲ၊ ငါ နားမလည်နိုင်တော့ဘူး အာခီယာ"

"ကျွန်တော် အဖြစ်မှန်အားလုံးကို ဦးလေးကို ရှင်းပြမှာပါ"

ကျွန်တော် အောင်မိုးရဲ့ညီ ရောဂါအခြေအနေအတွက် ငွေလိုအပ်နေခဲ့တာ၊ ကိုကိုကြီး ဆိုသူရဲ့ခြံမှာ ကစားပွဲ စတင်ခဲ့ပုံတွေ၊ နောက်ဆုံး အောင်မိုး၊ လှသောင်းနဲ့ နေထွန်း ကိုကိုလေးတို့နဲ့ ပြဿနာတက်ပုံ၊ ငွေရေးကြေးရေး ရှုပ်ထွေးမှုတွေ။

ကျွန်တော် ပြောပြတဲ့စကားဆုံးတော့ လေးလေးလည်း ငိုင်ကျသွားပါသည်။ လေးလေး တစ်ခုခုကို စဉ်းစားရကျပ်နေပုံရှိသည်။ အချိုရည်သံဘူးကို အဖုံးဖွင့် ခါးလယ်ကဖြုတ်ပြီး ဆေးလိပ်ခွက်လုပ်ထားတဲ့ ပြာခွက်ထဲက ဆေးပေါ့လိပ်အစိုကို ကောက်ယူမီးညှိလိုက်ပါသည်။ ဆေးလိပ်ကို စိမ်ပြေနပြေ ရှိုက်လိုက်ပြီး မီးခိုးငွေ့ကို မှုတ်လွှတ်လိုက်ပြီးမှ ...

"မင်း ဘာဆက်လုပ်မလဲ အာခီယာ၊ မင်း ဆုံးဖြတ်ချက်ချစမ်း"

ဇလေးလေးက အဲဒီလိုလူမျိုး။ မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ ဆုံးဖြတ်ချက် ချခိုင်းတတ်သည်။ လေးလေး မူးလာရင် ပြောလေ့ရှိတဲ့ စကားတစ်ခွန်း ရှိပါသည်။

"လူဆိုတာ ဒုက္ခနဲ့ ကျဉ်းကျပ်မှု ဖိအားတွေရှိမှ ကျောက်မျက်ရတနာလို ကိုယ်ရည်ကိုယ်သွေးက မြင့်တက်လာတတ်တာ အမှန်ပဲ"

အခုလို ကြီးမားတဲ့ စိန်ခေါ်ပွဲကြီးအတွက် သူ့လို ဆယ့်ငါးနှစ်ခွန်းစ ရှာတိတ်ကို ဆုံးဖြတ်ချက်ချခိုင်းနေပါပြီ။

" Do or Die ..."

လေးလေးက စိတ်ရှည်လက်ရှည်ပြုံးနေရင်း သူ့ကို အခုလိုဆိုပါ

သည်။ ကျွန်တော်လည်း ပြုံးမိပြီး လေးလေးကို စကားတစ်ခွန်း ဆိုပါတယ်။

ကျွန်တော့်စကားကြောင့် လေးလေးက ...

"မင်း ဒီဆုံးဖြတ်ချက်ပဲ ချမယ်ဆိုတာ ငါသိတာပေါ့ လူလေးရာ၊ ကဲ .. ပြင်ဆင်ကြစို့"





လေဆန်လမ်းမှာ ဖြတ်သန်းပြမယ် ....
သိက္ခာတရားအတွက် ...
စိတ်ချထားစမ်း .........။

ကိုရင်လေးက ဆရာတော် စေတီရင်ပြင်မှာရှိသည်ဆိုတာနဲ့ အာခီယာ ဒီမြို့ရဲ့ မြို့ဦးစေတီရှိရာဘက်ကို လျှောက်လာခဲ့ပါသည်။ မြို့ဦးစေတီဆိုတာကလည်း ဆရာတော်ကျောင်းရဲ့ ပရဝုဏ်ထဲမှာပါ။ ဧရာဝတီမြစ်ကြီးကို နောက်ကျောပေးထားတဲ့ တောင်ကုန်းနိမ့်နိမ့် လေးပေါ်က လှမ်းကြည့်ရင် ဧရာဝတီမြစ်ကြီးရဲ့ ညနေခင်းအလှက သိပ်စိတ်ဝင်စားဖို့ကောင်းခဲ့တာ၊ သူ့ဘဝရဲ့အတွေးအခေါ်တွေကို ဧရာဝတီမြစ်က သင်ကြားပြသခဲ့ဖူးတာ အမှန်ပါ။ ဒီမြစ်ကျယ်ကြီးဟာ သူ့ဘဝရဲ့ တန်ဖိုးထားရာ ဖတ်စာတစ်အုပ်ဆိုလည်း မမှားဘူး။

လက်ကိုင်ရှည် တံမြက်စည်းတစ်ချောင်းကို ရင်ပြင်ပေါ်တက်ရာ လှေကားအစပ် ထောင့်ချိုးမှ လှမ်းယူရင်း ရင်ပြင်ပေါ် တက်လာခဲ့ပါသည်။ ဆရာတော်က ရင်ပြင်ပေါ်က သစ်ရွက်ခြောက်တွေကို လှဲကျင်းနေတာ တွေ့ရပါသည်။ ဆရာတော်က သူ့ကို မြင်ပုံမရပါ။

အာခီယာ ဆရာတော်နောက်မှာ အသာပုဆစ်တုပ်ထိုင်ပြီး စေတီတော်ကို ဦးချကန်တော့ပြီး ဆရာတော်ကိုလည်း ဦးချကန်တော့ လိုက်သည်။





"တပည့်တော် ရောက်ပါပြီဘုရား"

ဆရာတော် တံမြက်စည်းလှဲနေရာမှ သူ့ဘက်လှည့်ကြည့်သည်။ အေးချမ်းငြိမ်သက်တဲ့ ပန်းပုရုပ်တုအသွင် ဆရာတော်၏ ဣန္ဒြေအရိပ် အငွေ့က တခြားသူတစ်ယောက်ရဲ့ ရင်ထဲကို ငြိမ်းချမ်းခြင်းတွေ ကူး စက်စေ၏။

"အာခီယာ .. ဒကာလေးသတင်းတွေ ကြားလို့ ဆရာတော် ခေါ်ခိုင်းလိုက်တာကွယ့်"

အာခီယာ လက်အုပ်ချီ ခေါင်းငုံ့နေမိပါသည်။

"ဒါ အမှား၊ ဒါ အမှန်ပါလို့ လမ်းညွှန်စရာမလိုအောင် ဒကာ ဒီ အသက်အရွယ်အထိ ကိုယ့်ကိုကိုယ် ထိန်းသိမ်းလာခဲ့ပြီပဲ"

"တင်ပါ့ဘုရား"

သူ့ဘဝမှာ ဘယ်တော့မှ မလိမ်ညာတဲ့ လူသားတွေကို ပြပါဆို လျှင် ဆရာတော်၊ ဖာသာနဲ့ လေးလေးအပါအဝင် ဆရာမနဲ့ မမနေရီ တို့ဆိုတာ သေချာပါသည်။

အမိန့်နဲ့ခိုင်းလို့ ဒီကတိကို လုပ်ဆောင်ခဲ့ရတာမဟုတ်၊ ကိုယ့် အသိစိတ်ဓာတ်၊ လေးစားမှု ချစ်ခင်မြတ်နိုးခြင်း သံယောဇဉ်တွေလည်း ပါဝင်တာပေါ့။

"စိမ်းစိုလတ်ဆတ်နေချိန်မှာတော့ သစ်ရွက်တွေ၊ ပန်းပွင့်တွေဟာ လှပကြမှာပါပဲ၊ ဒါပေမယ့် သဘာဝကြောင့် နေလောင်ကျွမ်းခံရတဲ့အခါ ကျွတ်ဆတ်မာကျောမှုနဲ့ အပင်ပေါ်ကကြွေရရှာတယ်၊ ဒါကို ဘယ်လိုခေါ် လဲ အာခီယာ"

ဆရာတော်က သစ်ရွက်ခြောက်ကြွေတွေကို တံမြက်စည်းနဲ့ တစ်ချက်နှစ်ချက် ခတ်ပြရင်း မေးသည်။ အာခီယာကလည်း ဆရာတော်

ဘာကိုဆိုလိုချင်မှန်း သိနေပါသည်။

"အမှိုက်ပါ ဘုရား"

ဆရာတော် ပြုံးရုံပြုံးနေရင်း ...

"အေး .. ဘေးပတ်ဝန်းကျင်ဆိုတာ ဥယျာဉ်မှူးကောင်းဖြစ်သလို ပူလောင်မှုတွေ ပေးတဲ့ နေမင်းလဲဖြစ်တယ်၊ မင်း နေလောင်မခံရစေနဲ့ အာခီယာ"

ဆရာတော်က ပြောပြီး ဘုရားပေါ်ကဆင်းတော့ ကျွန်တော် ဆရာတော်ကို ဦးချပြီး စေတီရဲ့စိန်ဖူးတော်တွေကို ငေးကြည့်နေမိပါသည်။ လေပြေကြောင့် လှုပ်ခတ်နေတဲ့ ခေါင်းလောင်းလေးတွေက ငြိမ်းအေးခြင်းဂီတကို ဖန်ဆင်းနေသည်။

သူ့ဘဝမှာလည်း စေတီတော်က ခေါင်းလောင်းတွေလို တိုင်ပင်မှားစွာ ဘယ်အချိန်လောက်ကတည်းက လှုပ်ခတ်နေခဲ့တာလဲ ...။

* * *





"**အာ**ခီယာဆိုတာ ဘယ်လိုအခြေအနေမှာပဲဖြစ်ဖြစ် တည်ငြိမ်စွာရှင်သန်နေတတ်သူလို့ ငါမြင်တယ်၊ အခု မင်းတွေ့ရမယ့်ကာစားပွဲသော့ချက်က အဲဒီအရာပဲ ငါ့သား"

လေးလေးက အာခီယာ မျက်ဝန်းကိုကြည့်ရင်း ပြောသည်။ ဦးအန်းနီ မျက်ဝန်းက စကားတွေမှာ ရဲရင့်မှုတွေပါတယ်ဆိုတာ အာခီယာ သိပါသည်။ ညက လေးလေးပြောပြတဲ့ စကားတွေကို ပြန်သတိရမိသည်။

"ဘယ်သူမဆို သတိရှိတယ်ဆိုတာ ငါမယုံဘူး အာခီယာ၊ တချို့ မထင်မှတ်တဲ့ အမှတ်တမဲ့ကိစ္စလေးတွေဟာ နိုင်ပွဲရဲ့သော့ချက်ပဲ ဆိုတာ ငါ့သား မမေ့နဲ့"

လေးလေး လက်ထဲက ဖဲချပ်တွေဟာ အိပ်တန်းပြန်ငှက်တွေလို လေဟုန်မစီးဘဲ ဖျတ်ခနဲ ဖျတ်ခနဲ လျှင်မြန်လွန်းလှပါသည်။

ညက လေးလေး သင်ပြ၊ ပြောပြတဲ့စကားတွေကို ပြန်ကြားယောင်မိရင်း လေးလေးကိုနှုတ်ဆက်ကာ တဲပြင်သို့အထွက် ...

"အာခီယာ ..."

လေးလေး ခေါ်သံကြောင့် အာခီယာ တဲအဝင်တံခါးကို ဆုပ်ကိုင်ရင်း အပြင်သို့ထွက်မည်ပြင်ပြီးမှ လေးလေးထံ လှည့်ကြည့်မိသည်။ လေးလေးက ခဏနေပါဦး ဆိုတဲ့သဘောနဲ့ လက်ကာပြပြီး တဲအတွင်းဘက်သို့ ဝင်သွားပါသည်။ အာခီယာ အထဲပြန်ဝင်ပြီး လေးလေးကို စောင့်နေမိသည်။ ခဏနေတော့ လေးလေး ပြန်ထွက်လာပါသည်။

"ခေါင်းငုံ့ ငါ့သား ..."

အာခီယာ ခေါင်းငုံ့ရပ်နေမိတော့ လေးလေးက ...

"ငါ့သားကို စတွေ့တဲ့နေ့က ငါ့သားလည်ပင်းမှာ ဒီဆွဲကြိုးလေးနဲ့အတူ အန္တရာယ်ကျော်လွှားပြီး အသက်ပြင်းတဲ့ ငါ့သားကို တွေ့ခဲ့ တာ၊ မွေးကာစအရွယ်မှာတောင် ငါ့သား ကံကြမ္မာကိုက အသက်ပြင်းခဲ့တာ၊ အခက်အခဲတွေကို ဖြတ်ကျော်လာခဲ့တာပဲ၊ အခု မင်းခေါင်းမှာ အသိဉာဏ်ရှိတယ်၊ ဒီဆွဲကြိုးလေးဟာ မင်းအတွက် ကံကောင်းခြင်း အဆောင်လဏ်ဖွဲ့ ဖြစ်ပါစေ၊ သွားတော့ ငါ့သား"

အာခီယာ ဆွဲကြိုးလေးကို ပွတ်သပ်ငုံ့ကြည့်ပြီး လေးလေးကို မော့ကြည့်မိသည်။ လေးလေးက သူ့ပခုံးကို ပုတ်သည်။ လေးလေး ပြုံးပြလိုက်တဲ့ အပြုံးဟာ စစ်ပွဲကို အသေအကြေတိုက်မယ့် တပ်သားတစ်ယောက်ကို အောင်နိုင်ရေးစိတ်ဓာတ်တွေအပြည့်ပေးလိုက်တဲ့ စစ်သူကြီးတစ်ယောက်ရဲ့ အပြုံးမျိုး။

"ဒီပွဲကိုနိုင်မယ်လို့ မင်းယုံကြည်ရင် မင်းနိုင်ကိုနိုင်ရမှာပေါ့၊ ဒါပေမယ့် တယူသန်အစွဲနဲ့ အစွန်းမရောက်စေနဲ့ ဒါတော့ သတိထား၊ သွားတော့"

အာခီယာ ခေါင်းညိတ်ပြီး တဲထဲမှ ထွက်လာခဲ့ပါသည်။ အပြင်ရောက်တော့ ကိုစိုးကြီးနဲ့ လှသောင်းတို့ စောင့်နေကြပါသည်။

"တက် ... အာခီယာ"





ကျွန်တော် ဆိုက်ကားပေါ် တက်လိုက်ပြီး ...

"မင်း မလိုက်နဲ့တော့ လှသောင်း"

"အေး ... ငါတို့ ကိုညွန့်မောင်ကိုဆိုင်က စောင့်နေမယ်၊ ကံကောင်းပါစေ သူငယ်ချင်း"

လှသောင်းနဲ့ လက်ဝါးအပြန်အလှန် ရိုက်လိုက်ကြသည်။

"သွားမယ် ကိုစိုး"

"အိုကေ ..."

ကိုစိုးကြီးက ဆိုက်ကားကို နင်းသည်။ အာခီယာက သူ့အကျင့်အတိုင်း ဘယ်တော့မှ နောက်လှည့်ကြည့်နှုတ်မဆက်တတ်။

ကိုစိုးကြီးက ဆိုက်ကားနင်းရင်း ပြောပါသည်။

"ငါ မင်းမျက်နှာကို သဘောကျတယ် အာခီယာ"

"ဆိုပါဦး"

ကုန်းတက်မို့ ဆိုက်ကားကို အားစိုက်နင်းရသည်။

"မင်း ကစားပွဲတွေမှာ မင်းမျက်နှာကိုကြည့်ပြီး ခန့်မှန်းဖို့ဆိုတာ မလွယ်ဘူးလို့ မင်းနဲ့သော့ဖူးတဲ့ ကစားသမားတိုင်းက ပြောကြတယ်"

အာခီယာက မတုန်မလှုပ်။

"ပြီးတော့ မင်းမျက်လုံးတွေ၊ မင်းမျက်လုံးတွေက တည်ငြိမ်အေးစက်နိုင်လွန်းတယ်ကွ၊ မင်းအကြည့်ကို ရင်ဆိုင်ကြည့်ဖို့ဆိုတာ တော်တော်အားမွေးရတာ တကယ်ပဲ၊ ဟိုကောင်တွေက မင်းကို နာမည်တစ်ခုပေးထားတယ် အာခီယာ"

"ပြောပါဦး"

"ဓားအိမ်ထဲမှာ အိပ်မောကျနေတဲ့ ထက်မြက်တဲ့ဓားတဲ့၊ အဓိပ္ပာယ်ကို သိလား"

"ဟင့်အင်း .."

ကိုစိုးကြီးက မတ်တတ်ရပ်ရင်း ရယ်သံနှင့်ပြောပါသည်။

"ဓားအိမ်က ထုတ်ပြီးရင် သွေးစွန်းရတဲ့၊ သို့က္ခာရှိတဲ့ ဓား တစ်ချောင်းလို့ ပြောတာကွ"

သူ ရယ်မိသည်ထင်သည်။ သတ်မှတ်ချိန်းဆိုထားတဲ့ ခြံရှေ့ရောက် တော့ အာခီယာကို မှတ်မိနေသည့်အစောင့်က ရိုရိုသေသေ တံခါးဖွင့် ပေးသည်။

အာခီယာနှင့်ကိုစိုးကြီးက ဆင်ဝင်အောက်အထိ ဆိုက်ကားကို စီးသွားပါသည်။ ဆင်ဝင်အောက်တွင် အနက်ရောင်အင်္ကျီနှင့် လူနှစ် ယောက်ရှေ့ရောက်တော့ ဆိုက်ကားကိုရပ်သည်။ အာခီယာဆင်း ဆင်းချင်းပဲ ထိုလူနှစ်ယောက်က အာခီယာကို ဦးညွှတ်၍ ....

"ဆရာ့ကို ဆရာကြီး အပေါ်ထပ်မှာစောင့်နေပါတယ်၊ ဒီက ဆိုက် ကားဆရာက ခြံနောက်ဘက်က အဆောင်မှာ နားနားနေနေ အနားယူပါ"

ကိုစိုးကြီးက အာခီယာကို ဖျတ်ခနဲ မော့ကြည့်တော့ အာခီယာ က မသိမသာ ခေါင်းညိတ်ပြလိုက်သည်။ ကိုစိုးကြီးကို ဆိုက်ကားနှင့် အတူ ခြံဘေးပတ်လမ်းမှတဆင့် တစ်ယောက်ကခေါ်သွားပြီး တစ်ယောက်က အာခီယာကို ထပ်မံဦးညွှတ်ကာ အိမ်မကြီးထဲ ဝင်သွားပါသည်။ မှုန် ကုပ်ကုပ်နှင့် ငြိမ်သက်သောအိမ်ကြီးဟာ ခြံအပြင်က ကြည့်ရင် နှစ်ချို့ ပင်တွေကြားမှာ အိမ်ခေါင်အနည်းငယ်ထွက်ရုံသာ မြင်ရပါသည်။

အိမ်မကြီးထဲ သူဝင်တော့ အထဲမှာ ပြင်ဆင်ထားသည့် အခင်း အကျင်းတွေက ဤအိမ် ပြင်ပအပြင်အဆင်နဲ့တောင် မလိုက်၊ အေး စက်သွားသော လေထု၊ ပြောင်လက်တောက်ပနေသော နိုင်ငံတကာ အပြင်အဆင်တွေသည် သူ့အတွက် အံ့သြစရာ။ ရှေ့ကဦးဆောင်





ခေါ်သွားရာ အပေါ်ထပ်လှေကားအတိုင်း သူ လိုက်လာခဲ့သည်။ အပေါ် ထပ်ရောက်တော့ အခန်းတစ်ခုရှေ့အရောက် သူ့ကို ဦးဆောင်ခေါ်သွား သူက အချက်ပေးအလုပ်တစ်ခု နှိပ်လိုက်ပါသည်။ တံခါးပွင့်သွားတော့ အထဲကလူတစ်ယောက် ထွက်လာသည်။

"ရောက်လာပါပြီ"

ဦးဆောင်ခေါ်သွားသူက ပြောပြီး လှည့်ထွက်သွားတော့ အထဲက လူက ...

"အထဲမှာ ဆရာကြီး စောင့်နေပါတယ်"

လူပုံစံတွေက မိုက်တိမိုက်ကန်းပုံစံတွေ။ သို့သော် သူ့လိုရျာတိတ်ကို အရမ်းရိုသေနေပုံက ဆရာကြီးဆိုသူရဲ့ အစီအမံဖြစ်မည်ထင်ပါသည်။

အာခီယာ အတန်းထဲရောက်တော့ အနက်ရောင်ကျွန်းစားပွဲရှည် ကြီးနောက်မှာ ဆုံလည်ကုလားထိုင်တစ်ခုပေါ် ခြေချိတ်ထိုင်နေထဲ့ ကိုကိုလတ်ဆိုသူရဲ့အစ်ကို ကိုကိုကြီးဆိုသော ပုဂ္ဂိုလ်၊ ကိုကိုကြီးက အရင်ကတည်းက ရင်းနှီးနေသော ငယ်ပေါင်းမိတ်ဆွေလို အပြုံးရော အသံရော ဖန်ဆင်းသည်။

"ကောင်လေး ... ရောက်လာပြီကိုး၊ တွေ့ရတာ ဝမ်းသာတယ် ဟေ့၊ ကိုယ့်ညီ ကိုကိုလတ်ရဲ့ ရိုင်းပျမောက်မာမှုအတွက်တော့ ခွင့်လွှတ်ပါလို့ ပြောချင်တယ်"

ကိုကိုကြီး ထိုင်ခုံမှထကာ အာခီယာ ရပ်နေရာဆီသို့လျှောက်လာကာ လက်ကမ်းပေးသည်။ အာခီယာကလည်းလက်ခွဲပြန်နှုတ်ဆက်သည်။

"ကဲ .. ကောင်လေး၊ မင်းကိုပြောတဲ့ အစီအစဉ်ကို လက်ခံပြီးရင် ..."

အာခီယာ ခေါင်းညိတ်ပြသည်။ စကားအပြောအဆိုနည်းတဲ့ သူ့ ပုံစံကြောင့် ကိုကိုကြီးက မျက်မှောင်ကြုတ်ကြည့်ရင်း ဘာမှမဟုတ်သလို

စကားလမ်းကြောင်း လွှဲပါသည်။

"ကဲ .. စန္ဒီ ဘယ်မှာလဲ"

"မမလေး အောက်ထပ်မှာပါ ဆရာကြီး"

"ခေါ်လိုက်စမ်းကွာ"

"ဟုတ်ကဲ့"

ဆရာကြီးရဲ့ တပည့်တစ်ယောက်က အခန်းထဲကဖုန်းဖြင့် အောက်ထပ်ကို ဆက်သွယ်ပါသည်။

"ဒီပြိုင်ပွဲရဲ့ အနိုင်အရှုံးပေါ် မူတည်ပြီး အကျိုးအမြတ်ကို မင်း ခံစားရမယ် အာခီယာ"

"ကျွန်တော် အကျိုးအမြတ်တွေကို မသိချင်ဘူး ကိုကိုကြီး၊ ကျွန်တော်နိုင်ခဲ့ရင်သာ ကျွန်တော့်သူငယ်ချင်းတွေကို လွတ်လပ်ခွင့်ပေးဖို့ ခင်ဗျား ကတိပေးရမယ်"

အာခီယာ စကားကြောင့် ကိုကိုကြီးက သရော်ဟန်အပြုံးဖြင့် ပြုံးရင်း ...

"အိုကေ ..အာခီယာ၊ မင်းစိတ်ဓာတ်ကို ငါ သဘောကျတယ်၊ အခု မင်းနဲ့ပြိုင်ဘက်က တစ်ဖက်ကမ်းပုဂ္ဂိုလ်ပဲ၊ သိပ်အစွမ်းထက်တယ် လို့ နာမည်ကြီးတယ်၊ အဲဒီပုဂ္ဂိုလ်နဲ့ ငါက စီးပွားဖက်တွေ အာခီယာ၊ ဒီလူနဲ့ငါ ကစားဖူးတယ်၊ ငါ တော်တော်များများ ရှုံးသွားခဲ့တယ်ကွ၊ အဲဒီရှုံးသွားတဲ့ ရှုံးကြေးကို ဒီပွဲမှာ ငါပြရချင်တယ် အာခီယာ"

အာခီယာက ကိုကိုကြီးကို စိုက်ကြည့်နေပါသည်။ ကိုကိုကြီး ကလည်း ပြန်လည်စိုက်ကြည့်သည်။ ကိုကိုကြီးမျက်ဝန်းအကြည့်က ဓားတစ်စင်းဆိုရင် အာခီယာအကြည့်က ဖယောင်းတိုင်မီးတောက်လေး လိုပဲ။ အဲဒီအကြည့်ထဲမှာ အပြန်အလှန် လျော်ကြေးဆန်တဲ့ ကတိတွေ ပါနေခဲ့မှာ နှစ်ဦးစလုံးသိကြပါသည်။





တံခါးဖွင့်သံကြားတော့ ကိုကိုကြီးက လှည့်ကြည့်ကာ ...

"လာ ... စန္ဒီ ..."

ခပ်ပျော့ပျော့ပိတ်စကို ဘောင်းဘီချုပ်ဝတ်ထားတဲ့ အနက်ရောင် မိန်းကလေးက ကြည့်လို့ကောင်းတာ အမှန်။ စန္ဒီ ဆိုသောအမျိုးသမီး က သူ့ကို ကြည့်သည်။ မာယာပါတဲ့အပြုံးက နည်းနည်း ကသိကအောင့် ဖြစ်စရာ ကောင်းသည်။

"သူက ဘယ်သူလဲ ကိုကိုကြီး"

အသံချိုမြိန်မြိန်က ခွဲခွဲနွဲ့နွဲ့။

"စန္ဒီ ... ကောင်လေးကို ပြင်ပြင်ဆင်ဆင်လေး လုပ်ပေးစမ်းပါ၊ မင်းလက်ထဲ ဝကွက်အပ်လိုက်ပြီနော်"

စန္ဒီက ခပ်မှုံးမှုံးရယ်သံနှင့်အတူ ...

"ကိုကြီး စန္ဒီ လိုသလို ပုံသွင်းလိုက်ရမလား"

ဘယ်လိုအထာနဲ့ ဘယ်လိုပြောလိုက်သည် မသိ၊ သူ့ကို ရယ် စရာလိုသဘောထားကာ ရယ်နေကြပါသည်။

"ကောင်လေး .. မင်း သူနဲ့လိုက်သွား"

ကျွန်တော်က စန္ဒီခေါ်ရာနောက်ကို လိုက်ခဲ့ပါသည်။ စန္ဒီက အခန်းကျယ်တစ်ခုဆီကို ဦးဆောင်ခေါ်သွားသည်။ အခန်းထဲရောက် တော့ စန္ဒီက သူ့ကို စေ့စေ့ခြုံငုံကြည့်ကာ ဗီရိုတစ်ခုထဲကနေ အနောက် တိုင်းဝတ်စုံတစ်စုံကို ရွေးချယ်ထုတ်ယူကာ သူ့ကို ကမ်းပေးသည်။ အာခီယာက ဘာမှနားမလည်ဟန်ရှိတာကြောင့် သူမက ပြုံးသည်။

"ချာတိတ် .. မင်း ဟိုအခန်းမှာ ရေမိုးချိုးပြီး ဒီဝတ်စုံဝတ်ခဲ့၊ တို့ ဒီက စောင့်နေမယ်"

"ဘာဖြစ်လို့ ကျွန်တော့်ကို ဒီဝတ်စုံကို ဝတ်ခိုင်းရတာလဲ"

အာခီယာက မှုန်ကုပ်ကုပ်နဲ့ မေးတော့ ...

"ဝတ်သာဝတ်ခဲ့ပါ၊ မင်း ဘာ့ကြောင့်ဝတ်ရတာလဲဆိုတာ မင်း မကြာခင် သိရမှာပါ"

အာခီယာ ဆက်ပြောလည်း ဘာမှ မထူးတော့တာမို့ မေးမနေတော့ပါ။ သူ့ကိုပေးတဲ့ ဝတ်စုံကိုယူပြီး ရေချိုးခန်းဘက် ထွက်လာခဲ့ သည်။ ရေချိုးခန်းထဲမှာ စိမ်ပြေနပြေ ရေမိုးချိုးကာ အဝတ်အစားကို ဖြစ်သလို ဝတ်ကာ ထွက်လာခဲ့တော့ စန္ဒီက ပြုံးတုံ့တုံ့နှင့် ထိုင်နေရာမှထကာ အာခီယာဆီ လျှောက်လာရင်း ...

"ဟော .. ရုပ်ရည်လေးက သန့်သန့်ပြန့်ပြန့် ရှိရဲ့နဲ့ကွာ၊ ဘယ်လို ဝတ်လာတာလဲ"

သူ့အနားရောက်တော့ စန္ဒီက ကော်လံတွေကို သေချာခေါက် ရိုးချိုးကြယ်သီးတွေ တပ်ပေးသည်။ သူမဆီက ရှတတ ရနံ့လေးက သူ့ရင်ကို အခုန်မြန်စေတာတော့ အမှန်။ ဒီကြားထဲ သူမက သူ့မျက်နှာပေါ်က အနေရခက်နေပုံကို ရိပ်မိဟန်နှင့် သူမမျက်နှာပေါ်က အပြုံးသည် ငါသိပါတယ် ချာတိတ်ရယ် ဆိုတဲ့သဘော။

"ခင်ဗျား ဘာပြုံးတာလဲ"

"ဟော့တော်၊ မင်းက ဂျစ်တစ်တစ်လေးပါလားကွ၊ ကဲ ... မပြုံးနဲ့ဆို မပြုံး...ဘူးကွာ"

စန္ဒီ ဆိုတဲ့ မိန်းကလေးက အာခီယာ မျက်တောင်တွေကို လေနဲ့ မှုတ်ထုတ်ကာ စတော့ ...

"ခင်ဗျားနော် ..."

သူမက သဘောကျနေဟန် အသံလွှင်လွှင်နဲ့ ရယ်ရင်း ...

"ကဲ ..ကဲ ..မစတော့ပါဘူးကွာ၊ ကဲ ...ဒီဖိနပ်ကိုစီး"





ပြောင်လက်နေအောင်တိုက်ထားသော အနက်ရောင်ရှူးဖိနပ်ကို သူမက မေးငေ့ပြသည်။

"ဟေး .. ဘယ်လိုဖြစ်ရပြန်တာလဲ ချာတိတ်"

အာခီယာ မျက်နှာပေါ်က မကျေနပ်ဟန်တွေကိုတွေ့တော့ သူမက မေးပြီး ...

"ဖဲလေးတစ်ခါရိုက်ရတာ ခင်ဗျားတို့က ရေချိုးခိုင်းပိုခိုင်း၊ ဘာ မဟုတ်တဲ့ အဝတ်အစားတွေ ဝတ်ခိုင်းလိုခိုင်းနဲ့ဗျာ"

အာခီယာ စကားကြောင့် သူမက လက်ပိုက်ကာ သူ့ကိုကြည့် ရင်း လေးလေးနက်နက် စကားတစ်ခွန်း ဆိုပါသည်။

"လောကမှာ မင်း အပေါ်ယံလို့ ထင်ထားတဲ့အရာတွေက ဘယ်လောက်အရေးကြီးလဲဆိုတာ မင်းတစ်နေ့ သိလာမှာပါ၊ ကိုယ် ဒီစကားကို မင်းအတွက် စေတနာနဲ့ ပြောတာပါ ချာတိတ်"

သူမကို အာခီယာကြည့်တော့ သူမ မလိမ်မညာမှန်း ယုံကြည် ရပါ။ အာခီယာ ဘာမှဆက်မပြောတော့ဘဲ ရှူးဖိနပ်ကို စီးရန်ပြင်တော့ စန္ဒီက ဒူးထောက်ထိုင်ကာ တရိုတသေ ဝတ်ပေးပါသည်။

"ဟာ .. မလုပ်ပါနဲ့ ကျွန်တော့်ဘာသာ ဝတ်ပါ့မယ်"

"ရပါတယ်ကွာ၊ ဒါက ကိုယ့်အလုပ်ပဲ"

အာခီယာ ဆက်ပြောလဲ ဘာမှထူးခြားမည်မဟုတ်ပါ။ ဖိနပ်ကိုစွပ်ပြီးတော့ စန္ဒီက သူ့ကို ထောင့်ပေါင်းစုံအနေအထားကနေ အမျိုးမျိုး ကြည့်သည်။ သူလည်း ရှုံ့တိုးရှုန်းတန်း ဖြစ်မနေတော့ပါ။ ကျေနပ်လောက်တဲ့ အနေအထားရောက်တော့ စန္ဒီက လက်ဖျောက်တီးကာ ...

"အိုကေ ... မင်း လမ်းလျှောက်ကြည့်ပါဦး"

အာခီယာက သူ လျှောက်နေကျအတိုင်းလျှောက်တော့ စန္ဒီက

ခေါင်းယမ်းရင်း …

"မဟုတ်သေးပါဘူး အာခီယာ၊ ကိုယ့်ကိုကိုယ် ယုံကြည်မှုလဲ ရှိရမယ်၊ စတိုင်လဲ ကျရမယ့် အနေအထားမျိုး၊ ဒီလိုကွ .."

စန္ဒီက သူ့ရှေ့မှာလျှောက်ပြတော့ အာခီယာက ရယ်သည်။ သူ ရယ်နေပုံကို တစိမ့်စိမ့်ကြည့်ရင်း …

"မင်းရယ်လိုက်တော့ တော်တော်ချောတယ် ချာတိတ်၊ မင်းနာမည် ဘယ်လိုခေါ်လဲ ချာတိတ်"

"အာခီယာ .."

"မင်းနာမည်က ထူးဆန်းပါလား၊ ဘာအဓိပ္ပာယ်လဲ"

အာခီယာက အခုတော့ စန္ဒီနဲ့ တရင်းတနှီး ဖြစ်သွားခဲ့ပါတယ်။ စန္ဒီက သွက်လက်သည်၊ ချက်ချာသည်၊ အပြင်ပန်းက ကလက်တက်တက် ဖြစ်နေပေမယ့် ခင်မင်စရာကောင်းသည်။

"ကျွန်တော် ဒီနေ့ ဖဲကစားရမှာလား"

သူမက ခေါင်းခါပြသည်။

"ဘာဖြစ်လို့လဲ"

"မင်းကို ကိုကိုကြီးက ဘာမှမပြောဘူးလား"

"ဟင့်အင်း .."

သူမက ခေါင်းတဆတ်ဆတ်ညိတ်သည်။

"အင်းလေ ..တို့ မင်းကို အခုအချိန်မှာ ဘာမှမပြောချင်ဘူး အာခီယာ၊ ဒါပေမယ့် တို့ မင်းကို သံယောဇဉ်ကြောင့် …"

သူမ ခေါင်းငုံ့သွားပါသည်။ စန္ဒီ့ရင်ထဲမှာ သူ့အပေါ် သံယောဇဉ်ကြီးမှန်း အာခီယာ သိပါသည်။

"မစန္ဒီ …"





အာခီယာ ရင်ထဲက အစစ်အမှန်စကားသံတစ်ခု။ နူးညံ့မှုတွေ ဝေးနေတဲ့ လူတစ်ယောက်ရဲ့ ရင်ထဲက စကားသံ …။ စန္ဒီက ခေါင်းပြန်မော့တော့ အံ့သြစရာကောင်းတဲ့ မျက်ရည်တွေနဲ့ ပြုံးနေတဲ့မျက်နှာ။

စကားပုံတွေ၊ ဆိုရိုးစကားတွေ ကြားဖူးပါတယ်။ မျက်ရည်တွေနဲ့ ရယ်မောနေတဲ့ မျက်နှာက သိပ်လှသတဲ့။

"တို့ မလိမ်ပါဘူး။ မင်းကို အခုမှသိရပေမယ့် ငို့ မင်းအပေါ် သံယောဇဉ်ရှိတာ အမှန်ပါ။ မင်း အရာရာကို သတိရှိပါ အာခီယာ"

မစန္ဒီက မျက်ရည်ပေါက်ကို သုတ်ရင်း …

"ကဲ .. ကိုကိုကြီးဆီ သွားကြရအောင် .. လာ …"

ကျွန်တော် မစန္ဒီနဲ့အတူ ကိုကိုကြီးရှိရာအခန်းထဲ ပြန်ဝင်တော့ ကိုကိုကြီးက အကျေနပ်ကြီးကျေနပ်ဟန် ခေါင်းတညိတ်ညိတ် အပြုံးမျက်နှာနဲ့ …

"ကြိုက်တယ်ကွာ၊ ကိုယ်လိုချင်တဲ့ အပြင်အဆင်က အဲဒါပဲ စန္ဒီ"

"အဲဒါ စန္ဒီလေ ကိုကြီးရဲ့"

"ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ ထိုင်ပါဦး … ကောင်လေး"

ကျွန်တော်က ကိုကိုကြီးရှေ့က ထိုင်ခုံမှာ ဝင်ထိုင်ပါတယ်။

"မနက်ဖြန် ပွဲစမယ် အာခီယာ၊ ဒါပေမယ့် ဒီမှာတော့ မဟုတ်ဘူး၊ ရန်ကုန်တက်ရမယ် အာခီယာ"

ရန်ကုန် …။ နာမည်မစိမ်းပေမယ့် ကျော်ကြားလှပတယ်လို့ သတင်းကြီးနေတဲ့မြို့၊ သူ သွားချင်နေသည့် နေရာ။

"ညနေ ၅ နာရီထိုးဆို တို့လစ်ကြတာပေါ့ကွာ၊ မင်း ကစားပွဲအတွက် အသင့်ဖြစ်ပြီလား အာခီယာ"

အာခီယာက ခေါင်းညိတ်ပြပါသည်။

"ကောင်လေး၊ မင်းအခန်းထဲမှာ သက်သက်သာသာ အနားယူချင်ယူ၊ စန္ဒီ ..."

မစန္ဒီက ဒုတိယအကြိမ်မြောက် သူ့ကို ပြန်လည်ခေါ်ဆောင်သွားပါတယ်။ သူ့ကို အိပ်ခန်းတစ်ခန်းဆီ ခေါ်ဆောင်သွားပါတယ်။

"မင်း ... သက်သက်သာသာ အနားယူတော့ အာခီယာ၊ သွားခါနီးရင် တို့ လာခေါ်မယ်"

"မစန္ဒီရော၊ ရန်ကုန်လိုက်မှာလား"

"အင်း ..."

မစန္ဒီက သူ့ခေါင်းကဆံပင်တွေကို ဖွကာ နဖူးကို ခပ်ဖွဖွနမ်းပြီး ထွက်သွားပါတယ်။ သူ အဝတ်အစားတွေလဲပြီး အိပ်ရာပေါ်မှာ ပစ်လှဲလိုက်မိပါတယ်။

  





"မြို့ထဲဝင်ပြီ အာခီယာ"

မစန္ဒီရဲ့ လှုပ်နိုးသံကြောင့် ကျွန်တော် ဖျတ်ခနဲ လန့်နိုးသွားပါသည်။ လက်ခုံနဲ့ မျက်ဝန်းကိုပွတ်သပ်ရင်း ကားတံခါးအပြင်ကိုကြည့်တော့ သူနဲ့ မရင်းနှီးဖူးတဲ့ ရှုခင်းတွေကို တွေ့ရပါသည်။ မြို့ပေါ် ရောက်လာတဲ့ တောသားတစ်ယောက်ရဲ့ဘဝ။

အာခီယာက ကားတံခါးကနေ အပြင်ကို စိတ်ဝင်တစားကြည့်တော့ ကိုကိုကြီးရဲ့ရယ်သံကို ကြားရပါသည်။ သူတို့မြို့ကထွက်လာကြတာ ကားနှစ်စီးနဲ့ပါ။ အာခီယာ အခုစီးနေတဲ့ ကားပေါ်မှာ ကားမောင်းသူရယ်၊ ကိုကိုကြီး၊ မစန္ဒီနှင့် အာခီယာ။ နောက်ကားပေါ်မှာက ကိုကိုကြီးရဲ့ တပည့်လေးယောက်။

အာခီယာတို့စီးလာတဲ့ ကားနှစ်စီးဟာ လှပခံ့ညားတဲ့ ခြံကြီးတစ်ခြံထဲ ဦးတည်မောင်းဝင်လာကြပါတယ်။

ကားရပ်သည်ဆိုသည်နှင့် ကားတံခါးကို အပြေးအလွှား လာဖွင့်

ပေးကြပါတယ်။ အနောက်တိုင်းဆန်ဆန် ဝတ်ဆင်ထားကြပေမယ့် နူးညံ့ပျော့ပျောင်းမှုတွေ မရှိကြတဲ့ အနေအထားတွေနဲ့ပါ။

"ကိုကိုကြီးတို့ကတော့ အချိန်ကိုက်ကွက်တိပဲပေါ့ .. ဟား ဟား ဟား ဟား"

"ဒါပေါ့ မိုးဦးရာ၊ ငါက ရှုံးထားတဲ့သူပဲ၊ ဒေးဗစ်ရော .."

"ဟိုတယ်မှာ တည်းတယ်ကွ၊ ဒါနဲ့ မင်းပြောတဲ့ချာတိတ်က သူလား"

ဦးမိုးဦး ဆိုသူက သူ့ကို ဈေးနှုန်းတပ်ထားတဲ့ ပစ္စည်းတစ်ခုလို ကြည့်ပါသည်။

"ချာတိတ်၊ မင်း အသက်ဘယ်နှစ်နှစ်ရှိပြီလဲ"

သူ့အသက်ကို ပြောပြတော့ ဦးမိုးဦးက ..

"ဟာ .. ကလေးပဲ ရှိတာပဲကွ"

"ကလေးပေမယ့် ငါ့ချာတိတ်က အဆိပ်အပြည့်နဲ့ မိုးဦး"

ကိုကိုကြီးစကားကြောင့် ဦးမိုးဦးက ...

"ယုံပါတယ် ကိုကိုကြီးရာ၊ မင်းခေါ်လာမှတော့ ဒီချာတိတ် ရေမြေမဟုတ်မှန်း ငါသိပါတယ်၊ ကဲ ... လာ .."

ဦးမိုးဦးက သူတို့ကို အိမ်ထဲ ခေါ်ဆောင်သွားပါတယ်။ ကိုကိုကြီး ရဲ့ တပည့်တွေကို ဦးမိုးဦးတပည့်တွေက သီးသန့်ခေါ်ဆောင်သွားပါသည်။ မစန္ဒီက သူ့ဘေးမှာ ထိုင်ပါသည်။ ကိုကိုကြီးနဲ့ ဦးမိုးဦးက စကားလက်ဆုံကျရင်း ဘီယာဘူးတွေ ဖောက်သောက်ကြသည်။ မစန္ဒီက ကုတ်ဘူးနှစ်ဘူး ယူလာကာ အာခီယာကို တစ်ဘူးပေးသည်။

"ဒီလူတွေက ဘာတွေလဲ မစန္ဒီ"

ကျွန်တော် ခပ်တိုးတိုး ကျိတ်မေးတော့ မစန္ဒီက ကျွန်တော့်ကို ခပ်တိုးတိုးပြန်ဖြေပါသည်။





"မင်းက သူတော်စင်လို့ ထင်နေလို့လား"

မစန္ဒီ ပြောလိုက်တဲ့အဓိပ္ပာယ်ကို သူ သိပါသည်။ ခဏနေတော့ ခြံထဲကို ကားတွေဝင်လာတဲ့အသံ ကြားရပါသည်။

"ဟော .. လာကြပြီထင်တယ် ကိုကိုကြီးရေ"

ကိုကိုကြီးနဲ့ ဦးမိုးဦးက အတူထရပ်ရင်း ဝင်လာတဲ့ပုဂ္ဂိုလ်ကို ရင်းရင်းနှီးနှီး နှုတ်ဆက်ပါသည်။

"ဟော ... ကိုကိုကြီးတို့တောင် ရောက်နေကြပြီကိုး၊ ဆောရီးကွာ၊ ငါ နောက်ကျသွားတယ်"

"ရပါတယ် ဒေးဗစ်ရာ၊ ငါက ရှုံးထားတဲ့သူဆိုတော့ ကြိုစောင့်နေရမှာပေါ့"

ကိုကိုကြီးစကားကြောင့် ဒေးဗစ် ဆိုတဲ့ပုဂ္ဂိုလ်က တဟားဟားရယ်ပါတော့သည်။ တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန် ရင်ချင်း အပ်သိုင်းဖက်ကြရင်း အတူထိုင်ကာ ဦးမိုးဦး ပြင်ဆင်ပေးတဲ့ ဘီယာဘူးကိုသောက်ရင်း မစန္ဒီ ဘက်လှည့်ကာ ...

"စန္ဒီ မင်းကတော့ အမြဲတမ်းလှနေတာပဲနော်"

"ကျေးဇူးတင်ပါတယ် ဒေးဗစ်"

ဒေးဗစ် ဆိုတဲ့ပုဂ္ဂိုလ်က ကျွန်တော့်ကို မြင်တွေ့သွားပြီး အကဲခတ်ကာ ..

"ဒါ ကိုကိုလတ်လဲ မဟုတ်ပါဘူး၊ သူက ဘယ်သူလဲ မိုးဦး"

ဒေးဗစ် ဆိုတဲ့ပုဂ္ဂိုလ်က နားမလည်ဟန် မေးပါသည်။

"မင်းနဲ့ ကစားမယ့် ပုဂ္ဂိုလ်လေးက သူပဲ ဒေးဗစ်"

"အိုးမိုင်ဂေါ့ဒ် ..."

ဒေးဗစ်ရဲ့ ဘုရားတသံက အားလုံးအတွက် ရယ်စရာကောင်း

နေတာ အမှန်ပါ။

"မင်း အနားယူဦးမလား ဒေးဗစ်"

"ဟင့်အင်း ... ပွဲစီစဉ်လိုက်တော့ မိုးဦး၊ ငါ ဒီပွဲကို စိတ်ဝင်စားသွားပြီ"

ဦးမိုးဦး အချက်ပြတော့ အားလုံးမတ်တတ်ရပ်ကာ ဦးမိုးဦး ဦးဆောင်ခေါ်သွားတဲ့ အခန်းထဲ ဝင်လိုက်ကြပါတယ်။ အခန်းက တော်တော်ကျယ်ပါတယ်။ အခန်းထဲမှာ ဖွဲ့စည်းထားပုံက သက်တောင့်သက်သာ အနားယူစေရန် ထောင့်တစ်ထောင့်မှာ ရှိုးကေ့စ်တွေ၊ ဆိုဖာတွေ စီစဉ်ထားပြီး ဘားကောင်တာတစ်ခုပါ စီစဉ်ထားသည်။

အခန်းရဲ့အလယ်မှာတော့ ပြောင်လက်တောက်ပတဲ့ ကျွန်းသားရောင်စားပွဲအရှည်၊ စားပွဲရဲ့အစွန်းတစ်ဖက်စီမှာ နောက်မှီထိုင်ခုံ တစ်ခုစီ။

ကိုကိုကြီးက အာခီယာကို ပခုံးပုတ်ပြီး စိုက်ကြည့်သည်။ အာခီယာက စားပွဲအစွန်းတစ်ဖက်က ထိုင်ခုံမှာ ဝင်ထိုင်သလို ဒေးဗစ်ကလည်း တစ်ဖက်မှာ ဝင်ထိုင်ပါတယ်။ ဦးမိုးဦးက လက်ခုပ်တီးတော့ အသက်နှစ်ဆယ်ဝန်းကျင် မိန်းကလေးတစ်ဦးက ဗန်းလေးတစ်ခု ကိုင်ကာ စားပွဲအလယ်ကို လျှောက်လာပါတယ်။ ထိုမိန်းကလေးသည် ပေါင်ရင်းနားလောက်ရှိသည့် စကတ်တိုတို၊ လက်မောင်းသားနှစ်ဖက် ဝင်းလက်နေအောင် မြင်သာသည့် ချိုင်းပြတ်အင်္ကျီကို ဝတ်ဆင်ပြီး စားပွဲအလယ်မှာ ရပ်ပါသည်။

ဗန်းလေးထဲက ဖဲထုပ်တွေကို စားပွဲအစွန်းမှာ တင်ပြီး ဖဲထုပ်အသစ်ကို နှစ်ဖက်ကစားသူ မြင်သာအောင် ပြသည်။

ကိုကိုကြီး၊ ဦးမိုးဦးနှင့် မစန္ဒီက ဆိုဖာမှာထိုင်ရင်း သူတို့ဝိုင်းကို ကြည့်နေကြပါသည်။ မိန်းကလေးက ဖဲထုပ်ကို ကျင်လည်စွာ ကလဖန်ထိုး၊ အစီအရီခင်းကျင်းပြီး တစ်ရွက်စီထုတ်ကာ ခင်းသည်။





ဦးဒေးဗစ်က အာခီယာကို တစ်ချက်ကြည့်ပါသည်။ အာခီယာကလည်း ဦးဒေးဗစ်ကို ကြည့်သည်။

စားပွဲပေါ်မှာ ပိုက်ဆံတွေက တစ်ထပ်ပြီးတစ်ထပ် မြင့်တက်လာပါတယ်။ သူ့ဘက် ကိုယ့်ဘက် လာသိမ်းသူတွေက တပွေ့တပိုက်။ နှစ်နာရီလောက်ကြာတော့ ပွဲကို ခဏရပ်ကာ အနားယူချိန်အဖြစ် သတ်မှတ်ပါတယ်။ စားပွဲဝိုင်းကထတော့ အနိုင်အရှုံးက သိပ်မသိသာ လှ။ ဦးဒေးဗစ်က အာခီယာဆီလျှောက်လာကာ လက်ကမ်းပေးတော့ အာခီယာက အလိုက်သင့် လက်ဆွဲနှုတ်ဆက်ပါသည်။

"မင်းကို ကိုယ် တကယ်လေးစားတယ် ချာတိတ်၊ ကိုယ့်နာမည် ဒေးဗစ်ပါ"

"ကျွန်တော့်နာမည် အာခီယာ"

"ဘယ်လိုလဲ ဒေးဗစ်"

ဦးမိုးဦးက ထိုင်နေရာမှ အပြုံးနဲ့ လှမ်းမေးတော့ ဦးဒေးဗစ် ပခုံးတွန့်ပြီး ကိုကိုကြီးဘေးမှာ ဝင်ထိုင်ပါတယ်။

မစန္ဒီက သူ့ကို ထမင်းစားခန်းဘက် ခေါ်သွားရင်း သူစားဖို့ ပြင်ဆင်ခိုင်းသည်။ ထမင်းစားခန်းက ကောင်လေးက သူစားဖို့ ပြင်ဆင်ထားတာ ဟင်းတွေ အစုံအလင်။ သူ စားပွဲဝိုင်းပေါ်က စားချင်စဖွယ် ဟင်းလျာတွေကိုမြင်တော့ လှသောင်းတို့၊ မမနေရီတို့၊ ဦးလေးတို့ကို သတိရမိခဲ့တာ မညာချင်။

"မင်း တကယ်ပဲ လူတော်ပဲ အာခီယာ၊ ကိုယ်ဒီလောက်မထင်ထားခဲ့မိဘူး"

မစန္ဒီက သူ စားဖို့ ဟင်းတွေ ခပ်ထည့်ပေးရင်း ပြောသည်။

"မင်းကို အကဲခတ်ရတာ မလွယ်မှန်း ဒေးဗစ်သိလောက်ပြီကွ၊

မင်းက တကယ့်မွေးရာပါကစားသမားပဲ”

“ဒီလူတွေ အားလုံးက ဘာလဲ မစန္ဒီ”

မစန္ဒီစကားနဲ့ သူမေးတဲ့ စကားတွေက ကဖြားစီ။ မစန္ဒီက မျက်ခုံးပင့်ရင်း သူ့ကိုကြည့်ကာ သက်ပြင်းချပါသည်။

“မကောင်းလုပ်တဲ့လူတွေချည်းပဲ အာခီယာ”

“ဒါဆို မစန္ဒီကရော ....”

သူမေးတဲ့ အမေးစကားကြောင့် မစန္ဒီ ငိုင်ကျသွားပါသည်။ နောက်တော့ လေးတွဲ့တွဲ့စကားတစ်ခွန်း ဆိုပါသည်။

“မစန္ဒီဘဝက နောက်ဆုတ်လို့မရတော့ဘူး အာခီယာ၊ နောက်ဆုတ်လို့မရအောင်လဲ ကိုကိုကြီးက ချုပ်ကိုင်ထားပြီလေ”

“ဟာဗျာ .. ဒါ သက်သက်အနိုင်ကျင့်တာပဲ”

သူ့ရဲ့ မခံချင်စိတ်နဲ့ စကားသံကြောင့် မစန္ဒီက နာနာကျင်ကျင် အပြုံးနဲ့ သူ့ခေါင်းကိုပွတ်ကာ ..

“ဒါတွေ ထားလိုက်ပါတော့၊ နောင်တစ်ချိန်ကျရင် မစန္ဒီအကြောင်းကို မင်းကိုပြောပြပါ့မယ် အာခီယာ၊ မင်း စိတ်ဝင်စားပါ့မလား”

သူ ထမင်းပလုပ်ပလောင်းစားရင်း ခေါင်းညိတ်ပြလိုက်သည်။

ထမင်းစားသောက် ခဏနားပြီး ပွဲကို ပြန်စပါတယ်။ ပွဲပြန်စချိန်မှာတော့ သူ ဦးဒေးဗစ်ကို ပညာစွမ်းတွေ ပြပါသည်။ နားထဲမှာ လေးလေး ညွှန်ကြားတဲ့အသံတွေကို တစ်ခုပြီးတစ်ခု ကြားနေရပါ တယ်။

ပွဲပြီးခါးချိန်မှာတော့ ကိုကိုကြီးထင်ထားတဲ့အဗိုင်းအတာထက် သူ ပိုရလိုက်ပါတယ်။ ဒေးဗစ်ကတော့ မျက်နှာပေါ်က ချွေးတွေကို လက်ကိုင်ပဝါအဖြူလေးနဲ့သုတ်ရင်း မတ်တတ်ရပ်ကာ လက်မြှောက် ပြရင်း ...





“ကိုယ်ရှုံးပြီ ကိုကိုကြီး၊ ကိုယ့်ကို ခွင့်ပြုဦး”

ဒေးဗစ်နဲ့ သူ့အဖွဲ့ထွက်သွားတော့ ကိုကိုကြီးလူတွေက အိတ်တွေ ထဲ ငွေတွေထည့်သည်။ ကိုကိုကြီးက အတျောနုပ်ကြီး ကျေနပ်နေပုံနှင့် သူ့ပခုံးကို ဖက်ရင်း ပျော်ရွှင်နေပုံရပါသည်။

သူ့ရင်ထဲမှာတော့ ထူးထူးခြားခြား ဘာမှဖြစ်မနေ။ မစန္ဒီက အခန်းထောင့်ကနေ အာခီယာကို ငေးကြည့်နေပါသည်။

"ဦး လေး .."

ကျွန်တော့်ခေါ်သံကြောင့် ဦးလေးက လှည့်ကြည့်သည်။ သူ့ကို မြင်တော့ ဝမ်းသာအားရ ဖြစ်သွားပုံရကာ ထမင်းအိုးမွှေလက်စ ယောက်မကြီးကိုလွှတ်ချကာ ခင်းထားတဲ့ဝါးခင်းတွေကို အသံဆူညံ အောင်နင်းရင်း ပြေးဖက်သည်။ သူတို့တူဝရီးနှစ်ယောက်ဖြစ်အင်ကို ကြည့်ပြီး လှသောင်းတို့က ရယ်ပါသည်။

"စိတ်ပူလိုက်ရတာကွာ၊ အဆင်ပြေလား ငါ့သား"

"ဟုတ်ကဲ့"

အာခီယာပခုံးကိုဖက်ကာ ကြမ်းပြင်ပေါ် မှာ အတူထိုင်သည်။

"ဒါဟာ နောက်ဆုံးပွဲပဲနောက် ငါ့သား"

"စိတ်ချပါ ဦးလေး၊ ဒါ လေးလေးအတွက် ..."

အာခီယာက ကတိပေးပြီး လှသောင်းလက်ထဲက အထုပ်တွေကို ဦးလေးကို ပေးသည်။ ဦးလေးက အထုပ်တွေကို ဖွင့်ကြည့်တော့ ...

"ဟ .. အကောင်းစားအရက်တွေပါလား"





ကျွန်တော် လေးလေးဖြစ်ပုံကို သဘောကျရယ်ရင်း အဖြစ်အပျက် တွေကို ရှင်းပြသည်။

"ကျွန်တော်နဲ့ ကစားတဲ့သူက တစ်ဖက်ကမ်းခတ်လူဗျ လေးလေး"

"ဟေ .. အဲလောက်ကြီးတောင်လား"

"နိုင်တဲ့ငွေကြေးပါ ပြောပြလိုက်လေ အာခီယာ"

အောင်မိုးက စိတ်စောစွာပြောတော့ နေထွန်းက တိတ်တိတ် နေရန် တံတောင်နှင့်တွတ်သည်။

"ဦးလေး .. ဘယ်လောက်နိုင်မယ်ထင်လဲ"

လေးလေးက ခေါင်းခါပြပြော့ အာခီယာက လက်ညှိုးနှစ်ချောင်း ထောင်ပြသည်။

"နှစ်သိန်းလား"

လေးလေးက ဘုမသိဘမသိနဲ့ပြောတော့ အကုန်လုံး ရယ်ကြ ပါသည်။

"ဘယ်ကလာ နှစ်သိန်းရမှာလဲ ဦးလေးရယ်၊ သိန်းနှစ်ထောင်ဗျ"

"ဟေ ... ဟုတ်ရဲ့လားဟ"

"ဟုတ်ပါတယ် ဦးလေးရာ၊ ဒီလူတွေက လူကောင်းတွေမဟုတ် ဘူး၊ နိုင်ငံခြားရုပ်ရှင်ကားထဲက မာဖီးယားဂိုဏ်းသားပုံစံတွေဗျ။ ကိုကို ကြီးဆိုတဲ့လူက နေထွန်းတို့ရှုံးထားတဲ့ ရှုံးကြေးကို လျော်တဲ့အပြင် ကျွန်တော့်ကို သိန်းငါးရာပေးလိုက်တယ်"

"ဟာ ..ပွတာပေါ့"

လေးလေး ဝမ်းသာအားရပြောတော့ ကျွန်တော် ခေါင်းခါပြ လိုက်သည်။

"ကျွန်တော် မလိုချင်ဘူး ဦးလေး၊ ကျွန်တော် ငြင်းလိုက်ပါတယ်၊

ဒီပိုက်ဆံက မသန့်ရှင်းဘူး ဦးလေး၊ ဒီငွေတွေကို ကျွန်တော် မသတီလို့ ငြင်းလိုက်တယ်"

ဦးလေးက ခေါင်းတဆတ်ဆတ်ညိတ်ရင်း တပြုံးပြုံး ...။

"အဲဒါ ငါ့သားမှန်တယ်၊ ရုတ်တရက်ဆိုတော့ ဦးလေးလဲ မျော် သွားတာအမှန်ပဲ"

"ဒီပွဲတောင် နေထွန်းတို့ ရှုပ်ထားတဲ့ကိစ္စမို့လို့ ကျွန်တော် ဖြေရှင်း ပေးတာ သက်သက်ပါ၊ သူတို့လောကက ကျွံပြီးရင် နုတ်လို့မလွယ် ဘူးဆိုတာ ကျွန်တော်သိတယ်"

"အခု မင်းဝယ်လာတဲ့ ပစ္စည်းတွေက .."

ကျွန်တော်က အထုပ်တွေကို ပုတ်ရင်း ...

"ကိုကိုကြီးတို့အဖွဲ့ထဲက မစန္ဒီဆိုတဲ့ အမျိုးသမီးက အတင်း ဝယ်ပေးလိုက်တဲ့ လက်ဆောင်တွေလေ၊ ဒီလောက်တော့ ကျွန်တော် ယူသင့်တယ်ထင်ပါတယ်နော်"

ကျွန်တော့်အပြောကြောင့် လေးလေးက အားရပါးရရယ်ရင်း ကျွန်တော့်လက်မောင်းကိုထိုးသည်။

"အာခီယာ ရှိလား ဦးလေး"

"ဟော့ကောင် .. ဒါ မမနေရီအသံကွ"

လှသောင်းအသံကြောင့် ဦးလေးက ခပ်တည်တည်နဲ့ ...

"မရှိဘူး သမီးနေရီ၊ အထဲဝင်ခဲ့လေ"

"ဟာ ... အဲဒီကောင်လေးက ဘယ်သဝေထိုးနေလဲ မသိဘူး ဦးလေးရာ၊ ကျောင်းလဲ မတက်တာ နှစ်ရက်ရှိနေပြီ တကယ်ပဲ"

မမနေရီက ဆူအောင့်အောင့်အသံလေးနဲ့ တဲထဲဝင်လာပါတယ်။ မမနေရီနဲ့ နောက်အဖော်တစ်ယောက် ပါပါတယ်။ မမနေရီအတန်းထဲက





မမအေးမိစံ။

မမနေရီက ကျွန်တော့်ကို ရုတ်တရက်မြင်တော့ အံ့အားသင့်သွား ပါတယ်။ မမနေရီပုံစံကြောင့် ကျွန်တော်တို့ ဝိုင်းရယ်ကြတော့ ...

"ဟာ ..ဦးလေးက နောက်ပြီ၊ သွား ..မခေါ်တော့ဘူး၊ ဒီမှာဖြင့် ဦးလေး စားချင်မှာပဲဆိုပြီး ဖားသားဟင်းချက်ပြီး လာပို့ရသေးတယ်"

"အလကားစတာပါ သမီးရာ၊ သမီး ရုတ်တရက်ပျော်အောင်လို့ ပါကွယ်"

လှသောင်းက အလိုက်တသိ ချိုင့်ကိုလှမ်းယူကာ နောက်ဖေး မီးဖိုချောင်ထဲ ဝင်သွားကာ ချိုင့်ကို လှယ်ထည့်ပေးသည်။

"မောင်လေး ... ချိုင့်ကို မဆေးနဲ့တော့၊ မမ အိမ်ရောက်မှ ဆေး တော့မယ်"

"ဟုတ်ကဲ့ မနေရီ"

"ထိုင်လေ မမအေးမိ၊ ဘယ်လိုကနေ ဘယ်လိုပါလာတာလဲ"

မမအေးမိစံက မမနေရီဘေးမှာ ဝင်ထိုင်ရင်း ..

"ဆရာမဆီ သွားတာကွ၊ အပြန် နေရီနဲ့တွေ့လို့ မင်းဆီသွား မယ်ပြောလို့ လိုက်လာတာ၊ မင်းကို ဆရာမမေးနေတယ် အာခီယာ"

လေးလေးက ကျွန်တော့်ကို လှည့်ကြည့်ပါတယ်။

"အံမယ် .. ငါ့မောင်က မင်းသားကျနေတာပဲ၊ အပုံစားပါလား"

မမနေရီက သူ ဝတ်စားထားပုံကို အခုမှ သတိထားမိဟန်ဖြင့် စေ့စေ့ကြည့်ရင်း ပြောသည်။ နေထွန်းက မမစကားကြောင့် စနောက် နေပါတယ်။

"ရန်ကုန်မှာ ရုပ်ရှင်သွားရိုက်တာ မမနေရီ"

နေထွန်းစကားကြောင့် မမနေရီက ...

"မင်း ဘယ်တွေသွားနေတာလဲ အာခီယာ၊ ဦးလေးမေးတော့ လဲ မရေမရာ .."

လေးလေးက ဆေးလိပ်ရှာသလိုလို ဟိုလှည့်ဒီလှည့် လုပ်နေပါတယ်။

"အသိတစ်ယောက်ကို ရန်ကုန်ကို လိုက်ပို့တာ၊ အလုပ်ကိစ္စပါ မမနေရီ"

မမနေရီက ဆက်မေးလို့မရမှန်းသိတော့ မမေးတော့ပါ။ နောက်တော့ ဒီပြင်အကြောင်းတွေ ပြောဖြစ်ကြပါသည်။ ကျောင်းက ကိစ္စတွေ၊ တံတားကြီးဆောက်နေကြတဲ့ အကြောင်းတွေ၊ ကမ်းနားလမ်းက ဦးမာမွတ်ကြီး ကပ်စေးနည်းပုံ၊ စကားတွေ လုပြောကြ၊ ရယ်သံတွေနဲ့ တဲလေးထဲမှာ ဆူညံနေပါတယ်။

အပြန်ကျတော့ ကျွန်တော်တို့သုံးယောက် မမနေရီနဲ့ မမအေးမိစံ ကို လိုက်ပို့ပေးပါတယ်။





"**မင်း** ဘာလို့ကျောင်းပျက်ရတာလဲ အာခီယာ"

ဆရာမဆီရောက်တော့ ဆရာမက တော်တော်စိတ်ဆိုးနေပုံရပါတယ်။ ကြီးကြီးက လက်ဖက်သုပ်ပန်းကန်ကို စားပွဲပေါ် ချပေးရင်း သွားဘေးမှာ ဝင်ထိုင်ကာ ...

"ဟဲ့ ... ညည်းကလဲ ဒေါသကြီးပဲအေ၊ ကလေးပြောတာလဲ နားထောင်စမ်းပါဦး"

"မေမေကတော့ လုပ်ပြီ၊ မေမေ့မြေးဘက်ကပဲ အမြဲ ကာဆီးကာဆီးနဲ့"

ကြီးကြီးနဲ့ ဆရာမရဲ့ဖြစ်ပုံကြောင့် ကျွန်တော် ပြုံးလိုက်မိတယ်။ ဆရာမက အဲဒီအပြုံးကို မြင်တွေ့သွားကာ မျက်စောင်းထိုးရင်း ...

"မင်း ဘာပြုံးတာလဲ အာခီယာ၊ ပြောစမ်းပါ၊ ဘာလို့ ကျောင်းပျက်ရတာလဲ အာခီယာ"

"လေးလေးအသိတစ်ယောက်နဲ့ ရန်ကုန်ကို အရေးတကြီး သွားရလို့ပါ ဆရာမ၊ ဒါက ရန်ကုန်လက်ဆောင်၊ ဆရာမအတွက်"

"ဩော် .. ကျုပ်အတွက်တော့ မပါဘူးပေါ့"

ကြီးကြီးက သက်သက်မယ့်စနောက်နေတော့ အာခီယာက ...

"မပါလို့ဖြစ်မလား ကြီးကြီးရယ်၊ ကျွန်တော့်မှာ ဆရာမနဲ့ ကြီးကြီးပဲရှိတာ"

"မေမေ့မြေးက မေမေ့ကို ချွဲနေပြီနော်"

"ဩော် ... ဒါချွဲတာမဟုတ်ဘူး၊ အမှန်တွေ ပြောတာပဲဟာ၊ ကဲ လူလေး ထမင်းစားပြီးမှ ပြန်နော်၊ ကြီးကြီး သွားချက်လိုက်ဦးမယ်"

ကြီးကြီးက သူ့ခန္ဓာကိုယ် ဝတုတ်တုတ်ကြီးကို အားယူထရင်း နောက်ဖေးခန်းထဲဝင်တော့ ...

"ဘာဝိုင်းလုပ်ပေးရဦးမလဲ ကြီးကြီး"

"နေ ..နေ၊ မင်းဆရာမနဲ့ စကားပြောဦး၊ ဘာမှ သိပ်ချက်စရာမှမရှိတာ လူလေး"

"ဟုတ် .."

ကြီးကြီးထွက်သွားတော့မှ ဆရာမက သူ့ကို မျက်မှောင်ကြုတ်ကြည့်ရင်း ...

"အခုတလော မင်းခြေလှမ်းတွေ ပျက်နေတယ်နော် အာခီယာ"

"ဟာ ..မဟုတ်ပါဘူး ဆရာမရယ်"

"အေးပါ၊ မတွေ့သေးတော့ မင်းပြောထားဦး၊ တွေ့လို့ သိလို့ကတော့ မင်း မလွယ်ဘူးနော် အာခီယာ"

"ဟုတ်ကဲ့ပါ"

ဆရာမ တော်တော်နှင့် စိတ်မပြေသေး၊ နောက်တော့ ဆရာမက





စတွေပြန်မေး၊ သရုပ်တွေ ပြန်တွက်ခိုင်းပါတယ်။ နေ့လည်ထမင်းစားချိန်ရောက်တော့မှ ဆရာမက အနားပေးပါတယ်။

"တော်ပြီ သား၊ ဆရာမ ရေချိုးလိုက်ဦးမယ်၊ ပြီးရင် ထမင်းစားတာပေါ့၊ တအောင့်နေရင် မင်း မမနေရီ လာလိမ့်မယ်"

"ဟုတ်လား ဆရာမ၊ မနေ့ကတော့ ဘာမှမပြောလိုက်ဘူး"

ဆရာမ ရယ်နေပါသည်။ ဆရာမ ထွက်သွားတော့ ကျွန်တော် ပျင်းပျင်းရှိသည်နှင့် အိတ်ကပ်ထဲမှာ အမြဲဆောင်လေ့ဆောင်ထရှိတဲ့ ရောင်စုံစက္ကူဖြတ်ပိုင်းလေးတစ်ခုကို ထုတ်လိုက်ပါတယ်။ အဲဒီအညို ရောင်စက္ကူဖြတ်ပိုင်းလေးက သူ့လက်ထဲအရောက်မှာ ကျင်လည်လျင်မြန်စွာ စက္ကူငှက်ရုပ်လေးအဖြစ် ပြောင်းလဲသွားပါတယ်။

စက္ကူငှက်ရုပ်လေးကို စားပွဲပေါ်မှာ သူ တစိမ့်စိမ့်ထိုင်ကြည့်နေတုန်းမှာ ..

"ဟိတ် ..."

"မမနေရီ ..."

မမနေရီက ကျွန်တော့်စားပွဲပေါ်က ငှက်ရုပ်လေးကိုမြင်တွေ့သွားပါတယ်။ ငှက်ရုပ်လေးကို ယူကြည့်နေတုန်း ...

"ဟော .. နေရီ ရောက်လာပြီလား"

"ဟုတ်ကဲ့ ဆရာမ"

ဆရာမက ရေမိုးချိုးပြီးစ ပါးကွက်ကျားကြီးနဲ့အတူ စိုလက်စဆံပင်တွေကို သုတ်ရင်း ဝင်ထိုင်တော့ ...

"ပေး ဆရာမ၊ သမီး သုတ်ပေးမယ်"

"ရပါတယ် သမီးရယ်၊ ဂျာနယ်တွေ ကုန်ပြီလား"

"ဟုတ်ကဲ့ ဆရာမ"

မမနေရီက လွယ်အိတ်အကြီးကြီးကို ချွတ်ကာ အာခီယာဘေး က ခုံပေါ်မှာတင်ပြီး ဆရာမ နောက်ကျောကနေ ဆရာမဆံပင်တွေ ကို ခြောက်အောင်သုတ်ပေးနေရင်း ..

"ဆရာမ၊ အာခီယာ တစ်ခုခုလိမ်ထားပုံရတယ်"

"ဘာများလဲ သမီး၊ ပြောစမ်းပါဦး"

ကျွန်တော်က မမနေရီကိုကြည့်တော့ မမနေရီက စားပွဲပေါ်က ငှက်ရုပ်လေးကို မေးငေါ့ပြကာ ..

"ဟိုမှာလေ .. ငှက်ရုပ်လေးကို ကြည့်ပါလား ဆရာမ"

ဆရာမက ငှက်ရုပ်လေးကို ကိုင်ရင်း လှည့်ပတ်ကြည့်နေသည်။

"အဲဒီကောင်လေးက ငှက်ရုပ်ချိုးရင် သူ့စိတ်ထဲမှာ လက်ရှိဖြစ် နေတဲ့စက္ကူအရောင်ကိုရွေးတာ၊ အခု ငှက်ရုပ်လေးက အညိုရောင် လေ ဆရာမ၊ သူ့စိတ်ထဲမှာ ညစ်တစ်တစ်ဖြစ်နေတယ်နဲ့တူတယ် ဆရာမ"

မမနေရီက သူ့အားနည်းချက်ကို သိပုံရသည်။ ဆရာမက ပြုံး မိသွားရင်း ..

"ဟုတ်လား အာခီယာ"

အာခီယာ ခေါင်းကုတ်မိရင်း မျက်နှာအထားရခက်စွာ ...

"မဟုတ်ပါဘူး ဆရာမရယ်၊ ခေါင်းထဲမှာ ညီးစီစီဖြစ်နေလို့ ဘာ ရယ်မဟုတ်ဘူး၊ တွေ့တဲ့စက္ကူကို ထုတ်ပြီး ငှက်ရုပ်ချိုးလိုက်မိတာ"

"အာခီယာရယ် ... မောင်လေး၊ မင်း မလိမ်စမ်းပါနဲ့ကွာ"

မမနေရီက ငါသိတယ်ဆိုတဲ့သဘောနဲ့ နှာခေါင်းရှုံ့ပြမိသည်။ ဆရာမကတော့ အာခီယာနဲ့ နေရီလက်ကို ကြည့်ကာ သဘောတွေ ကျနေပါသည်။

"သမီးပြန်ရင် ဆရာမအခန်းထဲက သမီးအတွက် ထုပ်ထားတဲ့





အဝတ်အစားထုပ်ရှိတယ်၊ ယူသွား"

"ဟုတ် .. ဆရာမ"

"ကဲ ... လာ ထမင်းစားကြမယ်၊ နှစ်ယောက်လုံးစား"

"သမီး မဆာသေးလို့ မစားတော့ဘူး ဆရာမ"

"သမီး နေရီ ..."

ဆရာမရဲ့ မာဆတ်ဆတ်အသံကြောင့် မမနေရီ ခေါင်းပုသွားပါ တယ်။ ဆရာမ စားခိုင်းရင် မစားဘဲနေလို့မရတာ မမနေရီ သိရဲ့သားနဲ့။

"ကဲ ..ထ"

ကျွန်တော်က မမနေရီကို ထရန် မျက်ခုံးပင့်ပြတော့ မမနေရီ ထရပ်ပါသည်။

ကိုကိုလတ်တပည့် အကောင်ကြီးကြီးတွေက မလှမ်းမကမ်းမှာ သွားရပ်နေကာ ကျွန်တော်တို့ကို ကြည့်နေ၏။

"မင်းသူငယ်ချင်းတွေကို မင်းကို ငါတို့ဆီလာဖို့ လွှတ်ခိုင်းတာ မင်းဘာလို့ရောက်မလာတာလဲ အာခီယာ"

"မင်းတို့နဲ့ ငါ့ကြားမှာ ပတ်သက်စရာမှ မရှိတော့တာ"

ကိုကိုလတ်က နှုတ်ခမ်းတွန့်ကာ မဲ့သည်။

"ကိုကိုကြီးက နောက်ထပ်ပွဲတစ်ပွဲအတွက် မင်းကို အလိုရှိနေတယ် အာခီယာ"

"ငါ မလုပ်ပေးနိုင်ဘူး ကိုကိုလတ်၊ မင်း ကိုကိုကြီးကို ငါပြောတဲ့အတိုင်း ပြောလိုက်ကွာ"

"ကိုကိုကြီးခေါ်ရင် မလာလို့မဖြစ်ဘူးဆိုတာ မင်းသိတယ်နော် အာခီယာ"

"အဲဒီထဲမှာ ငါမပါဘူး ကိုကိုလတ်"

အာခီယာစကားကြောင့် ကိုကိုလတ်က ဘောင်ပေါ်မှ ခုန်ချကာ မျက်နှာချင်းဆိုင်သည်။

"သေချာတယ်နော် အာခီယာ"

"အသေချာဆုံးပဲ ကိုကိုလတ်၊ မင်းတို့ သွားတော့"

"အိုကေ ..."

ကိုကိုလတ်က လက်မြှောက်ပခုံးတွန့်ကာ သူ့လူတွေကို အချက်ပြပြီး ထွက်သွားကြပါသည်။

မမနေရီနားရောက်တော့ မမနေရီကို ခြေဆုံးခေါင်းဆုံး ကြည့်ပါတယ်။ အာခီယာ ရင်ထဲမှာ တစ်စုံတစ်ခု လှုပ်နှိုးခံလိုက်ရသလို ဦးနှောက်မှာလည်း အန္တရာယ်ရှိကြောင်း အချက်ပေးသံတွေ ကြားနေ





ရပါတယ်။

"သူတို့က ဘယ်သူတွေလဲ အာခီယာ"

"မမ မသိချင်စမ်းပါနဲ့ ကဲ ...သွားမယ်"

ကျွန်တော့်စကားကို မမနေရီ သိပ်ကျေနပ်ပုံမရပါ။

"မင်းနော်၊ ဘာတွေလုပ်နေတာလဲကွာ၊ မမနေရီ ရှုပ်ရှုပ်ယှက်ယှက် တွေ မကြားချင်ဘူးနော်"

"အင်းပါ"

မမနေရီက တစ်လမ်းလုံး ပွစိပွစိနဲ့ သူ့ကို ဆူပါတော့သည်။

"ဟာ .. မစန္ဒီ ညကြီးမိုးချုပ် .."

မစန္ဒီ အလောတကြီး ဆိုသည်။

"ပြဿနာတက်နေကြပြီ အာခီယာ"

သူ့ရင်ထဲ ထိတ်ခနဲ ဖြစ်သွားပါသည်။

"ဘာဖြစ်လို့လဲ မစန္ဒီ"

"မင်းကို မနိုင်တာနဲ့ ကိုကိုကြီးတို့ဟိုကောင်မလေးကို ခေါ်သွားတယ်"

"ဗျာ .. ဘယ်သူ့ကိုလဲ မစန္ဒီ"

"နေရီလတ်ကို ..."

"ဟာ ..."

အာခီယာ လက်သီးကျစ်ကျစ်ဆုပ်မိရင်း တောက်ခေါက်ကာ ...

"သူတို့ ဘယ်ကိုခေါ်သွားကြတာလဲ မစန္ဒီ"

မစန္ဒီက ကမ်းနားလမ်းအစွန်က ဂိုဒေါင်ကြီးတစ်ခုကို ရှတ်ပြကာ ...

"အဲဒီဂိုဒေါင်က သူတို့ရဲ့စခန်းတစ်ခုပဲ အာခီယာ"

"ကျေးဇူးပဲ မစန္ဒီ၊ မစန္ဒီ ဘယ်ပြန်မှာလဲ"

"ရတယ် အာခီယာ၊ မင်း သတိတော့ရှိပစေ အာခီယာ"

ကျွန်တော် ခေါင်းညိတ်ပြပြီး လှစ်ခနဲ ထွက်ခဲ့ပါတယ်။ လမ်းမှာ အဆင်သင့်တာနဲ့ လှသောင်းကို ဝင်ခေါ်ပါတယ်။ သူတို့ ဂိုဒေါင်ကြီးဆီ အပြေးလာခဲ့ပါတယ်။ ဂိုဒေါင်ကြီးဆီမရောက်ခင် လမ်းကွေ့တစ်ခု အရောက်မှာ ...

"အာခီယာ .. ရှေ့မှာလဲနေတဲ့ လူတစ်ယောက်"

ကျွန်တော်နဲ့လှသောင်း အမှောင်ရိပ်ထဲမှာ လဲနေတဲ့လူကို ပြေးပွေ့ကြည့်မိတော့ ....

"ဟင် .. မမနေရီ"





မျက်နှာတစ်ခုလုံး သွေးဆုတ်ဖြူဖျော့နေတဲ့ မမနေရီ ...။

"တောက် ..."

မမက ကယောင်ကတမ်း ညည်းညူပါသည်။

"အာခီယာ .. မမကို .. သူ ... တို့ .. ယုတ် မာ ..."

"လှသောင်း .. မင်း မမကို ဆေးရုံအမြန်ပို့"

"အာခီယာ ..."

"ငါပြောတဲ့အတိုင်းလုပ်ကွာ"

လှသောင်းက အံကြိတ်ရင်း အာခီယာကို ခေါင်းညိတ်ပြပါတယ်။ လှသောင်းကို သူထားခဲ့ပြီး ဂိုဒေါင်ကြီးနား ချဉ်းကပ်တော့ ဂိုဒေါင်ကြီးထဲမှာ ဘယ်သူမှ ရှိမနေပါ။

သူတို့ မမနေရီကို ယုတ်မာခဲ့ပြီး ပြန်ထွက်သွားကြပြီထင်ပါရဲ့။ ဂိုဒေါင်ထဲကို ပျဉ်ပြားနဲ့အောက်ခြေကို ကန့်လန့်ဖွင့်ပြီး သူ အထဲရောက်ခဲ့ပါတယ်။

ဂိုဒေါင်ထဲမှာ အမှောင်ရိပ်ကျတဲ့နေရာက အမှောင် ...မီးမှိန်မှိန် လင်းနေတဲ့နေရာ တစ်နေရာပါ ...သူ ကုန်ပစ္စည်းအထုပ်တွေကို တွေ့တော့ မစန္ဒီပြောတဲ့ သူတို့စခန်းဆိုတာကို သတိရမိလိုက်ပါတယ်။

ဒီပစ္စည်းတွေဟာ တရားမဝင်ပိုင်ဆိုင်ထားတဲ့ ကိုကိုကြီးရဲ့ ပစ္စည်းတွေဆိုတာ သေချာပါသည်။ သူ နှုတ်ခမ်းကိုကိုက် အံကိုကြိတ်မိရင်း ခင်ဗျား ကျုပ်အကြောင်းသိရမယ် ကိုကိုကြီးလို့ ကျိတ်ကြုံးဝါးမိပါသည်။

သူ ပတ်ဝန်းကျင်ကို အကဲခတ်တော့ ဆီပုံးတွေကိုတွေ့ရသည်။ ဆီပုံးတွေကို မှောက်လှဲသွန်ချပြီး စားပွဲတစ်ခုပေါ်မှာ ပြန့်ကျဲနေတဲ့ ဖဲထုပ်တွေကြားက မီးခြစ်ကိုယူသည်။ အဝတ်စပောင်းတစ်ခုကို လက်ထဲက ကိုင်ထားတဲ့ သစ်သားစထိပ်မှာ စုချည်နှောင်ပြီး မှောက်လဲကျနေတဲ့

ကူးရေးချင်ရတာလဲ အာခီယာ၊ အခုဆို မင်းဘဝမှာ အလင်းရောင်တွေ ပေါ်ပြီလေ၊ အဲဒီအလင်းဟာ မင်းရဲ့ စည်းကမ်းသေဝပ်မှုကြောင့်ပဲ၊ အခုဆို ချိုင်းလောကြောင့် မင်း ဒီကနေ သွားရတော့မယ်၊ မင်း ဝမ်းမသာဘူးလား အာခီယာ"

ဆရာလေးစကားကြောင့် အာခီယာ ပြုံးသည်။အပြင်ကိုကြည့်တော့ လရောင်နဲ့နှင်းတွေ ရောထွေးအေးမြနေပုံက အဆန်းတကြယ် လှပမှုပါ။

"မင်းရဲ့ မမနေရီနဲ့ ထပ်ဆုံဖြစ်သေးလား"

ကျွန်တော် ခေါင်းခါပြမိသည်။

"ဘာဖြစ်လို့ ..."

"ကျွန်တော် သူတို့နဲ့ မတွေ့ချင်ဘူး ဆရာလေး၊ ကျွန်တော့်ကို သူတို့လာတွေ့ရင် ငိုကြလိမ့်မယ်၊ မျက်ရည်တွေ ငိုသံတွေကိုမြင်ရင် အတိတ်ဆိုတာကြီးကို သတိရလာလိမ့်မယ်၊ အဲဒီအကျိုးဆက်ကြောင့် ဒီမှာနေရတဲ့ကာလတစ်လျှောက်လုံး အလွမ်းတွေ၊ အဆွေးတွေနဲ့ နပမ်းလုံးရမှာပေါ့ ဆရာ"

"မင်းအတွေးတွေကိုတော့ ငါလဲ လိုက်မမီတော့ဘူး အာခီယာ"

ဆရာလေးက သူ့ကို သိုင်းဖက်ပြီး ပြောတော့ ...

"ဟုတ်တယ် ဆရာလေး၊ ကျွန်တော်တွေးတဲ့ အတွေးတွေကိုက မူမမှန်ဖြစ်နေတယ် ထင်တယ်"

"ဒါနဲ့ မင်းကို အမိန့်ချမှတ်တော့ ဘယ်သူတွေရှိလဲ"

အာခီယာ သက်ပြင်းချမိသည်။

"ဦးလေး၊ မမနေရီ ဆရာမ၊ ကျွန်တော့်သူငယ်ချင်းတွေ ကျွန်တော်နဲ့ပတ်သက်ခဲ့သူတွေ၊ နောက်ပြီး အမိန့်ချပြီးချိန် အပြုံးနဲ့ ခပ်တိုးတိုး စိန်ခေါ် စကားဆိုသွားတဲ့ ကိုကိုလတ်"





"ကိုကိုလတ်ဆိုတာ ..."

"ကိုကိုလတ်ဆိုတာ ကိုကိုကြီးရဲ့ညီ လူမိုက်ပေါက်စလေးပေါ့"

"သူက ဘယ်လိုကြိမ်တာ ‌ဝါးသွားလဲ အာခီယာ"

အဝေးက ခွေးတစ်ကောင်ရဲ့အူသံက ဆွဲဆွဲငင်ငင် ..။

"တစ်ချိန်မှာ မင်းနဲ့ငါ ပြန်ဆုံမှာပါတဲ့၊ အဲဒီအချိန်ကျရင် အသည်းမာဖို့ မင်းပြင်ဆင်ထားပါ၊ ငါ့အစ်ကိုအတွက် မင်းပေးဆပ်ရမှာ ဘယ်လောက်ထိပြင်းထန်လဲဆိုတာ အဲဒီအချိန်ကျရင် မင်းသိစေရမယ်တဲ့"

ဆရာလေးက လေပူမှုတ်ထုတ်ရင်း ...

"သိပ်လဲ ဖွတ်တရွတ်လုပ်မနေနဲ့နော် ညီလေး၊ မင်း ဒီ ကလေးလူငယ်သင်တန်းကျောင်းမှာ မင်းဘဝ တိုးတက်နေခဲ့ပြီ မင်းဘဝလေး ငြိမ်းချမ်းနေခဲ့ပြီ၊ ဒီငြိမ်းချမ်းမှုတွေကို အခွန့်ရှည်စေချင်တယ်ကွာ အာခီယာ"

"စိတ်ချပါ ဆရာ"

ဆရာက ကျေနပ်ပီတိနဲ့ မတ်တတ်ရပ်ရင်း သူ့ပခုံးကိုပုတ်ကာ ...

"ကဲ .. အိပ်တော့၊ မနက် မင်းကျောင်းတက်ရဦးမှာ"

"ဟုတ်ကဲ့ .."

သူ အသင့်ပြင်ဆင်ထားတဲ့ အိပ်ရာပေါ် လှဲရင်း ပြတင်းပေါက်က တဆင့် မှုန်ဝါးဝါးလင်းနေရှာတဲ့ လမင်းကို ငေးကြည့်မိသည်။

အနာဂတ်ရဲ့အိပ်မက်တွေထဲမှာ ရွှေအဆင်းနဲ့လင်းပြမယ့် ကျွန်တော့်ရဲ့လမင်းလေး သံယောဇဉ်တွေကို လွမ်းဆွတ်နေခဲ့ပြီ။

ဖြစ်နိုင်ရင် ... ရင်ထဲမှာ အမြဲတမ်းလွမ်းနေမိသည်ဆိုတဲ့စကား ၄က်ကလေးများ ဖြစ်သွားရင်ကောင်းမှာ ...။

စကတ်ရဲ့အောက်က စတီးပြားနဲ့ တွယ်ချိတ်ထားခြင်းခံရတဲ့ ခြေထောက်တွေ။ သူမက ချိုင်းထောက်ကို အားပြုပြီး ဘေးနားမှာပုံထားတဲ့ အထုပ်တွေ တစ်ခုပြီးတစ်ခုယူကာ ကလေးတွေကို ဝေငှနေပါသည်။ ကျေနပ်ပီတိနဲ့ သူမခေါင်းမော့ရယ်ပုံတွေ၊ ကလေးတွေရဲ့ ရှက်ကိုးရှက်ကန်းမျက်နှာလေးတွေက မြင်ရသူ ကြည်နူးစရာပါ။

ကျွန်တော် ဒီကျောင်းကို တည်ထောင်ခဲ့သူ ပြင်သစ်ဘုန်းတော်ကြီး (ပါပါဂွန်) ကို ရင်ထဲမှာ လေးစားဦးညွှတ်မိပါသည်။

အဖြူရောင်လေပြည်လေသွေးနဲ့တူတဲ့ မိန်းကလေးကို ကျွန်တော် ငေးကြည့်မိစဉ်မှာ မိန်းကလေး ဟန်ချက်ပျက်သွားတာကို ကျွန်တော်တွေ့မိတော့ ကျွန်တော့်စိတ်ကို ကျွန်တော် မခိုင်းစေခင်မှာပဲ လျှင်မြန်စွာ သူမအနားရောက်သွားပြီး ကျွန်တော်နဲ့သူမ လုံးထွေးကာ သူမ မနာကျင်အောင် ပွေ့ဖက်ထားမိသည်။

ငိုမဲ့မဲ့မျက်နှာလေးနဲ့ သူမကို အားယူတွဲထစဉ်မှာ ...

"သမီး .. သမီး .."

အသက်ငါးဆယ်ကျော်ဝန်းကျင် လူကြီးတစ်ဦးက စိုးရိမ်တကြီးနဲ့ ပြေးလာကာ ကလေးမကို တွဲထူပါသည်။

"သမီး ... ယုမိ ဘာဖြစ်သွားသေးလဲ"

ကောင်မလေးက ကျွန်တော့်ကို ခိုးကြည့်ကာ ...

"ဘာမှမဖြစ်ပါဘူး ဦးဦးထွန်း .."

ယုမိ လို့ အခေါ်ခံရတဲ့ ကောင်မလေးစကားကြောင့် ဘေးနားကလူကြီးက သက်ပြင်းချကာ ..

"တော်သေးတာပေါ့ကွယ်၊ အဲဒါကြောင့် ဦးထွန်းပြောတာပေါ့၊ ဦးထွန်းနဲ့ အတူနေပါလို့၊ အင်း ... တစ်ခုခု နည်းနည်းပါးပါးလေးများ





ဖြစ်လို့ကတော့ ဆရာကြီး က ဦးထွန်းကို ပြောလို့ဆုံးမှာမဟုတ်ဘူး"

ဦးထွန်း ဆိုသူက ကောင်မလေးကိုပြောပြီး သူ့ကို သတိထားမိကာ ...

"ဒါနဲ့ ... ဒီက သူငယ်က .."

ဖာသာနဲ့အတူ ဆရာဦးနိုင်ထွန်းက သူတို့နားလျှောက်လာပြီး ...

"ဘာဖြစ်တာလဲ အာခီယာ"

ဆရာဦးနိုင်ထွန်း ခေါ်သံကြောင့် ကောင်မလေးက သူ့နာမည်အတွက် အံ့အားသင့်နေပုံရပါသည်။ ကျွန်တော်က ဖာသာနဲ့ ဆရာကို ဖြစ်ပျက်ပုံကိုပြောပြပြီးချိန်မှာ ကောင်မလေးကလည်း ...

"ယုမိ ကို ဒီကအစ်ကိုက ကူညီတာပါ ဦးဦး၊ ဒီကအစ်ကိုကို ယုမိ ကျေးဇူးတင်ပါတယ်"

ကောင်မလေး ပြုံးပြလိုက်တဲ့အပြုံးက အားငယ်မှုတွေနဲ့ ရောထွေးနေတဲ့ အဖြူရောင်သက်တန့်တစ်ခုလို ..

"ကဲ .. သွားကြမယ် သမီး၊ မမှောင်ခင် ရန်ကုန်ရောက်ဖို့ အရေးကြီးတယ်၊ အားလုံးပဲ ပြန်ဦးမယ်နော်"

ဦးထွန်းက အားလုံးကို ခြုံငုံနှုတ်ဆက်ပြီး ယုမိကို တွဲခေါ်သွားသည်။ ယုမိက ကားနားရောက်တော့ ကားတံခါးမဖွင့်ခင် ကျွန်တော့်ကိုလှည့်ကြည့်ပြီး လက်ပြနှုတ်ဆက်ပါသည်။

နောက်ဆုံးပေါ် ကားမြင့်မြင့်ကြီးထွက်သွားမှ ဖာသာက ကျွန်တော်နဲ့ ဆရာဦးနိုင်ထွန်းကို ပြောပြပါသည်။

"နှစ်ပတ်တစ်ခါ ဒါမှမဟုတ်ရင် တစ်လတစ်ခါ ဒီကျောင်းကို ဒီကလေးမ လာတတ်တယ်ကွယ့် ရန်ကုန်မှာ နေနတ်သားအုပ်စု ကုမ္ပဏီ ဆိုရင် လူတိုင်းကြားဖူးကြတယ်၊ အဲဒီထဲမှာ နေနတ်သားအုပ်စုရဲ့ ကုမ္ပဏီ မန်းနေဂျင်းဒါရိုက်တာလဲဖြစ်တဲ့၊ ရှယ်ယာအများဆုံးနဲ့ ကုမ္ပဏီရဲ့ အရေးပါ အရာ

ရောက်ဆုံးပုဂ္ဂိုလ် နေနတ်သား ထွန်းမင်းဆိုရင် မသိသူမရှိသလောက်ပဲ၊ ကိုထွန်းမင်းက ဒီအတိုင်းသားပဲလေ၊ ကိုထွန်းမင်းရဲ့သမီး ခုနကတွေ့လိုက်တဲ့ ကလေးမ ယုမိစံက ရှစ်နှစ်သမီးအရွယ်လောက်တုန်းက ကားတိုက်ခံလိုက်ရတာ၊ သူ့အမေကတော့ ငယ်ငယ်ကတည်းက ဆုံးရှာပြီလေ"

အဝေးက ကားငယ်လေးကို မမြင်နိုင်မှန်းသိရဲ့နဲ့ ကျွန်တော် ငေးကြည့်နေမိပါသည်။ အဲဒီအချိန်ကစပြီး တစ်ကြိမ်တစ်ခါမှ ဧည့်သည်မရှိဖူးတဲ့ ကျွန်တော့်အဆောင်ကို ယုမိ နှစ်ပတ်တစ်ခါ အမြဲရောက်လာတတ်ပါတယ်။

အဖြူရောင်လေပြည်ဆန်တဲ့ ယုမိ ဆိုတဲ့မိန်းကလေးဟာ ကျွန်တော့်အတွက် ချစ်စရာကောင်းတဲ့ ညီမလေးတစ်ယောက်ဆိုရင် မမှားပါဘူး။ သာလိကာဆန်တဲ့ စကားသံလေးတွေနဲ့ ကျွန်တော့် အကြောင်းကိုလည်း စပ်စုတတ်သေးတယ်။

ကျွန်တော့်အကြောင်း တွေကို သူမကိုပြောပြတော့ မျက်ရည်တွေ ရီဝေဝေနဲ့ ဝိုမယောင် မျက်နှာလေးကို နှစ်သိမ့်ရပါသေးတယ်။

သူမက ကျွန်တော့်ကို ယုမိအတွက် ကိုကိုဟာ ချိုင်းထောက်လေး တစ်ခုလို အားကိုးမိတယ်ပြောတော့ ကျွန်တော်စိတ်မကောင်းမိတာ အမှန်ပါ။

သံယောဇဉ်တွေကို ခပ်ကင်းကင်းနေချင်တဲ့ ကျွန်တော်၊ သံယောဇဉ်တွေကြားထဲမှာ ပိတ်မိနေပါသေးတယ်။ ကျွန်တော် ဒီကထွက်သွားရမယ့်နေ့ကို ယုမိကို ကျွန်တော် လုံးဝမပြောပြခဲ့ပါ။

ကျွန်တော်အကြွေးဆပ်ရမယ့်ကိစ္စတွေက အနာဂတ်မှာ အများကြီး စောင့်ကြိုနေတယ်လေ။





"မေတ္တာတရားရယ်"
ကန္တာရထဲက အိုအေစစ်လို ..
မတော်တဆပဲဖြစ်ဖြစ် ...
တစ်ခါလောက် ငါရချင်တယ် ...။

ငြိမ်းစစ်မင်း

ဒီကျောင်းကနေ ကျွန်တော် အပြင်လောကကို စတင်ခြေချခွင့်ရတဲ့နေ့မှာ ကျွန်တော့်လက်မှာ အဖြူရောင်ငှက်လေးတစ်ကောင် ရှိနေပါတယ်။ ကျွန်တော့်ခြေလှမ်းဦးတည်ရာဟာ ရန်ကုန်မြို့။

ရန်ကုန်မြို့ဆိုတာ လပ်(စ်)ဗီးဂတ်မြို့လို့ တင်စားမခေါ်ဝေါ်ချင်ပေမယ့် သူ့အလှနဲ့သူ လှပနေတာတော့ အသေအချာပါ။ ဒါပေမယ့် သူ့ကိုယ်မှာလည်း နည်းနည်းရှုပ်ထွေးမှုတွေ ကပ်ငြိနေပါတယ်။ အိပ်မက်တွေ၊ ကျော်ကြားမှုတွေ၊ ပူစပ်ပူလောင် အရောင်တွေက နေ့တစ်လှည့် ညတစ်လှည့်စီ ...။

ရန်ကုန်မြို့ကို ခြေချမိချင်းပဲ ကျွန်တော် ဆရာလေးနဲ့ ဆရာဦးနိုင်ထွန်းတို့ကို သတိရမိသည်။ ရင်ထဲကစကားနဲ့ ကျွန်တော့်ဆန္ဒမပြည့်ဝမချင်း ခွင့်လွှတ်ပါ ဆရာ လို့ တောင်းပန်မိသည်။

ပြီးတော့ ရန်ကုန်မြို့ရဲ့ ကျောတစ်နေရာစာအတွက် ဘယ်လိုဖြေရှင်းရမှန်းမသိတဲ့ ကျွန်တော့်အတွက် ကံကောင်းခြင်းတစ်ခုက တက္ကစီဒရိုင်ဘာ ကိုမင်းနွယ်နဲ့ စတင်တွေ့ဆုံခဲ့တာပါပဲ။ ညဘက်တက္ကစီဆွဲတဲ့ ကားဆရာကိုမင်းနွယ်နဲ့ စတင်ဆုံပုံက လူရှင်းပြတ်လပ်တဲ့ လမ်းရဲ့အမှောင်ရိပ်တစ်ခုမှာပါ။





အဲဒီနေ့က အဖော်မပါဘဲ အရဲစွန့်ပြီး ကားထွက်ဆွဲခဲ့တဲ့ ကိုမင်းနွယ်ကို ငှားစီးလာတဲ့ လူနှစ်ယောက်က ဓားထောက်ကာ အနိုင်ကျင့်စီးပါတော့တယ်။

ဒီည ဘယ်မှာအိပ်ရပါ့မလဲလို့ တွေးရင်း ပလက်ဖောင်းဘေးက ကပ်လျှောက်လာတဲ့ကျွန်တော် အမှောင်ရိပ်ထဲအဝင် တက္ကစီကားတစ်စီးဘေးက လူသုံးယောက်ကို လှမ်းတွေ့လိုက်ပါတယ်။

အဝေးကကြည့်ရင် တစ်ဦးနဲ့တစ်ဦး ကားခညီနေသလိုလို စကားပြောနေတဲ့ အမူအရာပါ။ ကျွန်တော် သူတို့ကားဘေးကနေ ဖြတ်လျှောက်ရမှာ လုံးဝအသေအချာပါ။ မတ်တတ်ရပ်နေတဲ့ လူသုံးယောက်မှာ နှစ်ယောက်က မျက်နှာချင်းဆိုင်၊ အလယ်မှာရှိတဲ့ လူရဲ့နောက်မှာ နောက်တစ်ယောက်၊ အလယ်ကလူရဲ့ပုံစံ မကျနဘဲ ခပ်တောင့်တောင့်ရပ်တာကိုက သံသယဖြစ်စရာကောင်းနေပါတယ်။ ကျွန်တော် မသိမသာ အလယ်ကလူရဲ့မျက်နှာကို တစ်ချက်ကြည့်မိတော့ တစ်စုံတစ်ခု ပယောဂကပ်ငြိနေတဲ့ ဟန်အမူအရာ ...။

ကျွန်တော် ဘာလုပ်ရမလဲဆိုတာ ကျွန်တော် သိပါတယ်။ ကျွန်တော် ခေါင်းငိုက်စိုက်လမ်းလျှောက်ရင်း သူတို့ဘေးကအဖြတ် အမှတ်မထင်ရုတ်တရက် ဖွင့်ဟထားတဲ့ကားတံခါးကို ပြေးကန်လိုက်ရာ အလယ်ကလူရဲ့အနောက်က လူဟာ ကျွန်တော့်ရဲ့ကန်ချက်ကြောင့် အရှိန်နဲ့ကားထဲလွင့်စင်ကာ ကားတံခါးပိတ်ရက်သား။ အလယ်က လူကလည်း ခပ်ဝေးဝေးကို လွင့်ထွက်သွားသည်။ နောက်တစ်ယောက်ကတော့ အံ့အားသင့်ကာ ပါးစပ်အဟောင်းသားနဲ့ ကျွန်တော့်ကို ငေးကြည့်နေတုန်း ...

"ဘုန်း ..."

"အား ..."

နောက်ထပ်ကန့်ချက်တစ်ခုအတွက် ထပ်မံအံ့အားသင့်စရာမလိုတော့ပါဘူး။ ကားထဲမှာ တံခါးပိတ်မိနေတဲ့သူက ကားတံခါးအတင်းဆွဲဖွင့်ကာ သူ့လူကို အတင်းဆွဲထုတ်ပြီး ပြေးထွက်သွားပါတော့သည်။

ခပ်ဝေးဝေးလွင့်စင်သွားတဲ့ ကားဆရာထင်ရသူက ရွှံ့မဲ့ညည်းတွားကာ ဖုန်တွေခါထုတ်ရင်း ကျွန်တော့်ဆီလျှောက်လာကာ …

"ကျေးဇူးပါပဲ ညီလေးရာ၊ ဒီကောင်တွေ ဘူတာကနေ ကားငှားလာတာ၊ ဒီနေ့မှ အဖော်ကလဲ မရှိတော့ အခက်တွေ့တာပေါ့ကွာ၊ ငါ့ညီနဲ့သာမတွေ့ရင် အစ်ကိုတော့ မလွယ်ဘူး"

"ရပါတယ် အစ်ကို၊ ကျွန်တော်လဲ အစ်ကို မျက်စိမျက်နှာပျက်နေတာရယ်၊ ဟိုလူ အင်္ကျီထဲ လက်နှိုက်ထားရင်း အစ်ကို့နောက်ကနေ ထောက်ထားတဲ့ပုံစံကိုကြည့်ကတည်းက မထူးဘူးဆိုပြီး ဆုံးဖြတ်လိုက်တာ"

တစ်ချိန်မှာ ကျွန်တော်နှင့် ရင်းနှီးခင်မင်မည့် ကိုမင်းနွယ်က အားရပါးရ ရယ်ပါသည်။

"ဒါနဲ့ ငါ့ညီက ဒီအချိန်ကြီး ဘယ်ပြန်မှာလဲ"

ကျွန်တော့်ဆီက အဖြေထွက်မလာဘဲ ဟန်အမူအရာကြောင့် ကိုမင်းနွယ် မျက်ခုံးတွန့်ကြည့်ရင်း ကျွန်တော့်ကို အကဲခတ်ကာ ..

"ငါ့ညီက နယ်ကလာတာထင်တယ်"

ကျွန်တော် ခေါင်းညိတ်ပြမိသည်။

"ကဲ .. တက် .."

"ဘယ်လဲ အစ်ကို …"

ကျွန်တော့်အမေးကြောင့် ကိုမင်းနွယ်က ဘာမှ မထူးဆန်းတဲ့ဟန်ပန်နဲ့ …





"ငါ့အိမ်ကိုလေကွာ"

"ဟို ...."

"ဘာဖြစ်လို့လဲ"

"ကျွန်တော် ဘယ်ကလာတာလဲ၊ ဘယ်ကိုသွားမလို့လဲ၊ အစ်ကို မမေးတော့ဘူးလား"

ကျွန်တော့်စကားကြောင့် ကိုမင်းနွယ်က အားရပါးရ ရယ်ပြန် သည်။

"ငါက ဘာလုပ်ဖို့ မေးရမှာလဲ၊ မလိုဘူး၊ မင်း ငါ့ကိုတောင် ကယ်ပြီးပြီ၊ ငါက ထပ်မေးလို့ ဘာထူးမှာလဲ၊ လာ .. လိုက်ခဲ့"

ကိုမင်းနွယ် စကားဆုံးတော့ ကားပေါ် တက်သည်။ ကျွန်တော် က တစ်ဖက်ကနေ ကားတံခါးဖွင့်ကာ တက်တော့ ကားလေးက လျင်မြန်စွာ ရွေ့လျားလာပါသည်။

အဲဒီညက ချက်ချင်း အိမ်မပြန်ပါ။ အဝေးပြေးကားဂိတ်မှာ ဂိတ်ထိုးပြီး ကားခွဲဖြစ်ကြပါသည်။ နှစ်ခေါက်လောက် ကားခွဲပြီးတော့ မြို့လယ် လူစည်ကားရာနေရာမှာ ကားထိုးပြီး ဗိုက်ကို အစာဝင်ဖြည့်ပါတယ်။ နီယွန်မီးချောင်းတွေ၊ အညော်နံ့တွေ၊ ဝတ်စားဆင်ယင်မှု ဆန်းပြားတဲ့ ဖက်ရှင်တွေကိုကြည့်ပြီး ကျွန်တော် ပါးစပ်အဟောင်းသား ဖြစ်နေတော့ ကိုမင်းနွယ်က ကွမ်းအရဲသားသွားတွေပေါ် အောင် ရယ်ပါတော့သည်။

"အစ်ကို .. နိုင်ငံခြားကားတွေထဲက တရုတ်တန်းလား"

"ဟင့်အင်း .. မြန်မာတန်း .."

"ကျွန်တော်က ညဆိုတာ တိတ်ဆိတ်ငြိမ်သက် အိပ်စက်ခြင်းပဲ ထင်ထားတာ"

"ဝမ်းစာလေကွာ၊ ခေတ်မီဖွံ့ဖြိုးမှုရယ်၊ ဝမ်းစာရယ် ပေါင်းစပ်လိုက်တော့ ညဆိုတာတောင် အလုပ်တွေ၊ ပျော်ရွှင်မှုတွေနဲ့ ရှုပ်ထွေးသွားပြီကွ"

ကိုမင်းနွယ် ပြောတဲ့စကားက ကျွန်တော့်အဖို့ မှတ်သားစရာပါ။ စားသောက်ပြီးတော့ ကျွန်တော်နဲ့ကိုမင်းနွယ် ကားပေါ်တက်ကာ ကားအပ်ဖို့ ပြန်လာခဲ့ပါတယ်။ အုံနာအိမ်ရှေ့ရောက်တော့ ကိုမင်းနွယ်က ...

"ခဏစောင့်ကွာ ..."

ကျွန်တော် ကားပေါ်ကဆင်းတော့ ကိုမင်းနွယ်က အုံနာအိမ်ရှေ့က ခြံတံခါးကိုတွန်းဖွင့်ကာ ကားကို အထဲမောင်းဝင်သွားပါတယ်။ ခဏနေတော့ ကိုမင်းနွယ်နဲ့ ခြံစောင့်လို့ထင်ရတဲ့ လူတစ်ဦး အတူလျှောက်လာသည်။

"ကိုအုန်းမောင် .. သွားပြီ"

"အေး ... အေး ..."

"လာ ..သွားမယ်"

ကိုမင်းနွယ်နဲ့ကျွန်တော် ပလက်ဖောင်းအတိုင်း လမ်းလျှောက်လာရင်း ...

"ငါတောင် မင်းနာမည် မမေးရသေးဘူး၊ မင်းနာမည်က ဘယ်သူ၊ ငါ့နာမည်ကတော့ မင်းနွယ်လို့ ခေါ်တယ်ကွ"

"ကျွန်တော့်နာမည် အာခီယာ လို့ခေါ်တယ် အစ်ကို"

"ဟ ... နာမည်က ထူးထူးဆန်းဆန်းပါလား"

ကိုမင်းနွယ်က လမ်းချိုးလေးတစ်ခုထဲကို ချိုးကွေ့ဝင်ပါတယ်။ အုတ်ခဲကျိုးကျွေ စီတန်းခင်းထားတဲ့ လမ်းသွယ်လေးထဲဝင်ပြီး သေသေသပ်သပ်လေးဆောက်ထားတဲ့ ပေနှစ်ဆယ်ဝန်းကျင် ခြံလေးထဲက ပျဉ်ထောင်အိမ်လေးကို မေးငေါ့ပြီး ...

"ဒါ ငါ့ရဲ့ဗိမာန်တော်ပဲ အာခီယာ"

ကျွန်တော်နဲ့ ခြံနဲ့ဝန်းနဲ့ အိမ်လေးကိုကြည့်ပြီး သဘောကျမိပါ တယ်။ တစ်ဖက်အိမ်က လူကြီးတစ်ဦးက မျက်နှာသစ်နေရာမှ ...





"စောလှချည်လား မောင်မင်းနွယ်"

"ဟုတ်တယ် ဦးမြင့်စန်းရေ၊ ကျွန်တော့်ညီကို ကားဂိတ်မှာ ကြိုပြီး ပြန်လာတာ"

ကိုမင်းနွယ်က ထပ်ပြီးမစပ်စုအောင် တစ်ခါတည်း အပြတ်ပြောထားချပ်ပုံရသည်။ အိမ်တံခါးဖွင့်ပြီး ဝေလီဝေလင်းမို့ မီးချောင်းတွေ ဖွင့်ကာ ...

"မင်း လှဲချင်ရင် လှဲလေ၊ ဒီအိမ်မှာက ငါတစ်ယောက်ပဲနေတာ အာခီယာ၊ ဟိုဘက်မှာ ငါ့အခန်း၊ ငါ့ခုတင်ပေါ် မှာပဲ လှဲနေတော့၊ ငါ တော့ မျက်စိကြောင်နေပြီ၊ ထမင်းချက်လိုက်ဦးမယ်"

"ကျွန်တော်လဲ မအိပ်ချင်သေးဘူး. အစ်ကို၊ အစ်ကိုနဲ့ ဝိုင်းကူလုပ်ပေးမယ်လေ"

"အိုကေ .. လာ ထမင်းချက်ရင်း စကားပြောကြတာပေါ့"

ကိုမင်းနွယ် ဆန်ဆေးနေစဉ်မှာ ကျွန်တော်က မီးသွေးမီးဖိုကို မီးတောက်အောင် မီးမွှေးပေးသည်။ ဆန်ဆေးပြီးတော့ ကိုမင်းနွယ်က ကြောင်အိမ်ထဲက ငါးရံ့ခြောက်ကို ထုထောင်းဆီစိမ်ကာ ဓာတ်ဘူးထဲက ရေနွေးကို ခရားအိုးထဲဖြည့်ကာ ယူချလာရင်း ...

"စား ... အာခီယာ၊ ဒါ မင်းအိမ်လို့ သဘောထား၊ ကဲ ... မင်း အကြောင်းပြောပါဦး"

ကျွန်တော် သက်ပြင်းချမိပါသည်။ ပြီးတော့ ..

"ကျွန်တော် ငှက်အော်စမ်းက လာခဲ့တာ အစ်ကို"

"ဟော ....."

ကိုမင်းနွယ် အံ့သြသွားပုံရပါသည်။ ကျွန်တော် မျက်ဝန်းကို မှိတ်တော့ ရေဝတီမြို့လေးနံဘေးမှာ မှိတွယ်နေတဲ့မြို့လေးထံ ပြန်ရောက်သွားပါတယ်။ ကိုမင်းနွယ်ကို ပြောပြတဲ့ ကျွန်တော့်ရဲ့စကားသံတွေဟာ

ကျွန်တော်မဟုတ်ဘဲ တခြားတစ်ယောက်က ပြောပြနေတယ် ထင်ရလောက်အောင် သူစိမ်းဆန်တဲ့ စကားသံတွေ။

ကိုမင်းနွယ်က ကျွန်တော့်စကားသံတွေအောက်မှာ ခေါင်းညိတ်လိုက်၊ ရေနွေးငုံ့သောက်လိုက်၊ ငါးရံ့ခြောက်တစ်ဖတ် မြုံ့လိုက်နဲ့ပေါ့။

"ကျွန်တော်တို့ကျောင်းကနေထွက်ပြီး အပြင်မှာ ထွန်းပေါက်တဲ့ လူတွေ များတယ် အစ်ကို၊ ကျောင်းက ဆရာက ရန်ကုန်မှာ အခြေချဖို့ အဆက်အသွယ်တွေ ရေးပေးလိုက်ပါတယ်၊ ဒါပေမယ့် ....."

"ပြောပါဦး အာခီယာ၊ မင်းအကြောင်းက တော်တော်စိတ်ဝင်စားဖို့ကောင်းတယ်"

"ကျွန်တော် နယ်ကိုမပြန်ချင်သေးဘူး အစ်ကို၊ ပြီးတော့ ကျွန်တော့် စိတ်ထဲမှာ ကိုကိုကြီးနဲ့ပတ်သက်တဲ့ အလျော်အစားများတဲ့ ပွဲတစ်ပွဲကို ဒုတိယပိုင်းအနေနဲ့ ဆက်ပြိုင်ရလိမ့်မယ်လို့ ကျွန်တော် ထင်နေတယ်"

ကိုမင်းနွယ်က ခေါင်းညိတ်သည်။

"ကဲ .. အခုလက်ရှိအချိန်မှာတော့ မင်း အဲဒါတွေကို မေ့ထားလိုက်၊ မင်း ငါ့အိမ်မှာ လွတ်လွတ်လပ်လပ်နေ၊ ဘေးအိမ်တွေကမေးရင် နယ်က လာတဲ့ ငါ့ညီဝမ်းကွဲလို့သာ ပြောထားလိုက်၊ ဘာမှ အားနာစရာမလိုဘူးနော်"

"အစ်ကို .. ကျွန်တော့်ကို တစ်မျိုးမထင်ဘူးလား"

"ဘာကိုထင်ရမှာလဲ"

"ဟိုဒင်းလေ ..."

ကျွန်တော့်ရဲ့ တုံ့ဆိုင်းဆိုင်းစကားကြောင့် ကိုမင်းနွယ်က ပြုံးသည်။

"အာခီယာ .. ငါ့ညီ မင်းကို ငါ ဘာထင်ရမှာလဲ၊ မင်းကို ငါခေါ်လာဖို့ ဆုံးဖြတ်ပြီးကတည်းက မင်းတွေးသလို ငါ အားလုံးတွေးပြီးပြီ၊ မင်းစိတ်ထဲမှာ ဘာမှ မထားနဲ့တော့"





"အစ်ကို့အကြောင်းလဲ ပြောပြဦးလေ"

ကိုမင်းနွယ် ရေနွေးကြမ်း ထည့်ဖြည့်ရင်း ...

"ငါ့နာမည်က မင်းနွယ်ဆိုတာတော့ မင်းသိပြီးပြီနော်၊ ငါ့မှာ အဖေရော အမေရော မရှိတော့ဘူး၊ ငါက မြန်မာစာနဲ့ ဘွဲ့ရပြီးသား၊ အဖေတို့ ချန်ထားခဲ့တဲ့ ဒီအိမ်နဲ့ ငွေကြေးလေး နည်းနည်းပါးပါး ရှိတယ်ကွာ၊ ဘွဲ့ရပြီးတော့ ဟိုသင်တန်းလေး၊ ဒီသင်တန်းလေး လျှောက်တက်တယ်၊ ကုမ္ပဏီတွေ အလုပ်ဝင်လျှောက်တာ တစ်ခုမှမရတာနဲ့ စပေါ်တင်ပြီး ကားဆွဲတယ်ကွာ"

"ဒါပဲလား အစ်ကို"

ကျွန်တော့်ရဲ့ ပြုံးစိစိအမေးကြောင့် ကိုမင်းနွယ်က ရယ်သည်။

"ချန်ထားတဲ့တစ်ကွက်ကို မင်းမေးတာထင်တယ်၊ ငါက လူပျို၊ ဒါပေမယ့် ဘေးခြံက အပျိုကြီး ထားထားခင်ကို ငါက ကြိတ်ကြိုက်နေတာကွ၊ သူက သူ့အမေနဲ့ နှစ်ယောက်တည်းနေတာ၊ မနက်ကျရင် ငါပြမယ်၊ ပော့ကောင် ဇွာတာတော့ အတော်ဇွာတယ်နော်"

သူ့ဟာသာပြောပြီး သဘောကျကာ ကိုမင်းနွယ် ရယ်ပါတော့သည်။ ထမင်းကျက်တော့ ကိုမင်းနွယ်က တရေးအိပ်ဦးမယ်လို့ပြောကာ ဝင်အိပ်သည်။ ကိုမင်းနွယ် အိပ်တော့ ကျွန်တော် မအိပ်ချင်တာနဲ့ မီးဖိုထဲမှာ လှန်လှောကြည့်တော့ ကြက်ဥတွေ တွေ့တာနဲ့ ကြက်ဥ ချဉ်ရေဟင်း တစ်ခွက် ချက်ပြီး အိမ်ရှေ့ခန်းမှာ ခေါလှဲနေရင်း အိပ်ပျော်သွားပါသည်။

## "ဟိတ် ..."

ဘာအလုပ်မှမရှိတာနဲ့ ကိုမင်းနွယ် ညနေစာ ချက်ပြုတ်နေတာမို့ ကျွန်တော် ခြံထဲကမြက်တွေ ရှင်းလင်းနေတုန်း ဘေးခြံကခေါ်သံကြောင့် ကျွန်တော် လှည့်ကြည့်မိသည်။ ပါးမှာ ပါးကွက်အပြည့်နဲ့ အစ်မကြီး တစ်ယောက်။ ကြည့်ရတာ ကိုမင်းနွယ်ရဲ့ထား ဖြစ်မယ့်ပုံပါ။ အသားအရေ က ဝင်းလက်လက်ရှိပြီး အတော်ကြည့်လို့ကောင်းတဲ့ အစ်မကြီးပါ။

"ကျွန်တော့်ကိုခေါ် လား အစ်မ"

အစ်မကြီးက ခြံစည်းရိုးကို ကိုင်ရင်း အပြုံးနဲ့ခေါင်းညိတ်သည်။

"ဟိုလေ ... မင်းက ကိုမင်းနွယ်နဲ့ ဘာတော်လဲ"

"ထား .. ကျွန်တော့်သားလေ"

ကိုမင်းနွယ်က ဘယ်အချိန်ကဘယ်လို အိမ်ရှေ့လှေကားပေါက်ကို ရောက်နေသည် မသိ၊ လက်ထဲမှာလည်း ယောက်မကြီးတစ်ချောင်းနဲ့ပါ။ ကိုမင်းနွယ် စကားကြောင့် မထားက ရှက်သွားပုံရပါ သည်။ ကိုမင်းနွယ်ကို မျက်စောင်းကြီးထိုးလို့ပေါ့။





"ထားက ငါ့အကြောင်းကို သိပ်စိတ်ဝင်စားတာကွ အာခီယာ"

"သေလိုက်ပါလား"

"မင်းရင်ခွင်ထဲမှာဆိုရင်တော့ မောင်ကြီး သေချင်ပါတယ် ထား သခင်ရယ်"

ကိုမင်းနွယ်စကားကြောင့် မထား ခြေဆောင့်ပြီး အိမ်ထဲ ဝင်သွားပါသည်။ ကိုမင်းနွယ်ကတော့ ထုံးစံအတိုင်း တဟားဟားနဲ့ပေါ့။

"အာခီယာ .. ခဏနေရင် ရေချိုးတော့၊ ငါတို့ ထမင်းစားပြီးရင် တအောင့်နားပြီး ကားသွားထုတ်မယ်"

"ဟုတ်ကဲ့ ... အစ်ကို"

ထိုနေ့ကစပြီး ကျွန်တော် ရန်ကုန်မြို့ရဲ့နေရာအနှံ့ကို စတင် ကျင်လည်ခဲ့ပါတယ်။ ရန်ကုန်မြို့ဆိုတာ အံ့ဂုက်အသီးသီးကို ပုံစံအမျိုး မျိုးဖြင့် စီတန်းထားတဲ့ မာယာဝက်ပါဆိုတာ ကျွန်တော် နားလည်မိ တဲ့အချိန်မှာ ကျွန်တော်ကိုယ်တိုင်မသင်ဘဲ တတ်မြောက်ခဲ့တဲ့ပညာအချို့ ကို ရရှိခဲ့ပါတယ်။

တစ်နေ့ နာမည်ကျော် ခုံညားလှပတဲ့ ဂိမ်းစင်တာတစ်ခုရှေ့မှာ ကားကိုရပ်ထားရင်း ခရီးသည်ကို စောင့်မျှော်နေရင်းနဲ့ အလှပြမီးတိုင် တွေ၊ ဆိုင်းဘုတ်ကြော်ငြာ နီယွန်မီးတန်းတွေကို ငေးကြည့်နေမိပါတယ်။

"ဒီဂိမ်းစင်တာက လူအိပ်ချိန်ရောရှိရဲ့လား အစ်ကို"

ကျွန်တော့်ရဲ့ပြောစကားကြောင့် ကိုမင်းနွယ်က ရယ်သည်။ အဲ ဒီလိုရယ်နေစဉ်အတွင်းမှာ ကိုမင်းနွယ်ဘက်အခြမ်းမှ ကားတံခါး ခေါက်သံကြောင့် ကိုမင်းနွယ်က ကူရှင်ကို မှီလျှော့ထိုင်နေရင်းက လှမ်းကြည့်ကာ ...

"ဟာ .. အတော်ပဲ၊ ဒကာနဲ့တိုးပြီ အာခီယာ၊ မင်းဗိုက်ကို အစာ

ချောင်အောင် ကြိုးစားထားပေတော့”

ကိုမင်းနွယ် စကားကိုကျွန်တော် နားမလည်ခဲ့ပါ။ ကိုမင်းနွယ် မှန်တံခါးကို လှေ့ချတော့ အပြင်က ဥပဓိရုပ်ကောင်းကောင်းနဲ့ ပုဂ္ဂိုလ် က ...

“ကဲ .. မင်းနွယ်၊ မင်းကားကို ငါ ဒီတစ်ညလုံး ပုတ်ပြတ်ထားမယ်”

“အိုကေ .. ဇော်ကြီး”

ကျွန်တော်က အလိုက်တသိ နောက်ခန်းမှာ ဝင်ထိုင်တော့ ကို ဇော်ကြီးဆိုသူက အကောင်းစားမျက်မှန်ကိုတပ်ကာ စီးကရက်ခဲရင်း ရှေ့ခန်းမှာ ဝင်ထိုင်သည်။

“ဘယ်ကိုလဲ ဇော်ကြီး”

ကိုဇော်ကြီးက နာမည်ကြီးဆိုင်တစ်ဆိုင်ကို ရွတ်ပြပါသည်။

“သူက ဘယ်သူလဲ မင်းနွယ်”

ကိုမင်းနွယ်က နောက်ကြည့်မှန်မှတဆင့် ကျွန်တော့်ကို ကြည့်ကာ ...

“ဒီကောင် ငါ့ညီဝမ်းကွဲ ဇော်ကြီး၊ ဒီကောင် အခက်အခဲရှိရင် မင်း အကူအညီပေးပါ”

“ပြောစရာလိုလို့လား မင်းနွယ်ရယ်၊ ညီလေး .. မင်းအစ်ကိုနဲ့ ငါက လင်မယားလို့ နေလာတာကွ၊ ငါက ယောကျ်ားပေါ့ကွာ”

ကိုမင်းနွယ် စကားကြောင့် အာခီယာက ရယ်မိသည်။ နောင် တစ်ချိန် ကိုမင်းနွယ် ပြောပြတော့မှ ကိုမင်းနွယ်နဲ့ကိုဇော်ကြီးက အထက် တန်းကျောင်းမှစ၍ တက္ကသိုလ်အထိ အတူတူကြီးပြင်းရင်းနှီးခဲ့တဲ့ အချစ်ဆုံးသူငယ်ချင်းတွေတဲ့လေ။ တစ်ခါတရံ ကိုဇော်ကြီးက ကိုမင်းနွယ် ဆီမှာ လာအိပ်တတ်ပါသည်။

ဆိုင်ရှေ့ရောက်တော့ (ဆိုင်ဆိုပေမယ့် အတော်ခမ်းနားလှပတဲ့ ညစင်တာတစ်ခုပါ) ကောင်မလေးချောချောလေးတွေ၊ စကတ်တိုလေး





တွေ၊ ဘီယာ၊ ယမကာရနံ့ စွဲမက်ဖွယ်ကောင်းတဲ့ အပြုံအမူတွေ၊ နောက် ဒစ္စကိုဆလိုက်မီးနဲ့ မြူးကြွတဲ့ တေးသံ။

ကျွန်တော့်အဖို့ တောသားမြို့ရောက်သလိုပါပဲ။ ကိုဇော်ကြီးနဲ့ အတူ ကျွန်တော်ဝင်တော့ အောက်ထပ်ခန်းမထဲက ကောင်မလေးတွေက ကိုဇော်ကြီးကို ပြေးကြိုကြပါတယ်။

“ကိုကိုဇော်၊ ညီ့ဆီမရောက်တော ကြာပြီ၊ ဘယ်ဆိုင်ရောက်နေလဲ ပြော”

“အို .. ညီ့ရယ်၊ ကိုဇော် အလုပ်တွေများနေလို့ပါကွာ”

“ဟွန်း .. မသိရင် ခက်မယ်နော်”

အသံချိုချို၊ ညုတုတုရယ်သံနဲ့ ရယ်စရာမဟုဟ်ဘဲ ရယ်မောကာ ကိုဇော်ကြီးခါးကိုဖက်ကာ အပေါ်ထပ်သို့ တက်သွားပါသည်။ ကိုမင်းနွယ် က ကျွန်တော့်ကို ပခုံးတွန့်ပြပါသည်။ အပေါ်ထပ် သီးသန့် အခန်းတစ်ခု ထဲရောက်တော့ ကိုဇော်ကြီးနဲ့ညီက ပူးပူးကပ်ကပ် ထိုင်နေပြီး ကိုဇော်ကြီးက ..

“မင်း ဘာမှာမလဲ မင်းနွယ်၊ ညီ .. မင်းကြိုက်တာမှာ ..”

“ရတယ် ဇော်ကြီး။ မင်းပဲ မှာကွာ”

“အိုကေ ... ညီ့ . မင်းပဲ အစီအစဉ်ဆွဲလိုက်”

ကိုဇော်ကြီးက ညီဆိုတဲ့ မိန်းမချောနားကို ကပ်ပြောတော့ ညီ က တခစ်ခစ်ရယ်ရင်း ကိုမင်းနွယ်နဲ့ကျွန်တော့်ကို ပြုံးစိစိကြည့်ကာ အပြင်ကို ထွက်သွားပါတယ်။

“ဟေ့ကောင်၊ ကောင်မလေးတွေ အခန်းထဲ ခေါ်မလာနဲ့နော်”

ကိုမင်းနွယ်စကားကြောင့် ကိုဇော်ကြီးက အသံပြကြီးနှင့် ရယ်ရင်း ...

“ဘာဖြစ်လို့လဲ မင်းနွယ်”

“မိန်းကလေးတွေနဲ့ ငါ့အသားထိရင် ငါ အလာ့ဂျစ်ဖြစ်တတ်

တယ်ကွ"

"မင်းက ....."

နှစ်ယောက်သား သဘောကျကာ ရယ်ကြပါသည်။ တအောင့်နေတော့ ညှိဆိုတဲ့ မိန်းကလေးနှင့်အတူ ကောင်မလေးသုံးယောက် ရောက်လာပါသည်။

ညှိုက မျက်ရိပ်ပြလိုက်တော့ မိန်းကလေးတစ်ယောက်က ကိုမင်းနွယ်ဘေးမှာ ဝင်ထိုင်တော့ ကိုမင်းနွယ်က တဟဲဟဲနဲ့ ထိုမိန်းကလေးကို သိုင်းဖက်လိုက်သည်။ ကျွန်တော့်ထက် မတိမ်းမယိမ်းကြီးပုံရတဲ့ မိန်းကလေးက ကျွန်တော့်ဘေးမှာ ဝင်ထိုင်ပါသည်။ ကျွန်တော်ကတော့ ခပ်အေးအေးပါပဲ။ သူမက ကျွန်တော်နဲ့အသားချင်းထိအောင် ထိုင်ပြီး ကျွန်တော့်ကို မသိမသာကြည့်သည်။ စားပွဲပေါ်မှာလည်း အကောင်းစား အရက်တွေ၊ အမြည်းတွေ၊ သစ်သီးတွေ အစုံအလင် ရောက်လာပါသည်။ ကျွန်တော့်ဘေးက ကောင်မလေးက သီချင်းဆိုနေသည်။ ကိုမင်းနွယ်နှင့် ကိုဇော်ကြီးတို့အတွဲကတော့ တွတ်တီးတွတ်တာတွေနှင့် တိုးတိုးကြိတ်ကြိတ်ပေါ့။

"မင်းက လူတစ်မျိုးပဲနော်၊ မင်းနာမည် ဘယ်လိုခေါ်လဲ"

"အာခိယာ ..."

မီးညွန့်ကို သူမ ပြန်ရုပ်သိမ်းသည်။ ဘေးတိုက်မြင်ရပေမယ့် သူမ ပါးပြင်က သွေးကြောလေးတွေက မပီဝိုးတဝါးအလင်းကြားမှာ ကျွန်တော် မြင်ရသည်။ တကယ်တမ်းဝန်ခံရရင် သူမသည် တောက်ပခမ်းနားတဲ့ ညရဲ့ သတို့သမီးတစ်ယောက်။

"ဟော့ .. အေးချမ်း၊ ငါ့ညီကို ကောင်းကောင်းပြုစုနော်"

ကိုမင်းနွယ်က ဝီစကီတစ်ခွက်ကို ညာဘက်၊ ဘယ်ဘက်က ညှိုကို





သိုင်းဖက်ရင်း ပြောတော့ ကျွန်တော့်ဘေးက ချစ်စရာမိန်းကလေးက နှာခေါင်းရှုံ့ရင်း ပခုံးတွန့်ပြသည်။

"တို့နာမည်က မေအေးချမ်း၊ အေးချမ်းလို့ခေါ်ရင် ရပါတယ်"

ကျွန်တော် ပြုံးမိပါသည်။

"မင်းက ဘာလို့ပြုံးတာလဲ အာခိယာ"

"လူနဲ့နာမည်နဲ့ လိုက်လို့ပါ"

ကျွန်တော့်စကားကြောင့် သူမ ရယ်ပါသည်။ ခေါင်းမော့ရယ်မောလိုက်တဲ့ သူမရဲ့ဟန်ပန်က အတော်စွဲမက်စရာကောင်းသည်။

"မင်း ကံကောင်းတယ် အာခိယာ"

မညိုက လှမ်းပြောတော့ ကျွန်တော်က နားမလည်။

"ကျွန်တော် မသောက်ဘူးနော် အေးချမ်း"

"မင်းကိုလဲ မတိုက်ပါဘူး အာခိယာ"

အေးချမ်းရဲ့စကားကြောင့် အားလုံးက ဝိုင်းရယ်ကြပါသည်။ သူမက ကျွန်တော့်ပခုံးမှာ မှီတော့ ကျွန်တော် မတ်ခနဲ ဖြစ်သွားမိသည်။

"မင်းကို ကိုက်မစားပါဘူး အာခိယာ"

ကိုဇော်ကြီးက ကျွန်တော့်ဖြစ်ပုံကိုကြည့်ကာ တဟားဟားနဲ့ ရယ်မောလို့မဆုံး။ မညိုက ဖန်ခွက်လေးကို လှည့်ရင်း ..

"ခုနစကားကို ပြန်ဆက်ရမယ်၊ အာခိယာတို့တော့ ကံကောင်းတယ်ဟေ့"

ကိုဇော်ကြီးကလည်း ခေါင်းညိတ်သည်။ မညိုက ဆက်ပြောပါသည်။

"ဒီနေ့ အေးချမ်းက သူ့ကာစတမ်မာတွေကို ခေါင်းရှုပ်လို့ဆိုပြီး တို့နဲ့လိုက်ခဲ့တာ အာခိယာ"

"ချာတိတ်က သဘောကျစရာကောင်းပါတယ်ကွ ညှိုမိ၊ ဒါပေမယ့်

ကောင်လေးမျက်လုံးတွေက အေးစက်စက်နိုင်လွန်းတာ၊ တို့ ဒီကို တည့်တည့်မတ်မတ်ပဲ”

အေးချမ်းက သူ့ရင်ဘတ်နေရာကို လက်မနဲ့ ကော့ညွှတ်ထောက်ပြတော့ ကိုမင်းနွယ်ဘေးက ကောင်မလေးက ..

“အေးချမ်းရေ၊ ထူးထူးဆန်းဆန်းပါလား”

“ဩော် .. လူပဲဟာယ်၊ အသွေးနဲ့အသားနဲ့ ဖွဲ့စည်းထားတာပဲဟာ”

အေးချမ်းစကားကြောင့် အားလုံးရယ်ကြပေမယ့် ကျွန်တော်မရယ်ဖြစ်။ အေးချမ်းက ကျွန်တော့်အတွက် စားစရာလှမ်းယူပေးကာ ခွဲ့ကျွေးတော့ ကျွန်တော် ရှိုးတိုးရှန်းတန်း ဖြစ်နေပါသည်။

“ဘာလဲ ... မင်းက တို့ခွဲ့တာကို ရှုံလို့လား”

“ဟာ ... မဟုတ်ပါဘူး”

“ဒါဆို ... ပါးစပ်ဟာ”

ကျွန်တော် ပါးစပ်ဟာပေးတော့ သူမက တူကို ကျင်လည်စွာ ကိုင်ရင်း ခွံ့ပေးသည်။ နောက်တော့ ဟိုနှစ်ဖွဲ့က သီးသန့်၊ ကျွန်တော်နဲ့အေးချမ်းက သီးသန့်စကားပြောဖြစ်ကြပါသည်။

ကျွန်တော်တို့ အဲဒီအခန်းလေးထဲကထွက်တော့ မနက်လေးနာရီထိုးနေပါပြီ။ ကိုဇော်ကြီးက ကိုမင်းနွယ်နှင့်အတူ အိမ်မှာလိုက်အိပ်ပါသည်။

 





ကိုယ့်ကန္ဒြေသိက္ခာကို ...
ကိုယ် ဆေးစိမ်ရင်း
တိမ်းပါးစွာ ထွက်ခွာသွားခဲ့သူ ....။
ဆန္ဒကို ...
မောင်းထောင်းထဲထည့် ...
ကိုယ့်မျက်ရည်
သံထည်လို ဒြပ်ထုရုပ်ထည် ပုံသွင်းချင်ခဲ့ ........။

ဒုတိယအကြိမ်မြောက် ကံကြမ္မာက အိပ်မောကျနေတဲ့ ကျွန်တော့်ရဲ့ဘဝကို 'ကောင်လေးရေ ထတော့ .. ပြိုင်ပွဲစတော့မယ်' လို့ သတိပေးခဲ့ပါတယ်။

မြို့လေးရဲ့ အဝေးမှာ ကျွန်တော်ရပ်တည်နေပေမယ့် မြို့လေးရဲ့ သတင်းတွေကိုကြားဖို့ ကျွန်တော် လူတစ်ယောက်နဲ့ စတင် တွေ့ရှိခဲ့ပါတယ်။

ကျွန်တော်ဟာ ပြင်းထန်ပေါက်ကွဲမှုအားကောင်းတဲ့ မီးတောင်တစ်ခု စတင်ဖြစ်တည်ခွင့်ရှိလိမ့်မယ်လို့ ကိုယ့်အိပ်မက်နဲ့ကိုယ် မထင်ခဲ့ဘူး။ ကြိုးပြတ်နေတဲ့ တယောတစ်လက်နဲ့ သံစဉ်ထွက်ဖို့ကြိုးစားပမ်းစားတီးခတ်နေပေမယ့်လည်း ကျွန်တော် မထင်ခဲ့ဘူး ...။

ဘဝဆိုတာကို လေအဟုန်မှာ အလိုက်သင့်မျောပေးရင်း ကျိန်စာတွေကိုရှောင်တိမ်းနေမိတဲ့ ကျွန်တော် ...၊ လေဂယက်လေဝဲတစ်ခုကြားမှာ ပိတ်မိရင်း ကျွန်တော် ကျိန်စာတွေကြားကို ပြန်ရောက်ခဲ့ပါတယ်။

အဲဒီတစ်နေ့ပေါ့ ......။





"ဟယ် ..နင် အာခီယာမဟုတ်လား"

မြို့လယ် လူရှုပ်ထွေးတဲ့နေရာတစ်ခုမှာ နောက်ကနေ ကျွန်တော့်အင်္ကျီကိုဆွဲရင်း ပြောလိုက်တဲ့စကားသံတစ်ခုကြောင့် ကျွန်တော် လှည့်ကြည့်မိတယ်။

ကျွန်တော့်ကို ဝမ်းသာအား ငေးကြည့်နေတဲ့ မိန်းမပျိုတစ်ဦး၊ ကျွန်တော် မျက်မှောင်တွန့်ကြည့်တော့ ...

"ဟဲ့ .. ငါ နေရီလတ်သူငယ်ချင်း အေးမိစံလေ"

"ဟာ .. မမအေးမိ .."

"နင်ဟယ် ... ငါ ဘယ်လိုဝမ်းသာမှန်းတောင် မသိဘူး၊ နင် ဘယ်တုန်းက ..."

မမအေးမိစံ တော်တော်ဝမ်းသာနေပုံရသည်။

"မမအေးမိ .. အချိန်ရလား"

"အို .. ရတာပေါ့ဟ၊ ငါလဲ နင့်ကို ပြောစရာတွေအများကြီး ရှိတယ်ဟ"

"ဒါဆို အနီးဆုံးဆိုင်တစ်ခုခုကို သွားရအောင်"

"ကောင်းတယ်"

မမအေးမိစံနဲ့အတူ အနီးနားက ဆိုင်လေးထဲဝင်ခဲ့ပါတယ်။ ထောင့်ကျကျဝိုင်းမှာထိုင်ပြီး အအေးနှစ်လုံး မှာသောက်ကြရင်း မမအေးမိက စတင်ပြောပြပါသည်။

"နင် မရှိတဲ့နောက်ပိုင်းမှာ မြို့မှာ ဘာတွေဖြစ်ခဲ့လဲဆိုတာ နင် သိမှာမဟုတ်ဘူး အာခီယာ"

"မမနေရီရော .."

ကျွန်တော့်အမေးကြောင့် မမအေးမိက ခပ်နင့်နင့်ပြုံးနေပါသည်။

"မင်းမရှိတဲ့နောက်ပိုင်းမှာ မင်း မမနေရီ မြို့မှာ အေးအေးဆေးဆေး နေလို့မရခဲ့ဘူး အာခီယာ"

"ဘာဖြစ်လို့လဲ မမအေးမိ"

"ကိုကိုလတ်တို့လေ ..."

စကားက တစ်ပိုင်းတစ်စနဲ့ ရပ်သွားပေမယ့် ကျွန်တော် ရိပ်မိလိုက်သည်။ ကျွန်တော် ရေစက်တွေသီးနေတဲ့ အအေးပုလင်းကို ငေးကြည့်နေမိသည်။ မမအေးမိက ကျွန်တော့်ကို ငေးကြည့်နေတာ ကျွန်တော်သိပါသည်။

"ဘယ်အချိန်ဒုက္ခပေးမလဲဆိုတာကို တို့တွေအားလုံး သိပါတယ်၊ မထင်မှတ်ဘဲ နေရီရဲ့အဘိုး တံတားဆောက်ရင်း ကွယ်လွန်ခဲ့ရာက စပြီး နေရီပါ အဆုံးအစမရှိအောင် ပျောက်ကွယ်သွားခဲ့တယ် အာခီယာ"

"ဗျာ ...."

မမအေးမိက စိတ်မကောင်းဟန် ခေါင်းညိတ်သည်။

"တောက် ..."

ကျွန်တော့်ရဲ့မေးကြောတွေ တင်းမာလာခဲ့ပါတယ်။ ဒုတိယ အကြိမ်မြောက် ကံကြမ္မာကို ပုတ်ခိုးဖို့ အချိန်တန်ပြီထင်ပါရဲ့။

"အခု မြို့မှာ ကိုကိုလတ်တို့ရှိလား မမအေးမိ"

မမအေးမိက ခေါင်းခါပြပါသည်။

"ပြီးခဲ့တဲ့နှစ်က တို့ မြို့ပြန်တော့ သူတို့မရှိတော့ဘူးလို့ သတင်းကြားတယ် အာခီယာ"

ကျွန်တော်တို့ တော်တော်နှင့် စကားမပြောဖြစ်ကြ။

"မင်း ဘယ်မှာရှိလဲ၊ တို့တွေအားလုံး မသိကြဘူးလေ၊ အဆက်အသွယ်လဲမရတော့ ဆရာမနဲ့ ဦးဒန်းနီတို့ဆို တဖွဖွပြောလို့မဆုံးဘူး





အာခီယာ၊ တကယ်ဆို မင်း မြို့ကို တစ်ခေါက်လောက် ပြန်သင့်တယ်"

ကျွန်တော် ခေါင်းလည်း မညိတ် ခေါင်းလည်း မခါမိပါ။

ခဏကြာတော့ ကျွန်တော်နဲ့မမအေးမိစံ ဆိုင်ထဲက လမ်းခွဲထွက်ခဲ့ပါသည်။ ရင်ထဲမှာရှိတဲ့ လောင်ကျွမ်းမှုတွေကို သောကလို့ အမည်တပ်ခဲ့သူကို လေးစားချင်စရာကောင်းအောင် ကျွန်တော် ခံစားတတ်ခဲ့ရပြီ။

လေလွင့်ချင်နေတဲ့ အတွေးတွေကို လွှတ်တင်ရင်း လျှောက်မိလျှောက်ရာ လျှောက်နေခဲ့စဉ် ကျွန်တော့်ဘေးကို ကားလေးတစ်စီး ဆိုက်ရောက်လာခဲ့သည်။

"ကောင်လေး .. ဘယ်သွားမလို့လဲ"

"ဩော် .. 'ကိုဇော်ကြီး၊ ဒီလိုပါပဲ"

"လာ ... တက်ခဲ့"

ကိုဇော်ကြီးခေါ်ရာနောက်ကို ကျွန်တော် မမေးမမြန်းဘဲ လိုက်ခဲ့မိတယ်။

"မင်း ဘာဖြစ်နေတာလဲ အာခီယာ"

ကျွန်တော် ဘာမှမပြောဘဲ ခေါင်းခါပြမိတော့ ကိုဇော်ကြီးက သက်ပြင်းချကာ ..

"မင်းကြည့်ရတာ စိတ်ညစ်နေတာလား၊ စိတ်ရှုပ်နေတာလား၊ ငါနဲ့ ခဏလိုက်ခဲ့ပြီးရင် မင်းကို နတ်ပြည်ပို့ပေးမယ်"

ကိုဇော်ကြီး ဘာကိုဆိုလိုချင်သည်ဆိုတာ ကျွန်တော်သိပါသည်။ ကျွန်တော် တွေးမိဖွေးရာ တွေးနေစဉ် ကားရပ်လိုက်တာကြောင့် ပမာဝန်းကျင်ကို ဂရုစိုက်မိပေဘဲ ဂိမ်းစင်တွာတစ်ခု။

"ဆင်းလေ .. အာခီယာ"

ကိုဇော်ကြီးနှင့်အတူ ဂိမ်းစင်တာထဲ ဝင်လာမိပါသည်။ ဂိမ်းစက်

တစ်ခုမှာ ထိုင်နေတဲ့ကောင်လေးတစ်ယောက်က ကိုဇော်ကြီးလာတာ မြင်တော့ ...

"ဒီစက် အခြေအနေကောင်းတယ် အာစရိ"

"အိုကေ ..."

ကိုဇော်ကြီး ဝင်ထိုင်တော့ အဲဒီကောင်လေးကပဲ ..

"မန်နေဂျာ တော်တော်နှာတင်းနေတယ် အာစရိ"

ကိုဇော်ကြီးက မခံချိမခံသာဖြစ်အောင် ရယ်ပြီး ...

"နှာတင်းနေရင် နှာရှူဆေးတစ်ဘူးလောက် မင်းတို့ ဝယ်မပေးလိုက်ဘူးလား"

ကိုဇော်ကြီး စကားကြောင့် ကောင်လေးက ရယ်သည်။ ကိုဇော်ကြီးရဲ့အခြေအနေကို ခပ်လှမ်းလှမ်းမှ အသားဖြူဖြူ ပါဝါမျက်မှန်နှင့် လူတစ်ဦးက ကြည့်နေပါသည်။ အဲဒါကိုလည်း ကိုဇော်ကြီးက သိနေပါသည်။

"ကိုဇော်ကြီး .. ခင်ဗျားကို လူတစ်ယောက် ကြည့်နေတယ်"

ကိုဇော်ကြီးက စက်အပေါ် အာရုံစူးစိုက်နေသည်မှလွဲ၍ ထိုလူကို ဂရုစိုက်ပုံတောင်မရတဲ့အပြင် ..

"အဲဒါ ငါပြောတဲ့ မန်နေဂျာလေ၊ ထားလိုက်ပါကွာ"

ကိုဇော်ကြီး အကြွေစေ့တွေကို စက်ထဲထည့်ရင်း ဘယ်ဘက်လက်က စက်ဘောင်ပေါ် တင်ထားပါသည်။ လျင်မြန်လှတဲ့ ကိုဇော်ကြီးရဲ့ အာရုံစူးစိုက်မှုမှာ စက်ထဲက အကြွေစေ့တွေက ဝေါခနဲ ...။

ကျွန်တော် တကယ့်ကို မယုံကြည်နိုင်အောင်ပါပဲ။

"ခင်ဗျား လိုသလောက်ရပြီဆိုရင် ဇော်သင့်ပြီထင်တယ် ကိုဇော်"

ကျွန်တော်တို့ မထင်မှတ်တဲ့အသံကြောင့် အားလုံး နောက်ကို လှည့်ကြည့်တော့ မန်နေဂျာဆိုသူ ...။ သူက စိတ်အိုက်နေပုံရသည်။





"သူ့ငွေး တစ်လတစ်လ စာရင်းလာစစ်ရင် အဝင်အထွက်လေး ကိုက်ညီမှကောင်းမယ် ကိုဇော်၊ နို့မို့ဆို ...."

"စိတ်ချပါ၊ ကျွန်တော် ခင်ဗျားတို့ စီးပွားပျက်လောက်အောင်တော့ မလုပ်ရက်ပါဘူး၊ ကျုပ် တွက်ခြေကိုက်သလောက်ရှိသွားပြီ၊ ခင်ဗျားရာထူး တည်မြဲရေးကိုလဲ ကျုပ် စာနာပါတယ် ကိုမောင်မောင်လေး"

ကိုဇော်ကြီး စကားကြောင့် မန်နေဂျာက မျက်နှာငယ်လေးနဲ့ ...

"ကျေးဇူးပါပဲဗျာ"

ကိုဇော်ကြီး ခေါင်းညိတ်ပြီး သူ့တပည့်ဖြစ်သူကို အချက်ပြတော့ တပည့်ဖြစ်သူက ရှူ့အိတ်နဲ့ထုတ်ထားတဲ့ အကြွေစေ့အရေအတွက်ကို ပြောပြီး ပေးသည်။

လှဲလှယ်မှုစနစ်က အံ့မခန်းပါ။ ကိုဇော်ကြီး လက်ထဲမှာ ပိုက်ဆံပါကင်ထုပ်တွေ အထပ်လိုက်။ တစ်ထုပ်ကို ကိုဇော်ကြီးက သူ့တပည့်ကိုပေးပြီး ...

"လစ်ကြမယ် .. အာခီယာ"

"ဘယ်လဲ .. ကိုဇော်ကြီး"

"နတ်သမီးလှလှလေးဆီလေ"

မညို့တို့ဆိုင်မှန်း ကျွန်တော် ရိပ်မိလိုက်သည်။ အပြင်ရောက်တော့ ကားတစ်စီးတားကာ နောက်ခန်းမှာ နှစ်ယောက်အတူထိုင်ရင်း ...

"အဲဒါ ဘယ်လိုလုပ်တာလဲဟင် ကိုဇော်ကြီး"

ခုနအကြွေစေ့ကိစ္စမှန်း ကိုဇော်ကြီးက သိပေမယ့် ညစ်ကျယ်ကျယ် ခပ်တည်တည်နှင့် ...

"လက်နဲ့ပဲလေ"

"ခင်ဗျားကလဲဗျာ .."

ကျွန်တော့်စကားကြောင့် ကိုဇော်ကြီးက ရယ်သည်။ ပြီးမှ ...

"အချိန်အဆနဲ့ အာရုံပဲ အာခီယာ"

ကိုဇော်ကြီးက ကျွန်တော့်မျက်ဝန်းတွေကို ကြည့်ပြီးပြောသည်။

"စက်ရဲ့ လှုပ်ရှားတုန်ခါမှုနှုန်းကို မင်းသိရရင် အလွယ်လေးပါ"

"ခင်ဗျားကတော့ မှော်ပဲ ကိုဇော်ကြီး"

သိပ်မကြာခင် သူတို့စီးလာတဲ့ကားလေး ဆိုင်ရှေ့ရောက်လာပါတယ်။ ထုံးစံအတိုင်း ဆိုင်လေးကတော့ ခေတ်ဆန်လွန်းတဲ့ အပျိုပေါက်လေးတစ်ယောက် မြူးကြွတဲ့သံစဉ်နဲ့ ခုန်ပေါက်ကနေသလိုပါ။

ဆိုင်လေးထဲ ဝင်လိုက်တော့ ခန်းမကျယ်ကြီးထဲမှာ လူတွေက မြူးကြွကခုန် မူးယစ်လို့ကောင်းတုန်း။ ကိုဇော်ကြီးက မညီုရောက်လာတော့ ...

"မင်း ... အခန်းထဲ ဝင်နှင့်လေ အာခီယာ၊ ငါ ညီုနဲ့ စကားပြောပြီးလိုက်ခဲ့မယ်"

ကျွန်တော် သီးသန့်ခန်းဘက်သွားတော့ ဝန်ထမ်းကောင်လေးက ပျာပျာသလဲ လိုက်ပို့ပါသည်။ အခန်းထဲရောက်တော့ ကျွန်တော် ဝီစကီနဲ့ လိုအပ်တာမှာပြီး သီချင်းတွေထည့်ကာ သီချင်းတွေ ဆိုနေမိသည်။

သီချင်းတွေ ဆိုနေပေမယ့် နေ့လည်က မမအေးမိစံပြောခဲ့တဲ့ စကားတွေက နားထဲက မထွက်နိုင်။ မမနေရီ ဘယ်ရောက်နေတာလဲ၊ ဘယ်လိုပြဿနာတွေနဲ့ ကြုံခဲ့ ရပြီလဲ မမ။

ရင်အပူမောတွေက မိုက်ခရိုဖုန်းမှတဆင့် သံစဉ်တွေအဖြစ် ပြောင်းလဲသွားတာလား၊ ဒါမှမဟုတ် လေအေးစက်တပ်ထားတဲ့ အခန်းထဲက ရေခိုးရေငွေ့တွေက ကျွန်တော့်တစ်ကိုယ်လုံးက မီးတောက်အပူတွေကို ငြိမ်းသတ်နိုင်စွမ်းမရှိတာလား။

သီချင်းသံရပ်သွားတော့ ကျွန်တော် မျက်ဝန်းကို မဖွင့်မိ။





"မင်း ဘာတွေဖြစ်နေတာလဲ အာခီယာရယ်"

နားစည်နဲ့ အနီးဆုံးက ဝင်သက်ထွက်သက်သိလောက်အောင် အသံလှိုင်းတစ်ခု။

"ဩော် .. အေးချမ်း .."

ကျွန်တော့်ရဲ့ ဝိုးတဝါးနတ်သမီးလေး၊ ရွှန်းလဲ့လဲ့ ရီဝေဝေ မျက်ဝန်းတွေက အရာအားလုံးကို စိန်ခေါ်နိုင်စွမ်းရှိအောင် ညှို့ယူနိုင်စွမ်း ရှိနေပါသည်။ သူမက ကျွန်တော့်ကို အကဲခတ်ပြီး ...

"မင်းကြည့်ရတာ တစ်မျိုးပဲ အာခီယာ"

"ဒီလိုပါပဲ"

ကျွန်တော့်ရဲ့ အေးစက်စက်စကားကြောင့် သူမ ပြုံးပါသည်။

"ထင်ပါတယ်၊ မင်း ဒီစကားပဲပြောလိမ့်မယ်ဆိုတာ ..."

သူမက ထုံးစံအတိုင်း ပန်းပေါ်မှာ ခေါင်းတင်ရင်း မှိတ်တွယ်နေပါသည်။

"ဟော .. မင်းသားနဲ့မင်းသမီးက ဒီမှာ လပ်ဖ်ဆင်းရိုက်နေတာကိုး"

ထုံးစံအတိုင်း အခန်းထဲကို အုန်းအုန်းကြွက်ကြွက်နဲ့ ရောက်လာသူက ကိုဇော်ကြီးအပါအဝင် ကိုမင်းနွယ်တို့။

ကိုမင်းနွယ်က ကျွန်တော့်ကိုမြင်တော့ ...

"ဩော် .. သစ္စာဖောက်၊ ငါ့တောင် အကြောင်းမကြားဘူး"

ကိုမင်းနွယ်စကားကြောင့် ကျွန်တော်က ရယ်သည်။

"မဟုတ်ပါဘူးဗျာ၊ ကောင်လေးကို လမ်းမှာတွေ့လို့ အစီအစဉ်ဖြစ်သွားတာ၊ ဒီက မမအေးချမ်းလေးကလဲ ရှေ့ကိုယ်တော်လေးကို ရအောင်ခေါ်ခဲ့ပါဆိုလို့လေ၊ အဲဒါကြောင့် မင်းကို ဖုန်းဆက်ခေါ်လိုက်ရတာ မင်းနွယ်"

"အလကားစတာပါကွာ"

ကိုဇော်ကြီးက မညိုကို ဖက်ပြီး ထိုင်ထိုင်ချင်း ပိုင်းကို ကြည့်ကာ ...

"ဒါပဲလား၊ ထပ်မှာဦးလေ .. ညို"

"အိုကေ .. ကိုဇော်"

မညိုက နံရံကခလုတ်ကို နောက်ပြန်နှိပ်လိုက်သည်။ အပြင်က ကောင်လေးက ချက်ချင်းရောက်လာတော့ မညိုက မှာသည်။ ကောင်လေး ထွက်သွားတော့မှ ကိုဇော်ကြီးက ...

"အာခီယာ၊ မင်း နေ့ဘက်အားလား"

"အားပါတယ်"

"အားရင် ငါနဲ့လိုက်ခဲ့ပါလား"

ကျွန်တော့်ရဲ့ အေးတိအေးစက်ပုံစံကြောင့် ကိုမင်းနွယ်က ...

"အပျင်းပြေဖြစ်ဖြစ် လိုက်သွားပါလား အာခီယာ"

ကိုမင်းနွယ် စကားကြောင့် ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။ ဒီနောက်တော့ ပိုင်းက ပိုပြီးအသက်ဝင်လာပါတယ်။ အရှိန်က ကောင်းလာလေလေ ကိုဇော်ကြီးရဲ့အသံက မပီတော့။

အေးချမ်းက ကျွန်တော့်ကိုလက်တို့ပြီး အပြင်ထွက်ဖို့ အချက်ပြပါတယ်။

"ဘယ်လဲ .. မင်းတို့ စုံတွဲက ..."

"အာခီယာကို ခိုးမပြေးပါဘူး ကိုဇော်ကြီးရယ်"

အေးချမ်းရဲ့စကားသံကြောင့် ကိုဇော်ကြီးက ...

"ခိုးပြေးရင်လဲ တည်းခိုခန်းသာ ခိုးပြေး အေးချမ်းရေ"

"ဟယ် ..ဒီလူကြီး တော်တော်ယုတ်မာပါလား"

အေးချမ်းစကားကြောင့် ကိုမင်းနွယ်က အသံပြကြီးနှင့် ရယ်ပါသည်။ အပြင်ရောက်တော့ အေးချမ်းက ကျွန်တော့်လက်ကိုဆွဲပြီး





ဝရံတာဘက် ထွက်လာခဲ့ပါတယ်။

ဝရံတာက ငေးကြည့်တော့ ဆိုင်အပြင်က တိတ်ဆိတ်အေးချမ်းနေပါတယ်။ ဆိုင်ရဲ့အပြင်ပြယုပ်နဲ့အတွင်းက တခြားစီပါ။

"အထဲမှာ ငြီးစီစီနဲ့မို့လို့ အပြင်ကို ခေါ်လာတာ အာခီယာ၊ မင်း သောက်မလား၊ တို့ သွားယူပေးမယ်လေ"

"ဟင့်အင်း .. တော်ပြီ အေးချမ်း"

အေးချမ်းက ကျွန်တော့်ခါးကိုဖက်ပြီး မိုတွယ်ကာ ကောင်းကင်ကြီးကို ငေးကြည့်ရင်း ...

"တို့ငယ်ငယ်က အရမ်းပျော်ဖို့ကောင်းတာ သိလား အာခီယာ"

ကျွန်တော့်ကိုမော့ကြည့်နေတဲ့ ရွှန်းလဲ့လဲ့မျက်ဝန်းနဲ့ ကောင်မလေးရဲ့ ပုံရိပ်က တကယ့်အဖြူထည်။ ကျွန်ပော်ကိုယ်တိုင်လည်း သူမနဲ့ ဒီအလုပ်ကို ဆက်စပ်၍မရ။

"အဖေရယ်၊ အမေရယ်၊ တို့ရယ်၊ ဘယ်လောက်အဆင်ပြေလိုက်လဲ၊ အရာရာဟာ တို့ဘဝထက် ဘယ်သူမှ ကုသိုလ်ကံမကောင်းဘူးလို့ တို့ ယူဆထားခဲ့တာ"

ပါးပြင်ပေါ်ကို ရိုက်ခတ်လာတဲ့ ထွက်သက်ဝင်သက်ကို ကျွန်တော် ခံစားမိသည်။

"ဒါပေမယ့် ဖေဖေက တို့ ဒုတိယနှစ်လောက်မှာ ကစားပွဲတစ်ခုကို ရှုံးခဲ့ရာက စပြီး ...."

သူမအသံက ခြောက်ကပ်အေးစက်လွန်းသည်။

"အဲဒီကစားပွဲရဲ့ ရိုက်ခတ်မှုက တို့ဖေဖေရဲ့ လုပ်ငန်းတွေ၊ နောက်ပြီး တို့ဖေဖေရဲ့အသက် ..."

အေးချမ်း မျက်ဝန်းအစုံကို မှိတ်လိုက်သည်။ အသက်ရှူသံ မြန်

ဆန်မှုနှင့်အတူ ပါးပြင်ပေါ်မှာ မျက်ရည်စတွေ။

သူမ တင်းကြပ်စွာ ဖက်ထားတဲ့ အထိအတွေကို သတိထားမိတော့ ကျွန်တော် သူမဆံပင် တွေကို ပွတ်သပ်ကာ ...

"ဘဝဆိုတာ စိန်ခေါ်မှုတွေနဲ့ ဖြန့်ခင်းထားတဲ့ လမ်းမတစ်ခုလို မင်း မှတ်ယူလိုက်ပါ အေးချမ်း၊ မင်း စိန်ခေါ်မှုအတွက် အဆင်သင့်ဖြစ်နေရမယ်လေ၊ အဲဒီလို မင် အသင့်မရှိရင် ပြိုင်ဘက်က မင်းကို အနိုင်ယူသွားလိမ့်မယ်"

သူမက ကျွန်တော့်ကို မော့ကြည့်ပြီး ပြုံးနေပါသည်။

"စိတ်ချပါ အာခီယာ၊ မင်းရဲ့အားပေးမှုကို တို့ဘယ်တော့မှ မမေ့ဘူး"

"ဒါနဲ့ မင်း ဘာ့ကြောင့် ဒီမှာ အလုပ်လာလုပ်နေတာလဲ"

သူမက ကျွန်တော့်ရဲ့မျက်ဝန်းတွေကို ရှောင်ဖယ်ကာ ငြိမ်သက်နေတဲ့လမ်းဘက်ကို အာရုံလွှဲရင်း ...

"ထွက်ပေါက်တစ်ခုလို့ တို့ပြောရင် မင်း ရှုံ့ချမှာ တို့ သိပါတယ်၊ ဒါပေမယ့် တို့ဆီမှာ ဒီစကားပဲရှိတယ် အာခီယာ"

"ဒါဟာ ထွက်ပေါက်မဟုတ်ဘူး အေးချမ်း၊ ထွက်ပေါက်နဲ့ ဆင်တူတဲ့ ကျားပါးစပ် ...,"

"ကျားပါးစပ်"

သူမက ကျွန်တော့်စကားကို သံယောင်ပြုတော့ ...

"ငါ ဘာပြောချင်လဲဆိုတာ မင်းသိပါတယ် အေးချမ်း"

သူမ ငြိမ်သက်တွေဝေသွားပါသည်။





**အေး** ချမ်းနဲ့တွေ့ပြီးနောက်ပိုင်းရက်တွေမှာ ကိုဇော်ကြီးနဲ့အတူ ဂိမ်းစင်တာတွေဘက် ခြေဦးလှည့်ခဲ့သည်။ ဒါပေမယ့် ကျွန်တော့်ရဲ့ တိုးတက်မှုတွေအတွက် ကိုဇော်ကြီးက နာမည်ကြီးဆိုင်တွေကို မရွေးချယ်ခဲ့။

"ငါ့ဆို ဆိုင်တွေက သိပ်အလာမခံချင်ဘူး အာခီယာ၊ သူစိမ်းဖြစ်တဲ့ မင်းကို သူတို့မသိကြဘူး၊ ဒါ အကွက်ပဲကွ"

အာရုံစူးစိုက်မှုကောင်းခြင်း၊ လောင်းကစားဘက်မှာ ပါရမီပါခဲ့တဲ့ သူ့အတွက် ကိုဇော်ကြီးလောက် မကျွမ်းကျင်ပေမယ့် လပိုင်းအတွင်းမှာ သူ ကျင်လည်ခဲ့သည်။

"အခုကကတော့ မင်း ကိုင်တွယ်ဖူးတဲ့စက်က စက်ပြင်သမား ကလိပြီးရင် နည်းနည်းတော့ အခက်အခဲရှိမယ် အာခီယာ"

ကျွန်တော်နဲ့ ကိုဇော်ကြီး စင်တာတစ်ခုထဲဝင်တော့ ကိုဇော်ကြီးရဲ့ ချာတိတ်တစ်ယောက်က ...

"နံပါတ်သရီး အာစရိ၊ ဒီကောင်စားထားတာ များပြီ၊ စက်လေး နေပြီ"

"အိုကေ .. ကဲ .. မင်းလှုပ်ရှားကြည့်စမ်း အာခီယာ"

ကိုဇော်ကြီးက စင်တာထဲမှာ မန်နေဂျာကို ဟန်ရေးပြနေပါသည်။ ကျွန်တော် လုပ်သင့်လုပ်ထိုက်တာတွေလုပ်ပြီး ထတော့ ကိုဇော်ကြီးက ..

"တော်ပြီလား"

"ကျွန်တော်က အသစ်ရှေ ကိုဇော်ကြီး၊ ဒီလောက်ပဲ ကောင်းမယ်"

"အိုကေ .."

အကြွေစေ့တွေကို ချာတိတ်တစ်ယောက်က အိတ်ထဲထည့်သည်။

"အာခီယာ ..."

နောက်ကနေ လှမ်းခေါ် လိုက်တဲ့အသံကြောင့် ...

"ဩော် .. အေးချမ်း"

အေးချမ်းက အပြုံးနဲ့ ရပ်နေပါသည်။ အပြင်မှာ ထင်ထင်ရှားရှား မမြင်ဖူးတော့ ကျွန်တော် တအံ့တဩဖြစ်မိသည်။

တကယ်ပါ၊ ကျွန်တော် အေးချမ်းကို အပြင်မှာ တစ်ခါမှ မမြင်ဖူးပါ၊ ကျွန်တော် မပြောနဲ့၊ ဖြတ်သွားဖြတ်လာ လူတွေကပါ လည်ပြန် ငေးကြည့်ယူရလောက်အောင် အေးချမ်းရဲ့အလှက တောက်တောက် ပပ။

"မယ်မင်းကြီးမ၊ ညည်းတစ်ယောက်တည်းလား"

ကိုဇော်ကြီးအပြောကြောင့် အေးချမ်းက ရယ်ရင်း ..

"အေးချမ်း ပျင်းလို့ ဈေးဝယ်ရင်း ဒီဘက်ထွက်လာတာ"

"ကဲ .. ကိုယ်တော်လေး၊ မင်း ဧည့်ခံလိုက်ဦး၊ ငါ မန်နေဂျာကို မခံချင်အောင် ကလိလိုက်ဦးမယ်"

ကျွန်တော် ခေါင်းညိတ်ပြတော့ အေးချမ်းက ကျွန်တော့်လက်ကို





အတင်းဆွဲကာ စနက်ဘားတစ်ခုဆီ ခေါ် ဆောင်သွားပါတယ်။

"ကဲ .. ဘာစားချင်လဲ"

"အိုးလေးဘိန်းမုန့်"

ညစ်ကျယ်ကျယ် ဒီကောင်မလေးစကားကြောင့် ကျွန်တော်က သူမ ခေါင်းကို ဖွပစ်တော့ အကဲခတ်နေကြတဲ့ ပတ်ဝန်းကျင်ကလူတွေက သမီးရည်းစားလို့ပဲ ထင်ကြမှာပါ။

ဒါပေမယ့် ကျွန်တော် အေးချမ်းအပေါ် သာယာနေသလားဆိုရင် သာယာနေမိပါတယ်လို့ ဝန်ခံရမှာပါ။

ကျွန်တော် ကောင်တာမှာ ငွေရှင်းပြီး စားသောက်စရာတွေ ယူလာကာ အေးချမ်းနဲ့ မျက်နှာချင်းဆိုင်ဝင်ထိုင်တော့ အေးချမ်းက ...

"အာခီယာ၊ မင်းအသိလား၊ ဟိုမှာ ကြည့်နေတယ်"

ကျွန်တော် လှည့်ကြည့်တော့ ..

"ဩော် .. ခဏနော် အေးချမ်း"

"ဟုတ် .."

ကျွန်တော် အအေးဆိုင်မှန်တံခါးကို တွန်းဖွင့်ရင်း ..

"ဘယ်ကလာတာလဲ မမအေးမိ၊ လာလေ ... အအေးဝင် သောက်ပါဦး"

မမအေးမိက မျက်နှာရှုံ့မဲ့မဲ့နဲ့ လက်ထဲက အထုပ်တွေကို မြှောက် ပြကာ ...

"မသောက်တော့ပါဘူးဟယ်၊ သူငယ်ချင်းတွေလဲ ပါတယ်၊ ဘာလဲ နင်က အတွဲသစ်နဲ့ ဖိမ်ကျနေတယ်ပေါ့"

အေးချမ်းကို ရည်ရွယ်ပြောတာမှန်း ကျွန်တော်သိတာကြောင့် ...

"မဟုတ်ပါဘူးဗျာ၊ ရိုးရိုးမိတ်ဆွေပါ"

"တော်သေးတာပေါ့ဟာယ်၊ ဟဲ့ ... နင့်ကို ငါ ပြောရဦးမယ်၊ ငါ ဟို တစ်နေ့က ကုမ္ပဏီကအပြန် မီးပွိုင့်မိနေတုန်း ကားတစ်စီးပေါ်မှာ နင့်မမနေရီကို တွေ့မိလိုက်တယ်ဟ၊ ဘေးတိုက်မြင်ရပေမယ့် သေချာ ပါတယ်ဟာ"

ကျွန်တော်က မမအေးမိစကားကြောင့် အလောတကြီးနိုင်စွာ မမအေးမိပခုံးကို လှုပ်ကာ ..

"သေချာလား မမအေးမိ"

ကျွန်တော့်အပြုအမူကြောင့် မမအေးမိက ရယ်ရင်း ..

"ဟဲ့ .. ဖြည်းဖြည်းလုပ်ပါဟဲ့၊ ငါ့ပခုံးရိုးတွေလဲ ကျိုးပါဦးမယ်"

"ဟာ .. ဆောရီး"

ကျွန်တော့်တောင်းပန်စကားကို ဂရုမပြုဘဲ မမအေးမိက စဉ်းစား ဟန်ပြုပြီး ...

"သေချာတယ်ဟာ၊ ငါတွေ့ခဲ့တာ နေရီလတ်မှ နေရီလတ် အစစ်ပါ။ ကားကလဲ အကောင်းစားဟ၊ နေရီလတ်ကလဲ အမိုက်စား ပြင်ဆင်ထားတာ"

ကျွန်တော့်ဆံပင်တွေကို ထိုးသပ်တင်ပြီး သက်ပြင်းမှုတ်ထုတ်တော့ ...

"သိပ်လဲ စိတ်ဓာတ်မကျပါနဲ့ဟာ .. ရော့ ... ငါတို့ကုမ္ပဏီလိပ် စာယူထား၊ တစ်ပတ်တစ်ခါတော့ ဖုန်းဆက်ဟာ၊ အကြောင်းထူးရင် နင်သိရမှာပေါ့"

မမအေးမိက ကျွန်တော့်ကို သူ့လိပ်စာကတ်ပေးကာ ထွက်သွား တော့ ကျွန်တော် အေးချမ်းဆီ ပြန်လှည့်လာခဲ့ပါသည်။ သွားတုန်းက နင့်မတူဘဲ ပိုင်တွေတွေဖြစ်လာတဲ့ ကျွန်တော့်ရဲ့ အမူအရာကြောင့် ...

"ခုန ဘယ်သူလဲ အာခီယာ"





"ငယ်ငယ်တုန်းက မြို့မှာ ခင်ခဲ့ရတဲ့ အစ်မတစ်ယောက်ပါ"

သူမက ကျွန်တော် စိတ်ညစ်နေမှန်းသိတော့ စိတ်ပျော်ရွှင်အောင် စနောက်နေပါသည်။ အေးချမ်းရဲ့ဂရုဏာအကြင်နာတွေကို ခံစားမိရင်း မမကို သတိရနေမိတာ အပြစ်တစ်ခုလား မမ ...။

လွမ်းတယ် မမနေရီ ....။

"အဲဒါ ... Brown Stone ရဲ့ ပိုင်ရှင်လေ"

အနက်ရောင်ကားကြီးတစ်စီးပေါ် ဟာပည့်တွေဖွင့်ပေးတဲ့တံခါး မှတစ်ဆင့်ဝင်ထိုင်ကာ ထွက်ခွာမောင်းနှင်သွားတဲ့ကားကြီးကို ကြည့်ပြီး...

"တွေ့လိုက်လား အာခီယာ"

ကိုဇော်ကြီးစကားကြောင့် အာခီယာက ဦးထုပ်ကို နောက်ပြန်ဆောင်းကာ မျက်မှန်ကိုတပ်ရင်း ..

"ကားထဲငုံ့ဝင်သွားတာပဲ မြင်လိုက်တယ်ဗျ"

"နောက်ကြုံရင် ငါပြမယ်၊ အာခီယာ ... လာ ဝင်ကြမယ်"

ကျွန်တော်တို့ ဂိမ်းစင်တာထဲဝင်တော့ ဝန်ထမ်းလေးတစ်ဦးက ...

"အစ်ကိုဇော် ... အစ်ကို့ကို မန်နေဂျာက တွေ့ချင်လို့တဲ့"

"ဘာလဲ .. မင်းတို့မန်နေဂျာက ငါ့ကို မိန်းမပေးစားမလို့လား"

ချာတိတ်ကလည်း ရယ်ကျဲကျဲနှင့် ...

"ဖြစ်နိုင်တယ် အစ်ကို"





ဒီဝန်ထမ်းတွေနဲ့ ကိုဇော်ကြီးက ညီရင်းအစ်ကိုလို ...။ ကိုဇော်ကြီးကိုယ်တိုင်က လက်ဖွာတဲ့လူဆိုတော့ သူရောက်ပြီဆို လူက အုံစမြဲ။

ကျွန်တော်နဲ့ကိုဇော်ကြီး မန်နေဂျာရုံးခန်းထဲဝင်တော့ မန်နေဂျာက စာရင်းတွေ ရေးမှတ်နေရာက ...

"ဟာ .. ကိုဇော်ကြီး .. လာ လာ၊ ဟော့ .. တို့အစ်ကိုကြီးအတွက် တစ်ခုခုလုပ်စမ်း"

"ဓားတို့ ဓားမြှောင်တို့လား မန်နေဂျာ"

ကိုဇော်ကြီးက ငေါ့တော့တော့ပြောတော့ မန်နေဂျာက ပျာပျာသလဲ ...

"မဟုတ်ရပါဘူးဗျာ"

"အဲဒါဆို တော်သေးတာပေါ့ဗျာ၊ ကဲ .. ဆို မန်နေဂျာ၊ ကျွန်တော့်ကို တွေ့ချင်ရတဲ့အကြောင်းရင်းက ..."

တည့်တည့်ပဲ ကိုဇော်ကြီးက မေးချလိုက်တော့ မန်နေဂျာက ပြောရခက်နေဟန်ရှိသည်။

"ကဲ ... ပြောပါဗျာ၊ ကျွန်တော့်ကို အားမနာပါနဲ့ မန်နေဂျာ၊ ကျွန်တော် နည်းနည်းပါးပါး ကစားပြီးရင် ပြန်ရမှာ"

"အဲဒီနည်းနည်းပါးပါးကိစ္စပဲ ကိုဇော်ကြီး၊ ကျွန်တော်ပြောချင်တာက ကိုဇော်ကြီး ငွေဘယ်လောက်လိုချင်လဲ၊ တစ်လကိုလေ"

မန်နေဂျာစကားကြောင့် ကိုဇော်ကြီးမျက်နှာ တင်းမာသွားပါသည်။

"ခင်ဗျား ဘာစကားပြောတာလဲ မန်နေဂျာ"

ကိုဇော်ကြီး ဒေါသစကားကြောင့် မန်နေဂျာက မျက်နှာပျက်ပျက်နှင့် ...

"ဟာ .. မဟုတ်ဘူး၊ ကျွန်တော် အဲဒီလိုရည်ရွယ်ပြီးပြောတာ

မဟုတ်ဘူး၊ ကျွန်တော် စကားပြောမှားသွားတာပါ .. ဟို ...”

သူ့စကားမှားမှန်းသိသွားတော့ မန်နေဂျာ ပျာယာခတ်သွားကာ ခြေမကိုင်မိလက်မကိုင်မိ ဖြစ်သွားသည်။

“တော် .. မန်နေဂျာ၊ ကျွန်တော်ပြောတာ ခင်ဗျားနားထောင်ဦး၊ ခင်ဗျားတို့သူဌေးလဲ ပိုက်ဆံလိုချင်လို့ ဒီစက်တွေကို ရင်းနှီးထားတာ၊ ခင်ဗျားစက်တွေကို ကျွန်တော် အလကား လာကစားတာ မဟုတ်ဘူး၊ အခကြေးငွေပေးပြီး လာကစားတာ၊ ဟုတ်တယ်နော်”

မန်နေဂျာက ခေါင်းညိတ်ပြသည်။

“ကျုပ်က ပိုက်ဆံပေးပြီးတော့လဲ စက်ကို ကစားရသေးတယ်၊ ကျုပ်ညံ့ရင် ခင်ဗျားရဲ့စက်တွေက ကျုပ်အိတ်ထဲက ပိုက်ဆံတွေကို ယူမယ်၊ အခု ကျုပ် မညံ့လို့ ခင်ဗျားတို့စက်ရဲ့ ပိုက်ဆံအိတ်ထဲက ပိုက်ဆံကိုယူတာ မှားသလား၊ ဒါ ဥပဒေဘောင်ထဲက လုပ်တဲ့ကိစ္စပဲ၊ မကျေနပ်ရင် ခင်ဗျားတို့သူဌေးကို ပြောလိုက်၊ စက်ဆရာတွေကို အသေအချာမှာပြီး စက်တွေကို အသစ်ဆင်ခိုင်းလိုက်လို့ ဟုတ်ပြီနော်”

“ဟုတ် .. ဟုတ်ကဲ့”

“လာ .. သွားမယ် အာခီယာ”

ကိုဇော်ကြီးက ရှူးရှူးဒိုင်းဒိုင်းနှင့် ကျွန်တော့်ကိုခေါ်ကာ ထွက်လာခဲ့ပါသည်။ ဂိမ်းလည်းမကစားတော့တဲ့ ကိုမင်းနွယ်ကို လှမ်းခေါ်ကာ ထုံးစံအတိုင်း မညို့တို့ဆိုင်ဘက် ချီတက်လာခဲ့ပါသည်။

မှုန်တေတေနဲ့ ဆိုင်ထဲဝင်လာတဲ့ ကိုဇော်ကြီးကို ကြည့်ကာ မညိုက ရယ်ချင်ဟန်နဲ့ ...

“ဟော .. ဘယ်လိုဖြစ်တာလဲ ဒါလင်ရယ်၊ မျက်နှာကြီးကလဲ မှုန်ပုပ်”

ကျွန်တော်က ဖြစ်ကြောင်းကုန်စင်ပြောပြတော့ မညိုက ကိုဇော်





ကြီးကို နှစ်သိမ့်နေပါသည်။ တကယ် လိုက်လည်းလိုက်တဲ့အတွဲပါပဲ။

အေးစက်စက်အခန်းထဲရောက်တော့ ကျွန်တော်က ကိုဇော်ကြီးတို့အတွဲကို ငေးကြည့်နေတာကို အေးချမ်းက ပခုံးချင်းတိုက်ပြီး ...

“ဟိတ် .. ချာတိတ်၊ ဘာတွေငေးနေတာလဲ”

သူမရဲ့အခေါ်အဝေါ်ကြောင့် ကျွန်တော်က ရယ်မိပါသည်။

“ဩော် .. ချာတိတ်က ရယ်တတ်သားပဲ”

အတည်ကြီးနဲ့ နောက်ရွှတ်ရွှတ်ပုံစံကြောင့် ....

“အေးချမ်း .. ဒီနေ့ တစ်မျိုးဖြစ်နေပါလား”

သူမက ရယ်နေရာမှာ ချက်ချင်းမျက်နှာတည်သွားကာ ...

“မင်းနဲ့တွေ့မှ ကိုယ့်ရဲ့ဘဝက ...”

တစ်ပိုင်းတစ်စ ပြတ်တောက်သွားတဲ့စကားကြောင့် ကျွန်တော် သက်ပြင်းချမိရင်း ...

“ပြောပါ အေးချမ်း၊ မင်းနဲ့ကိုယ့်ကြားမှာ လျှို့ဝှက်ထားစရာ မရှိပါဘူး”

ခပ်ငွေ့ငွေ့အပြုံးက မီးခိုးလေးတစ်ခုလိုပဲ။

“တကယ်တမ်းပြောရရင် ကိုယ်လဲ မင်းနဲ့တွေ့မှ ကျရှုံးရတော့တာပဲ အာခီယာ”

“ကျွန်တော်ကရော ခင်ဗျားအပေါ်မှာ အခွင့်အရေးယူခဲ့ဖူးလို့လား အေးချမ်း”

သူမဟာ ကျွန်တော့်စကားကြောင့် မျက်နှာချင်းဆိုင်ကြည့်ကာ ...

“ကိုယ်တစ်ခုမေးချင်တယ် အာခီယာ”

ကျွန်တော်က မေးဆတ်ပြသည်။

“မင်းရဲ့ အေးစက်စက်နိုင်ပုံကို ကိုယ်သိပါတယ်၊ ဒါပေမယ့် ...”

သူမ စကားတစ်ခွန်းစဖို့ အားယူနေပုံရသည်။

“မင်းရင်ထဲမှာ စွဲလမ်းနှစ်သက်တဲ့လူ မရှိဘူးလား၊ ပြီးတော့ မုန်းတီးနာကျင်တဲ့လူရော ရှိလား”

အေးချမ်းရဲ့အမေးဟာ ယေဘုယျဆန်နေပေမယ့် ကျွန်တော့်ရင် ကို ထိခိုက်လောက်အောင် တိကျတဲ့မေးခွန်း ...။ ချက်ချင်းဖြေလို့ မရနိုင် အောင် ဝိုင်တွေတွေဖြစ်သွားပုံကြောင့် ...

“ကိုယ်မေးတဲ့မေးခွန်းက အမှားပါသွားလို့လား အာခီယာ”

ကျွန်တော် နှုတ်ခမ်းကိုက်မိရင်း သူမကိုမော့ကြည့်တော့ မျက်ဝန်း ဝိုင်းဝိုင်းလေးတွေက စွဲမက်စရာ၊ ဒါပေမယ့်လေ ....။

“အမှားပါသွားလို့မဟုတ်ပါဘူး အေးချမ်းရယ်၊ အမှန်ဖြစ်နေလို့ ပါ။ ကျွန်တော့်ဘဝမှာ လူတစ်ယောက်ကို ရင်ထဲက နှစ်နှစ်ကာကာ ချစ်မိ သလောက် လူတစ်ယောက်ကို နက်နက်ရှိုင်းရှိုင်း မုန်းတီးနေခဲ့တယ် အေးချမ်း အဲဒီအချစ်တွေ အမုန်းတွေကြားမှာ ကျွန်တော်ဟာ မမြင်ရတဲ့ ပြိုင်ပွဲတစ်ပွဲကို ဆင်နွှဲနေရတယ်ဆိုရင် ပိုမှန်မယ်”

“မမြင်ရတဲ့ ပြိုင်ပွဲ”

ကျွန်တော် ခေါင်းညိတ်ပြမိသည်။

“လူဆိုတာ မွေးဖွားလာကတည်းက သေဆုံးတဲ့အထိ ပြိုင်ပွဲမျိုး စုံကို ဆင်နွှဲနေရတယ် အေးချမ်း၊ ကျွန်တော့်ဘဝမှာ ဘဝတစ်ခုလုံးနဲ့ ရင်းပြီး လောင်းကြေးထပ်ရမယ့် ပြိုင်ပွဲတစ်ပွဲရှိပါတယ်”

အေးချမ်း နှုတ်ခမ်းပါးလေးတွေက ပန်းလေးတစ်ပွင့်လို ပွင့်ဟ လာပါသည်။ ကိုဇော်ကြီးတို့ကတော့ နားထောင်သူသက်သက်၊ ကျွန်တော် သူမကို အားနာမိသည်။

“အေးချမ်း .. ခင်ဗျား ဉည့်သည်တွေရှိတယ်ဆိုရင် သွားလေ”





ကျွန်တော့်စကားကြောင့် သူမက အပြုံးနဲ့ခေါင်းခါရင်း ...

“ကကက်ဝေါလ်တစ်ချိန်ပဲ သွားလိုက်မယ် အာခီယာ၊ လိုက်အား ပေးနော်”

ကျွန်တော် သူမကို အားနာတာကြောင့် ခေါင်းညိတ်ပြမိတော့ ကိုမင်းနွယ်နှင့်အတူ ထိုင်နေတဲ့ မဇာခြည်က ...

“အေးချမ်းတို့က သူ့ပါတနာ ကြီးကြီးမာစတာတွေကို ဂရုမစိုက်ဘဲ နင်နဲ့အတူထိုင်တာနော် အာခီယာ၊ ငါ့ညီမကို ဘာထင်လို့လဲ”

“ကျွန်တော်တို့က သူငယ်ချင်းတွေပါဗျာ”

ကျွန်တော့်စကားကြောင့် မညိုက နှာခေါင်းရှုံ့ပြရင်း ...

“ဘာသူငယ်ချင်းလဲ၊ ဘဂ်လားသူငယ်ချင်းလား”

“ဘဂ်လားမောင်နှမပဲ ကြားဖူးပါတယ်ဟာယ်”

“ဟဲ့ ဇာခြည် .. သူတို့က သူငယ်ချင်းဆိုမှတော့ ဘဂ်လား သူငယ် ချင်းပဲ ဖြစ်မှာပေါ့”

“ဟုတ်တယ်ဟေ့”

ကျွန်တော်နဲ့အေးချမ်း တစ်ယောက်ကိုတစ်ယောက် ကြည့်မိကြရင်း ရယ်မောမိကြပါသည်။ အခန်းထဲမှာ သောက်ကြ စားကြ၊ ရယ်မော ပျော်ရွှင်နေကြချိန် တံခါးဖွင့်သံနှင့်အတူ ဝန်ထမ်းလေးတစ်ဦး ရောက် ရှိလာကာ ...

“မမအေးချမ်း၊ ကကက်ဝေါလ်လျှောက်ချိန် နီးပြီခင်ဗျ”

“အေး .. ငါလာခဲ့မယ်”

ကောင်လေးက အရိုအသေပေးပြီးထွက်သွားတော့ အေးချမ်းက သူ့နှာခေါင်းကို ချစ်စနိုးနဲ့ ဆွဲညှစ်ရင်း ..

“အေးချမ်း အဝတ်အစားသွားလဲလိုက်ဦးမယ် အာခီယာ၊ ခဏ

နေရင် ခန်းမထဲ လာခဲ့နော်”

ကျွန်တော် သူမ စိတ်ချမ်းသာအောင် ခေါင်းညိတ်ပြခဲ့မိပါသည်။

“လိုက်သွားလိုက်ပါဟယ်၊ နင့်ကို သူ ဘယ်လောက်သံယောဇဉ်ရှိတယ်ဆိုတာ ငါတို့အသိဆုံးပါ အာခီယာရယ်”

မညိုရဲ့စကားကြောင့် မဇာခြည်ကလည်း ...

“နင် မမြင်ဖူးလို့နော်၊ ဘယ်ဆိုင်မှာပဲဖြစ်ဖြစ် မေအေးချမ်း ဆိုတာ ခေါင်တွေချည်းပဲ ကိုင်တာ၊ သူနဲ့အတူတွဲထိုင်ဖို့ဆိုတာ လွယ်လွယ်ကူကူတော့ မရဘူး”

“ဒါပေမယ့် ငါတို့မင်းသားကြီးနဲ့ကျမှ မယ်ဖုရားလဲ အမိဋ္ဌာန်ပျက်ရပြီပေါ့”

“ကိုဇော်နော် ...”

ကိုဇော့်စကားကို မညိုက ကျေနပ်ချင်ပုံမရ။ ကျွန်တော်လည်း အေးချမ်းအပေါ် သံယောဇဉ်ရှိပါသည်။ ဒါပေမယ့် မိတ်ရင်းဆွေရင်း သူငယ်ချင်းတစ်ယောက်လို။

ကျွန်တော် အောက်ထပ်ကို ဘီယာတစ်ဘူးကိုင်ပြီး ဆင်းလာခဲ့ပါတယ်။ ကက်ဝေါလ်က စတင်ကျင်းပနေပါသည်။ အဖွဲ့လိုက် အဖွဲ့လိုက် ကက်ဝေါလ်လျှောက်ကြတာ များပါသည်။ အစီအစဉ် ကြေညာသူတွေက နာ းည်တွေကို ရေရွတ်ပြပါတယ်။

ကျွန်တော် နီးစပ်ရာ ဆိုဖာတစ်ခုပေါ်မှာ အေးအေးလူလူ ဝင်ထိုင်တော့ ဝန်ထမ်းလေးတစ်ယောက်က ရိုရိုသေသေ လာရပ်ကာ ...

“အစ်ကို ဘာမှာမလဲ မသိဘူး၊ လိုအပ်တာရှိရင် စီစဉ်ပေးလိုက်ပါလို့ ကိုဇော်ကြီးက မှာထားတယ်ခင်ဗျ”

ကျွန်တော် ဘီယာပဲ ထပ်မှာလိုက်ပါသည်။





ကျွန်တော် ထိုင်သည့်နေရာက အလင်းရောင်တွေ ဖိတ်ဖိတ်လက်နေတဲ့ ကက်ဝေါလ်ကွင်းပြင်ရဲ့ တစ်ဖက်ထိပ် ဒုတိယတန်းမှာ ပါ။ ကျွန်တော့်ရဲ့အခြားတစ်ဖက်ထိပ် ရှေ့ဆုံးမှာတော့ တပည့်တွေ လေးငါးခြောက်ယောက် ခြံရံထားတဲ့ စပယ်ရှယ်ဝိုင်းတစ်ဝိုင်း ရှိသည်။

ကျွန်တော် ဘီယာတစ်ငုံသောက်ရင်း ထိုအုပ်စုကိုကြည့်တော့ ဘေးက ဝန်ထမ်းလူငယ်က ...

“အဲဒါ Brown Stone ရဲ့ပိုင်ရှင် ကိုကိုလတ် ဆိုတာလေ”

“ဘယ်သူ ...”

ကျွန်တော် သွေးကြောတွေ လျင်မြန်စွာ နိုးထလာခဲ့ပါတယ်။ နာမည်တစ်ခုတည်း ကြားရရုံလောက်နဲ့တင် ကျွန်တော် အသေအချာ စူးစိုက်ကြည့်မိသည်။ အနက်ရောင်စတိုင်ပင်နဲ့ အဖြူကွမ်းရိုးစင်းကို သေသေသပ်သပ် ဝတ်ဆင်ထားတဲ့ပုဂ္ဂိုလ်က မျက်မှန်ကိုချွတ်လိုက်တော့ ...

“ဒီလူက စီးပွားရေးတော်တော်များတယ်လို့ ကြားတယ် အစ်ကို၊ အဓိကလုပ်ငန်းကတော့ Brown Stone ပဲ”

Brown Stone က ကိုဇော်ကြီး ဟိုတစ်ခါ ဒုက္ခပေးခဲ့သည့်ဆိုင်။ ကမ္ဘာကြီးက ကျဉ်းကျဉ်းလေးပါ ကိုကိုလေး။ မင်းရင်ဘတ် ငါ့ရင်ဘတ် ကြက်ခြေခတ်ထားတဲ့ ဥဒါန်းမကြေ အပြိုးတွေ၊ ပြိုင်ပွဲတစ်ခုဖြစ်ခဲ့ရင် ...

“ဒီလူက မမအေးချမ်းကို အသေအလဲကြွေတာ၊ နောက်ဆုံး လက်ထပ်ခွင့်တောင် တောင်းတယ်ဆိုပဲ”

ကျွန်တော် ပြုံးလိုက်မိသည်ထင်ပါသည်။ ကောင်လေးကတော့ ရိုက်မစစ်ဘဲ အလွန်ပြောပြချင်ပုံရသည်။

“မမကတော့ စိတ်ဝင်စားပုံမရဘူး၊ ကာစတမ်မာသက်သက်ပဲ သဘောထားတယ်၊ အစ်ကိုကြည့်နော်၊ မမ ထွက်လာပြီ”

အေးချမ်းတို့အုပ်စု ထွက်လာတော့ ကိုကိုလတ်ကိုယ်တိုင် သရဖူတွေ၊ ပန်းကုံးတွေနဲ့ ကွင်းအလယ်ကိုသွားကာ အေးချမ်းတစ်ကိုယ်လုံးဖုံးသွားအောင် စွပ်ပေးပါသည်။ လက်ခုပ်သံတွေက အေးချမ်းကို ဂုဏ်ပြုရုံသက်သက်လား။ ဒီလက်ခုပ်သံတွေရဲ့အဓိပ္ပာယ်က ဘာလဲ။

ကျွန်တော့်အထင်တော့ ....။ ဆက်ပြီး အတွေးတွေ ထပ်မရှုံ့ချင်တော့ပါ။ ကျွန်တော် ဘီယာဘူးကို လက်ကကိုင်ပြီး ရှေ့ဆုံးဆက်တီမှာ ဝင်ထိုင်လိုက်သည်။ လင်းလက်တောက်ပနေတဲ့ ကက်ဝေါလ်ကွင်းပြင်ကျယ်ရဲ့ အဆုံးနဲ့အစမှာ ကျွန်တော်နဲ့ကိုကိုလတ်။ ကိုကိုလတ်က ကျွန်တော့်ကိုသတိထားမိပုံ မပေါ်။ ဒါပေမယ့်ပြဿနာကို အစဖော်ထုတ်သူက အေးချမ်း။

အေးချမ်းက ကက်ဝေါလ်လျှောက်နေရင်း ကိုကိုလတ် ဆုချထားတဲ့ပန်းကုံးကို ကျွန်တော့်လည်ပင်းမှာ လာစွပ်တော့ လက်ခုပ်သံတွေ၊ အထင်ကြီးအံ့သြမှုတွေနဲ့ ဆူညံသွားပါတယ်။ ကိုကိုလတ် မတ်တတ်ရပ်မိသည်အထိ အံ့အားသင့်နေပုံရသည်။ ကက်ဝေါလ်လျှောက်ပြီးသည့်အချိန်မှာ အေးချမ်း သူ့ဘေးမှာ ဖန်ခွက်လှလှလေးကိုင်ပြီး ရောက်လာကာ ဝင်ထိုင်ရင်း ...

"ဘယ်လိုလဲ ကိုယ်တော်၊ ပျင်းနေပြီလား"

ကျွန်တော့်အကြည့်က ကိုကိုလတ်ဆီမှ မခွာသေး။ ကိုကိုလတ်ကလည်း ကျွန်တော့်ကို တန်ပြန်စိုက်ကြည့်နေပါသည်။ ကိုကိုလတ်ရဲ့မျက်ဝန်းတွေကို ကာရံထားတဲ့ အနက်ရောင်မျက်မှန်တစ်လက်ရဲ့နောက်မှာ နဂါးတစ်ကောင်လို စူးရှမှုပြင်းအားတွေ တည်ရှိနေမှာကျွန်တော်သိသည်။

အေးချမ်းက ကျွန်တော့်အကြည့်ကို သတိထားမိပုံပေါ်သည်။





ကျွန်တော့်ရဲ့အကြည့်နောက်ကို ခြေရာခံကြည့်ရင် ကိုကိုလတ့်မှန်းသတိထားမိပုံရသည်။

ကက်ဝေါလ်လျှောက်တဲ့ အစီအစဉ်ပြီးဆုံးသွားတော့ ကွင်းထဲမှာကခုန်သူတွေ ရောက်လာကြပါသည်။ ကျွန်တော်နဲ့ကိုကိုလတ် တစ်ယောက်နဲ့တစ်ယောက် မမြင်နိုင်လောက်အောင် လူတွေက ပိတ်ဆို့နေခဲ့သည်။

ဒါပေမယ့်လေ .. ပြဿနာဆိုတာ ...

"မင်္ဂလာပါ အာခီယာ"

ကျွန်တော်နဲ့အေးချမ်းရှိရာဆီသို့ ဧည့်သည်က မခေါ်ဘဲ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့ပါပြီ။ ကျွန်တော့်ရဲ့နောက်တန်း ဆိုဖာဆီမှာကိုကိုလတ်တပည့်နှစ်ယောက်က ဝင်ထိုင်ပါတယ်။ ကိုကိုလတ်ကိုတော့ ခပ်တောင့်တောင့်လူနှစ်ဦးက ခြံရံထားပါတယ်။ အေးချမ်းကလည်း ကျွန်တော့်ရင်ခွင်ထဲကို ပိုမိုတိုးကာ ..

"ဆို .. ဘာကိစ္စလဲ ကိုကိုလတ်"

အေးချမ်းရဲ့ အရေးမစိုက်ဟန်လေယူလေသိမ်းကြောင့် ကိုကိုလတ်မျက်နှာ ခဏပျက်ယွင်းသွားပါသည်။

"ကျေးဇူးပြုပြီး မင်း ဒီကောင်နဲ့ မပတ်သက်ပါနဲ့ ဟန်နီ"

"ကျွန်မက ..."

ဇင်ယော်တောင်မျက်ခုံးတွေ အတွန့်ချိုးပြီးပြောလိုက်တဲ့ လေသံကခနဲ့တဲ့တဲ့။

"ဖြစ်နိုင်မယ်မထင်ဘူးနော် အာခီယာ"

အခုချိန်ထိ ကျွန်တော် စကားမဆိုသေး။

"မင်း ရန်ကုန်ရောက်နေတာ ကြာပြီလား အာခီယာ"

"ဆိုပါတော့"

ကိုကိုလတ်က လက်နှစ်ဖက်ကို ဘောင်းဘီအိတ်ထဲထည့်ရင်း ပခုံးတွန့်သည်။

"အခုလို မိတ်ဟောင်းဆွေဟောင်း အရင်းအချာနဲ့ ပြန်တွေ့ရတာ ဝါဝမ်းသာတယ် အာခီယာ၊ ငါ မင်းကို စောင့်နေခဲ့တာ အတော်ကြာပြီ၊ လွမ်းတယ် ဆိုပါတော့ကွာ"

ရိသဲ့သဲ့နဲ့ ရယ်မောလိုက်ပုံက အေးချမ်းတောင် နှာခေါင်းရှုံ့သည်။

"မင်း အေးချမ်းနဲ့ ခပ်ဝေးဝေးနေပေးပါ။ နောက်တစ်ခုက မင်းရဲ့နှလုံးသားတစ်စုံ ငါ့လက်ထဲမှာရှိနေတယ်ဆိုတာ အမြဲအမှတ်ရပါ"

ကျွန်တော် ကိုကိုလတ်ပြောတဲ့စကားကို နားမလည်မိ။

"နေ .. ရီ .. လတ် ကိုတော့ မင်း သိမှာပါ"

ကျွန်တော် ဝုန်းခနဲ မတ်တတ်ရပ်မိတော့ ကိုကိုလတ်လူတွေက လှုပ်လှုပ်ရွရွဖြစ်သွားပါသည်။ ကိုကိုလတ်က သူ့လူတွေကို လက်ကာတားကာ ...

"သိပ်လဲ မစိုးရိမ်ပါနဲ့ အာခီယာ၊ မင်းရဲ့မမကို မျက်ခြေမပြတ် စောင့်ကြည့်ရုံလေးပါ၊ မင်းအလာကို ငါက မျှော်နေရတာ၊ မင်း ငါနဲ့ မတွေ့ခင် ဘာများဖြစ်သွားမလဲဆိုပြီး စိုးရိမ်လိုက်ရတာကွာ၊ ကျွတ် ကျွတ် ငါ့ရဲ့ဘဝကို မင်း သနားပေးပါဦး"

"ကိုကိုလတ် ..."

အံကြိတ်ဆိုခဲ့ပေမယ့် သွားကြားထဲက စိမ့်ထွက်လာတဲ့ ကျွန်တော့်ရဲ့အသံက မာကျောခြင်းနဲ့ ခပ်တိုးတိုးသာ။

"မင်း သူ့ကို ထိရဲထိကြည့်၊ မင်းလဲ မင်းအစ်ကိုနောက် လိုက်သွားရလိမ့်မယ်ဆိုတာ မင်းသိထားပါ"





"အိုး ... ကြောက်စရာကြီးပါလား၊ ကဲ ... ပွဲကတော့ စောပါသေးတယ်၊ မင်း မမကိုတွေ့ချင်တယ်ဆိုရင်တော့ သွားတွေ့လိုက်ပါဦး"

ကိုကိုလတ်က ကျွန်တော့်ကို လိပ်စာကတ်တစ်ခု ပေးသည်။ ကိုကိုလတ်ရဲ့လက်ဖျောက်တီးသံနှင့်အတူ သူ့လူတွေ နောက်ဆုတ်ထွက်ခွာသွားကြပါတယ်။ လူအုပ်ကြားထဲက ပျောက်ကွယ်သွားတဲ့ ကိုကိုလတ်တို့ကို ကြည့်ရင်း ...

"မင်းနဲ့ ရန်ငြိုးရန်စရှိမယ့်ပုံပဲ အာခီယာ"

အေးချမ်း စကားကို ကျွန်တော်ခေါင်းညိတ်ပြမိပါသည်။

"အာခီယာ .. ဘာဖြစ်တာလဲ"

ကိုဇော်ကြီးက အမောတကော ပြေးလိုက်လာတော့ ..

"နောက်မှ ကျွန်တော်ပြောပြမယ် ကိုဇော်ကြီး၊ ကိုဇော်ကြီးဆီက အကူအညီလိုတယ်၊ နောက်ပြီး အေးချမ်း .."

"အာခီယာ ကြိုက်တဲ့အချိန်ပြော"

"အေးချမ်း .. အခုအချိန်ရလား"

"ဘာလုပ်မလို့လဲ"

"လိုက်ခဲ့"

ကျွန်တော်တို့ ဆိုင်လေးထဲက ထွက်လာခဲ့ကြပါတယ်။ ကားလေး တစ်စီးထဲမှာ လူက လေးယောက်။ ကျွန်တော်ရယ်၊ ကိုဇော်ကြီးရယ်၊ မညိုနဲ့အေးချမ်း။

ကားလေးက လူသူရှင်းတဲ့ ဆိပ်ကမ်းတစ်ခုမှာ ရပ်သည်။ ကိုဇော်ကြီးက ကားပေါ် ကဆင်းကာ အုတ်ဘောင်တစ်ခုမှာထိုင်သည်။ မညိုက ကားဘောနပ်မှာ ထိုင်၏။ ကျွန်တော်နဲ့အေးချမ်းက မြစ်ပြင်ကို မျက်နှာမူလျက်သား။ ခပ်လှမ်းလှမ်းမှာမြင်ရတဲ့ ငြိမ်သက်နေတဲ့ ပင်လယ်ကူး

သဘော်တွေဆီက မီးရောင်က ဆိပ်ကမ်းအထိ ပျံ့နှံ့နေပါသည်။

အဲဒီည ကောင်းကင်မှာ ကြယ်တွေရှိနေခဲ့တယ်။ ကျွန်တော် ရန်ကုန်မြစ်ကို ငေးကြည့်မိရင်း ဟိုးအတိတ်က ဆိပ်ကမ်းမြို့လေးကို သတိရမိသည်။ လူငယ်တစ်ယောက်နဲ့ ကျိန်စာမြို့ငယ်လေးတစ်ခုရဲ့ ဒဏ်ရာပုံပြင်တေးသွား။

ကျွန်တော် သက်ပြင်းချမိသည်။

"ကိုမင်းနွယ်က ကျွန်တော့်အကြောင်းတွေသိပြီးသားမို့ နေခဲ့နိုင်းတာပါ"

လေပြေက ကျွန်တော့်ဆံပင်တွေကို ဖရိုဖရဲဖြစ်စေခဲ့ပါသည်။ အေးချမ်းက ဆံနွယ်တွေကို ရှင်းထုတ်ရင်း အရောင်တလက်လက် မျက်ဝန်းတွေနဲ့ ငေးကြည့်နေပါသည်။

"ရန်ကုန်မြို့နဲ့ မိုင်ပေါင်းများစွာဝေးတဲ့ ရောဝတီမြစ်ကမ်းနံဘေးက မြို့ငယ်လေးရဲ့ မိုးသည်းတဲ့ ညတစ်ညမှာ ..."

ကျွန်တော် မျက်ဝန်းကို မှိတ်ပစ်လိုက်ပါတယ်။ မျက်ဝန်းတွေထဲမှာ၊ အတွေးထဲမှာ မိုးတွေ သည်းကြီးမည်းကြီး ရွာနေပါတယ်။ လျှပ်စီးတွေ လက်ခနဲ ယိမ်းထိုးနေတဲ့ လမ်းမီးတိုင်တွေ ...။ ပြီးတော့ လှိုင်းရိုက်သံ။





သူမ အသင့်ဖွင့်ပေးထားတဲ့ ကားတံခါးပေါ်မှ ခြေချရန်အပြင် ...

"ဟင် ..."

သူမ ခြေဖဝါးတွေ မြေပြင်ပေါ်ကို ဘယ်လိုမှခြေချခွင့်မရှိအောင် တားမြစ်ထားတဲ့အရာက သူမ ခြေဖဝါးအောက်မှာ ...။

"ဘာဖြစ်လို့လဲ မမ"

"ဘာမှမဟုတ်ဘူး ဆွေဆွေ"

သူမရဲ့ မန်နေဂျာလို့ ပြောရမယ့် ဆွေဆွေရဲ့အမေးကို ဘာမှ မဟုတ်သလို ဖြေရင်း ကားပေါ်ကမဆင်းဘဲ မြေပြင်ပေါ်မှာ လဲလျောင်းနေတဲ့ အပြာရောင်စက္ကူငှက်ရုပ်လေးကို ကောက်ယူလိုက်မိသည်။

သူမ လက်ထဲက အပြာရောင်စက္ကူငှက်ရုပ်လေးကို တွေ့တော့ ဆွေဆွေဟာ ...

"ဟယ် .. ချစ်စရာလေးနော် မမနေရီ"

ကျွန်မရင်ထဲမှာ နင့်နင့်သီးသီးဖြစ်သွားရသလို မျက်ဝန်းမှာ ရစ်ဝဲလာသော မျက်ရည်ဥတို့ကြောင့် ...

"ဟင် .. မမ ငိုနေတယ်၊ ဘာဖြစ်လို့လဲ မမ"

သူမက ကမန်းကတန်းပင် ကြွေကျတော့မယ့်မျက်ရည်စက်တွေကို လက်ကိုင်ပဝါနဲ့ တို့ထိဖယ်ရှားရင်း ....

"ဘာမှမဖြစ်ပါဘူး ဆွေဆွေ၊ ကဲ .. သွားကြရအောင်၊ အစည်းအဝေးလဲ နီးနေပြီ"

သူမကားပေါ် ကဆင်းပြီး ကုမ္ပဏီဝန်းကျင်ကို ကမန်းကတန်းလှည့်ပတ်ကြည့်မိသည်။ သူမ အခုလို အမှုအရာပျက်ယွင်းတာ ဒီကုမ္ပဏီမှာ စတင်လုပ်ကိုင်ကတည်းက အခုအကြိမ်ဟာပထမဦးဆုံးဆိုရင် မမှားပါဘူး။

ကျွန်မစိတ်ထဲမှာ ကျွန်မရဲ့အနီးနားမှာ အာခီယာရှိနေသည်လို့ ခံစားမိပါသည်။ သူမလက်ထဲက အပြာရောင်စက္ကူငှက်ရုပ်လေးကို ငေးကြည့်မိတော့ ဒီစက္ကူငှက်ရုပ်လေးမှာ အာခီယာရဲ့အငွေ့အသက်တွေ ကပ်ငြိနေသလို ခံစားရပါသည်။

ကောင်လေး ဘယ်ရောက်နေလဲ၊ သတင်းအဆက်အသွယ်တွေ စုံစမ်းမရအောင် အခြေအနေတွေ ဝေးကွာခဲ့ပါတယ်။ သူမ သိပ်မကြာခင် ရန်ကုန်မြေကို ပြန်ရောက်ရောက်ချင်းမှာ အာခီယာ သတင်းတွေကို လှူလှူတ်ပြီး စုံစမ်းခိုင်းတော့ အာခီယာ ထိုကျောင်းမှာ ရှိမနေတော့ပါ။ သူမတို့မြို့လေးကို ပြန်မရောက်လာတဲ့ ဒီကောင်လေးအတွက် သူမ စိတ်ပူပန်မိတာ မှားသလား။

ဒါပေမယ့် နောက်တစ်ကြိမ် သူမကြောင့် အာခီယာ ထပ်မံကံဆိုးမိုးမှောင်ကျမှာ သူမ ကြောက်လန့်နေမိတာကြောင့် သူမနားမှာလည်း အာခီယာ ရှိမနေစေချင်ပါ။





ဘာ့ကြောင့်လဲဆိုတော့ သူမတို့ကုမ္ပဏီရဲ့ပြိုင်ဘက် Brown Stone ကုမ္ပဏီရဲ့ အကြီးအကဲဟာ ကိုကိုလတ်ဖြစ်နေတာကြောင့်ပါ။

နောက်တစ်ကြိမ် ကိုကိုလတ်တို့ရဲ့ ကျိန်စာဆိုးအောက်မှာ အာခီယာကို ခပ်ဝေးဝေးနေစေချင်ခဲ့ပေမယ့် သူ့ကိုလည်း တွေ့ချင်နေခဲ့တဲ့စိတ်ကလည်း တားမရ။

"မမ ... အားလုံး အဆင်သင့်ဖြစ်နေပြီ"

"ဪ .. အေး အေး"

ဆွေဆွေ သတိပေးတော့မှ အတွေးတွေကို ခေါင်းထဲမှထုတ်ကာ အစည်းအဝေးခန်းမထဲ ဝင်လာခဲ့ပါသည်။ ကြိုရောက်နှင့်နေကြတဲ့ ဘုတ်အဖွဲ့ဝင်တွေက မတ်တတ်ရပ်တော့ သူမ အားနာမိကာ ...

"ကျွန်မ နောက်ကျသွားတာ ခွင့်လွှတ်ကြပါနော်"

အရိုန့်မှန်တိကျတဲ့ သူမ အာခီယာနဲ့ပတ်သက်တဲ့ အတွေးလေးတစ်ချက်နဲ့တောင် အမှားအယွင်းဖြစ်သွားစေခဲ့တာ၊ အာခီယာ သူမအပေါ် ဘယ်လောက်လွှမ်းမိုးထားနိုင်သည်ဆိုတာ သူမ သိနေမိတော့ ယောင်ယမ်းပြုံးမိသည်။

"မမ ဘာပြုံးတာလဲဟင်"

ဆွေဆွေက အလိုက်မသိ ခပ်တိုးတိုးမေးတာကြောင့် ...

"ဘာမှမဟုတ်ပါဘူးဟယ်"

ဆွေဆွေက ပတ်ဝန်းကျင်ကို မသိမသာအကဲခတ်ရင်း ...

"မမနော် ... ဒီနေ့ စက္ကူငှက်ရုပ်လေးတွေ့ရုံနဲ့ အမူအရာတွေ ပျက်နေတာ ဆွေဆွေသိတယ်"

သူမအမူအရာက ဆွေဆွေတောင် ရိပ်မိနေပါပြီ။ အစည်းအဝေးစတော့ ဒီနေ့ အစည်းအဝေးတစ်ခုလုံးရဲ့ အဓိကပြောချင်တဲ့အကြောင်း

အရာက ပြိုင်ဘက်ကုမ္ပဏီရဲ့ ဈေးကွက်မှာ ဝင်ရောက်နှောင့်ယှက်မှုက အဓိကကျနေခဲ့သည်။ ပြီးတော့ သူတို့ကုမ္ပဏီရဲ့ အရေးကြီးတဲ့ သတင်းတွေ၊ သတင်းပေါက်ကြားခဲ့တဲ့ ကိစ္စတွေ။

အစည်းအဝေးပြီးသွားတော့ သူမ ပြီးရင် အဓိကကျတဲ့ အစုရှယ်ယာရှင်ဖြစ်တဲ့ ဦးဘုန်း၊ သူမ၊ ဆွေဆွေ၊ မန်နေဂျာ ဦးသိန်းထိုက်တို့ ခေါင်းချင်းဆိုင်တိုင်ပင်မိကြသည်။

အားလုံးပြီးစီးတော့ နေ့လည်တစ်နာရီ ထိုးနေပါပြီ။

"မမ ထမင်းစားပြီးရင် အကောက်ခွန်ရုံးသွားဦးမှာလား"

"သွားမယ်လေ"

ဆွေဆွေက ထမင်းစားခန်းမှာ ထမင်းပွဲပြင်ဆင်ဖို့ ထွက်သွားတော့ ရုံးကကောင်မလေးတစ်ယောက် အခန်းတံခါးဖွင့်ကာ ..

"မမနေရီ၊ ဧည့်သည်တစ်ယောက် ရောက်နေပါတယ်၊ မမသူငယ်ချင်းလို့ ပြောတယ်၊ မအေးမိစံ တဲ့"

"ဟယ် .. လွှတ်လိုက် ထွေးထွေး"

"ဟုတ်ကဲ့ မမ"

ထွေးထွေး ထွက်သွားတော့ သူမ ပျော်ရွှင်မိတာ အမှန်ပါ။ အေးမိစံ ရန်ကုန်မှာရှိနေခဲ့တာ သူမ သတင်းကြားပေမယ့် မဆုံဖြစ်ကြပါ။

"ကုမ္ပဏီပိုင်ရှင်ကြီးနဲ့ တွေ့ရဖို့ တော်တော်စောင့်ယူလိုက်ရတာဟာ"

တံခါးဖွင့်ဖွင့်ချင်း အေးမိစံရဲ့ စကားကြောင့် သူမ မတ်တတ်ရပ်ကာ အေးမိစံကို ကြိုရင်း ရယ်မိကာ ...

"မဟုတ်ပါဘူးဟယ်၊ ခုန အစည်းအဝေးရှိလို့ပါဟ၊ နင့်နာမည် ရုံးကကောင်မလေးပြောတော့ အရမ်းဝမ်းသာသွားတာဟ"

"အပိုတွေ ပြောမနေစမ်းပါနဲ့၊ မြို့ကနေ ပျောက်သွားလိုက်တာ၊





အခု ငါ သတင်းစုံစမ်းပြီးရောက်လာမှ နင့်ကိုတွေ့ရတာ၊ နင် ငါတို့ အပေါ် သူစိမ်းဆန်တာပဲ နေရီရယ်"

"မဟုတ်ပါဘူးဟာ၊ ငါ့အကြောင်းနဲ့ငါ ..."

"လုပ်စမ်းပါဦး၊ နင့်အကြောင်းတွေ ငါ သိချင်နေတာ နေရီ"

"မမ ထမင်းစားလို့ရပါပြီ"

ဆွေဆွေ ရောက်လာပြီး ထမင်းစားဖို့ပြောတော့ ...

"လာဟာ၊ ထမင်းစားရင်း ငါ ပြောပြမယ်၊ နင် အချိန်ရတယ်မို့လား။ တစ်ခါတည်း ထမင်းစားသွား"

"ငါ စားပြီးထွက်လာတာ၊ ကုမ္ပဏီကိုလဲ နေ့ဝက်ခွင့်တင်ပြီး ထွက်လာတာဟ"

သူမ ထမင်းစားခန်းဆီ အေးမိ လက်ကိုဆွဲပြီး ထွက်လာခဲ့ပါသည်။ ဆွေဆွေ အသင့်ပြင်ပေးထားတဲ့ ထမင်းစားပွဲမှာ ဝင်ထိုင်ရင်း ...

"ဆွေဆွေ၊ ဒါ မမရဲ့ သူငယ်ချင်း အေးမိစံ တဲ့"

"တွေ့ရတာ ဝမ်းသာပါတယ်"

ဆွေဆွေက အပြုံးလေးနဲ့ ခေါင်းညိတ်သည်။

"အေးမိ၊ ဒါ ငါ့ရဲ့အထွေထွေအတွင်းရေးမှူးဆိုလဲ မမှားဘူး၊ ဆွေဆွေလတ် တဲ့"

"တွေ့ရတာ ဝမ်းသာပါတယ် ညီမလေး၊ ဆွေဆွေက တကယ်ချော တာပဲနော်"

အေးမိရဲ့ ချီးမွမ်းတဲ့စကားကြောင့် ဆွေဆွေက ရယ်ရင်း ...

"မမသူငယ်ချင်း မမနေရီလောက်တော့ မချောပါဘူးနော်"

ဆွေဆွေပြောမှ အေးမိက ..

"ဟုတ်တယ်ဟဲ့၊ ငါ့သူငယ်ချင်းဘက်က လိုက်ပြောတာမဟုတ်ဘူး၊

အခန်းထဲဝင်ဝင်ချင်း နှင့်ကိုတွေ့တော့ ငါတော်တော်အံ့သြသွားတယ် နေရီ၊ နင် တော်တော့်ကို ပြောင်းလဲသွားတာပဲ၊ အေးလေ .. ငါ့သူငယ်ချင်းက ငယ်ငယ်ကတည်းက မပြင်မဆင်လဲ လှတယ်ဆိုတာ တစ်မြို့လုံး သိတာပဲ၊ ဟုတ်တယ်နော် နေရီ"

"တော်ပါတော့ဟယ်၊ ဒီလောက်ကြီးလဲ မဟုတ်ပါဘူး"

ကျွန်မရဲ့အငြင်းစကားကြောင့် ဆွေဆွေက ထမင်းစားနေရင်းက ...

"ဘာမဟုတ်ရမှာလဲ၊ မမနဲ့အပြင်သွားရင် မမကို လည်ပြန်ငေးကြည့်ကြတာ ဆွေဆွေ သိတာပေါ့၊ ပြီးတော့ မမမျက်နှာက အမြဲတမ်း ပြုံးနေတော့ ချစ်ဖို့ကောင်းတယ်"

"အင်း ... ကြည့်ရတာ ဆွေဆွေ လစာတိုးတောင်းချင်ပြီနဲ့ တူတယ်"

ကျွန်မအပြောကြောင့် ဆွေဆွေက ...

"မဟုတ်ပါဘူးနော်၊ ဆွေဆွေက အမှန်အတိုင်းပြောတာ"

စားသောက်ပြီးစီးသွားတော့ ဆွေဆွေက ...

"မမ နေချင်နေခဲ့လေ၊ ဆွေဆွေပဲ ရုံးသွားလိုက်မယ်"

"ကျေးဇူးပဲ ဆွေဆွေ"

ဆွေဆွေ ထွက်သွားတော့မှ အေးမိက ..

"ငါ သူစိမ်းတွေရှေ့ မပြောချင်တာနဲ့ အခုမှပြောရတာ နေရီ၊ ပြောပါဦး နင့်အကြောင်း ..."

"ငါ့အကြောင်း .."

အေးမိက သူမကို ငေးကြည့်နေသည်။ သူမက အခန်းနံရံမှာ ချိတ်ထားတဲ့ ပန်းချီကားချပ်လေးကို ငေးကြည့်နေမိသည်။

"ဖြစ်လာမယ့်ကိစ္စကို ခန့်မှန်းလို့မရဘဲ သူ့အလိုလိုဖြစ်နေတာကို အစလို့ ဘာလို့ခေါ်လဲ၊ ငါ အခုတော့ သိခဲ့ရပြီ အေးမိ"





အေးမိက ခေါင်းညိတ်သည်။

"ကိုကိုကြီးရဲ့ စော်ကားမှုကို ငါခံခဲ့ရတယ်၊ ငါ့ကြောင့် အာစီယာ ဒုက္ခရောက်ခဲ့ရတယ်၊ သိပ်မကြာခင် အဘိုး လုပ်ငန်းခွင်မှာ အက်ဆီးဒင့်နဲ့ ဆုံးတယ်၊ အမိကက တံတားစီမံကိန်းက အရာရှိကြီးတစ်ယောက်ရဲ့ အသက်ကို ကယ်တင်ရာက အဘိုး ဆုံးပါးခဲ့ရတယ်"

"အဲဒါတွေ ငါတို့သိတယ် နေရီ"

"အဘိုးဆုံးပြီး ရက်လည်တော့ ဘိုးဘိုး အသက်ကယ်ခဲ့တဲ့ အခု ငါ့ကိုမွေးစားတဲ့ ဖေဖေ ဦးရဲကျော်စွာက ငါ့ကို မွေးစားဖို့ လာခေါ်တယ်၊ ငါလဲ ဖေဖေတို့နဲ့ ရန်ကုန်ကို လိုက်လာခဲ့တယ် အေးမိ"

"ယတိပြတ်ပေါ့"

အေးမိစကားကို ကျွန်မ ခေါင်းညိတ်ပြသည်။

"ဟုတ်တယ်၊ ဒီလိုမဆုံးဖြတ်လို့မရဘူး အေးမိ"

"ကိုကိုလတ်ကြောင့်လား"

သူမ ခေါင်းခါပြတော့ အေးမိက နားမလည်။

"ကိုကိုလတ်တို့ရန်ကို ငါ မကြောက်ပါဘူး။ အမိကက အာစီယာနဲ့ ပတ်သက်တဲ့ အရိပ်အငွေ့တွေကိုမြင်ရင်ငါ့ကိုယ်ငါ ခွင့်မလွှတ်နိုင်ဘူးဟာ"

"နင့်ကြောင့်မှ မဟုတ်တာဟယ်"

"ဟင့်အင်း၊ သူ ငါ့ကြောင့် ဒီလိုဒုက္ခရောက်ခဲ့ရတာ အေးမိ"

အေးမိက စိတ်မကောင်းဟန်နှင့် သက်ပြင်းချသည်။

"ဖေဖေ ဦးရဲကျော်စွာနဲ့ မေမေ ဒေါ်သင်းသင်းမြတ်တို့မှာ သားသမီး မရှိခဲ့ဘူးလေ၊ ငါ့ကိုလဲ သားသမီးရင်းနဲ့မခြား ချစ်ကြပါတယ်၊ ရန်ကုန်မှာ ကျောင်းပြီးတော့ မေမေက ဒီကုမ္ပဏီဖွင့်ဖို့အတွက် မေမေ့ညီမရှိတဲ့ ဂျပန်ကို ငါ့ကိုလွှတ်ပြီး ကျောင်းဆက်တက်ခိုင်းတယ်၊ ငါ

ရန်ကုန်ပြန်ရောက်တာ ခြောက်လမပြည့်သေးသလို ဒီကုမ္ပဏီကို ဖေဖေ့ဆီက လက်လွှဲယူတာ သုံးလမပြည့်သေးဘူး အေးမိ”

“နှင့်ဘဝက တကယ်အံ့သြစရာပဲဟာ”

“လောကမှာ ခန့်မှန်းလို့မရတာ ဘဝလို့ အဲဒါကြောင့်ခေါ်တာ နေမှာပေါ့ဟာ၊ ဒါနဲ့ နှင့်ကုမ္ပဏီက ထွက်လိုက်ပါလား”

“ဘာလုပ်ဖို့လဲ”

အေးမိက အံ့သြဟန်နဲ့ မေးတော့ ...

“ငါ့နားမှာ လူရင်းတွေလိုတယ် အေးမိ၊ အခုအချိန်ထိ ကိုကိုလတ်ရဲ့လက်အောက်က ငါ မလွတ်မြောက်နိုင်သေးဘူးဟာ”

“ထွက်တာတော့ ရပါတယ်၊ ဒါနဲ့ နှင့်ကို အံ့သြစရာတစ်ခု ပြောပြမယ်”

အေးမိမျက်နှာက ပြုံးစိစိ၊ သူမက မျက်မှောင်ကုပ်ကြည့်ပြီး ...

“ပြောမယ့်အရေးပြောဟာ”

“ငါ .. အဟာမ်း ...”

“အေးမိ ...”

သူမရဲ့ စူတူတူမျက်နှာကြောင့် အေးမိက ဟက်ဟက်ပက်ပက်ရယ်ကာ ..

“ပြောပါ့မယ်ဟာ၊ တကတည်း .. ငါ့ကို နှင့်ဆီရောက်လာအောင် ဆက်သွယ်ပေးတဲ့သူက ဘယ်သူလဲ သိလား”

“ဟင့်အင်း ..”

“အာခီယာ ..”

“ဟင် .. အာခီယာ၊ သူ .. သူ .. ဘယ်မှာလဲ”

ဘယ်လိုကနေဘယ်လို မျက်ရည်တွေ လိမ့်ဆင်းလာပါလိမ့်။ သူမ





အမူအရာကြောင့် အေးမိက မျက်နှာမကောင်း။

“အာခီယာက ခန့်မှန်းရခက်တယ် နေရီ၊ သူ့ဆီက အဆက်အသွယ်ပဲရပြီး သူ့ကို ဆက်သွယ်လို့မရဘူး နေရီ”

သူမ နှုတ်ခမ်းကိုက်မိကာ ...

“နောက်တစ်ခါ ဖုန်းဆက်ရင် ငါ အရမ်းတွေ့ချင်တယ် ပြောပေးပါဟာ”

“ငါ့အထင်တော့ အာခီယာ နှင့်အနားဝန်းကျင်မှာ ရှိနေလိမ့်မယ်လို့ထင်တယ်၊ အာခီယာက နှင့်အပေါ် သံယောဇဉ်တော်တော်ကြီးတာ ငါသိတယ် နေရီ”

သူမ ငိုင်တွေသွားမိပါသည်။ ခဏကြာအောင်စကားပြောပြီး အေးမိနှုတ်ဆက်ကာ ပြန်သွားပါသည်။ အဲဒီတစ်နေ့လုံး သူမ အလုပ်လုပ်လို့မရခဲ့ပါ။ နှစ်ပေါင်းများစွာ ရှည်ကြာခဲ့တဲ့ ခိုင်မြဲတဲ့ သံယောဇဉ်တရား။

အိပ်မက်ပျောင်းတွေရဲ့ အရှင်သခင် ... အာခီယာ ...။ သူ့ကို ကျွန်မ သိပ်တွေ့ချင်နေတဲ့ လွမ်းဆွတ်မှု ...။

ငါ့ကို သတိရရဲ့လား ကောင်လေး ....။

စိတ်တံခါးကို အတင်းဖွင့်လို့
ဝင်ခွင့်ရသူက ဘယ်သူလဲ ….။
အိပ်မက်တံခါးတွေ ရင်ဖွင့်လို့
ရင်ကော့ရောက်လာသူက ဘယ်သူလဲ ….။
ပုံစံပြောင်းလဲမှုတွေသာ ရှိခဲ့ရင် …
သေချာမှုဆိုတာ ဘာလဲ ….။
ဘဝ ဆိုတာ နားခိုမှုရှိရဲ့လား
အသိသက်သေနဲ့ အပေါင်းအသင်းရှိလား
အချိန်နောက်ကျတဲ့ နာရီတစ်လုံးရော ရှိလား …
အမှားမှားအယွင်းယွင်းနဲ့ ..
ရင်ကွဲနာကျတဲ့ သီချင်းတွေ သီဆိုနေခဲ့ရတဲ့အချိန်မှာ …
လည်ပြန်လှည့်မကြည့်ဖို့
ငါ .. တောင်းဆိုပါရစေ ….။





"အဲဒီကောင်က ဘယ်သူလဲ"

"အာဇီယာတဲ့ ဆရာ"

"ဟာကွာ … တောက် …"

"ခွမ်း …"

စားပွဲပေါ်က သူ့ အရမ်းနှစ်သက်တဲ့ ပန်းအိုးလေးက ကြမ်းပြင်ပေါ်မှာ တစ်စစီ …။ ရင်ထဲမှာ တလိပ်လိပ်တက်လာတဲ့ ဒေါသအစိုင်အခဲက သွေးကြောထဲမှာ ကဆုန်ပေါက်ပြေးလွှားနေသည်။

"ဒီကောင် တစ်ခေါက်တစ်ခေါက်လာကစားရင် မနည်းဘူး။ သူ ယူသွားတာ ဆရာ၊ ပြီးတော့ ဒီကောင်က လူလွှတ်ပြီး ဘယ်စက်လေးလဲ အကဲခတ်ခိုင်းထားတယ်၊ ပြီးတော့ .."

"ပြောစမ်း အောင်သိန်း"

"မင်းတို့လဲ ငါတို့ငွေလိုချင်လို့ ဒီစက်ကို ဖွင့်ထားတာ၊ ငါလဲ မင်းတို့ငွေလိုချင်လို့ ဒီစက်ကို ကစားတာ မဆန်းပါဘူးတဲ့ ဆရာ"

"ခွေးမသား ..."

မန်နေဂျာအောင်သိန်း မျက်နှာငယ်လေးနဲ့ တွန့်သွားပါတယ်။

"ကဲ .. ကိုအောင်သိန်း ဆက်ပြောမနေနဲ့တော့၊ ကျူပ်အစ်ကို ဒေါသပိုထွက်လိမ့်မယ်၊ သွား သွား ..."

သူညီဝမ်းကွဲ မင်းထက်ပြောမှ ကိုအောင်သိန်း သွားရဲပါသည်။

"အရှိန်ရှိသရွေ့ တော့ မင်းပြေးထားဦးပေါ့ အာခီယာ၊ မင်း လောင်စာကုန်တဲ့တစ်နေ့ ... တောက် .."

အာခီယာအပေါ် မုန်းတီးနာကျင်မှုက ဆယ်သက်ကုန်မည် မလင်။ ဒီကောင့်အပေါ် မုန်းတီးမှုတွေသည် သူ့သွေးနဲ့ရောနေထွေးကာ ခန္ဓာကိုယ်မှာ စီးဆင်းလည်ပတ်နေသည်ထင်သည်။

"ဒီကောင်က သွေးအေးတယ် ကိုလတ်၊ ပြီးတော့ ဒီကောင် ဘာလုပ်နေတယ်ဆိုတာ ခန့်မှန်းရခက်မှန်း ကိုလတ် အသိဆုံးပါ"

"သိတယ် ညီ၊ ဒီကောင့်ကို အလစ်မှာ တစ်ခါတည်းအပြတ်ရှင်းရမှာ၊ ဒါနဲ့ ဟိုပုဂ္ဂိုလ်ကြီး ဘာထူးသေးလဲ"

"ကျွန်တော်တို့ကို ဒုက္ခပေးတာ အကြိမ်ကြိမ်ရှိပြီ ကိုလတ်"

မင်းထက်အပြောကြောင့် တစ်တောင်ကျော်ကျော်ရှိတဲ့ သူ့ရဲ့ လက်စွဲတော် သစ်ကနက်သား လက်ကိုင်တုတ်ကို လက်ဝါးပေါ် ဆရိုက်ရင်း

"အသက်ကြီးမှ ဦးချိုသွေးချင်တဲ့ အဘိုးကြီးကိုတော့ ဆုံးမရမယ်၊ ငါ သံတိပေးကြည့်ပါဦးမယ်၊ မင်း ဟိုမှာအိုကေရဲ့လား"

မင်းထက်က စားပွဲပေါ်ကို လက်ထောက်ထိုင်ရင်း ...

"ပြေပါတယ်၊ မနေရီတောင် ကျွန်တော့်ကို ကိုလတ်ရဲ့ညီမှန်း မသိဘူး၊ ကျွန်တော့်ကို တော်တော်ယုံတယ်ဗျ"





"မင်းလူကရော ..."

"ဦးဘုန်းဝေက ကျွန်တော့်စကားတစ်ခွန်းပဲ ကိုလတ်၊ အေးဆေး"

မင်းထက်က လက်ညှိုးတစ်ချောင်းထောင်ပြတော့ သူ ကျေနပ်ရပါသည်။ သူ့ညီဝမ်းကွဲဆိုပေမယ့် ကိုကိုကြီးရှိစဉ်ကတည်းက မင်းထက်ကို ညီအရင်းလို သူတို့ချစ်သည်။

"ကဲ လစ်မယ် .. မင်းထက်"

"အိုကေ .. ကိုလတ်"

သူ ထွက်သွားတော့ သူ့တာပည့်နှစ်ယောက်က အဆင်သင့်။ အသင့်ဖွင့်ပေးတဲ့ ကားတံခါးကနေ ဝင်ထိုင်တော့ ကားလေးက အသင့် မောင်းထွက်သွားပါသည်။

ဝင်္ကတိုက်ဆိုင်ဆိုင်ပဲ သူတို့အုပ်စုချိန်းဆိုထားတဲ့ ကုမ္ပဏီရှေ့ ရောက်သည်ဆိုရင်ပဲ ကုမ္ပဏီထဲကထွက်လာတဲ့ နေနတ်သားရဲ့ ဖခင်ကြီးနဲ့ သူ့ပါတနာတွေကို အဝင်ဝမှာ ဆုံတွေ့ရပါတယ်။

ကားကားချင်း ယှဉ်မိသည်ဆိုရင်ပဲ နှစ်ဖက်စလုံး ကားများ ရပ်သွားကြကာ ပြတင်းတံခါးတွေ လျှောဆင်းသွားကြပါတယ် ဦးထွန်းမင်းနဲ့ သူနဲ့ နီးနီးကပ်ကပ်။ သူ တစ်ချက်ပြုံးလိုက်သည်။ နှစ်လိုဖွယ်တော့ မဟုတ်။

"ခင်ဗျားလဲ အသက်ကြီးနေပြီ ဦးထွန်းမင်း၊ ဒီပွဲကို ခင်ဗျား လက်ရှောင်ထားစေချင်တယ်"

ဦးထွန်းမင်းက ဂုဏ်ယူဝံ့ကြွားတဲ့ အပြုံးတစ်ချက်နဲ့ ...

"မင်း ဒီလောကရောက်တာ သိပ်မကြာသေးပါဘူး ကောင်လေးရာ၊ ငါ့ရဲ့ ဆံပင်ဖြူးတစ်ဖျားတောင် မင်းလုပ်သက်မရှိသေးပါဘူးကွာ၊ ကြီးစားထား ကောင်လေး"

"အဲဒီလိုအပြုံးမျိုး ကျုပ် အမြဲတွေ့ချင်တယ် ဦးထွန်းမင်း၊ ခင်ဗျား ပြုံးနိုင်ပါစေဗျာ ... ကဲ .."

မှန်တွေ ပြန်တက်လာခဲ့ကြပြီး အသီးသီးမောင်းထွက်သွားပါတယ်။ ထုံးစံအတိုင်း အခုလည်း ဒီကုမ္ပဏီက အကျိုးတော်တော်များများ ရမယ့်လုပ်ငန်းတွေ နေနတ်သားအုပ်စုလက်ထဲ ရောက်သွားခဲ့ပြန်ပြီ။





"မေအေးချမ်းက ဆရာနဲ့ မထိုင်ချင်ဘူးတဲ့ ဆရာ"

ဝန်ထမ်းကောင်လေးက မျက်နှာအပျက်ပျက်နဲ့ လာပြောတော့ သူ အံကြိတ်မိကာ ဟန်ဆောင်ပြုံးရင်း ...

"သူ အခု ဘယ်မှာရှိလဲ ချာတိတ်"

"အခန်း ဆယ့်သုံးမှာ ဆရာ"

"ငါကိုယ်တိုင်သွားမယ်"

သူ့တပည့်တွေကို အခန်းထဲမှာထားခဲ့ကာ သူ အခန်းဆယ့်သုံးကို ထွက်လာခဲ့သည်။ အခန်းဝမှာ အချက်ပြမီးကိုနှိပ်ပြီး အခန်းထဲ ဝင်လာခဲ့ပါသည်။

အခန်းထဲဝင်ဝင်ချင်း သူ့ရဲ့မိတ်ဆွေကြီးက စားပွဲပေါ်ကို ခြေထောက်နှစ်ချောင်းတင်ပြီး ဆိုဖာပေါ် ခပ်လျော့လျော့မှီထိုင်ကာ မေအေးချမ်းကို တစ်ဖက်က ပွေ့ဖိုက်လျက် တစ်ဖက်က ဝီစကီဖန်ခွက်နဲ့ သူ့ကို ရီသွဲ့သွဲ့ကြည့်ပါသည်။

"ငါ့အခန်းကို တိရစ္ဆာန်တစ်ကောင် ဝင်လာပါလား"

ဒီကောင့်ရဲ့ထူးခြားချက်က အေးစက်စက်နိုင်တဲ့ အဲဒီလေသံတွေလည်း ပါပါတယ်။

"အဆင်ပြေသလို ထိုင်ကွာ၊ ဆိုဖာပေါ် ထိုင်ချင်ထိုင်၊ ဒါမှမဟုတ် ကြမ်းပြင်ပေါ် ထိုင်ချင်ထိုင်၊ ဘယ်နေရာမှာပဲ ထိုင်ထိုင်ပါ"

ကိုကိုလတ်က သူနဲ့ မျက်နှာချင်းဆိုင်မှာ ခြေချိတ်ထိုင်ပြီး ဆိုဖာနောက်မှီပေါ် လက်နှစ်ဖက်တင်ကာ သူ့ကို ရင်ဆိုင်ကြည့်ရင်း ...

"မင်း မေအေးချမ်းနဲ့မပတ်သက်ဖို့ ငါ ထပ်သတိပေးတယ် အာခီယာ"

ကိုကိုလတ်စကားကြောင့် မေအေးချမ်းနဲ့အာခီယာ ပြက်လုံးတစ်ခုကြားရသလို အူလှိုက်သည်းလှိုက် ရယ်ကြပါသည်။ ရယ်တာကို မနည်းထိန်းနေရတဲ့ ပုံစံနဲ့ အာခီယာက ...

"ငါ အဲဒီပြက်လုံးတွေ မကြားရတာကြာပြီ ကိုကိုလတ်၊ သွား သွား မင်းအရက်သောက်ချင်ရင် ငါ့ဘေလ်ဖွင့်ပြီး သောက်သွား"

"အဲဒီစကားတွေအတွက် မင်း နောင်တရလိမ့်မယ် အာခီယာ"

ကိုကိုလတ်က ပုံမှန်ပြောနေပါသည်။

"နောင်တ ..ဟုတ်လား ကိုကိုလတ်"

စကားပြောနေရင်း ဝီစကီကို အာခီယာက တစ်ငုံသောက်တော့ မေအေးချမ်းက ပန်းသီးတစ်စိတ် အာခီယာကို ခွံ့သည်။

"ငါ့ဘဝမှာ နောင်တတရားရှိခဲ့ရင် ငါ့ဘဝ ဒီအခြေအနေအထိ မဆိုးခဲ့ဘူး ကိုကိုလတ်၊ အရာအားလုံးက ဘယ်သူ့ဘက်က စမှားခဲ့သလဲ၊ မင်းတွေးကြည့်ရဲ့လား ကိုကိုလတ်"

"တွေးကြည့်စရာမလိုပါဘူး အာခီယာ၊ ဘာပဲဖြစ်ဖြစ် မင်းနောက်ထပ် ကံဆိုးမိုးမှောင်ကျလိမ့်မယ်ဆိုတာ ငါ နမိတ်ဖတ်ပါရစေ"





အာခီယာက အေးစက်စက်တုံ့ပြန်ပါသည်။

"ဘဝဆိုတာ ဒီလိုပါပဲ၊ ပြီးပြည့်စုံတယ်ဆိုတာ မရှိပါဘူး ကိုကိုလတ်၊ မင်းရဲ့တုံ့ပြန်မှုတွေက ငါ့ဘဝအတွက် လိုအပ်နေတဲ့အရာလို့ပဲ ငါခံယူထားတယ်"

ကိုကိုလတ်က မဲ့ပြုံးပြုံးရင်း မတ်တတ်ရပ်ကာ ...

"ဪ .. မေအေးချမ်း၊ မင်းကို ငါ လက်ထပ်ပါရစေ"

ကိုကိုလတ်က တည်တည်ငြိမ်ငြိမ်ပြောတဲ့စကားကို မေအေးချမ်းက အရေးမပါဟန် ပန်းသီးတစ်စိတ်ကိုက်ပြီး ...

"ရှင် လူရွှင်တော်လုပ်စားရင် ဖြစ်နိုင်တယ် ကိုကိုလတ်"

"ငါ့တာဝန်ကျေပြီနော် မေအေးချမ်း၊ သွားခွင့်ပြုပါဦး"

ကိုကိုလတ် နှုတ်ဆက်ပြီးထွက်သွားတော့ မေအေးချမ်းက ...

"ဒီလူ ယုတ်မာရက်စက်တယ်နော် အာခီယာ၊ မင်း သတိထားကွာ"

အာခီယာက အေးချမ်းကိုကြည့်ပြီး ခေါင်းညိတ်ပြပါသည်။

"သူတို့ တရားမဝင်တဲ့အလုပ်တွေ လုပ်နေတယ်ဆိုတာ အာခီယာသိလား"

အာခီယာ ထပ်ပြီး ခေါင်းညိတ်ပြလိုက်သည်။

“သေချာလား အေးဇော်”

“သိပ်သေချာတာပေါ့ အစ်ကို၊ သူတို့ ကျွန်တော်ရှိမှန်း မသိကြဘူး”

“နေနတ်သားဦးထွန်းမင်းရဲ့ သမီးကိစ္စပြီးရင် အစ်ကိုကိစ္စ စီစဉ်မယ်လို့ ကြားတယ် အစ်ကို”

“သူတို့ထွက်သွားတာ ကြာပြီလား အေးဇော်”

ဖုန်းကို နားမှာကပ်ထားရင်း အေးဇော် ပြန်ပြောမည့်စကားကို နားစွင့်မိသည်။ အေးဇော်က သိပ်မကြာသေးတဲ့အကြောင်းနှင့် သူတို့ လုပ်မယ့်အစီအစဉ်နဲ့ နေရာဒေသကို ပြောပါသည်။

“ကျေးဇူးပဲ၊ ငါ လစ်ပြီ၊ မင်းလဲ မပေါ့နဲ့ .. ကြားလား”

ဖုန်းကိုချကာ ပိုက်ဆံရှင်းပေးပြီး အငှားကားတစ်စီးတားကာ ထွက်လာခဲ့ပါသည်။ သူတို့စီစဉ်ထားတဲ့ အဲဒီနေရာက လူပြတ်လပ်တဲ့





နေရှာမှန်း ကျွန်တော် ကားပေါ်ရောက်မှ စဉ်းစားမိသည်။ သူတို့ရဲ့ ကားနံပါတ်ကိုလည်း ပြောင်းလဲတပ်ဆင်ထားသည့်အကြောင်းလည်း ခုန အေးဇော်ပြောပြခဲ့သည်။ သူ စီးလာတဲ့တက်စီက သူတို့တည်ကြက်ထားတဲ့နေရာရောက်တော့ သူ လှည့်ပတ်ကြည့်မိသည်။ သူ ချိုင်းထောက်လေးနဲ့ ကန်ပတ်လမ်းအတိုင်း လမ်းလျှောက်လာတဲ့မိန်းကလေးကို မြင်တော့ ...

“ကားဆရာ .. ရပြီ၊ ရော့ ...”

ကားခကို ရေတွက်မနေတော့ဘဲ ထုတ်ပေးကာ ကားပေါ်မှ ဆင်းသည်။ သူ ခုနကတွေ့ခဲ့တဲ့ ကောင်မလေးက ကားလမ်းကိုဖြတ်ဖို့ ကြံရွယ်နေပုံရသည်။ အေးဇော် ပြောတဲ့ ခဲညိုရောင်ကားကို အနီးနားမှာ လှည့်ပတ်ရှာကြည့်မိသည်။

ဟော .. တွေ့ပါပြီ။ ကားက လမ်းကွေ့ကနေ ပုံမှန်ကွေ့လာပါသည်။ သူ ကောင်မလေးကို သေချာစိုက်ကြည့်တော့ ... ဟင် . ယုမိစံ။

သူ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ သူ သင်တန်းကျောင်းမှာ တွေ့ဆုံရင်းနှီးခဲ့ရတဲ့ ညီမလေး။ သူ ကားရှိရာကို လှမ်းကြည့်တော့ ကားက အရှိန်မြှင့်လိုက်တာကို တွေ့လိုက်ရသည်။

“ညီမလေး .. မကူးနဲ့”

သူ့အော်သံကြောင့် ပိုဆိုးသွားပါသည်။ ယုမိစံက သူ့ကို ကားလမ်းအလယ်မှာမှာရပ်ကာ အံ့သြဝမ်းသာပုံနှင့် ကြည့်နေသည်။

“ကိုကို ....”

သူ အရှိန်နှင့် လျင်မြန်စွာပြေးသွားပြီး ယုမိစံကို တွန်းအထုတ် ....

“ဝုန်း .....”

သူ အင်အားပြင်းထန်တဲ့အရာတစ်ခုနဲ့ တိုက်မိသည်ဆိုတာကို

သိလိုက်ရပြီး လွင့်ထွက်သွားကာ အားလုံးဟာ မှောင်အတိကျသွားခဲ့သည်။

"ကိုကို .. လုပ်ပါဦး … ကိုကို့ကို ကယ်ကြပါဦး …"

အသံစာစာလေးက ငိုသံရောထွေးလို့ သူ့အနီးအနားမှာ ပြန့်ကျဲနေပါသည်။ ဘာမှမမြင်ရပေမယ့် သူ အားတင်းကာ …

"မ … ငို .. နဲ့ …"





"ကျေနပ်တယ်ကွာ၊ ခုတ်ရာတခြား ရှရာတခြားဖြစ်ပေမယ့် ငါ့ မျက်လုံးထဲမှာဝင်နေတဲ့ အမှိုက်တစ်ခုတော့ ရှင်းသွားပြီ၊ ကဲ .. ချီးယား"

အောင်ပွဲခံတဲ့ အခမ်းအနားက မြိုင်မြိုင်ဆိုင်ဆိုင်၊ သူ ကိုယ့်နားကိုယ် ယုံတောင်မယုံကြည်ခဲ့မိပါ။ အာခီယာ သေပြီလို့ ကြားကာစက သူ အံ့ဩနေမိသည်။

"တကယ်ဆို ဒီကောင် ငါ့လက်နဲ့သေရမှာ"

"ဩော် .. ကိုလတ်ရယ်၊ အာခီယာ ဘယ်လိုပဲသေသေ သေဖို့က အရေးကြီးတယ်မို့လား"

"ဒီကောင် အသုဘချမယ့်နေ့က ဘယ်နေ့လဲ မင်းထက်"

"မနက်ဖြန်တစ်နာရီတဲ့ ကိုလတ်"

ကိုလတ်က တပည့်တစ်ယောက်ငှဲ့ပေးတဲ့ အရက်ခွက်ကို တစ်ကျိုက်မော့သောက်ရင်း …

"မိတ်ဟောင်းဆွေဟောင်းရဲ့ နာရေးကို လိုက်ပို့ပေးရတာပေါ့ကွာ"

သူ့ရဲ့စကားကြောင့် အားလုံး ဝိုင်းရယ်ကြပါသည်။ ရယ်သံတွေ မဆုံးလိုက်ပါ။ အခန်းထဲလူဝင်ဖို့ အချက်ပြတဲ့မီးကြောင့် .....

"အို .. ကိုယ့်ရဲ့ ရွှေမင်းသမီးလေးပါလား"

အခန်းထဲဝင်လာတဲ့ အနက်ရောင်ဝတ်စုံနဲ့ မိန်းမပျို။ ငိုထားတဲ့ အရှိန်ကြောင့် ရဲတွတ်နေတဲ့ မေအေးချမ်းရဲ့မျက်ဝန်းတွေက အဆိပ်ရှိတဲ့မြွေဟောက်တစ်ကောင်လို ဒေါသနဲ့လက်နေ၏။ သူမရဲ့နောက်မှာ စိုးရိမ်တဲ့အမူအရာတွေနဲ့ အမျိုးသမီးတစ်ယောက် ...။

"ဟဲ့ .. အေးချမ်း ..."

ထိုအမျိုးသမီးက သတိပေးဟန့်တားသော်လည်း မေအေးချမ်းက သူထံ တည့်တည့်မတ်မတ်လျှောက်လာကာ သူ့နားရောက်တော့ လက်အစုံကို မြှောက်လိုက်ပြီး ....

"အ ..."

သူ ရှောင်လိုက်ပေမယ့် နံကြားကို ရှပ်ထိသွားပါသည်။ သူတွန်းလိုက်တဲ့အရှိန်ကြောင့်လည်း သူမနဲ့မား တခြားစီဖြစ်သွားပါတယ်။

"ဟာကွာ ..."

"မလုပ်နဲ့ ..."

သူ့ကိုထိတော့ မင်းထက်နဲ့သူ့တပည့်တွေက စိတ်ဆိုးမာန်ဆိုးနဲ့ သူမကို အမှုန့်ချေပစ်ကြမှာ သူသိတာကြောင့် တားလိုက်ရပါသည်။ နာကျင်တဲ့ဒဏ်ကို အားတင်းကြိတ်မှိတ်ရင်း ...

"မလုပ်နဲ့၊ သူ့ကို လုံးဝမထိနဲ့"

သူမ နှုတ်ခမ်းကိုကိုက်ကာ သူ့ကို တန်ပြန်မော့ကြည့်တဲ့အကြည့်က အစိမ်းရောင်မြက်ရိုင်းတွေနဲ့ တူညီနေသည်။

မင်း ငါ့ကို ဘာ့ကြောင့်မုန်းနေရတာလဲ အေးချမ်း ...။





"မင်းနဲ့ငါ့ကြားမှာ ဘာအငြိုးအတေးတွေရှိလို့လဲ အေးချမ်း၊ ငါ မင်းကိုချစ်တာ အနှိုင်းအဆမရှိ ယုံကြည်ပေးပါ"

သူ့ရဲ့ဘဝမှာ ဘယ်သူ့ကိုမှ အခုလောက် အောက်ကျမခံဖူးခဲ့ပါ။ သူ သူမကို တောင်းပန်တဲ့အကြည့်နဲ့ကြည့်ပြီး မင်းထက်တို့ကို အချက်ပြကာ ဆိုင်ထဲက ထွက်လာခဲ့လိုက်သည်။

ကိုကိုလတ်တို့ထွက်သွားတာနဲ့ အေးချမ်း ဆိုဖာပေါ် မျက်နှာအပ်ပြီး ရှိုက်ကြီးတငင်ငိုမိသည်။ မညိုက သူမအနား ဒူးထောက်ထိုင်တော့ သူမ မညိုရင်ခွင်ထဲ ခေါင်းအပ်ကာ ရှိုက်ငိုရင်း ...

"အာခီယာ ဆုံးပြီတဲ့ မညို"

အေးချမ်းကို နှစ်သိမ့်ဖို့ မညို ခက်ခဲနေမှာ သေချာပါတယ်။

"တိတ်ပါ ညီမလေးရယ်၊ ဖြစ်ပြီးတာတွေက ဖြစ်ပြီးသွားပြီ၊ အခုလို စိတ်လိုက်မာန်ပါ မလုပ်နဲ့တော့နော်"

သူမက ရင်ခွင်ထဲကနေ ခေါင်းခါပြရင်း ..

"ဒါ ဒီလူရဲ့လက်ချက်မှန်း အေးချမ်းသိတယ် မညို၊ ကျွန်မ သူ့ကို ဘယ်တော့မှ ခွင့်မလွှတ်ဘူး မညို"

"စိတ်လျှော့ပါ အေးချမ်းရယ်၊ ကိုဇော်တို့လဲ ကိုကိုလတ်ကို အခဲမကျေဖြစ်နေကြလို့ နှစ်သိမ့်ခဲ့ရသေးတယ်"

အားမတန်လို့ မာန်လျှော့နေရပေမယ့် ဒီဇာတ်လမ်းရဲ့အဆုံးသတ်မှာ ကိုကိုလတ် လောကကြီးထဲက ထွက်သွားရမယ်လို့ အေးချမ်း ရင်ထဲကနေ တိတ်တဆိတ် သစ္စာပြုမိပါတယ်။

"**အာ**ခီယာ .. မင်း ..."

နေရီလတ် ရင်ထဲမှာ ဆို့တက်လာခဲ့သည်။ ကံဆိုးလှတဲ့ ကောင်လေးရယ် ...။

"စိတ်ကိုထိန်းပါ နေရီ ..."

အေးမိနဲ့ဆွေဆွေက သူမရဲ့ဘေးတစ်ဖက်တစ်ချက်စီမှာ သူမကို ဖေးကူထားပေမယ့် သူမ ရပ်နိုင်စွမ်းမရှိ။

"ငါနဲ့ တွေ့ခွင့်မရလိုက်ဘူးဟယ်၊ မောင်လေး .. မင်းဘဝကိုက ကံဆိုးလွန်းပါတယ်"

အာခီယာရဲ့ နောက်ဆုံးစျာပနက လူသိပ်များများမရှိပါ။

"ကျုပ်သမီးလေးရဲ့အသက်ကို ဒီကောင်လေး ကယ်လိုက်နိုင်ပေမယ့် သူ့အသက်ကိုတော့ ..."

နေနတ်သားဦးထွန်းမင်းက စိတ်မကောင်းဟန်ဖြင့် ပြောသည်။ ဦးထွန်းမင်းရဲ့သမီးလေးက မီးခိုးငွေ့တွေကို ငေးကြည့်နေသည်။





"ဒါက အာခီယာရဲ့ အရင်းနှီးဆုံးမိတ်ဆွေတွေလေ"

"ကျွန်မနာမည် မေအေးချမ်းပါ မမ"

အာခီယာနဲ့ ဘယ်လိုပတ်သက်သည်မသိပေမယ့် မေအေးချမ်းရဲ့ မျက်ရည်နဲ့ မျက်ဝန်းထဲက အရိပ်အငွေ့တွေက သံယောဇဉ်ကြီးမှန်း ခုနကတည်းက သူမ သိခဲ့သည်။

"ဒါဟာ လုပ်ကြံခံရတာလို့ ညီမလေး သိတယ် မမ"

သူတို့ ရပ်စကားပြောနေမိစဉ်မှာ သူတို့အနီးကို ကားလေးကစ်စီးဘီးလိမ့်လာကာ ကားထဲမှာ ကိုကိုလတ်ကို တွေ့လိုက်ရပါသည်။ မခိုးမခန့်အပြုံးနဲ့ ကိုကိုလတ်က ပြုံးရင်း ကားကိုမောင်းထွက်ဖို့ အချက်ပြတော့ ကိုဇော်ကြီးက ...

"တောက် ..."

"မောင်ဇော်ကြီး၊ စိတ်ကိုထိန်း၊ ဒီကောင်က ယုတ်မာတဲ့ကောင်နော်"

ဦးထွန်းမင်းက အတင်းဆွဲထားကာ ကိုဇော်ကြီးကို ကိုမင်းနွယ်နှင့်အတူ ထိန်းထားရသည်။

"တစ်နေ့ကျရင် ဥပဒေက အဖြေပေးမှာပါ၊ မင်းတို့ စိတ်လိုက်မာန်ပါ မလုပ်ကြနဲ့၊ ကဲ .. သွားကြမယ်၊ ဒီက ငါ့တူတွေရော၊ ဒီက ငါ့တူမလေးတွေရော အကူအညီလိုရင် အန်ကယ့်ဆီ ဖုန်းဆက်ပေါ့၊ အာခီယာနဲ့ ပတ်သက်သူဟာ လေးလေးနဲ့ပတ်သက်သူလို့ လေးလေးစိတ်ထဲမှာ ထားတယ်"

အသီးသီး ကားပေါ်တက်ပြီး မောင်းထွက်ကြတော့ နေရီလတ် အေးမိကိုဖက်ပြီး ငိုမိပါတယ်။

"ငါ တွေ့ခွင့်တောင် မရလိုက်ဘူးဟယ်၊ အာခီယာ .. မင်း .."

"တိတ်ပါ နေရီရယ်"

သူမ မျက်ရည်တွေကို အေးမိက သုတ်ပေးတော့ သူမ နှုတ်ခမ်းကိုကိုက်မိကာ ..

"သူ့ဘဝမှာ ဘယ်တော့မှ ငြိမ်းငြိမ်းချမ်းချမ်း နေခွင့်မလိုက်ဘူးဟယ်၊ ဒီကောင်လေးကိုက ကံဆိုးလွန်းတာ ငါ့ရင်ထဲမှာ နာကျင်မိတယ် အေးမိ"

"ဟုတ်တော့လဲ ဟုတ်ပါတယ်ဟယ်၊ အာခီယာဘဝကိုက ..."

နှစ်သိမ့်သူကိုယ်တိုင်က မျက်ရည်စို့နေသည်။

မင်း နောက်ဘဝတွေမှာ ပြန်လည်ရှင်သန်ခွင့်ရမယ်ဆိုရင် ဒီလိုဘဝမျိုးနဲ့ မင်းပြန်မလာပါနဲ့ အာခီယာ ....။

ကိုယ် အသက်ရှင်ခွင့်ရှိနေသရွေ့၊ ကိုယ့်နှလုံးသား လှုပ်ရှားနေသရွေ့ မင်း တို့ရင်ထဲမှာ အမြဲရှိနေမှာပါ အာခီယာ ...။

တကယ်ပါ အာခီယာ၊ ငါ ဘယ်တော့မှ မေ့ပစ်မှာမဟုတ်ပါဘူး ...။





"ဆရာ .. ဆရာ့ကို မိန်းကလေးတစ်ယောက်က တွေ့ချင်လို့တဲ့"

"ဘယ်သူလဲ ကျော်ကြီး"

"မသိဘူး ဆရာ"

"အေး .. ငါလာခဲ့မယ်"

သူ့ဆီကို ထူးထူးဆန်းဆန်း ရောက်လာတဲ့မိန်းကလေးဆိုတော့ သူ စဉ်းစားမရ။ အခန်းမှန်တံခါးကို တွန်းဖွင့်ပြီး သူ အပြင်ကိုထွက်လာတော့ အပေါက်ဝက လုံခြုံရေးကောင်လေးက ခေါင်းညွှတ်အရိုအသေပေးသည်။ သူကတော့ သူနဲ့မနီးမဝေးမှာရှိနေတဲ့ အနက်ရောင်ဝတ်စုံနဲ့ အမျိုးသမီးလေးကို တွေ့ပြီး အံ့အားသင့်ကာ သူမဆီလျှောက်လာရင်း ...

"မေအေးချမ်း ..."

သူမရှေ့ရောက်သည်နှင့် သူမဆီက သူရရှိလိုက်သည့်အပြုံးက ကျောရိုးတစ်လျှောက် အေးစိမ့်တက်ချင်စရာ။ ပြီးတော့ သူ မထင်မှတ်တဲ့ သူမ၏ဆီးကြိုမှု။

"ဖြန်း ....."

ပြင်းထန်အားပါတဲ့ သူမရဲ့ရိုက်ချက်က သူ့ပါးပြင်တစ်ခုလုံး ကျိန်းစပ်သွားခဲ့သည်။ သူ သူမကိုကြည့်တော့ အောက်နှုတ်ခမ်းပါးကို သွေးစို့နေအောင် ကိုက်ထားပြီး သူ့ကိုကြည့်တဲ့ ဒေါသထက်ပြင်းထန်တဲ့ မျက်ဝန်းတွေ။ သူ့ပိုင်နက်ထဲမှာ သူ့ကိုစိန်ခေါ် စော်ကားခြင်းက အရှက်ရစရာ၊ သူ့တပည့်တွေ ဝိုင်းအုံလာသည်။ သူ လက်ကာတားလိုက်ပါတယ်။

"မင်းတို့ ဝင်ပါစရာမလိုဘူး၊ သွားကြ"

သူ့တပည့်တွေ သူ့အတွက် ထိုမိန်းကလေးကို ကျေနပ်ကြဟန်မတူပုံနဲ့ လှည့်ထွက်သွားကြပါတယ်။

သူ လူတကာအပေါ် အနိုင်ယူထားမှုတွေက သူမနဲ့ကျမှ စတင်ဝင့်လည်ပြီလို့ ခံယူထားခဲ့တာ သူ့စိတ်ကိုက မှားသလား မှန်သလား ဝေခွဲမရအောင်ပါ။

"နင်ဟာ ယုတ်မာရက်စက်တဲ့ တိရစ္ဆာန်သာသာရှိတဲ့ကောင်ပဲ ကိုကိုလတ်"

သူမအသံက တုန်ခါခြင်းနဲ့ဒေါသ အချိုးကျပေါင်းစပ်ထားပါသည်။

"အာခီယာ သေဆုံးမှုမှာ နင်ပတ်သက်နေတယ်ဆိုတာ ငါသိတယ်၊ နင်ဘာငြင်းချင်သေးလဲ ကိုကိုလတ်၊ ငါ ကတိပေးတယ် ကိုကိုလတ်၊ အာခီယာအတွက် နင့်အပေါ် မှာ ငါ အကြွေးရစရာရှိတယ်ဆိုတာ နင့်ခေါင်းထဲမှာ ထည့်ထားပေးပါ"

သူ့မျက်ဝန်းတွေက ဆွေးထွေးနေဆဲ၊ ပြီးတော့ ...

"ငါ မင်းကို ဘယ်တော့မှ မေတ္တာပျက်မှာမဟုတ်ဘူး မေအေးချမ်း"

"ဘာ .. မေတ္တာ . ဒီစကားလုံးနဲ့ နင့်ပါးစပ်တန်လို့လား၊ ရွံစရာကောင်းလိုက်တာ၊ နင်နဲ့အတန်ဆုံးက ယုတ်မာမှုပဲ၊ ဒီကမ္ဘာမှာ ငါအရွံ





ဆုံးက နင်ပဲ ကိုကိုလတ်"

သူမက ပြောပြီး ချာခနဲ လှည့်ထွက်သွားပါသည်။ သူကတော့ အဝေးကိုထွက်ခွာသွားတဲ့ အစိမ်းရောင်မုန်တိုင်းလေးကို ဘယ်လောက်ကြာအောင် ငေးကြည့်နေမိသည် မသိ။

"အင်း ... ဒဿဂီရိလဲ သီတာဒေဝီလေးကျမှ ဒုက္ခတွေ့တော့တယ်"

မင်းထက်က သူ့ဘေးမှာလာရပ်ရင်း မေအေးချမ်းထွက်သွားရာ ကိုကြည့်ရင်း ပြောသည်။ သူကတော့ မရျိပြုံးပဲ ပြုံးနေမိသည်။

"ဇာတ်တော်ထဲကလို အနုနည်းနဲ့မရရင် အကြမ်းနည်းနဲ့သုံးပေ ကိုလတ်ရာ၊ ဒီနည်းလမ်းတွေက ကိုလတ်ကို ကျွန်တော်ပြောပြနေရမှာလား

မင်းထက်က ပြုံးစိစိနှင့် သူ့ကိုပခုံးချင်းတိုက်ပြီးပြောတော့ သူ ခေါင်းခါပြမိသည်။

"ဘာဖြစ်လို့လဲ ကိုလတ်"

"ဒါ အချစ်ကိစ္စလေ မင်းထက်၊ ငါ အကြမ်းနည်းမသုံးချင်ဘူး"

သူ ပြောပြီး လှည့်ထွက်ခဲ့တော့ မင်းထက်က ပါးစပ်အဟောင်းသားနဲ့ ကျန်နေရစ်ခဲ့ပါသည်။ ကောင်းကင်မှာ နေမင်းက အစွမ်းကု ပူလောင်ခြင်းကို သရုပ်ပြနေပါတယ်။ ကျွန်တော့်ရင်ထဲမှာရော ...။

သက်ပြင်းကိုမှုတ်ထုတ်ရင်း တွေးမိပါတယ်။ လူကြမ်းတစ်ယောက် နဲ့ ချစ်ခြင်းမေတ္တာဆိုတာ မသက်ဆိုင်ရဘူးလားလို့ ...။

## ခေတ်သိမ်း

ကန့်လန့်ကာ ဖြည်ကြပါစို့ . .
ဆိုင်းတော်ရေ . . .
ငိုချင်းလေးနဲ့ အကြိုတီး . . .
ပွဲပြီးဖို့ အချိန်ကျပြီ . . . . .။





"ပျင်းလိုက်တာကွာ"

ဆိုက်ကားပေါ်မှာ အိပ်ငိုက်နေရာမှ ကိုစိုးကြီးရဲ့စကားကြောင့် အောင်မိုးက ငိုက်နေတဲ့မျက်လုံးကိုဖွင့်ရင်း ...

"ပျင်းနေရင် ပျော်သွားအောင် မီးသဂြိုလ်စက်ထဲ သွားနေပါလား"

"ခွေးကောင် ..."

ကိုစိုးကြီး ဆဲဆိုသံကြောင့် အောင်မိုး တဟားဟားအော်ရယ်မိသည်။ ကိုစိုးကြီးက နားကြားကဆေးလိပ်ကို ပါးစပ်မှာတေ့ရင်း ခါးကြားမှာ လိမ်ထားတဲ့မီးခြစ်ကို ထုတ်ယူရင်း ...

"တံတားကြီးက ပြီးသွားပြီဆိုတော့ ဆက်သွယ်ရေးက ကောင်းလာ၊ ဆိုက်ကားစီးမယ့်သူက နည်းလာပြန်ရော"

"ဒါထူးဆန်းလား ကိုစိုးကြီးရာ၊ ကျွန်တော်တို့မြို့ စည်ကားလာတာကျတော့ရော၊ ခင်ဗျား မှုဒိတာပွားစမ်းပါ"

"အေးပါ၊ မှုဒိတာတော့ ပွားပါတယ်၊ ဒါပေမယ့် ဝမ်းရေးက ရှိသေးတယ် အောင်မိုး"

"ဘယ်ဝမ်းရေးလဲ ကိုစိုးကြီး၊ ခင်ဗျားမိန်းမဗိုက်ထဲက နောက်ထွက်လာမယ့် အကောင်ပေါက်လေးအတွက်လား"

ဘေးဆိုက်ကားပေါ်က ကိုအုန်းခင်စကားကြောင့် ကိုခင်မြိုင်ကလည်း ..

"ဟုတ်ပါ့ကွာ၊ ပြောတော့ စီးပွားရေးမပြေလည်ဘူးတဲ့၊ စိုးကြီးမင်းမိန်းမက အားအားရှိ တစ်ဗိုက်ပြီးတစ်ဗိုက်ဖြစ်နေတာကျတော့ရော အဲဒါကြောင့် မင်းမိန်းမကို ရှင်မွေးလွန်းလို့ ခေါ်နေတာကွ"

ကိုခင်မြိုင်စကားကြောင့် ကိုစိုးကြီးက သွားအဖြိသားနှင့် ...

"အဟီး .. ဒါကတော့ ပျင်းတာကိုဗျ"

ကိုစိုးကြီးစကားကြောင့် ဝိုင်းရယ်ကြပါသည်။

"ဆိုက်ကားတဲ့၊ ဘယ်သူ့အလှည့်လဲ"

ကိုခင်မြိုင်စကားကြောင့် အောင်မိုးက ...

"ကိုအုန်းခင် .. ခင်ဗျားအလှည့် ..."

"အေး .. အေး .."

ကိုအုန်းခင်က ဆိုက်ကားဆွဲထွက်သွားပြီး ခရီးသည်ဆီ ထွက်သွားပါတယ်။ ကိုစိုးကြီး ဆေးလိပ်ဖွာရင်း သစ်လွင်တောက်ပနေဆဲ တံတားကြီးကိုကြည့်ကာ ...

"အင်း .. ဒီတံတားကြီးကိုကြည့်ရင် အာခီယာတို့၊ နေထွဏ်းတို့ လှသောင်းတို့ကို သတိရသားကွ"

"ကျွန်တော်က ဒီမြို့မှာကျန်ခဲ့ရသူဆိုတော့ ပိုဆိုးတာပေါ့ဗျာ၊ နေထွဏ်းနဲ့လှသောင်းကလဲ ရန်ကုန်မှာ၊ အာခီယာကတော့ ..."





ကိုစိုးကြီး စကားစပြတ်တောက်သွားတဲ့ အောင်မိုးကိုလှမ်းကြည့်ရင်း ...

"အာခီယာသတင်း မင်းတို့ ဘာမှမကြားဘူးလား"

"လှသောင်း ပြီးခဲ့တဲ့လကုန် ပြန်ရောက်လာတုန်းကပြောတော့ သူ ငှက်အော်စမ်းမှာ မရှိတော့ဘူးတဲ့၊ ကျောင်းက အာခီယာနဲ့ တော်တော်ရင်းနှီးတဲ့ ဆရာဦးနိုင်ထွန်းတို့ပြောတော့ အာခီယာ တစ်ခုခုကို ကြံစည်ကြိုးစားနေပုံရတယ်တဲ့၊ နောက်ထပ်အများတွေဖြစ်လာမှာကိုလဲ သူ့ဆရာတွေက စိုးရိမ်နေတယ်တဲ့ဗျ"

"လှသောင်းက ရဲအရာရှိဖြစ်ပြီပဲကွ၊ စုံစမ်းလို့မရဘူးလား"

"ဒီကောင်လဲ လက်လှမ်းမှီရာကို စုံစမ်းနေတုန်းပဲ"

"ဒါနဲ့ ဟိုကောင် အာပြဲနေထွန်းရော"

နေထွန်း ဆိုလို့ အောင်မိုး ရယ်မိသည်။

"ဒီကောင်ကတော့ ကြိုးစားနေတုန်းပဲ၊ ဒါပေမယ့် ရန်ကုန်မြို့ကြီးမှာ ပိုက်ဆံမရှိတဲ့ အဆိုတော်လုပ်ဖို့ဆိုတာက သိကြားမင်းဆင်းကယ်မှ ရမှာ"

"ဟော ... သိကြားမင်းအုန်းခင် ကားပေါ်က ဘာတွေသယ်ချနေတာလဲ၊ ကြည့်စမ်း အောင်မိုး ..."

ကိုစိုးကြီး ညွှန်ပြရာကြည့်တော့ သူတို့နဲ့ခတ်တိုင်နှစ်တိုင်အကွာလောက်မှာ အနက်ရောင်ပြောင်လက်နေတဲ့ ခပ်မြင့်မြင့်ကားကြီးနောက်ခန်းကနေ ကိုအုန်းခင်က အထုပ်တွေကို သူ့ဆိုက်ကားပေါ် ပြောင်းတင်နေပါသည်။

"ဒီလိုကားကြီးမျိုး တစ်ခါလောက်တော့ စီးဖူးချင်သားကွ"

"ကိုယ်နင်းတဲ့ဆိုက်ကားပဲ အပိုင်ဖြစ်အောင် စိတ်ကူးယဉ်စမ်း

ပါဦးဗျာ”

အောင်မိုးစကားကြောင့် ကိုစိုးကြီးက ဟုတ်တယ်လို့ ထောက်ခံကာ ရယ်ပါသည်။ သူတို့ဆီ ဦးတည်နှင်းလာတဲ့ ကိုအုန်းခင်ကို ကိုစိုးကြီးက ...

“ဟေ့ကောင် .. ဘာတွေလဲကွ”

ကိုအုန်းခင်က ဆိုက်ကားကို ဘရိတ်ညှစ်ပြီး ခုန်ဆင်းကာ ...

“မသိဘူးဗျ၊ ခုန ခင်ဗျားမြင်လိုက်တယ် မဟုတ်လား”

“မင်းညီမ တွေးတွေးလား”

“ဟာဗျာ ..နောက်မနေစမ်းပါနဲ့”

“ဒါဆို အတည်ကြံရမှာပေါ့”

“ယူမယ်ဆိုရင် အလကားပေးပါ့မယ်၊ ခဏနေပါဦး၊ စကားတောင် ဘယ်ရောက်သွားပြီလဲ မသိဘူး၊ ဩော် .. သိပြီ၊ ခုန ကားအနက်ကြီးကို တွေ့လိုက်တယ်မဟုတ်လား”

“အေးလေ ...”

ကိုအုန်းခင်က ဆိုက်ကားပေါ်က အထုပ်တွေကိုမေးဆတ်ပြရင်း ...

“ကားပေါ်က ရုပ်ရှင်မင်းသားလောက်ချောတဲ့ လူတစ်ယောက်နဲ့ သူ့ဘေးက ဒရိုင်ဘာလား၊ ကိုယ်ရံတော်လားမသိတဲ့ လူနှစ်ယောက် ကျွန်တော့်ဆိုက်ကားကိုလှမ်းတားပြီး တစ်ယောက်က ကားပေါ်က ခပ်ချောချောလူတစ်ယောက်ကို ညွှန်ပြပြီး ကျုပ်တို့ဆရာက ဒီပစ္စည်းတွေကို ပေးပေးပါတဲ့၊ ခင်ဗျား ကူညီပေးနိုင်မလားဆိုပြီး ငါ့ကို ကူညီစဆိုပြီး ဒီခရီးနဲ့ဒီခရီးကို တစ်သောင်းပေးလိုက်တယ်ကွ”

“ဟ ..မင်းတော့ ပွပြီပဲ”

ကိုစိုးကြီးက ဝမ်းသာအားရ ပြောပေမယ့် ကိုအုန်းခင်က ...





“ခင်ဗျားကလဲဗျာ .... အထဲမှာ ချိန်ကိုက်ဗုံးတွေဘာတေါ ရှိနေရင် ဘယ်လိုလုပ်မလဲ”

“မဖြစ်နိုင်တာကွာ၊ ဒါနဲ့ မင်းကို ဘယ်အထိပို့ခိုင်းလို့ မင်းကို တစ်သောင်းကြီးများတောင် ပေးရတာလဲ၊ ဘာလဲ၊ ရန်ကုန်အထိလား”

အရေးထဲ ကိုစိုးကြီးကနောက်တော့ ကိုအုန်းခင်က မရယ်ဘဲ အောင်မိုးကိုကြည့်ကာ ...

“ဆိုက်ကားဂိတ်မှာ ထိုင်နေတဲ့ အောင်မိုးဆီတဲ့၊ ပြီးတော့ ခင်ဗျား ...”

“ဘယ်လို ... အောင်မိုးနဲ့ ငါ့ကို ...”

ကိုစိုးကြီးရော အောင်မိုးပါ အံ့အားသင့်ရပါသည်။

“ဟုတ်တယ် ..ရော့ ..”

အထုပ်တွေက မနည်းပါ။ အထုပ်တွေမှာ သူ့နာမည်နဲ့သူ ရေးကပ်ထားပါတယ်။ ကိုစိုးကြီးနာမည်နဲ့အထုပ်ကို ကိုစိုးကြီးကိုပေးပြီး သူ့အထုပ်ကို သူယူဖွင့်နေစဉ် ..

“ဒီလူက မင်းတို့အကြောင်းတွေ အကုန်သိနေတယ် အောင်မိုး၊ နောက်ပြီး နေထွဏ်းနဲ့လှသောင်းတို့အကြောင်းလဲ သိနေတယ်၊ ပြီးတော့ သူစကားပြောပုံက မင်းတို့နဲ့ တရင်းတနှီးရှိနေသလိုလို လေသံပါနေတယ်”

“ဒါဆို အာခီယာများလား”

ကိုအုန်းခင်က ခေါင်းခါပြရင်း ..

“အာခီယာ မဖြစ်နိုင်ဘူး၊ ဒီလူက သူပြောတဲ့စကားထဲမှာ သူပေးတဲ့ပုံစံလိုလိုကွ”

“ဟာ .. ပိုက်ဆံတွေ”

ကိုစိုးကြီးက စက္ကူအိတ်အညိုထဲမှာ ပိုက်ဆံထုပ်တွေကို ဆွဲထုတ်ရင်း ပြောလာပါသည်။

"ဟင် .. ကျွန်တော့်အိတ်ထဲမှာလဲ ပိုက်ဆံတွေ ..."

အောင်မိုးကိုယ်တိုင်လည်း အံ့သြရပါသည်။ ကမန်းကတန်း အထုပ်တွေကိုကြည့်တော့ လေးငလေးဒန်နီရယ်ရဲ့နာမည်နဲ့ အထုပ်ခပ်ကြီးကြီး၊ ပြီးတော့ ဆရာမနာမည်နဲ့တစ်ခု။

"မင်းတို့တော့ ပွပြီ အောင်မိုး၊ ဒါနဲ့ ဘယ်သူပေးတာလဲ"

"မသိလို့ပေါ့ဗျာ"

"ကဲ ..လာ ... ဦးလေးဆီ သွားရအောင်"

ဆိုက်ကားကိုယ်စီ ဆွဲထုတ်ကာ အထုပ်တွေတင်ပြီး ကိုစိုးကြီးနဲ့ အတူ ထွက်လာတော့ ...

"ဟော့ကောင်တွေ၊ ငါတို့ကို ပြုစုဦးလေ"

"ခင်ဗျားတို့ ကိုလှမင်းဆိုင်မှာ မှာထားနှင့်၊ ပြီးရင် လာခဲ့မယ်"

အားလုံး ဟေးခနဲ အော်သံတွေ ကြားရပါသည်။

"ဒီအချိန်ဆို ဦးဒန်းနီ 'ဟော့' မှာ ရှိလောက်ပြီ"

'ဟော့' ဆိုတာ ကမ်းနားလမ်းက အရက်ဖြူဆိုင်လေးတစ်ဆိုင်ပါ။ သူတို့ 'ဟော့' ဆိုတဲ့ အရက်ဖြူဆိုင်ရှေ့ရောက်တော့ ဆိုင်ထဲက ထွက်လာတဲ့လူကို ...

"ဦးလေးစိုး ... ဆိုင်ထဲမှာ ဦးဒန်းနီရှိလား"

"ရှိပါ့ကွာ၊ လှငွေးတို့နဲ့ အတူသောက်နေတယ်"

"မင်း ဝင်ခေါ်ခဲ့ အောင်မိုး"

ကိုစိုးကြီးစကားကြောင့် ခေါင်းညိတ်ပြပြီး ဆိုင်ထဲဝင်ခဲ့ပါတယ်။ ဆိုင်ထဲမှာ ပျံကျအလုပ်သမားတွေ၊ ကမ်းနားအထမ်းသမားတွေ များတာကြောင့် လူအတော်များများဟာ အပေါ်အင်္ကျီဗလာနဲ့ ချွေးသံတရွှဲရွှဲနဲ့ပါ။ အောင်မိုး၊ လှည့်ပတ်ရှာကြည့်တော့ တွေ့ပါပြီ၊ တစ်ခေါင်းလုံး





အဖြူရောင်ဆံပင်ဘုတ်သိုက်နဲ့ ဦးလေးဒန်းနီ ...။

"လူ့ခန္ဓာကိုယ်မှာ ..ဟော့ ..."

"ဟုတ်တယ်လေ .. ဟော့ .. ဆောရီး ..ဟော့"

အပြိုင်အဆိုင် ဆိုင်နာမည်ပါအောင် လေချဉ်တက်နေကြတဲ့ ဦးလေးဒန်းနီနဲ့ လှငွေးတို့ကိုကြည့်ရင်း အောင်မိုး နှာခေါင်းရှုံ့ကာ ...

"ဦးလေး ..."

"ဘယ်သူလဲ"

"အောင်မိုး ...၊ ဦးလေး ခဏလိုက်ခဲ့ပါဦး"

"ဘာလုပ်မလို့လဲ၊ ငါ အရက်သောက်နေတယ်လေ"

"လိုက်ခဲ့ပါ ဦးလေးရာ"

"မလိုက်ချင်ဘူးကွာ၊ ငါ အရက်သောက်နေတယ်"

"လာပါ ဦးလေးရာ၊ ပြီးရင် ကျွန်တော် ပြန်တိုက်မယ်"

"တကယ်နော်၊ မလိမ်ရဘူးနော်၊ လိမ်ရင် မင်းခွေးဖြစ် ..."

ကိန်ခနဲ အော်ချင်အောင် စိတ်ညစ်ရပါသည်။ ဦးလေးကို အတင်းဆွဲထူတော့ ...

"အေးပါ .. လိုက်ပါ့မယ်၊ ဒီကောင်တွေကွာ ..."

"လာပါ ဦးလေးရာ"

ဦးလေးကို ဆိုင်အပြင်ခေါ်ထုတ်လာတော့ ဦးလေးက ကိုစိုးကြီးကိုမြင်ပြီး ...

"ဘာဖြစ်လို့လဲ စိုးကြီး၊ မင်း အဲဒီလောက်အရေးကြီးနေရအောင် မင်းမိန်းမ မျောက်ကလေးမွေးလို့လား"

"မျောက်ကလေးမွေးတာထက် ထူးဆန်းတာပြမယ်၊ ပြီးမှ ဦးဒန်းနီ ကျွန်တော့်ကို ဖက်မနမ်းနဲ့"

"ဘာလဲ ..."

"လာ .. တက်စမ်းပါ"

ဦးလေးက အောင်မိုးကိုကြည့်လိုက်၊ ကိုစိုးကြီးကို ကြည့်လိုက်နဲ့ ယောင်နနနဲ့ ကိုစိုးကြီး ဆိုက်ကားပေါ်တက်သည်။ ကိုစိုးကြီးက ရှေ့ကနေဦးဆောင်ပြီး လူသူရှင်းတဲ့ ကမ်းနားတာဘောင်ရိုးဘက် နင်းသွားပါသည်။ တာရိုးရှေ့ကပ်လျက်မှာ အောင်မိုးက ဆိုက်ကားကို ရင်ပေါင်တန်းရပ်ပြီး ...

"ရော့ ..ဦးလေး .."

"ဘာလဲ ..."

ဦးလေးက ဘာမှမသိတာကြောင့် ကြောင်ပြီး အောင်မိုးပေးတဲ့ အထုပ်ကို ယူပါသည်။

"မသိဘူး ဦးလေးရာ၊ ကျွန်တော်တို့ ကိုစိုးကြီးတို့လဲ ရတယ်၊ အထုပ်ပေါ်မှာ နာမည်ရေးထားတယ်၊ တစ်ထုပ်က ဆရာအတွက်နဲ့ လာပေးတဲ့လူက သူစိမ်းတစ်ယောက်ပဲ၊ အကောင်းစားကားနဲ့လာပြီး ကိုအုန်းခင်ကို မေးသွားတာပဲ သိတယ်၊ ကျွန်တော်က ကိုအုန်းခင်ကို အာဗီယာပေးသွားတာလားဆိုတော့လဲ မဟုတ်ဘူးတဲ့"

"ဟာ ... ပိုက်ဆံတွေပဲ၊ ဘယ် .. သူ့ .. အ ..တွက် ..."

ဦးလေး ဝမ်းသာအားရဖြစ်နေပြီး ကိုစိုးကြီးကို ဖက်နမ်းတော့ ...

"ဟာဗျာ ... ဦးလေးကလဲ၊ ယောက်ျားအချင်းချင်းကြီး၊ ဦးလေး ဦးလေးကိုပေးတဲ့ပိုက်ဆံ မနည်းဘူးနော်၊ ဦးလေးတော့ သူဌေးဖြစ်ပြီ"

ဦးလေး ဝမ်းသာအားရဖြစ်နေတဲ့မျက်နှာက တဖြည်းဖြည်းတည်သွားရင်း မြစ်ပြင်ကိုငေးကြည့်ကာ တိုးတိုးပြောပါသည်။

"ဒါ ငါ့ ..သား .. အာဗီယာ ... ပေးလိုက်တာ သေချာပါတယ်"





"ဟာ ..မဖြစ်နိုင်ပါဘူး"

ဦးလေးမျက်ဝန်းမှာ မျက်ရည်ရစ်ဝေနေပါသည်။ ပြီးတော့ ဦးလေး တဖြည်းဖြည်းလေးပြုံးပြီး အောင်မိုးကို ပြောသည်။

"အာဗီယာမှမပေးရင် ဘယ်သူပေးမှာလဲ"

သူတို့နှစ်ယောက် ဘာပြောရမှန်းမသိတော့ပါ။

**တစ်**ယောက်နဲ့တစ်ယောက် အပြန်အလှန် စိုက်ကြည့်နေမိပါသည်။ ကိုကိုလတ်က မဲ့ပြုံးနှင့် ..

"ဩော် .. ဘယ်သူများလဲလို့ ငယ်ပေါင်းကြီးဖော် ရောင်းရင်းကြီးပါလား၊ တွေ့ရတာ ဝမ်းသာတယ် လှသောင်း၊ ဩော် .. ဆောရီး၊ ရဲအရာရှိမင်း"

ကိုကိုလတ်ရဲ့ ခပ်ထေ့ထေ့စကားကို လှသောင်းက မျက်နှာမပျက်သည့်အပြင် ...

"မင်း ငါနဲ့တွေ့ရတာ ဝမ်းသာမှာမဟုတ်ဘူးဆိုတာ နောင်တရပါလိမ့်မယ် ကိုကိုလတ်"

ကိုကိုလတ်က ပခုံးတွန့်သည်။

ရဲအရာရှိဝတ်စုံနဲ့ လှသောင်းက ရုံးတံဆိပ်တပ်ဆင်ထားတဲ့ ကားဘေးမှာ ခုံခုံညားညားပါ။ အမှတ်မထင် စားသောက်ဆိုင်မှ ကိုကိုလတ်တို့ကားကအထွက် ရဲကားတစ်စီးနဲ့ တိုက်မိမလိုဖြစ်တာကြောင့် ကား





ပေါ် ကဆင်းရင်း ကားမောင်းလာသူကိုကြည့်တော့ မိတ်ဆွေဟောင်း လှသောင်းဖြစ်နေမှန်း သိရသည်။

"အာဒီယာရဲ့ပြစ်မှုတွေအတွက်၊ ပြီးတော့ မမနေရီရဲ့ ကံဆိုးမိုးမှောင်ကျမှုတွေအတွက် မင်း ရှင်းလင်းမရတဲ့သဲလွန်စတွေကို ငါ အမြဲမပြတ် အာရုံစိုက်နေတယ်ဆိုတာ မင်းကိုငါ သတိပေးလိုက်မယ် ကိုကိုလတ်"

"အို .. မြိမ်းခြောက်လှချည်လား ရဲအရာရှိကြီးရယ်၊ ငါ့မှာ အပြစ်တွေရှိနေလို့လား"

အမူအရာလွန်ကဲစွာ ဟန်လုပ်ပြောနေတဲ့ ကိုကိုလတ်ကိုကြည့်ရင်း လှသောင်းက ...

"ငါ့ရဲ့တစ်နေ့တာအချိန်တွေထဲမှာ မင်းကို သတိရနေတာ အမြဲမပျက်ဘဲ ကိုကိုလတ်၊ အဲဒီသတိရခြင်းက မင်းအတွက် ကံကောင်းခြင်းတော့မဟုတ်တာ သေချာပါတယ် ကိုကိုလတ်"

"ငါ့ကို အသံနဲ့မခြိမ်းခြောက်နဲ့ လှသောင်း၊ ငါ့ကို မင်းလက်ထိပ်ခတ်နိုင်အောင် မင်း အထူးသင်တန်းတွေ တက်ထားသင့်တယ်၊ အကြံပေးတာနော်၊ ဂွတ်ဘိုင် ..."

မျက်မှန်ကိုတပ်ကာ လှသောင်းကို အနိုင်နဲ့ပိုင်းပြီး ကားပေါ် တက်မောင်းထွက်ခဲ့သည်။

"ကျွန်တော် ခရစ်မင်းခင်ပါ ဒေါ်နေရီလတ်"

ကျွန်မ သူ့မျက်ဝန်းတွေကို စိုက်ကြည့်ရင်း အံ့အားသင့်ရပါသည်။ ခင်မင်ရင်းနှီးနေသူတစ်ယောက်ရဲ့ အကြည့်တွေလို၊ ပြီးတော့ အသံက အက်ရှရှ။ အံ့ဩသင့်နေရာမှ လက်ကမ်းပေးတဲ့ ခရစ်မင်းခင် ဆိုတဲ့သူ့ရဲ့ လက်ကို ကမန်းကတန်း လက်ဆွဲနှုတ်ဆက်ရင်း ...

"ကျွန်မလဲ တွေ့ရတာဝမ်းသာပါတယ် ကို ..."

သူ့ ခေါ်ရတာ အခက်တွေ့နေပုံကြောင့် ခရစ်မင်းခင်က ပြုံးရင်း ...

"မင်းခင်လို့ ခေါ်နိုင်ပါတယ် ဒေါ်နေရီ .."

သူမက ထိုသူ့အပြောကြောင့် ...

"ကျွန်မကို ဒေါ်နေရီလို့ ခေါ်မယ့်အစား ..."

"ဟုတ်ကဲ့ မမနေရီ"

သူ့ရဲ့ အမှတ်မထင်ခေါ်သံကြောင့် သူမရင်ထဲမှာ တစ်စုံတစ်ခု





ကို ဖျတ်ခနဲ သတိရမိပါသည်။ သူမ မျက်နှာ ညှိုးလျော်သွားမှုကြောင့် ...

"ဘာဖြစ်လို့လဲ၊ ကျွန်တော့်စကားမှာ အမှားပါသွားလို့လား မမနေရီ"

"မဟုတ်ပါဘူး"

သူမ ကိုယ့်မျက်နှာကိုယ် ကမန်းကတန်း ပြင်ဆင်လိုက်ရရင်း ...

"ကိုမင်းခင်ကို ကျွန်မ သိပ်ကျေးဇူးတင်ပါတယ်၊ ကျွန်မကို ကူညီတာ နှစ်ခါရှိပြီနော်၊ ပထမက ဟိုအုပ်စုကြောင့် ကျွန်မ ဈေးကွက်ထဲမှာ ချောင်ပိတ်မိနေတုန်း ရှင့်ရဲ့အကူအညီနဲ့ တစ်ဖက်ကပစ္စည်းတွေ ရှင်မှာပေးခဲ့တာ၊ နောက်တစ်ခုက လေလံပွဲမှာ ရှင် တမင် ကျွန်မအတွက် နောက်ဆုတ်ရှောင်ပေးခဲ့တာ"

ကျွန်မစကားကို မင်းခင်က ခပ်ရေးရေးလေးပြုံးပြရင်း စိုက်ကြည့်နေတော့ ကျွန်မ ခေါင်းညိတ်မိပါသည်။ သူ့ရဲ့အကြည့်တွေက ကျွန်မရင်ထဲမှာ တစ်ခုခုဖြစ်တည်နေခဲ့တာ အသေအချာပါပဲ။

"ကျွန်တော် နောက်တစ်ခု ကူညီစရာတွေရှိတယ် မမနေရီ"

သူ့စကားကြောင့် ကျွန်မ ခေါင်းမော့ကြည့်မိတော့ မင်းခင်က စက္ကူအိတ်တစ်ထပ်ကို ထုတ်ပြပါသည်။ ကျွန်မက စက္ကူအိတ်ကိုဖွင့်ပြီး အထဲက ခပ်မာမာစက္ကူတွေကို ထုတ်ယူကြည့်တော့ ဓာတ်ပုံတွေနဲ့ စာရွက်စာတမ်းတချို့၊ ဓာတ်ပုံကို ရွေးချယ်ယူကြည့်မိတဲ့အခါ ..

"ဟင် ..."

ကိုယ့်မျက်ဝန်းတွေကို ကိုယ်မယုံကြည်နိုင်အောင် ဖြစ်ခဲ့ရပါသည်။ ဓာတ်ပုံတွေကို တစ်ပုံပြီးတစ်ပုံ ကြည့်မိသည်။

"မမနေရီ .. အံ့ဩနေလား"

သူမ ဘာမှပြောပိုင်ခွင့်မရှိအောင် အံ့ဩရပါသည်။ စာရွက်စာတမ်းတွေကိုကြည့်လိုက်၊ အောက်ကလက်မှတ်တွေကို ကြည့်လိုက်နှင့်။

"ဒီပွဲကို မမ ဘယ်လိုဖြေရှင်းမလဲဆိုတာ ကျွန်တော် ကြည့်နေမယ် မမနေရီ၊ ကျွန်တော်ဝင်ပါစရာတော့ မလိုပါဘူးနော်"

သူမ နှုတ်ခမ်းကိုက်မိသည်။

"နေရီ .. ဪ .. ညှိသည်ရှိနေတာပဲ"

"ဝင်ခဲ့လေ အေးမိ၊ ဒါ တို့ကို ကူညီတဲ့ ဂရင်းဒေးကုမ္ပဏီက ကိုခရစ်မင်းဒင်လေ"

"ဟင် ..."

အေးမိ အံ့အားသင့်ရင်း ဝမ်းသာအားရနဲ့ ...

"ကိုခရစ်မင်းဒင် ... တွေ့ရတာ ဝမ်းသာပါတယ်ရှင်၊ လူမမြင်ဖူးပေမယ့် ရှင့်ရဲ့အကူအညီတွေက နေရီအတွက် အဖိုးမဖြတ်နိုင်အောင်ပါပဲ"

အေးမိက တော်တော်ဝမ်းသာအားရဖြစ်နေရင်း ခရစ်မင်းဒင်ကို အကဲခတ်နေပါသည်။ ဟုတ်တော့လည်းဟုတ်သည်၊ ခရစ်မင်းဒင် ဝင်လာတဲ့အကွက်က အလွတ်ဝင်ကူညီနေပုံများက သံသယဖြစ်စရာ။ နောက်မှ အေးမိက သတိရကာ ...

"ညှိသည်ရှိနေရင် နောက်မှ တွေ့နိုင်းလိုက်တော့မယ်၊ နေရီအပြင်မှာ အံ့ဩစရာကောင်းတဲ့လူတစ်ယောက် ရောက်နေတယ်၊ နင်ဘယ်သူ ဂင်လဲ"

"ဪ ... ညှိသည်ရှိနေလား၊ အားနာစရာဗျာ .. ကျွန်တော် ပြန်ပါဦးမယ်"

"ရပါတယ်၊ အေးမိ ..ဘယ်သူလဲ"

အေးမိက အားရပါးရပြုံးရင်း ...

"ဟဲ့ .. အာစီယာသူငယ်ချင်း လှသောင်းလေ၊ သူ ဒီနားလာရင်း





နင့်ကုမ္ပဏီကို သူသိနေလို့ ခဏဝင်လာတာတဲ့"

"ဟယ် .. ဘယ်မှာလဲ"

ကမန်းကတန်း ရုတ်တရက်ထရပ်မိတော့ မင်းဒင်က ပြုံးသည်။ နောက်မှ နေရီ သတိရမိကာ ရှက်ကိုးရှက်ကန်းနှင့် ...

"ဪ .. ကျွန်မမောင်လေးတွေပါ၊ အထဲခေါ်ခဲ့လေဟာ .."

"သူ မဝင်တော့ဘူးတဲ့၊ နောက်မှ အေးအေးဆေးဆေး တွေ့မယ်တဲ့"

"ဒါဆို ငါ လိုက်တွေ့မယ်"

"ဟုတ်ကဲ့ .. အလိုက်တသိ ကျွန်တော်လဲ ပြန်ပါဦးမယ်"

"ဟာ .. မဟုတ်ပါဘူး၊ အတော်ပဲ၊ ကျွန်မမောင်လေးနဲ့ မိတ်ဆက်ပေးရမယ်"

သူတို့အပြင်ရောက်တော့ ကုမ္ပဏီအပြင်ဘက် ကားတစ်စီးရဲ့ဘေးမှာ ယူနီဖောင်းအပြည့်နဲ့ ရဲအရာရှိတစ်ယောက်ကိုသာ တွေ့ရသည်။

"ဟဲ့ ... ဘယ်မှာလဲ၊ ပြန်သွားပြီလား"

"မမနေရီ ..."

ရဲအရာရှိက နေကာမျက်မှန်အနက်ကို ချွတ်ပြီး ပြုံးပြီးခေါ်တော့ သူမ မျက်လုံးတွေ ဝိုင်းစက်သွားရင်း ...

"ဟင် .. မင်းက ..."

လှသောင်းက အားရပါးရ အော်ရယ်ပါတော့သည်။ မင်းဒင်က ဘောင်းဘီအိတ်ထဲ လက်နှိုက်ပြီး လှသောင်းကို ငေးကြည့်နေပါသည်။

"မင်းပုံစံ မနည်းဖမ်းယူရတယ်ဟာယ်၊ အသားတွေလဲ မည်းသွားလိုက်တာ ငါမောင်ရယ်၊ မင်းကိုတွေ့တော့ အာစီယာ ..."

သူမ မျက်ရည်စို့တက်လာပြီး စကားဆက်လို့မရတော့။ သူမက မင်းဒင်ကို မသိမသာကြည့်ကာ စို့တက်လာတဲ့မျက်ရည်ကို မသိမသာ

သုတ်လိုက်ပါသည်။

"ကျွန်တော်လဲ ကြားပြီးပါပြီ မမနေရီ၊ ဒါနဲ့ .."

လှသောင်းက ညွှံ့သည်ကို အားနာဟန်တူပါသည်။ မင်းဒင်ကို လက်ညှိုးညွှန်ပြရင်း ....

"ညွှံ့သည်ရှိနေတာပဲ၊ နောက်မှ အေးအေးဆေးဆေးတွေ့ကြမယ် မမ၊ ကျွန်တော်လဲ အချိန်မရဘူး"

"ဟာ .. မဟုတ်တာ၊ ကျွန်တော်လဲ အခုပြန်တော့မှာပါ"

လှသောင်းစကားကြောင့် မင်းဒင်က ပျာပျာသလဲ ပြောတော့ နေရီလတ်က ...

"ဩော် .. မိတ်ဆက်ပေးရဦးမယ်၊ ဒါက လှသောင်းတဲ့၊ ကျွန်မရဲ့ မောင်လေးဆိုလဲ မမှားဘူး"

"ဟုတ်ကဲ့ ... တွေ့ရတာဝမ်းသာပါတယ်"

လှသောင်းက လက်ကမ်းပေးတော့ မင်းဒင်က ...

"ကျွန်တော် ခရစ်မင်းဒင်ပါ။ မင်းဒင်ပဲခေါ်ပေါ့"

"ကဲ ...မမ ကျွန်တော်ပြန်ဦးမယ်၊ ရုံးဝင်စရာရှိလို့"

"ကဲ မမနေရီ၊ ကျွန်တော့်ကိုလဲ ခွင့်ပြုပါဦး"

လှသောင်းနဲ့ မင်းဒင်က အသီးသီးနှုတ်ဆက်ကာ ကိုယ့်ကား အသီးသီးပေါ် တက်လိုက်ကြပါသည်။ အရင်ဆုံး မင်းဒင်ရဲ့ကားက အရင်ထွက်သွားပြီး နောက်က လှသောင်းရဲ့ရုံးတံဆိပ်နဲ့ကားက ထွက်လိုက်လာပါတယ်။

ခြံထဲကထွက်လာရင်း လမ်းမကြီးပေါ် ရောက်ပြီး ခပ်လှမ်းလှမ်း အရောက် မင်းဒင်ရဲ့ကားက အချက်ပြကာ လှသောင်းရဲ့ကားကို ရပ်နိုင်းပါတယ်။





ကားနှစ်စီး ရှေ့ဆင့်နောက်ဆင့် ရောက်တယ်ဆိုရင်ပဲ ရှေ့ကားပေါ်က မင်းဒင်က ဆင်းလာပြီး စီးကရက်မီးညှိကာ စောင့်နေသည်။ မင်းဒင်က ဇဝေဇဝါနဲ့ ကားပေါ်ကဆင်းပြီး မင်းဒင်ဆီလျှောက်လာကာ ...

"ကျွန်တော် ဘာအကူအညီပေးရမလဲ ကိုမင်းဒင်"

စီးကရက်မီးခိုးများကိုမှုတ်ထုတ်ရင်း မင်းဒင်က မျက်မှန်ကို ချွတ်ကာ ...

"ငါ ငယ်ငယ်က ငါ့ဆရာမက ငါ့ကို ဒူးခေါင်းအောက်မှာ ဆားငံ ဇောထားပြီး အပြစ်ပေးခံရဖူးတယ် လှသောင်း"

"ခင်ဗျာ ..."

လှသောင်း မျက်လုံးကြီး ပြူးသွားပါသည်။

"တစ်ခါက ငါ့သူငယ်ချင်းတွေက ငါ့ကိုမတိုင်ပင်ဘဲ ဖဲသွားရိုက်ကြတယ်လေ၊ အဲဒီကစပြီး ပြဿနာတွေ ငါတို့ဘဝထဲကို စဝင်လာတယ် သူငယ်ချင်း"

"ခင်ဗျားက ..."

လက်ညှိုးကြီးထိုးပြီး မင်းဒင်ကိုပြောတော့ မင်းဒင်ကပြုံးရင်း ...

"မင်း အံ့ဩနေလား၊ ငါ အာခီယာ အစစ်ပါ၊ မင်းသိချင်ရင် ဘာဘဦးထွန်းမြတ်ကို မေးကြည့်ပါလား"

ဘာဘဦးထွန်းမြတ်က သူတို့ရဲ့ အထက်အရာရှိအကြီးအကဲ။

"ဟာ ...ကွာ ..အာခီယာ ..."

"ဟေ့ကောင် .. ဟာ .. ဘာလို့ မျက်ရည်ကျတာလဲ"

လှသောင်းက ယူနီဖောင်းကြီးကို အားမနာနိုင်ဘွာ အာခီယာတဖြစ်လဲ မင်းဒင်ကို သိုင်းဖက်ရင်း တရှုံ့ရှုံ့ငိုသည်။ အာခီယာက ဒီကောင့်ပခုံးကို ပုတ်ရင်း ...

"တော်ပြီ၊ ဒီည မင်း ငါနဲ့လိုက်အိပ်"

"အိုကေ ... ငါ ရုံးကိုဝင်ရဦးမယ်"

"အေးပါ၊ မင်းကားကြီးထားခဲ့၊ ပြီးရင် ယူနီဖောင်းလဲပြီး ငါနဲ့ လိုက်ခဲ့၊ ဘာဘဆီကို ငါလဲ ဝင်တွေ့ရဦးမှာပါ"

"မင်းကွာ၊ တော်တော်နေနိုင်တဲ့ကောင်၊ ဒါနဲ့ မမနေရီက မင်း အာခီယာမှန်း မသိဘူးလား"

အာခီယာက နှာခေါင်းရှုံ့ခေါင်းခါပြတော့ ...

"ဘာဖြစ်လို့လဲ"

"နောက်မှ ပြောပြမယ်၊ မင်း ကားပေါ်တက်ပါတော့၊ ငါ မင်းနောက် ကလိုက်ခဲ့မယ်"





ယုမိစံရဲ့ကားလေး မောင်းထွက်သွားတော့ လှသောင်းက ...

"ဒီကောင်မလေးက ,မင်းကို တော်တော်ချစ်တာပဲနော်"

လှသောင်းစကားက ရိုးရိုးသားသားသဘောမှန်း ကျွန်တော်သိပါသည်။

"ယုမိရော ... လေးလေးဦးထွန်းမင်းပါ ငှါအပေါ် အတော်ကောင်း ခဲ့ပါတယ်၊ လေးလေးကိုယ်တိုင်ကပါ ယုမိနဲ့ပတ်သက်ပြီး ငှါအပေါ် သားအရင်းလိုချစ်ခင်ခဲ့တာ"

"ဒါဆို မင်းရဲ့ဂရင်းဒေးကလဲ နေနတ်သားရဲ့ အစွယ်တစ်ချောင်း ပေါ့"

"အင်း ..ဒီပွဲကို ငါနွှဲဖို့ လေးလေးကိုယ်တိုင်က အားတက်သရော ရှိခဲ့တယ် လှသောင်း"

သူတို့စကားပြောရင်း အပေါ်ထပ် လေသာဆောင်ဆီ ထွက်လာ ခဲ့ပါတယ်။ နှစ်ယောက်သား အသင့်ပြင်ဆင်ထားတဲ့ ခုံမှာဝင်ထိုင်ရင်း အေးစက်နေတဲ့ ဘီယာဘူးကို လှသောင်းရှေ့ ထိုးပေးလိုက်သည်။

"ငါ ဆေးရုံရောက်သွားတော့ ဘဘကိုယ်တိုင် ဆင်းချလာပြီး အထူးကုသဆောင်ကို ပို့လိုက်တယ်၊ ပြီးမှ ငါ ဆုံးပြီလို့ သတင်းလွှင့်လိုက်တယ်၊ ငါ ဒဏ်ရာသက်သာတော့ ယုမိတို့အဖေ လေးလေးက စင်္ကာပူကိုပို့ပြီး ပလပ်စတစ်ဆာဂျရီနည်းနဲ့ ခွဲစိတ်ကုသခဲ့တယ်လေ"

"ဒါဆို မင်းရဲ့ရုပ်ပနကာ ..."

"အင်း ..လူမပါတဲ့အခေါင်းကြီးကို မီးရှို့လိုက်တာပေါ့ကွာ၊ ဒီကစားပွဲက တိုက်ရည်ခိုက်ရည် သုံးစရာမလိုဘူး ဆိုတာ ကိုကိုလတ်မသိဘူး လှသောင်း၊ ဘဘ မင်းကို သူ့အနားခေါ် လိုက်တာ ငါ့ရဲ့ကစားပွဲအတွက် အကူပေါ့ကွာ"

"ဒါနဲ့ မင်းရဲ့အသံက နဂိုအသံနဲ့ကွဲနေတာလား"

အာခီယာ ခေါင်းညိတ်ပြပါသည်။

"ငါ အက်ဆီးဒဏ်ဖြစ်တုန်းက လည်ပင်း နည်းနည်းထိခိုက်သွားတယ် လှသောင်း၊ အဲဒါကြောင့် အခုလို အသံက အက်ရှရှဖြစ်နေတာပေါ့"

"ဒါနဲ့ မမနေရီကို မင်း အာခီယာမှန်း ဘာလို့မပြောတာလဲ၊ ရှင်းစမ်းပါဦး"

အာခီယာက အေးစက်နေတဲ့ ဘီယာဘူးခွံပေါ် က ရေခဲသီးတွေကို လက်နဲ့သပ်ချရင်း ....

"ငါမှန်းသိသွားရင် မမ ဣန္ဒြေဆည်နိုင်မှာမဟုတ်ဘူး၊ ပြီးတော့ သူ့အနားက ဆွေဆွေတို့၊ ရှယ်ယာဝင် ဦးဘုန်းဝေတို့ဆိုတာ ကိုကိုလတ်ရဲ့ညီဝမ်းကွဲ မင်းထက်ရဲ့လူတွေပဲလေ၊ ငါ ဒီနေ့ မမကိုသွားတွေ့တာ ဒီကိစ္စကို သွားသတိပေးတာ၊ အမှန်က မမဘေးက ဆွေဆွေဆိုတာ မင်းထက်ရဲ့ အပျော်မယားပဲ လှသောင်း"





"ဩော် ...."

လှသောင်းက အခုမှ ဇာတ်ရည်လည်ပါတော့သည်။

"ဘဘက အချိန်တန်ပြီဆိုတော့ မင်းနဲ့ငါ့ကို တွေ့ခိုင်းတယ်၊ နောက်ပြီး မမနေရီကို ဆွေဆွေတို့ အရက်သောက်ရင်း အောင်ပွဲခံနေတုန်း ခိုးရိုက်ထားတဲ့ ဓာတ်ပုံတွေ၊ မင်းထက်အိမ်မှာရှိတဲ့ မင်းတို့အဖွဲ့က ရဲအုပ်ကိုအောင်စိုးက ဒရိုင်ဘာအနေနဲ့ ဝင်ပြီး မင်းထက်အလစ်မှာ နှိုက်ယူမိတ္တူပွားထားတဲ့ အဆက်အသွယ်စာတွေ၊ ကုမ္ပဏီအပေါ် တစ်ပတ်ရိုက်၊ ကလိမ်ကကျစ်ကျထားတဲ့ စာရွက်စာတမ်းတွေ ပေးလိုက်ပြီ"

"ဒါဆို ကိုကိုလတ်တို့က .."

"စစ်မျက်နှာဖွင့်လိုက်တာလေ၊ ႏိုကောင် ငါ့ကို သတိထားမိလာအောင်ပေါ့ကွာ"

လှသောင်းက ကျေနပ်ဟန်နှင့် သူ့ဘီယာဘူးကို ကျွန်တော့်ဘီယာဘူးနဲ့ ထိရင်း အောင်ပွဲခံနေပါတယ်။

"ဒါဆိုရင် မင်း နေထွဏ်းရဲ့ခွေ ပရိဂျူဆာက ..."

အာခီယာက ခေါင်းညိတ်ပြရင်း ...

"အောင်မိုးကို ရန်ကုန်ခေါ် လိုက်တာလဲ ငါပဲ"

လှသောင်းက ရယ်ရင်း ...

"ဦးလေးဒန်းနီတို့ ဆရာမတို့ကတော့ မင်းဆုံးမှန်း သတင်းမကြားတော့ မင်းပို့လိုက်တာလို့ ထင်ခဲ့တယ်၊ ဒါပေမယ့် အောင်မိုးနဲ့ ကိုစိုးကြီးက ကိုအုန်းခင်ပြောစကားအရ အခုလက်ရှိ မင်းရုပ်သွင်ပုံပန်းကြောင့် ဇဝေဇဝါတွေဖြစ်ကုန်တာပေါ့၊ အင်း .. ပွဲကတော့ ကြည့်လှဦးမယ် အာခီယာ"

အာခီယာက ဘီယာမော့သောက်လိုက်ရင်း အမှိုက်ခြင်းထဲ

ဘီယာဘူးကို လှမ်းပစ်ကာ ...

"ဒီပွဲတွေပြီးရင်တော့ ငါ ငြိမ်းငြိမ်းချမ်းချမ်းနေချင်ပါပြီ"

လှသောင်းက မျက်မှောင်ကုပ်ရင်း ...

"မင်း အခုလက်ရှိဘဝက ပြည့်စုံနေတာပဲဟာ"

အာခီယာက မတ်တတ်ရပ်ကာ ဝရံတာမှာရပ်ရင်း ...

"ဒါ ငြိမ်းချမ်းမှုမှမဟုတ်တာ၊ ဒီငြိမ်းချမ်းမှုထက်စာရင် ငါ ငှက်အော်စမ်းကျောင်းမှာ ထိတွေ့ခဲ့ရတဲ့ဝန်းကျင်လေးကို မက်မောတယ် လှသောင်း၊ အခု ကစားပွဲက ငါ ပုံအောပြီးလောင်းထားခဲ့ရတာ၊ ငါ့ရဲ့ဘဝကို မီးပြင်းပြင်းမြစ်တစ်စင်းလို ကျွတ်ဆဲဟ်မာကျောအောင် ပုံသွင်းပြီး စီးဆင်းထားတာ"

လှသောင်းက အာခီယာကို မော့ကြည့်မိသည်။

  





"ဘာကွ၊ ဂရင်းဒေးက လက်ဦးသွားတယ် ... ဟုတ်လား"

သူ့ရဲ့စကားကြောင့် သူ့ရဲ့မန်နေဂျာဖြစ်သူ တွန့်သွားပြီး ...

"ဟုတ်ကဲ့ ဆရာ၊ အခုလဲ သူတို့ DPT ဟိုတယ်ကို အပြီးသတ် နေပါပြီ"

DPT ဟိုတယ်ဆိုတာ သူတို့နဲ့မနီးမဝေးမှာ တည်ရှိနေတဲ့ ဟိုတယ်ပါ။

"DPT က နေနတ်သားအုပ်စုရဲ့ အရိပ်တစ်ခုမဟုတ်လား"

မန်နေဂျာက မဖြေရဲပါ။ မင်းထက်က မသက်မသာဟန်နဲ့ ခုံပေါ် ကနေထရင်း ...

"အခုလက်ရှိ ဂရင်းဒေးရဲ့ဆရာကြီးက စက်ာပူက ပြန်ရောက် လာတဲ့ ခရစ်မင်းဒင်ဆိုတဲ့ လူပဲ ကိုလတ်"

"ခရစ်မင်းဒင် ..."

သူ့ကို အကြိမ်ကြိမ်ဒုက္ခပေးတဲ့ပုဂ္ဂိုလ်။ မင်းထက်ကိုယ်တိုင်လည်း ပြောရင်း ဒေါသထွက်လာပုံရပါသည်။

"ခရစ်ဆိုတဲ့ပုဂ္ဂိုလ်က ဘယ်ကလာသလဲ ကျွန်တော်လဲ စုံစမ်းနေတယ် ကိုလတ်၊ ဘာ့ကြောင့်မို့ ကျွန်တော်တို့ကို ဒုက္ခပေးနေရတာလဲ ကျွန်တော်သိချင်နေတယ်၊ သိရဖို့လဲ နီးနေပါပြီ၊ ဒီကောင် ကျွန်တော်တို့ အတွင်းရေးတွေကို နေရီလတ်ကို ချပြခဲ့တာ၊ နေရီလတ်ကို ကျွန်တော် ဒုက္ခပေးခဲ့တာတွေကို ဒီကောင် တစ်ဖက်လှည့်နဲ့ ရှင်းထုတ်ခဲ့တာ၊ နောက်ပြီး နေရီလတ်ကို အပြတ်ရှင်းဖို့ ..."

မင်းထက်စကားကို ကိုကိုလတ်က သဘောကျပုံရပါသည်။

"ဟုတ်တယ်၊ လှသောင်း ဒီအမှုကို ပြန်ကိုင်နေကတည်းကိုက နေရီလတ်ကို အရှင်မထားသင့်ဘူးဆိုတာ ငါသိတယ် မင်းထက်၊ အာခီယာ ရှိတုန်းကတော့ နေရီလတ်ကို ငါးစာသဘောနဲ့ ငါထားခဲ့တာ။ ငါ့ အစ်ကို သေရတာလဲ သူ့ပယောဂပါတယ်၊ ပြီးတော့ ..."

"အခုလဲ အာခီယာတစ်ယောက် ပေါ်လာပြန်ပြီ"

ခရစ်ကို ရည်ညွှန်းမှန်း ကိုကိုလတ် သဘောပေါက်ပါသည်။ မင်းထက်က ဆက်ပြောသည်။

"DPT ဟိုတယ်ကို ဂရင်းဒင်းက မီးကုန်ယမ်းကုန် ပြင်ဆင်နေပြီ ကိုကိုလတ်"

"ဘာသဘောလဲ၊ ရှင်းရှင်းပြောစမ်း မင်းထက်"

မင်းထက်က ကိုလတ်ကိုကြည့်ပြီး ...

"DPT ရဲ့ ဒုတိယထပ်မှာ သူတို့မှာထားတဲ့ အကြွေဂိမ်းစက်တွေ ဒီမနက်ပဲရောက်လာပြီ ကိုလတ်"

"ဟာကွာ ..တောက် .."





"အခု ဒီကောင် ဘယ်မှာရှိလဲ၊ ငါသိချင်တယ် မင်းထက်"

"ဒီကောင် နေနတ်သားနဲ့ နေရီကုမ္ပဏီရဲ့ အကျိုးတူပူးပေါင်းမှု လုပ်ငန်းတစ်ခုအစည်းအဝေးကို ဒီကောင်ဦးဆောင်ပြီး မာရီယာဟိုတယ် မှာ လုပ်နေတယ် ကိုလတ်"

"သွားမယ်"

ကိုကိုလတ်က ကုတ်အင်္ကျီကို စားပွဲပေါ်မှ လှမ်းယူပြီး ဦးဆောင် ထွက်ခွာတော့ မင်းထက်နဲ့သူ့တပည့်တွေ နောက်ကလိုက်လာခဲ့ကြသည်။

သူတို့လည်း မာရီယာဟိုတယ်ရှေ့အရောက် နေရီလတ်တို့အဖွဲ့ ကလည်း မင်းဒင်နှင့်အတူ ဟိုတယ်ထဲကထွက်အလာနှင့် ဆုံမိကြသည်။ မတိုင်ပင်မရည်ရွယ်ဘဲ မျက်နှာချင်းဆိုင်ရပ်မိကြသည်နှင့် နေရီလတ် က အနိုင်ရသူမျက်နှာနှင့် ...

"ဩော် .. ဘယ်သူများလဲလို့ ကိုကိုလတ်ပါလား၊ သူ့ကိုသိလား ကိုကိုလတ်၊ ရှင်တွေ့ချင်နေမယ်ထင်တဲ့ ဂရင်းဒေးရဲ့အရှင်သခင် ခရစ် မင်းဒင်တဲ့"

ကိုကိုလတ်က လက်ဆွဲမနှုတ်ဆက်ပါ။ မင်းဒင်ကို အေးစက်စက် ပြန်ကြည့်ရင်း ...

"ကျုပ်တို့လောကမှာ ဆိုရိုးစကားတစ်ခွန်းရှိတယ် ခရစ်မင်းဒင်၊ အစာဝချင်ရင် ကိုယ့်အစာကိုပဲ စားပါတဲ့၊ သူများစားနေရင် သွားမပေါင် မိစေနဲ့တဲ့"

မင်းဒင်က စိတ်ဆိုးဟန်မပြ။

"တစ်ချိန်မှာ ကျွန်တော် သိခဲ့ရတဲ့ စကားတစ်ခွန်းကို ပြန်ပြောပြ ပါ့မယ် ဦးကိုကိုလတ်၊ သွားကြစို့ မမနေရီ၊ ကျွန်တော် ရပ်စကားပြောဖို့ အချိန်မရဘူး"

"တောက် ..."

မင်းထက်က မကျေမနပ်ဟန်နဲ့ တက်ခေါက်ပါသည်။ ကိုကိုလတ်က. မင်းထက်ပခုံးကို ပုတ်ပြီး နှစ်သိမ့်ပါသည်။ ပြီးတော့ ...

"ရွှေစွန်ညို ကြက်ကလေးနားမှာ တဝဲဝဲလည်နေတယ် မင်းထက်၊ တစ်ချိန်မှာ ရွှေစွန်ညိုရော၊ ကြက်ကလေးပါ ငါ ရိုက်သတ်ပြမယ်၊ မင်းကြည့်နေ"

ကိုကိုလတ် မေးရိုးတွေ တင်းမာနေပါသည်။





"ဟာ ... ဆောရီးဗျာ"

သူ မတော်တဆဆန်ဆန် တိုက်မိလိုက်တာကို ကိုဇော်ကြီးက မသိ။

"ရပါတယ်ဗျာ၊ မတော်တဆပဲဟာ"

"အားနာစရာဗျာ၊ ကျွန်တော် တကယ်မသိလို့ပါ အစ်ကိုရာ"

ကိုဇော်ကြီး အားနာတတ်တာကို သူ အခွင့်ကောင်းယူပြီး ဒီဇာတ်လမ်းကို သူ ဆင်ခဲ့တာဖြစ်ပါသည်။ သူ ကမန်းကတန်း အသင့်ဆောင်လာတဲ့ လက်ကိုင်ပဝါအဖြူနဲ့ ကိုဇော်ကြီးအင်္ကျီမှာ စွန်းပေနေတဲ့ အရက်တွေကို သုတ်ပေးမိတော့ ကိုဇော်ကြီးက အားနာဟန်နဲ့ ...

"မလုပ်ပါနဲ့၊ ရပါတယ်ဗျာ"

"ဘယ်ဟုတ်မလဲ အစ်ကိုရယ်၊ ကျွန်တော့်ကြောင့်ဖြစ်ရတာပဲဟာ"

ကျွန်တော် သုတ်ပေးပြီးတော့ ...

"အစ်ကိုက တစ်ယောက်တည်းလာတာလား"

ကိုဇော်ကြီးက ခေါင်းညိတ်ပြရင်း ...

"တစ်ယောက်တည်းကွ၊ ငါ့ညီကရော ..."

"ကျွန်တော်လဲ တစ်ယောက်တည်းပဲ၊ အတော်ပဲ၊ ကျွန်တော်လဲ အဖော်ရတာပေါ့၊ ကျွန်တော် ဧည့်ခံပါရစေ အစ်ကို"

"ကိုယ် ငြင်းတော့ ငြင်းချင်တယ်၊ ဒါပေမယ့် ..."

"ဒါပေမယ့် မငြင်းဘူးပေါ့၊ ဟုတ်တယ်နော် အစ်ကို"

ကိုဇော်ကြီးက ကျွန်တော့်စကားကိုသဘောကျကာ ရယ်ပါတော့သည်။

"ဒီကိစ္စက ငြင်းလို့မှမကောင်းဘဲ၊ ဟုတ်တယ်နော်"

နှစ်ယောက်သား သဘောကျစွာရယ်ရင်း ကောင်လေးတစ်ယောက်ကို သီးသန့်အခန်း လှမ်းမှာကာ ကောင်လေးခေါ် ဆောင်ရာ အခန်းဆီ လျှောက်လာခဲ့ပါတယ်။ အခန်းထဲရောက်တော့ သူ မှာစရာရှိတာတွေ မှာပြီး ...

"ကျွန်တော် အစ်ကို့ကို သိပါတယ်"

ကိုဇော်ကြီးကဲ မျက်လုံးပြူးရင်း ...

"အစ်ကို အကြွေစေ့ဂိမ်းစက်တွေမှာ မှော်ဆရာပဲဆိုတာလေ"

"ငါ့ညီကို ဘယ်သူပြောလဲ"

မင်းဒင်က ပြုံးရင်း ...

"ကျွန်တော် စက်ဘူမထွက်ခင် ရင်းနှီးခဲ့တဲ့သူငယ်ချင်းတစ်ယောက် ရှိတယ်၊ ကျွန်တော်က နေနတ်သားဦးထွန်းမင်းရဲ့ တူအရင်းပါ အစ်ကို"

"ဟော .. မင်းက .."

ကိုဇော်ကြီး၏ အံ့အားသင့်မှုကို ခေါင်းညိတ်ပြရင်း ...

"ဦးလေးရဲ့သမီး ကျွန်တော့်ညီမ မိတ်ဆက်ပေးလို့ အာခီယာနဲ့ ခင်မင်ခဲ့ဖူးတယ်"





"ဩော် ..."

ကိုဇော်ကြီးက အာခီယာ ဆိုတာကြောင့် မျက်နှာမကောင်း။

"ကိုယ့်နာမည် ဇော်ကြီးလို့ ခေါ်တယ် ငါ့ညီ"

"ကျွန်တော် ခရစ်မင်းဒင်ပါ ကိုဇော်ကြီး"

အပြန်အလှန် လက်ဆွဲနှုတ်ဆက်စဉ် မညို ဝင်လာပါတယ်။

"ဩော် .. ဧည့်သည်ရှိနေတာကိုး၊ ဆောရီး .."

မညိုက သူ့ကိုမြင်တော့ အားနာဟန်နဲ့ ပြန်ထွက်မည်ပြုစဉ် ...

"လာပါ အစ်မ၊ ဝင်ထိုင်ပါ"

"လာလေ ညို၊ ညိုနဲ့ မိတ်ဆက်ပေးရဦးမယ်၊ သူက ခရစ်မင်းဒင်တဲ့၊ လေးလေးဦးထွန်းမင်းရဲ့ တူအရင်းပဲ"

"ဩော် .. တွေ့ရတာ ဝမ်းသာပါတယ်ကွယ်"

မညိုက အပြုံးနဲ့ဆိုတော့ မညိုဘေးက ကိုဇော်ကြီးက ...

"မင်း အံ့အားသင့်စရာတစ်ခုရှိတယ် ညို ..."

"ဘာများလဲ"

"ခရစ်က အာခီယာသူငယ်ချင်းပဲ ညို"

"တကယ် ..."

မညိုက အံ့အားသင့်နေပုံရပါသည်။

"မညို ..မညို ..."

စကားပြောနေစဉ်မှာ အခန်းတံခါးဖွင့်ဝင်လာတဲ့ ကောင်မလေး တစ်ယောက်ကြောင့် မညိုက ...

"ဟဲ့ .. ရွှေရီ၊ ဘာဖြစ်နေတာလဲ"

"မမညို .. အပြင်မှာ အေးချမ်း ပြဿနာတက်နေတယ်"

"ဟဲ့ ... ဘာဖြစ်တာလဲ၊ ဘယ်သူနဲ့လဲ"

"ဟိုလူ .. ကိုကိုလတ်နဲ့ ..."

"ဟာ ..."

မညို့ အလန့်တကြား ထွက်သွားတော့ ကိုဇော်ကပါထပ်ကြပ်မကွာ။ မင်းဒင်က အသာအယာပဲ နောက်က ခပ်အေးအေးလိုက်လာခဲ့ပါတယ်။

အပြင်ရောက်တော့ ဒန့်ဆာကွင်းအလယ်မှာ ကိုကိုလတ်နဲ့ အေးချမ်း။ လူတွေက ကိုကိုလတ်ရဲ့အရှိန်အဝါကို သိတော့ မဝင်ရဲ၊ အပြင်ဘက်ကနေ ဝိုင်းအုံကြည့်နေပါတယ်။ မညို့နဲ့ကိုဇော်ကြီးက လူအုပ်ကြားထဲကနေ ကွင်းအလယ်ကို ဖြတ်လျှောက်သွားရင်း အေးချမ်း ဘေးမှာ ရပ်နေပါတယ်။

မညို့ အေးချမ်းကို ဝင်ထိန်းတော့ သက်ပြင်းချမိတယ်။ ဒီကောင်မလေး အာခီယာဆုံးပြီးနောက်ပိုင်းကတည်းက အခုလိုဖြစ်နေခဲ့တာ။ သူမ တားမရလို့ ဒီတိုင်း ကြည့်နေခဲ့ရတာပါ။

"ရှင် ကျွန်မပြောသလို လုပ်ရဲရဲ့လား ကိုကိုလတ်"

ဒီဆိုင်ရဲ့ပိုင်ရှင်ကိုယ်တိုင် စည်းအပြင်မှာ ခေါင်းကုတ်ခြေကုတ် ဖြစ်နေပါသည်။ ဆိုင်ပိုင်ရှင် ဦးစိုးရီကိုယ်တိုင် အေးချမ်းကို မနိုင်။

"အေးချမ်း .. ညီမလေး"

ကိုဇော်က အေးချမ်းကို သတိပေးတော့ အေးချမ်းက လက်ကာတားကာ အသံလွင်လွင်နှင့် ရယ်ပါသည်။

"ဘယ်လိုလဲ ပုဂ္ဂိုလ်ကြီးရဲ့၊ ရှင်မလုပ်ရဲဘူး မဟုတ်လား"

ကိုကိုလတ်က အေးချမ်းကို ရီဝေစွာကြည့်ရင်း သူမရှေ့ကို လျှောက်လာကာ သူမရှေ့ရောက်တော့ ရုတ်တရက်ဒူးထောက်ကာ ...

"မင်းကို ငါလက်ထပ်ပါရစေ မေအေးချမ်း၊ ငါ့ကို လက်ထပ်ခွင့်





ပေးပါ"

ဆိုင်တစ်ခုလုံး အာမေဍိတ်သံတွေ ဆူညံသွားပြီး ပြန်လည်တိတ်ဆိတ်သွားပါတယ်။ ဒီနောက် အေးချမ်းရဲ့ရယ်မောသံက ဒဏ်ရာရကျားတစ်ကောင်ရဲ့ ဟိန်းသံလို။

"ဘယ်လို .. ရှင်က ကျွန်မကို လက်ထပ်ချင်တယ်၊ ရှင့်ခေါင်းထဲမှာ မှတ်ထားဖို့က ရှင့်ကို ကျွန်မမုန်းတယ် ဆိုတာပဲ ကိုကိုလတ်၊ ရှင် ကျွန်မရှေ့ကထွက်သွား"

ကြုံးအော်လိုက်တဲ့ သူမ ..၊ မျက်ရည်တွေစီးကျလို့ပါ။ မညို့က အသာအယာ အေးချမ်းကို နှစ်သိမ့်ဆွဲခေါ် သွားဖို့ ကြိုးစားနေတာကို မင်းဒင် တွေ့တော့ အဲဒီဝိုင်းအလယ်ကိုလျှောက်လာရင်း လက်ခုပ်တဖြောင်းဖြောင်းတီးမိပါတယ်။ တိတ်ဆိတ်နေတဲ့အချိန်မှာ သူ့ရဲ့လက်ခုပ်သံကြောင့် အားလုံးလိုလို ဝိုင်းကြည့်နေကြပါတယ်။ ကိုကိုလတ်က သူ့ကိုမြင်တော့ မျက်နှာပျက်ယွင်းသွားရင်း မတ်တတ်ရပ်သည်။

"ဘယ်လိုလဲ ဂိုဏ်းစတားကြီးရဲ့၊ မိန်းမတစ်ယောက်ရှေ့မှာ မရှက်မကြောက် ဒူးထောက်ရဲတဲ့ ခင်ဗျားရဲ့အချစ်ကို ကျွန်တော် လေးစားသွားပြီ"

"ဪ ..မင်းဒင်၊ မင်း ရောက်နေတာကိုး"

"ခင်ဗျား ကျွန်တော့်ကိုမြင်လို့ ရှက်သွားတာလား၊ လန့်သွားတာလား ကိုကိုလတ်၊ ခုနမြင်ကွင်းလေးကို ဓာတ်ပုံရိုက်ပြီး ခင်ဗျားကုမ္ပဏီနဲ့စက်ရုံတွေ၊ ခင်ဗျား ဂိမ်းစီးတီးတွေမှာ ကြော်ငြာသဘောလေး ကပ်ထားပါလား"

ကိုကိုလတ်ရဲ့ အထိနာမှုက သူ့မျက်ဝန်းထဲမှာ အထင်းသား။

"မင်း စကားတွေအများကြီး ပြောထားဦး၊ တစ်ချိန် .."

လက်ညှိုးကို ကျွန်တော့်ဆီချိန်ရွယ်ရင်း စကားမဆက်တော့ဘဲ ကိုကိုလတ်က သူ့လူတွေကိုခေါ်ကာ ထွက်သွားဖို့ပြင်ပါတယ်။

"ကိုကိုလတ် ..."

မင်းဒင် ခေါ်သံကြောင့် ကိုကိုလတ်က လှည့်ကြည့်သည်။

"ခင်ဗျားဘဝမှာ နောက်ထပ် အာခီယာတစ်ယောက်နဲ့ တွေ့ရတယ်လို့ သဘောထားဖို့ မမေ့နဲ့ဦးနော်"

ကိုကိုလတ် မျက်နှာပျက်သွားခဲ့ပါသည်။ သူ့ကိုကြည့်တဲ့အကြည့်ထဲမှာလည်း မီးတောက်တွေ ထည့်လွှတ်လိုက်သလိုပါပဲ။

ကိုကိုလတ်တို့ မရှိတော့ သူတို့လေးယောက် အခန်းထဲ ပြန်ဝင်လာခဲ့သည်။

"အေးချမ်းရယ်၊ နင်လုပ်လိုက်ပုံက ဒီလူ့ကို အရှက်ခွဲသလိုဖြစ်နေပြီကွယ်၊ ငါ့ညီမရယ် .. စိတ်ထိန်းစမ်းပါ"

"ကိုကိုလတ် အေးချမ်းကို မလုပ်ရဲပါဘူး မညို"

အေးချမ်းက မင်းဒင်ကို စိုက်ကြည့်နေပါသည်။ မညိုက မင်းဒင်ဆက်ပြောမယ့်စကားကို နားစွင့်မိသည်။

"ကိုကိုလတ် ... အေးချမ်းကို ဘယ်လောက်ချစ်လဲဆိုတာ ကျွန်တော် ဘေးက မြင်နေရလို့ပဲလေ"

အေးချမ်းကတော့ သူ့ကို ငေးကြည့်နေမြဲ။

❦ ❦ ❦





**အေး**ဇော် လူအရိပ်အခြေကိုကြည့်ပြီး တွိုင်းလက်ထဲ ဝင်လိုက်ပါ သည်။ ပြီးတော့ အာခီယာ အရေးကြုံရင် ဆက်ဖို့ပေးထားတဲ့ ဟမ်းဖုန်းကိုထုတ်ကာ အာခီယာဆီ လှမ်းဆက်လိုက်ပါသည်။

"ဟလို ... အစ်ကိုလား"

"အေးဇော်လား၊ အေး ပြော၊ ဘာသတင်းထူးလဲ"

"ထူးတယ် အစ်ကို၊ ကိုကိုလတ်တို့ , မနေရီကို အပြတ်ရှင်းဖို့ စီစဉ်နေကြပြီ၊ အိမ်သာရေဆွဲချတဲ့အံဖုံးထဲမှာ ကျွန်တော် ပစ္စည်းထည့်ထားတယ်"

"ဟင် ..."

"ဟုတ်တယ် အစ်ကို၊ အခု သူ ..."

စကားဆုံးအောင် မကြားလိုက်ရ။ တစ်ခုခု ရိုက်နှက်လိုက်တဲ့ အသံလိုလို ဖုန်းထဲကတစ်ဆင့် ကြားလိုက်ရပါသည်။

"ဟလို ... အေးဇော် ... အေးဇော်"

ဖုန်းကို တစ်ယောက်ယောက်ကောက်ကိုင်လိုက်ပုံရပါသည်။ အာခီယာ စိတ်ထဲမှာ နှစ်ကာလပျိုထောင်ထားတဲ့ အမုန်းအငွေ့အသက်တွေ ဖုန်းလိုင်းထဲကတစ်ဆင့် သူ့ဆီ ပျံ့နှံ့ထိတွေ့ခံရသလို ခံစားရပါသည်။

ဖုန်းပိတ်လိုက်ပုံရပါသည်။ သူ့ မမနေရီဆီ အမြန်ဆုံးရောက်မှ ဖြစ်မည်။

ကားကို အမြန်ဆုံးမောင်းနှင်လာပြီး မမနေရီရဲ့ကုမ္ပဏီ ရောက်တော့ သူ ကုမ္ပဏီထဲ ရေးကြီးသုတ်ပျာ ဝင်လိုက်ပါသည်။

"မအေးမိ မနေရီ ရှိလား"

ရေးကြီးသုတ်ပျာပုံစံကြောင့် မအေးမိက ခေါင်းခါပြပါသည်။

"လူတစ်ယောက်နဲ့ တွေ့စရာရှိတယ်ဆိုလို့ ထွက်သွားတာပဲ"

"ဘယ်ကိုလဲ မအေးမိ"

မအေးမိက ဆိုင်တစ်ဆိုင်ရဲ့နာမည်ကို ပြောပြပါသည်။ သူ အဲဒီဆိုင်ကိုသိပါသည်။ ချက်ချင်းပင် အဲဒီဆိုင်ကို ထပ်လိုက်ခဲ့ပါသည်။

ထိုအချိန် နေရီလတ်က တစ်ယောက်တည်း အအေးသောက်ရင်း ဖုန်းထဲကတစ်ဆင့် ကိုကိုလတ်တို့ရဲ့အတွင်းရေးကို ဖွင့်ချပြမယ်ဆိုတဲ့လူစိမ်းကို စောင့်မျှော်နေမိပါသည်။

"မနေရီလတ်"

နောက်ကနေခေါ် လိုက်တဲ့အသံကြောင့် လှည့်ကြည့်လိုက်တော့ သူမ မမြင်ဖူးတဲ့လူနှစ်ယောက်ပုံစံတွေက မိုက်တီမိုက်ကန်းပုံစံ။

"ကျွန်တော်တို့နဲ့လိုက်ခဲ့ပါ"

သူမ မျက်မှောင်ကြုတ်ရင်း ...

"ဘာလို့လိုက်ရမလဲ၊ ရှင်တို့က ဘယ်သူလဲ"





သူမကျောကို ခပ်ချွန်ချွန်မြမြ အရာတစ်ခုက လာထောက်သည်။

"မနေရီလတ် ရုပ်မပျက်နဲ့၊ အေးအေးဆေးဆေးထလုပ်ဖို့မကြံနဲ့၊ ခင်ဗျားကားကိုထားခဲ့၊ ဟိုမှာတွေ့လား ကားနက်လေး၊ အဲဒီကားရဲ့နောက်ခန်းကိုဝင်"

သူတို့စေခိုင်းတဲ့အတိုင်း သူမ လှုပ်ရှားရပါပြီ။ ကားထဲရောက်ပြီး မောင်းထွက်သွားလို့ သိပ်မကြာခင်မှာ အာခီယာရဲ့ကားလေးကလည်း ဆိုင်ရှေ့ကိုရပ်ပါသည်။ အာခီယာကြည့်တော့ ဆိုင်ထဲမှာ စားသောက်သူတစ်ယောက်မှ မရှိပါ။ သူ ဝန်ထမ်းကောင်လေးတစ်ယောက်ကို လှမ်းမေးမိပါသည်။

"ညီလေး ဒီဆိုင်ကို တစ်ယောက်တည်းလာထိုင်တဲ့ အမျိုးသမီးတစ်ဦးတလေများ ရောက်လာသေးလား"

"ဟုတ်ကဲ့၊ အခုလေးတင် လူနှစ်ယောက် လာခေါ်သွားပါတယ်"

"ဟင်...၊ ကျေးဇူးပဲ ညီလေး"

သူ ကားဆီအမြန်ဆုံးပြေးကာ ကားတံခါးကို ဆွဲဖွင့်ပြီး ကိုကိုလတ်တို့ရဲ့တာဝါကိုလိုက်ဖို့ ဆုံးဖြတ်ကာ ကားကိုမောင်းထွက်လာခဲ့ပါသည်။ တာဝါဆီမရောက်ခင် လှသောင်းဆီ ဖုန်းဆက်လိုက်သည်။

"လှသောင်း တာဝါကိုလိုက်ခဲ့၊ အေး ... စပြီး

ဇာတ်ရှိန် မြင့်သထက်မြင့်လာပါသည်။

"ဘုန်း ....."

ထုပ်တန်းနဲ့ တွဲခိုချည်ထားတဲ့ အေးဇော် ချာလပတ်လည်ထွက်သွားပါတယ်။ အေးဇော်ရဲ့မျက်နှာက မြင်မကောင်းပါ။ ကိုကိုလတ်က သူ့လက်စွဲတော် အနက်ရောင်တုတ်ကို လက်က ဆ,ရင်း ရှေ့တည့်တည့်ကနေ ခေါင်းကို ဒေါင်လိုက်ရိုက်ချလိုက်ပြန်ပါတယ်။ အေးဇော်မျက်နှာပေါ်က စီးကျနေတဲ့သွေးတွေက မြင်မကောင်း။

"ကိုကိုလတ် .. ရှင် လူမှဟုတ်ရဲ့လား"

နေရီလတ် ကောင်လေးကိုကြည့်ပြီး မနေရက်တော့။ နေရီလတ်အော်သံကြောင့် ကိုကိုလတ်က လှည့်ကြည့်ရင်း ...

"ဖြောင်း ..."

လှည့်ပြီးရိုက်ချလိုက်တဲ့ ကိုကိုလတ်ရဲ့ရိုက်ချက်ကြောင့် နေရီလတ်ပုံခနဲ ကျသွားပြီး ပါးစပ်ထဲက သွေးတွေပါ ထွက်လာခဲ့ပါတယ်။

"မင်းပါးစပ်ပိတ်ထားစမ်း၊ မင်းထက် ... ဒီကောင်မကို နှိပ်စက်ပြီး ကင်မရာနဲ့ ရိုက်ထားလိုက်စမ်း"





နေရီလတ်ကို လူနှစ်ယောက်က ဒရွတ်တိုက်ဆွဲခေါ်သွားပါတယ်။

"ပြောစမ်း အေးဇော်၊ ဒီကောင် ဘယ်သူလဲ၊ ဒီကောင့်ကို မင်း ဘာတွေပြောထားပြီးပြီလဲ၊ မင်း ... မင်းဒင်ဆိုတဲ့ကောင်နဲ့ ဘယ်မှာ ချိန်းထားလဲ"

အေးဇော်က ခေါင်းခါမြဲ။ ကိုကိုလတ်ရဲ့လက်ထဲက အနက်ရောင်တုတ်တိုက တဖန်လှုပ်ရှားလာပြန်သည်။

ဒီအချိန်မှာ မင်းဒင်က ကိုကိုလတ်တို့ရှိနေတဲ့ ဂိမ်းစင်တာရဲ့အောက်ထပ် ဂိမ်းဆော့နေကြတဲ့ လူတွေကြားထဲမှာ ဟိုကြည့်ဒီကြည့် လျှောက်နေပါတယ်။ သူနဲ့ချိန်းဆိုထားတဲ့ သူ့တပည့်လေး အေးဇော်ရဲ့အရိပ်အယောင်ကို သူ လုံးဝမတွေ့ပါ။ သူ့ကို နေရာအသီးသီးမှာ လုံခြုံရေးကင်မရာတွေ၊ ကိုကိုလတ်တပည့်တွေ အကဲခတ်နေမှန်း သူသိသည်။

မင်းဒင်က အေးအေးလူလူလမ်းလျှောက်ရင်း အိမ်သာထဲကိုဝင်တော့ အိမ်သာသန့်ရှင်းရေးအလုပ်သမားတစ်ယောက်က အိမ်သာခန်းတစ်ခုကိုရှင်းလင်းပြီး သူ့ကိုကြည့်ကာ ထွက်သွားပါတယ်။ သူ အိမ်သာထဲဝင်ပြီး တံခါးပိတ်လိုက်သည်။ ပြီးတော့ အိမ်သာအခန်းကို လှည့်ပတ်စစ်ဆေးကြည့်လိုက်ပြီး စိတ်ချရပြီဆိုမှ အိမ်သာရေဆွဲချတဲ့ ကြွေရေအိမ်အဖုံးကိုဖွင့်ကာ ရေထဲ လက်နှိုက်လိုက်ပါသည်။ သူ့လက်ထဲမှာ ငါးသေတ္တာလေးတစ်ဘူး ..။ သူ ပြုံးလိုက်မိကာ အိမ်သာထဲမှ အပြင်ကို ထွက်လာခဲ့သည်။

အပြင်ရောက်တော့ မျက်နှာချင်းဆိုင်ကလာတဲ့ သန့်ရှင်းရေးဝန်ထမ်းကို လက်နှစ်ချောင်း မသိမသာထောင်ပြမိသည်။ သန့်ရှင်းရေးဝန်ထမ်းက မသိမသာ ခေါင်းညိတ်သည်။ ဂိမ်းစင်တာထဲပြန်ရောက်တော့ လူတစ်ယောက်က ...

"ဆရာက ခင်ဗျားကို တွေ့ချင်ပါတယ်တဲ့၊ အပေါ်ဆုံးထပ်မှာပါ"

သူ ခေါင်းညိတ်ပြတော့ ထိုသူက သူ့ကိုခေါ်ဆောင်သွားပါသည်။ ဓာတ်လှေကားထဲရောက်တော့ ထိုသူက လိုက်မလာဘဲ တက်ရမယ့် နံပါတ်ကို ပြောပြီး နေခဲ့ပါတယ်။ သူ သတိထားကာ ဓာတ်လှေကားနဲ့ လိုက်ပါလာခဲ့ပါတယ်။ အပေါ်ဆုံးထပ်မရောက်ခင် ဓာတ်လှေကားက ရပ်သွားပြီး ဓာတ်လှေကားတံခါး ပွင့်ဟသွားပါတယ်။

ဓာတ်လှေကားထဲက ထွက်တော့ သူ့ကို စောင့်ကြိုနေသည်က ဟောခန်းကျယ်ကြီးတစ်ခု။ အခန်းကျယ်ကြီးရဲ့အဆုံးမှာ ပရိဂျက်တာတစ်ခုက လှိုင်းရိပ်တွေ ထနေသည်။ ဒီနောက် နံရံထဲမှာ မြှုပ်ထားတဲ့ စပီကာဆီမှ ...

"မင်္ဂလာပါ အာခီယာ"

ပိတ်ကားပေါ်မှာ ကိုကိုလတ်ရဲ့ မသတီစရာမျက်နှာက ပေါ်လာပါတယ်။

"မင်း သိပ်အံ့သြသွားလား၊ မအံ့သြပါနဲ့ကွာ၊ မင်း ဒီ့ထက်အံ့သြဖို့ ရှိသေးတယ် အာခီယာ"

ကိုကိုလတ်ပုံ ပျောက်ကွယ်သွားပြီး ပရိဂျက်တာပေါ်မှာ ပေါ်လာသည်က သွေးသံရဲရဲနှင့် သူ့တပည့်အေးဇော်။

အေးဇော်ကို မြင်တော့ သူ စိတ်မကောင်းခဲ့ပါ။ နောက်ပြီး နောက်ထပ်မြင်ကွင်းတစ်ခုက အေးဇော်ထက် ပိုမိုဆိုးဝါးနေပါသည်။

မမနေရီ ....။

ဆံပင်တွေ ဖရိုဖရဲဖြစ်ကာ သံဇကာတစ်ခုမှာ ခြေတွေ လက်တွေ သံကြိုးနဲ့ချည်နှောင်ထားပြီး လက်မောင်းနှစ်ဖက် ပေါင်ရင်းနှစ်ဖက်မှာ သွေးတွေ စိုရွှဲနေသည်။





သူ တက်တစ်ချက်ခေါက်ကာ အပေါ်ထပ်ကိုတက်တဲ့လှေကားကိုရှာကာ ပြေးတက်လာခဲ့သည်။ အပေါ်ထပ်ရောက်တော့ အခန်းတစ်ခုထဲအဝင် မကြည့်ရက်မမြင်ရက်စရာ မမနေရီ ...။

သူ မမကိုချည်နှောင်ထားတဲ့ သံဇကာဆီပြေးပြီး ကြိုးတွေ ဖြည်ပေးနေရင်း ...

"မမ .. မမနေရီ ..."

သူ ကြိုးတွေ ဖြည်ပေးတော့ မမနေရီက သူ့အပေါ် ပြိုလဲကျလာသည်။ မမနေရီ ပါးစပ်ထဲမှာ သွေးတွေအန်ကျလာပြီး ...

"မောင် ..."

အားယူတွန်းဖယ်လိုက်တဲ့ မမကြောင့် ကျွန်တော်ပါ လဲကျသွားပါတယ်။ ဖြောင်းခနဲ မြည်သံနှင့်အတူ သံဇကာမှ ရှေ့ရိုက်သံကြောင့် ကျွန်တော်ရော မမပါ လွင့်ထွက်သွားသည်။

ပြီးတော့ မှောင်အတိ ...။

"ငါတို့နောက်ကျသွားတယ် အာခီယာ"

သူ့ခုတင်ဘေးမှာထိုင်ရင်း လှသောင်းက သက်ပြင်းရှည်ချရင်း ပြောသည်။ နေထွဏ်း၊ လှသောင်းနဲ့ အောင်မိုးက သူ သတိရလာတာကြောင့် ဝမ်းသာနေကြပါတယ်။

"အပြင်မှာ ငါတို့လွှတ်ထားတဲ့ သန့်ရှင်းရေးသမားယောင်ဆောင်ထားတဲ့ ကိုမြအေး ယူလာတဲ့အမှိုက်ပုံထဲက အနီရောင်စက္ကူငှက်နဲ့ မဖောက်ရသေးတဲ့ ငါးသေတ္တာဘူးကိုမြင်တော့ ဇဝေဇဝါဖြစ်မိသေးတယ် ၊ ာခီယာ၊ အဘက စဉ်းစားနေပြီး ငါးသေတ္တာဘူးကို ဖောက်ခိုင်းတော့မှ ဘူးထဲမှာ ဘိန်းဖြူတွေရှိနေမှန်း ငါတို့သိရတယ်၊ ပြီးတော့ အနီရောင်စက္ကူငှက်ရုပ်ရဲ့တောင်ပံမှာ အပေါ် ထောင်တက်နေတဲ့ မြားကိုကြည့်ပြီး ဒီစင်တာရဲ့အပေါ်မှာ ဒီကောင်တွေရှိမှန်း ရိပ်မိပြီး ငါတို့တက်တော့ မင်းကိုကယ်ခွင့်ရဖို့ အချိန်မီခဲ့တယ် အာခီယာ၊ ဒါပေမယ့် တို့ရဲဘော် အေးဇော်နဲ့ မမနေရီရဲ့အသက်ကို မမီခဲ့ဘူး"





ဘဝမှာ တစ်ကြိမ်တစ်ခါသာ ချစ်ခွင့်ရခဲ့တဲ့ မမနေရီရဲ့မျက်နှာက သူ့အာရုံထဲက မထွက်။

"လေးလေးဦးဒန်းနီ မင်း သတိလစ်နေတုန်းက ရောက်လာသေးတယ် အာခီယာ၊ ဦးလေးကတော့ ပြောတယ်၊ ဒီကစားပွဲက ပွဲစဉ်ရှည်ကြာတယ်တဲ့၊ မင်း တစ်ဘဝလုံးပုံအောပြီး ရင်းလိုက်ရတဲ့ ကစားပွဲရဲ့လောင်းကြေးက တန်ဖိုးကြီးမားလွန်းတယ်တဲ့"

"ငါ မမနေရီကို ကယ်ခွင့်မရလိုက်ဘူး လှသောင်းရာ"

နေထွဏ်း က စိတ်မကောင်းဟန်နဲ့ သူ့လက်ဖဝါးကိုဆုပ်ကိုင်ကာ ...

"မမနေရီကို ကယ်ခွင့်မရလိုက်ပေမယ့် မင်း အားလုံးကို ကယ်ခွင့်ရလိုက်ပြီပဲ သူငယ်ချင်းရာ၊ စိတ်မကောင်းမဖြစ်ပါနဲ့ကွာ"

"အင်း . မမနေရီ မင်းကိုသိပ်ချစ်တာပဲနော်"

သူ ဆက်ပြောနိုင်ရန် အင်အားမရှိတော့ပါ။

ကံမကောင်းတဲ့ ငှက်ငယ်လေး မမနေရီအတွက် သူ ငှက်ရုပ်ချိုးဖို့ ဘာအရောင်ရွေးရပါ့မလဲ။

**တောင်**ကုန်းပေါ်က သူ့ရဲ့အိမ်လေးကနေ ကွေ့ကွေ့ကောက်ကောက်စီးဆင်းနေတဲ့ စမ်းချောင်းလေးကို သူ ငေးကြည့်နေမိပါတယ်။ သူ့လက်ထဲမှာတော့ မတီးတတ်ဘဲ ဝယ်ထားခဲ့တဲ့ ဂစ်တာလေးကို ဟိုတို့ဒီတို့ သံစဉ်တွေဖြစ်အောင် တီးနေမိသည်။ မကြာခင်က ဖုန်းဆက်လိုက်တဲ့ ကောင်မလေးတစ်ယောက်ရဲ့စကားကိုလည်း သူ ပြန်ကြားနေမိပါတယ်။

"ရှင့်ရဲ့အေးချမ်းမှုမှာ ကျွန်မ အေးချမ်းလဲ ထာဝရနားခိုချင်တာပေါ့ အာခီယာရယ်" တဲ့။

ဖုန်းထဲကနေ ကြားလိုက်ရတဲ့အသံကြောင့် ကျွန်တော် ရှက်ကိုးရှက်ကန်းဖြစ်သွားပုံကိုကြည့်ရင်း ဆရာလေးတို့ ဆရာနိုင်တို့က စနောက်နေကြပါတယ်။

ကစားဝိုင်းထဲက သူ ထွက်လာပြီးကတည်းက သူ့ရဲ့ကျောင်းသားတွေအတွက် သူ့ဘဝကို ဒီမှာမြှုပ်နှံခဲ့တာ ကြာခဲ့ပါပြီ။ တစ်ခါတရံ





အလည်လာတတ်တဲ့ သူငယ်ချင်းတွေနဲ့ ညီမလေး အေးမိစံ၊ နောက်ပြီး လေးလေးတို့၊ ဆရာမတို့၊ ဘယ်သူတွေလာလာ သူမ မပါလာတာ သူ သိနေခဲ့ပေမယ့် မမေး။ ဟိုတစ်ခါ ကိုဇော်ကြီးကတော့ ...

"မင်းကို သူ စိတ်ကောက်နေတာ အာခီယာ၊ မင်းကမှ သူ့ကို နှုတ်ဆက်မသွားတာ" တဲ့။

ကိုဇော်ကြီးက ပြောပါသေးတယ်။

"ဒီကောင်မလေးက မင်းလိုမဟုတ်ဘူး အာခီယာ၊ ဒီကောင်မလေးရဲ့လွှမ်းရင် မင်း ဒုက္ခရောက်လိမ့်မယ်" တဲ့လေ။

ဟော .... အခုတော့ ........။

**ဆိုင်**ကယ်လေးတစ်စီးက တောင်ကုန်းလေးပေါ်သို့ ဖြည်းဖြည်းမှန်မှန်လေးတက်လာပါ၏။ ရော်ဘာခြံအလုပ်သမားတွေကို သူမ ဆိုင်ကယ်ဒေါက်ထောက်ပြီး မေးမြန်းနေပုံရပါသည်။

အလုပ်သမားလေးတွေ သူနေတဲ့ ဘန်ဂလိုဆန်ဆန် ဥ္စာအိမ်လေးကို လက်ညှိုးညွှန်ပြနေခဲ့တာ သူ ဝရန်တာကနေ လှမ်းမြင်တော့ ပြုံးချင်ချင်ဖြစ်မိပါသည်။ သူမကတော့ သူ့ကို မြင်ပုံမရ။

ဆိုင်ကယ်ကို တောင်ကုန်းမြင့်မြင့်လေးအတိုင်း ကွေ့ကောက်မောင်းလာကာ ဘန်ဂလိုရှေ့ ဆင်ဝင်ရှေ့မှာ သူမ ရပ်လိုက်ပြီး ဒေါက်ထောက်ပါသည်။ သူမ အိမ်လေးထဲကိုဝင်လာရင်း လှည့်ပတ်ကြည့်ရှုနေပါသည်။

"အေးချမ်း"

ကျွန်တော့်ခေါ်သံကြောင့် သူမ ခေါင်းလေး ကျွန်တော့်ဘက်ကို လှည့်လာခဲ့ပါသည်။ ပြီးတော့ ခပ်ဖူးဖူးနှုတ်ခမ်းလေးက စိတ်ကောက်ဟန် စူတူတူလေး။





ကျွန်တော် သူမရှိရာကိုသွားပြီး မျက်နှာချင်းဆိုင်ရပ်လိုက်ပါသည်။ သူမက မျက်ဝန်းပင့်ကြည့်ပြီး မကျေနပ်ဟန် မျက်စောင်းထိုးပါသည်။ ပြီးတော့ နှုတ်ခမ်းကိုကိုက်ကာ တစ်ဖက်လှည့်သွားသည်။ ကျွန်တော် ပြုံးစေ့စေ့နဲ့ ...

"အေးချမ်း စိတ်ကောက်တတ်မှန်း ကိုယ် အစက မသိခဲ့ဘူး တကယ်"

သူမက ဘာမှပြန်မပြော။ တကယ်ထုံပေပေကောင်မလေးပါ။

"ဟေ့ ..."

သူမက လုံးဝကိုမကြည့်။ ကျွန်တော် သူမကို ကျွန်တော့်ဘက် လှည့်ရွှေ့လိုက်တော့ ကျွန်တော် အံ့သြသွားရပါသည်။

သူမမျက်ဝန်းမှာ မျက်ရည်တွေ အိုင်ဖွဲ့ကာ ပါးပေါ်သို့ လိမ့်ဆင်းကျလာပါသည်။

"မင်း ငိုနေတယ်"

ငိုနေတဲ့သူတစ်ယောက်ကို မင်း ငိုနေတယ်လို့ ပြောမိတာ မှားပေမယ့် မျက်ရည်ကျခဲ့တဲ့ သူမကို အခုလို ရုတ်တရက်တွေ့လိုက်တော့ ကျွန်တော် အံ့သြသင့်ခဲ့တာပါ။ သူမက တသိမ့်သိမ့်ရှိုက်ငိုပါသည်။

"သွား ..."

သူမက ကျွန်တော့်ရင်ဘတ်ကို တဒုန်းဒုန်းထုပြီး ကျွန်တော့်ကို ဖက်ကာ အားရပါးရ ငိုပါတော့သည်။

ကျွန်တော် သူမဆံနွယ်တွေကို ရှိုက်နမ်းပြီး ...

"မင်းကို သံယောဇဉ်မရှိလို့မဟုတ်ပါဘူး အေးချမ်းရယ်၊ မင်း ကိုယ်နဲ့ အတူနေနိုင်ပါ့မလားလို့ စိုးရိမ်လို့ပါ"

"ဘာလို့မနေနိုင်ရမှာလဲ"

"ဟောဗျာ ..."

သူမက ရင်ခွင်ထဲမှခွာရင်း ကျွန်တော့်ကို မော့ကြည့်ကာ စွာတာတာလေးပြောတော့ ကျွန်တော် ရယ်မိပါသည်။

"ဒီမှာ ပျော်ရွှင်စရာတွေမရှိဘူး အမိရဲ့"

"အဲဒါ ဘာဖြစ်လဲ"

သူမ စိတ်ကောက်ပုံလေးက ဆွဲမွှေ့ချင်စရာပါ။

"မင်း ငါ စိတ်တိုအောင်မလုပ်နဲ့နော်"

ကျွန်တော် ပြုံးစေ့စေ့နဲ့ပြောတော့ သူမကလည်း ...

"လုပ်မှာပဲ"

"ငါ စိတ်တိုရင် ဖက်နမ်းတတ်တယ်"

"နမ်းရဲနမ်းကြည့်ပါလား"

"တကယ်နော်"

သူမက ပြုံးချင်လာပုံရသည်။ နှုတ်ခမ်းလေးတွေ ခပ်တင်းတင်း။ ကျွန်တော် ဒီကောင်မလေးကို စိတ်ကောက်ပြေအောင်လုပ်ဖို့နည်းရှိပါသည်။

"ဟာ ဘာလုပ်တာလဲ၊ မ ..."

သူမအသံလေး တိတ်ဆိတ်သွားပါသည်။ စမ်းချောင်းလေးက စီးနေတုန်းပါပဲ။ လေပြည်တွေလည်း တိုက်နေတုန်းပါ။ အရာရာဟာ ထာဝစဉ် သူ့တာဝန်ကိုသူ ထမ်းဆောင်နေတုန်းပါ။

ဒီနှင်းခ